၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com




အတွဲ(၁၀)၊ အမှတ်(၂) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် ၊ ကြာသပတေး၊ (မတ် ၁၅ ၊ ၂၀၁၂)

လုံခြုံရေး အဝေးပြေး

## လုံခြုံရေးနှင့် ပတ်သက် အဝေးပြေး ခရီးသည်ယာဉ်များ လိုက်နာရန် အချက် လေးချက်ကိုထုတ်ပြန်

အားမာန်

ရန်ကုန်၊ မတ် - ၁၀

လုံခြုံရေးနှင့်သက်ဆိုင်သော အဝေးပြေးခရီးသည်တင်ယာဉ်များ လိုက်နာရန် အချက်လေးချက်ကို မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ မ. ထ. သ (အဝေးပြေး)က မတ်လ ၇ ရက်တွင် ယာဉ်လိုင်းများထံ အကြောင်းကြားခဲ့သည်။

စာ(၃၀)သို့

# နိုင်ငံပိုင်အဆောက်အအုံ လေလံအောင်သူများ ငွေပေးသွင်းရမည့်ပုံစံ ပြောင်းလဲ

အားမာန်၊ အောင်သူရ

ရန်ကုန်၊ မတ် - ၁၂

**အစိုးရက လေလံတင်ရောင်းချခဲ့သည့် မြေ၊အဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများကို လေလံအောင်သူများအနေဖြင့် ငွေပေးသွင်းရမည့်ပုံစံ ပြောင်းလဲသွားကြောင်း လေလံဝင်ဆွဲထားသော စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။**

အစိုးရအဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများအား လေလံအောင်သူများမှာ လေလံအောင်ပြီး နှစ်ပတ်အတွင်း လေလံအောင်သောတန်ဖိုး၏ ၃၀ရာခိုင်နှုန်းကို ပေးသွင်းရန် သက်ဆိုင်ရာက သတ်မှတ်လိုက်ခြင်းဖြစ်သည်။ ယခင် ငွေပေးသွင်းရမည့်ပုံစံမှာ လေလံအောင်သော တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို တစ်လအတွင်းပေးသွင်းရသည်။ ကျန် ၉၀ရာခိုင်နှုန်းကို လေလံအောင်သောဈေးနှုန်းမှာ ကျပ်သန်းတစ်ထောင်အထက်ဖြစ်ပါက ခြောက်လအတွင်းနှင့် ကျပ်သန်းတစ်ထောင်အောက်ဖြစ်ပါက သုံးလအတွင်း ပေးသွင်းရန် သတ်မှတ်ထားခြင်းဖြစ်သည်။

အဆောက်အအုံအရေအတွက် အများဆုံးပါဝင်သော ဖေဖော်ဝါရီလ ၂၄ရက်တွင် ပြုလုပ်ခဲ့သည့် လေလံတွင် လေလံအောင်သူများအနေဖြင့် မတ်လ ၂၃ရက်နောက်ဆုံးထား၍ ၃၀ ရာခိုင်နှုန်း ငွေပေးသွင်းရန် အကြောင်းကြားထားကြောင်းလည်း သတင်းရရှိသည်။

"မတ်လ ၁၅ ရက်နောက်ဆုံး လေလံအောင်ထားတဲ့ပစ္စည်းကို ယူမယ်မယူဘူးဆိုတာ အကြောင်းပြန်ရမယ်။ တကယ်လို့ ယူမယ်ဆိုရင် မတ်လ ၂၃ရက်နောက်ဆုံးထားပြီး ၃၀ရာခိုင်နှုန်းပေးသွင်းရမယ်"ဟု ဖေဖော်ဝါရီလကုန်ပိုင်းက ပြုလုပ်ခဲ့သော အဆိုပါလေလံပွဲတွင် လေလံဆွဲထားသူတစ်ဦးကပြောသည်။

စာ(၁၂)သို့


ဆီစာအုပ်ဖြင့် ဆီဝယ်ယူနေသူနှင့် ဆိုင်ဝန်ထမ်းတစ်ဦးကိုတွေ့ရစဉ်။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဓာတ်ဆီဝယ်ယူခွင့်စာအုပ် အပိုပြုလုပ်ထားသူများ ဆီဝယ်ယူခွင့် ခြောက်လရပ်ဆိုင်းမည်ဟုဆို

သတင်းအဖွဲ့

ရန်ကုန်၊ မတ် - ၁၂

ပုဂ္ဂလိက စက်သုံးဆီဆိုင်များတွင် မတ်လ ၁၁ရက်မှ စတင်၍ ပြောင်းလဲခဲ့သော ဓာတ်ဆီရောင်းချမှုပုံစံသစ်ကြောင့် ကားတစ်စီးလျှင် ဓာတ်ဆီဝယ်ယူခွင့်စာအုပ်တစ်အုပ်ထက်ပိုမို ပြုလုပ်ထားသူများမှာ ဆီဝယ်ခွင့် ၆ လရပ်ဆိုင်းခံရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာ(၁၂)သို့

## နိုင်ငံ့ဝန်ထမ်းလစာတိုးခြင်းကို သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်သွားမည်ဟုဆို

အားမာန်

ရန်ကုန်၊ မတ်- ၁၁

နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားတို့၏လစာများကို သင့်လျော်သည့်အချိန်အခါတွင်တိုးပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးဦးလှထွန်းက ပြောကြားသည်။

စာ(၁၂)သို့


ကုန်တင်ယာဉ်များအတွက် အာဆီယံစံနှုန်းသတ်မှတ်ချက်ကို ပယ်ဖျက်လိုက်ပြီဖြစ်သည်။ ပုံတွင် အဝေးပြေးလမ်းတစ်နေရာမှ ကုန်တင်ယာဉ်များကို တွေ့ရစဉ်

ဓာတ်ပုံ - အောင်အောင်

ကုန်စည် သတ်မှတ်ချက်

## အာဆီယံစံနှုန်းဖြင့် ကုန်တင်ဆောင်ခြင်း ယာယီရပ်နား ကုန်တင်ခများပြုတ်ကျ

သိမ့်သိမ့်စိုး

ရန်ကုန်၊ မတ် - ၁၀

ပြည်တွင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် အာဆီယံစံနှုန်းအတိုင်း ကုန်တန်ချိန်သတ်မှတ်ချက်များဖြင့် တင်ဆောင်ခြင်းကို ယာယီရပ်နားလိုက်ခြင်းကြောင့် ကုန်တန်ဆာခများ များစွာကျဆင်းလာခဲ့ကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကပြောသည်။

"အာဆီယံသတ်မှတ်ချက်ကို ပယ်ဖျက်လိုက်တဲ့သဘောတော့ မဟုတ်ဘူး။ အခုလောလောဆယ်မှာ တန်ဆာခတွေကလည်း အရမ်းတက်နေတယ်။ ကုန်ဈေးနှုန်းတွေကလည်း မြင့်နေတော့ အဆင်ပြေအောင် ခဏ မျက်နှာလွှဲထားတဲ့သဘောပဲ"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စာ(၃၀)သို့



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။



မတ်လအတွင်း ပထမဆုံးမိုးမှာ ရန်ကုန်မြို့၌ မတ်လ၁၀ရက်တွင် စတင်ရွာသွန်းခဲ့သည်။ မိုးတိမ်တောင်များကြောင့် အချိန်အခါမဟုတ် ရွာသွန်းသောမိုးဖြစ်ကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်ကပြောသည်။ မိုးနှင့်အတူ နေရာအချို့၌ လေပြင်းတိုက်ခြင်း၊ မိုးထစ်ချုန်းခြင်းများလည်း ဖြစ်ပွားခဲ့သည်။ ထိုနေ့မှစ၍ ရွာသွန်းသောမိုးမှာ ရန်ကုန်တွင် ယနေ့ (မတ်လ၁၃ ရက်) အထိ ရွာသွန်းနေဆဲဖြစ်ပြီး မိုးရွာသွန်းချိန်များမှာ မွန်းလွဲပိုင်းအချိန်များဖြစ်သည်။ ပုံတွင် ရန်ကုန်မြို့လယ်တွင် မိုးရွာသွန်းစဉ် သွားလာနေကြသော မြို့နေပြည်သူများကို တွေ့ရစဉ်။

# ကျပ်သိန်း ၂၆၀ တန် နာရီပျောက်ဆုံး

ကျော်သီဟ

ရန်ကုန်၊ မတ် - ၁၀

ရန်ကုန်မြို့လယ်ရှိ ကုန်သည်ကြီးများဟိုတယ် မြေညီထပ်တွင် ဖွင့်လှစ်ထားသော နာမည်ကြီးနာရီဆိုင်တစ်ဆိုင်မှ ကာလပေါက်ဈေး ကျပ်သိန်း ၂၆၀တန်နာရီပျောက်ဆုံးမှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

စိန်အစစ် ၁၀လုံးတပ်ဆင်ထားပြီး ကာလပေါက်ဈေး ကျပ်သိန်း ၂၆၀တန်ဖိုးရှိသည်ဆိုသော ရိုးလက်စ်နာရီမှာ မတ်လ၈ရက်တွင် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသား နှစ်ဦးလာပြီး ထိုနာရီကိုကြည့်ရှုမေးမြန်းပြီးနောက် ထိုလူနှစ်ဦးအပြန်တွင် ပျောက်ဆုံးသွားခြင်းဖြစ်ကာ၊ အဆိုပါအမှုကိုစုံစမ်းဖော်ထုတ်နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းပျောက်ဆုံးမှုကို ကျောက်တံတားမြို့နယ်ရဲစခန်း၌ ပြစ်မှုဆိုင်ရာပုဒ်မ (ပ)၅၀/၃၈၀ဖြင့် အရေးယူဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှသိရသည်။

# သမ္မတအမိန့်ကြော်ငြာစာပါနေ့ရက်တွင် စစ်မှုထမ်းဥပဒေစတင်အသက်ဝင်မည်

**နိုင်ငံတော်သမ္မတက နိုင်ငံတော်အတွက်လိုအပ်သည့် အချိန်မှသာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ယင်းအမိန့်ကြော်ငြာစာပါ သတ်မှတ်သည့်နေ့ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်မည်ဖြစ်ကြောင်း....**

အောင်သူရ

ရန်ကုန်၊ မတ် - ၁၂

မကြာမီက ပြဋ္ဌာန်းထားသော ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်သမ္မတက နိုင်ငံတော်အတွက်လိုအပ်သည့် အချိန်မှသာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ယင်းအမိန့်ကြော်ငြာစာပါ သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်မည်ဖြစ်ကြောင်း မတ်လ ၁၂ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးစိုးဝင်းက "မကြာသေးမီက ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ယခုအသက်ဝင်ခြင်း ရှိ၊ မရှိ သိလိုပါကြောင်း၊ အဆိုပါဥပဒေ အသက်ဝင်ပါက စစ်မှုထမ်းရန် မည်သို့မည်ပုံ ဆင့်ဆိုသွားမည်ကို သိလိုပါကြောင်း မတ်လ၁၁ရက်က ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေး၌မေးမြန်းခဲ့သည်။

အဆိုပါ မေးမြန်းချက်နှင့် ပတ်သက်၍ ရှေ့နေချုပ်ဦးအေးမောင်က "နိုင်ငံတော်သမ္မတက နိုင်ငံတော်အတွက် လိုအပ်သည့် အချိန်မှသာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ယင်းအမိန့်ကြော်ငြာစာပါ သတ်မှတ်သည့်နေ့ရက်၌ ပြည်သူ့စစ်မှုထမ်းဥပဒေသည် စတင်အာဏာတည်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ယခု၏ပြဋ္ဌာန်းသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုအက်ဥပဒေကို ခေတ်ကာလနှင့်လျော်ညီစွာ ပြုပြင်ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း ရှေ့နေချုပ် ဦးအေးမောင်က ဆက်လက်ဖြေကြားသည်။



# မတ်လ ၁၈ ရက်အထိ မိုးဆက်လက်ရွာသွန်းနိုင်

အားမာန်

ရန်ကုန်၊ မတ် - ၁၄

နွေရာသီရောက်လာပြီဖြစ်သော်လည်း မိုးရာသီကဲ့သို့ မတ်လ ၁၀ ရက်မှစ၍ ရန်ကုန်အပါအဝင် ဒေသအချို့၌ မိုးဆက်လက်ရွာသွန်းနေခြင်းမှာ ရေငွေ့ပါသော လေနှင့် တိမ်တန်းကြီးကြောင့်ဖြစ်ကြောင်း မိုးလေဝသပညာရှင်များကပြောသည်။

မြန်မာနိုင်ငံရှိ ဒေသအချို့ပေါ်တွင် အဆိုပါတိမ်များ ဆက်လက်ရှိနေမည်ဖြစ်၍ မတ် ၁၈ရက်အထိ မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။

"အောက်မြန်မာပြည်ဒေသတစ်ခုလုံး အုံ့မှိုင်း၊ အုံ့ဆိုင်းတဲ့ရာသီဥတုတွေက မတ်လ ၁၈ရက်လောက်ထိ ရှိနေနိုင်ပါတယ်"ဟု မိုးလေဝသသတင်းများ ပုံမှန်ဖော်ပြသည့် ဒေါက်တာထွန်းလွင်၏ www.tunlwin.com တွင် ဖော်ပြထားသည်။

ပစိဖိတ်သမုဒ္ဒရာမှ ကျော်ထွက်လာပြီး ထိုင်းနိုင်ငံ၊ ထိုမှတစ်ဆင့် ကပ္ပလီပင်လယ်၊ ထိုမှတစ်ဆင့် မော်တင်စွန်း၊ ထိုမှ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အထိ ရှိနေသော 'င'ပုံသဏ္ဌာန် တိမ်စိုင်ကြီးကြီးကြောင့် အချိန်အခါမဟုတ် မိုးများ ရွာသွန်းနေခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

" င ပုံသဏ္ဌာန်တိမ်တန်းကြီးက အပေါ်ပိုင်းမှာဆိုရင် ယူနန်၊ အောက်ပိုင်းမှာဆိုရင် ထိုင်းနိုင်ငံအထိရောက်တယ်။ အဲဒီ့ဖြစ်စဉ်က နောက်နှစ်ရက်လောက်အထိ ဆက်ရှိမယ်။ ဘင်္ဂလားပင်လယ်အော်မှာလည်း တိမ်တွေရှိတယ်။ အဲဒီ့တိမ်တွေကလည်း တိမ်တန်းကြီးနောက်ကို စီးမျောလိုက်နေတယ်။ ဒီတိမ်တွေရဲ့အောက်မှာ လေတွေကလည်းတိုက်တယ်။ ဒါကြောင့် မိုးရွာတာ၊ လေတိုက်တာ၊ လျှပ်စီးလက်တာတွေဖြစ်နေတာ"ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ရှင်းပြသည်။



မတ်လ၁၁ရက်က ရန်ကုန်မြို့တွင် မိုးရွာသွန်းနေစဉ်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆိုပါတိမ်တန်းကြီးများကြောင့် ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် လာမည့်ရက်များတွင် မိုးဆက်လက်ရွာသွန်းမည်ဟု ၎င်းတို့ကပြောသည်။

တိမ်တန်းနှင့်အတူ မိုးတိမ်တောင်များ မကြာခဏဖြစ်ပွားနေပြီး၊ မိုးတိမ်တောင်များဖြစ်ပွားချိန်တွင် လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပွားတတ်ကြောင်း ဒေါက်တာထွန်းလွင်ကပြောသည်။ ထို့ကြောင့် မိုးတိမ်တောင်ဖြစ်ပွားနေချိန်များတွင် လွင်တီးခေါင်သို့ထွက်ခြင်း၊ အပြင်ထွက်၍ ဖုန်းပြောခြင်း၊ လျှပ်စစ်သုံးစွဲခြင်းများကိုသတိပြုရန် အထူးလိုအပ်ကြောင်း ဒေါက်တာထွန်းလွင်က အကြံပြုသည်။

ယခုကဲ့သို့ နွေရာသီရောက်လာသော်လည်း တိမ်များကြောင့် မိုးရာသီကဲ့သို့ မိုးများရွာသွန်းနေခြင်းမှာ လာနီညာရာသီဥတု၏ သက်ရောက်မှုပင်ဖြစ်ကြောင်း ဒေါက်တာထွန်းလွင်နှင့် မိုး/ဇလမှ တာဝန်ရှိသူကပြောသည်။ လာနီညာရာသီဥတုဖြစ်ပွားပါက အေး၍ စွတ်စိုပြီး၊ မိုးများလေ့ရှိသည်။ လာနီညာရာသီဥတုဖြစ်ပွားသည့် နှစ်များတွင် မုန်တိုင်းအဖြစ်များလေ့ရှိပြီး အထူးသတိပြုရန်လိုကြောင်း ဒေါက်တာထွန်းလွင်က ဆက်လက်သတိပေးသည်။ ယခုနှစ်ရာသီဥတုမှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားခဲ့သော ၂၀၀၈ ခုနှစ်က အခြေအနေနှင့် အနည်းငယ် တူညီနေကြောင်းလည်း ဒေါက်တာထွန်းလွင်ကပြောသည်။

## နေပြည်တော်တွင် ဖျော်ဖြေပွဲများ ပြုလုပ်လိုပါက နှစ်ပတ်ကြို ခွင့်ပြုချက် တင်ရမည်

ထူးသန့်

နေပြည်တော်၊ မတ် - ၁၀

နေပြည်တော်ခရိုင်အတွင်း ပြုလုပ်မည့်အငြိမ့်၊ ဇာတ်သဘင်စသည့်ဖျော်ဖြေပွဲများ ပြုလုပ်လိုပါက သက်ဆိုင်ရာဌာနသို့အချိန်နှစ်ပတ်စော၍ ခွင့်ပြုချက်လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ လျှောက်ထားရာတွင် ကျင်းပမည့် နေရာ၊ အချိန်နှင့် ဖျော်ဖြေမည့် ဇာတ်၊ အငြိမ့်၊ လူပုဂ္ဂိုလ်များ၏ အချက်အလက်များကိုပူးတွဲ၍ သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများသို့ လျှောက်ထားရမည်ဖြစ်ကြောင်း အဆိုပါအချက်အလက်များကို ပြင်ဆင်ခွင့်လည်း မရှိကြောင်းသက်ဆိုင်ရာဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

နိုင်ငံတော် အဆင့်အခမ်းအနားများ ပုံမှန်ကျင်းပလာသော နေပြည်တော်တွင် လုံခြုံရေးအတွက် ဖျော်ဖြေပွဲများကို စိစစ်၍ စနစ်တကျကျင်းပလာကြောင်းလည်း ဒေသခံများထံမှသိရှိရသည်။

**သတင်းကြီးနေသော အက်ဆစ်မိုးနှင့်ပတ်သက်၍ ဒေါက်တာထွန်းလွင်၏ ရှင်းလင်းချက်**

သတင်း - စာ(၂၇)တွင်ရှု






7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

CRIME CORNER

## ကျပ်သန်းပေါင်း သုံးထောင်ကျော်တန်ဖိုးရှိ တရားမဝင်ကျောက်မျက်များ တစ်နှစ်အတွင်း ဖမ်းမိ

ပြည်သိမ်း

ရန်ကုန်၊ မတ် – ၁၂

မန္တလေး၊ လားရှိုး၊ မူဆယ်လမ်း တစ်လျှောက်တွင် ၂၀၁၀-၁၁ ဘဏ္ဍာနှစ်အတွင်း တရားမဝင် ကျောက်မျက်ဖမ်းဆီးရရှိမှုမှာ ကျပ်သန်းပေါင်း ၃၀၈၆ ဒသမ၄၄သန်းရှိကြောင်းမတ်လ ၁၂ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ထိုလမ်းကြောင်းမှပင် ၂၀၀၉-၁၀ဘဏ္ဍာနှစ်က တရားမဝင် ကျောက်မျက် ဖမ်းဆီးရမှုတန်ဖိုးမှာ ကျပ်ငွေ ၄၅၂ဒသမ ၁၂သန်းရှိခဲ့သည်ဟု ဆက်လက်ဖော်ပြထားသည်။

ဖမ်းဆီးရမိသော ကျောက်မျက်များတွင် ကျောက်စိမ်းအများဆုံးဖြစ်နိုင်ကြောင်းလည်း မူဆယ် ၁၀၅မိုင်မှ လုပ်ငန်းရှင်တစ်ဦးက ခန့်မှန်းသည်။

မြန်မာနိုင်ငံသည် ကျောက်စိမ်းအဓိကထွက်သည့် နိုင်ငံဖြစ်ပြီး ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်တွင် နိုဝင်ဘာကျောက်မျက်ပြပွဲမပါ သေးဘဲ ဒီဇင်ဘာလထိ ကန်ဒေါ်လာ ၁၁၁၄ဒသမ ၆၇သန်း တင်ပို့ခဲ့ကြောင်း သတင်းရရှိသည်။

# စက်မှုဇုန်များတွင် စစ်တမ်းစတင်ကောက်

ဦးလွင်

မန္တလေး၊ မတ် – ၉

စက်မှုဇုန်ပုဂ္ဂလိကကဏ္ဍ တိုးမြှင့်ရေးအတွက် မန္တလေးစက်မှုဇုန်တွင် စစ်တမ်းကောက်ယူမှုပြုလုပ်ခဲ့ကြောင်း စစ်တမ်းကောက်ယူရာတွင် ပါဝင်သည့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူက ပြောသည်။

"စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)က စက်ရုံလုပ်ငန်းရှင်တွေကို ပထမစာဝေတယ်။ နောက် ဖုန်းဆက်ပြီး အကြောင်းကြားပါတယ်။ စစ်တမ်းကောက်ယူရေးသင်တန်းကိုလည်း ဖေဖော်ဝါရီ ၂၄ ရက်က ဖွင့်လှစ်ပြီး စစ်တမ်းကောက်ယူနေတာပါ"ဟုဧင်းကပြောသည်။

စစ်တမ်းကောက်ယူမှုကို အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူသုံးဦး၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူ ၃၅ ဦးဖြင့် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ်လ ၄ ရက်အထိ ၁၀ ရက်ကြာကောက်ယူခဲ့ကြောင်းသိရသည်။



ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ သာကေတစက်မှုဇုန်မှ ဝန်ထမ်းများကို မတ်လဆန်းကတွေ့ရစဉ်။ ဓာတ်ပုံ–အောင်အောင်

"စက်ရုံအကြီး၊အသေးအားလုံး ၆၇၀ လောက်ကို စက်ရုံတစ်ရုံချင်း စက်ရုံလုပ်သားဘယ်လောက်ရှိလဲ။ အဲဒီ့အထဲမှာ ဘွဲ့ရပညာတတ် ဘယ်နှယောက်ပါလဲ၊ ပြီးတော့ စက်ရုံအဆောက်အအုံက ဘယ်လောက်တန်ဖိုးရှိလဲ၊ မြေကွက်က ဘယ်လောက်တန်ဖိုးရှိလဲ၊ စက်ရုံကို ကျပ်ငွေဘယ်လောက်နဲ့ ရင်းနှီးမြှုပ်နှံခဲ့ရတာလဲ၊ ဒါတွေကို စစ်တမ်းကောက်ယူခဲ့တာပါ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ရှိ စက်ရုံများတွင်လည်း ၂၀၁၀နှစ်ကုန်ပိုင်းက စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

"ရန်ကုန်စက်မှုဇုန်တွေ၊ စက်ရုံ၊အလုပ်ရုံတွေမှာတော့ စစ်တမ်းကောက်ယူမှုတွေ မကြာခဏရှိတယ်။ လုပ်ငန်းတွေရဲ့အခြေအနေ၊ လုပ်ငန်းတွေရဲ့ ဝင်ငွေထွက်ငွေ၊ အလုပ်သမားဦးရေကို အမြဲဖြေပေးရတယ်"ဟု ရန်ကုန်မြို့ရှိ စက်မှုလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထိုသို့ သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများက စစ်တမ်းလိုက်လံကောက်ယူနေခြင်းမှာ အာဆီယံလွတ်လပ်သောကုန်သွယ်မှုနယ်မြေ(AFTA) စတင်အသက်ဝင်လာပါက ပြည်တွင်းလုပ်ငန်းရှင်များဖြင့် အာဆီယံနိုင်ငံများမှ လုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန် လက်ရှိအခြေအနေကို သိလို၍ဖြစ်ကြောင်း စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌတစ်ဦးကဆိုသည်။

# စုံတွဲများအတွက် သီးသန့်နေရာထားပေးသော အအေးဆိုင်လေးဆိုင်ပိတ်သိမ်း

စိုင်းသာအောင်

မန္တလေး၊ မတ် – ၈

**မန္တလေးမြို့တွင် အအေးဆိုင်အမည်ခံကာ စုံတွဲများ မဖွယ်မရာပြု လုပ်နိုင်ရန် နေရာငှားရမ်းသည့် အအေးဆိုင်အမည်ခံဆိုင် လေးဆိုင်အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန၊ မြို့တော်စည်ပင်ရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့က မတ်လပထမပတ်အတွင်း စည်ပင်ဥပဒေအရ ဆိုင်များပိတ်သိမ်းအရေးယူခဲ့ကြောင်း သန့်ရှင်းရေးဌာန၊ ဌာနစုမှူး ဦးမင်းအောင်ဖြိုးက ပြောသည်။**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနှိပ်တော်ရပ်ကွက် ရေဦးမြောင်းဘေး ၅၇×၅၈ လမ်းကြားတွင်"。。 အအေးဆိုင်"၊ ၅၈×၅၉ လမ်းကြား "。。 အအေးဆိုင်"၊ ဒေါနဘွားရပ်ကွက်နှင့် "。。。အအေးဆိုင်"တို့သည် စုံတွဲများ မဖွယ်မရာ ပြုလုပ်နိုင်ရန် ကပ်မိုး၊ ထရံသုံးဖက်ကာ ပိတ်၊ ကြမ်းခင်းအအေးစားပွဲများထားရှိပြီး ၁ နာရီ ၁,၀၀၀ ကျပ်နှုန်းဖြင့် ငှားရမ်းကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီခြင်း၊ လုပ်ငန်းလိုင်စင်မရှိခြင်း၊ ဆောက်မိန့်မရှိခြင်းတို့ကြောင့် မြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှ စည်ပင်အက်ဥပဒေပုဒ်မ-၂၆အရလည်းကောင်း ၎င်းအဆောက်အအုံများကို သုံးရက်အတွင်း ဖျက်သိမ်းရန် ဝန်ခံကတိရေးထိုးပြီး အရေးယူဆောင်ရွက်ခဲ့ကြောင်း သန့်ရှင်းရေးဌာန ဌာနမှူးဦးတင်ထွဋ်ကျော်က ထပ်မံရှင်းလင်းအတည်ပြုပြောကြားသည်။

၎င်းစစ်ဆေးရေးအဖွဲ့နှင့် ပါဝင်သော မြို့တော်စည်ပင် ရဲတပ်ဖွဲ့၊ တပ်ဖွဲ့ဝင်တစ်ဦးက"အအေးဆိုင်အမည်ခံပြီး နေရာငှားစားတာပါ။ စုံတွဲတွေမဟုတ်တာလုပ်ဖို့ စီစဉ်ပေးသလိုဖြစ်နေတယ်။



ပိတ်သိမ်းခံရသည့် အအေးဆိုင်တစ်ခု၏အခင်းအကျင်း။ ဓာတ်ပုံ-စိုင်းသာအောင်

လူကြီးတွဲတွေရော လူငယ်စုံတွဲတွေ ပါလာကြတယ်။ ကွန်ဒုံးတွေလည်းထားပေးတယ်။ အခန်းလေးတွေက မျက်ကွယ်ဖြစ်နေတော့ မဟုတ်တာလုပ်တာကို အားပေးနေသလိုဖြစ်နေတယ်။ ဒီလိုဆိုင်မျိုးတွေဟာ အသိဉာဏ်နည်းသေးတဲ့ လူငယ်လူရွယ်တွေ လမ်းမှားရောက်ပြီး ဘဝပျက်သွားနိုင်ပါတယ်"ဟု သူ၏အမြင်ကို ပြောသည်။

စာ(၁၂)သို့




TRI
LIVESBRILLIANTLY


g
Giorenzo
COLLECTION
DREAM
Men's & Ladies' Wears

7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# လုပ်ငန်းရှင်များ ငါးလျှော့မွေးမြူကြရန် သက်ဆိုင်ရာအသင်းက အကြံပြု

သန်းဌေး

ရန်ကုန်၊ မတ် – ၈

ယခုနှစ် ငါးထည့်သွင်းမွေးမြူသည့် ကာလမှစတင်ကာ နှစ်စဉ်နှစ်တိုင်း ပုံမှန်မွေးမြူခဲ့သော နှုန်း၏ ၄၀ရာခိုင်နှုန်း လျှော့ချမွေးမြူကြရန် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ အကြံပြုပန်ကြားချက် ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

“တစ်ဧက ငါးထည့်သွင်း မွေးမြူမှုကောင်ရေမှာ ပျမ်းမျှကောင်ရေ ၂၀၀၀ နှုန်းကနေ အခု ၁၂၀၀ နှုန်းသာ ထည့်သွင်းမွေးမြူကြဖို့ပါ”ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



ရေချိုငါးများကို ကန်အတွင်းမှ ဖမ်းယူနေစဉ်။

ဓာတ်ပုံ – သန်းဌေး

လက်ရှိ အနေအထားအရ မွေးမြူထုတ်လုပ်မှု အခြေအနေမှာ ပြည်တွင်းစားသုံးမှုအတွက် ပြည်မီကျော်လွန်စေရုံသာမက ဈေးကွက်လိုအပ်ချက်ထက် ပိုလျှံထုတ်လုပ်နေသည်။ ထို့ကြောင့် ငါးမွေးမြူသူများအနေဖြင့် လုပ်ငန်းဆိုင်ရာ ဆုံးရှုံးမှုများနှင့် ငါးဖော်ရောင်းချရန် အခက်အခဲများ လျော့နည်းသွားစေရန် ယခုအကြံပြု ပန်ကြားချက်ကို ထုတ်ပြန်ပေးခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ ထုတ်ပြန်ချက်အား ရန်ကုန်တိုင်းဒေသကြီး ဧရာဝတီတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး (တောင်ပိုင်း)ရှိ ငါးမွေးမြူရေးကန်များအတွင်း ငါးကြင်းဖြူ ငါးသိုင်းခေါင်းပွနှင့် ငါးမြစ်ချင်း ငါးမျိုးများအား လျှော့မွေးကြရန် တညီတညွတ်တည်း သဘောတူခဲ့ကြကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က ပြောသည်။

အထက်ပါ သဘောတူညီချက်သည် မတ် ၆ ရက်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် အစည်းအဝေးကျင်းပစဉ် သက်ဆိုင်ရာ အသင်းအသီးသီးကပါ ဆွေးနွေးညှိနှိုင်းကာ ချမှတ်ခဲ့သည်။ ထိုသဘောတူညီမှုအား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာနနှင့် ငါးမွေးမြူရေး လုပ်ငန်းရှင်များအား ဖြန့်ဝေပေးပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံ ရေချိုငါးမွေးမြူရေးလုပ်ငန်းတွင် ၂၁၈,၃၉၂ ဧကရှိသည့်အနက် အထက်ပါတိုင်းဒေသကြီး ၃ခုတွင် ၁၆၀,၀၀၀ ဧကခန့်ရှိသည်။ အဆိုပါ ငါးမွေးကန်များတွင် ရေချိုငါးမျိုးစုံမွေးမြူကြရာ ငါးမြစ်ချင်းငါးမျိုးမှာ ၈၀ ရာခိုင်နှုန်းခန့်ဖြင့် အဓိကမွေးမြူကြကြောင်း သိရှိရသည်။

၂၀၁၀ စက်တင်ဘာလကစတင်ကာ ငါးမြစ်ချင်းငါးများအား ပြည်ပတင်ပို့မှုနှုန်း ကျဆင်းပြီး မွေးမြူထားရှိမှုက များစွာပိုမိုခဲ့ကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက် လျှင်ပင် မွေးမြူထားပြီးဖြစ်သော ငါးမြစ်ချင်း ငါးများအား မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်မည်ကို အဖြေရှာသင့်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောသည်။

ထို့ကြောင့် ယခုနှစ်ငါးမွေးရာသီက စတင်ကာ သုံးနှစ်ကြာမွေးမြူမှ ဈေးကွက်ဝင်သော ငါးမြစ်ချင်းငါးမျိုးစိတ်နေရာတွင် ရေတိုအတွင်း ပြည်တွင်း၊ ပြည်ပတွင် ဈေးကွက်ဝင် ဈေးကောင်းရသော အခြားငါးမျိုးစိတ်များအား စမ်းသပ်ပြောင်းလဲ မွေးမြူကြရန် အကြံပြုထားကြောင်း သတင်းရရှိသည်။

## ပျူမြို့ဟောင်းများကို ယူနက်စကို အသိအမှတ်ပြုကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေး နယ်မြေအဖြစ်စာရင်းတင်သွင်း

အေးမြကျော်၊ အိဖြူမွန်

ရန်ကုန်၊ မတ် ၁၀

ပျူမြို့ဟောင်းများဖြစ်သောသရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းမြို့ဟောင်းများကို ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းနိုင်ရန် ၂၀၁၀ ခုနှစ်က စာရင်းတင်သွင်းထားကြောင်း ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီး ဦးခင်အောင်မြင့်ကပြောကြားခဲ့သည်။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာက လွှတ်တော်တွင် ရခိုင်ပြည်နယ်မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသကို ယူနက်စကိုအသိအမှတ်ပြု ရှေးဟောင်းအမွေအနှစ်များထိန်းသိမ်းရေးစာရင်းဝင်ဒေသအဖြစ် သတ်မှတ်နိုင်ရေးဆောင်ရွက်ရန်ရှိမရှိမေးမြန်းခြင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးက ပြန်လည် ဖြေကြားရာတွင်ပြောကြားခဲ့ခြင်းဖြစ်သည်။

‘ပို့ထားတုန်းရှိပါသေးတယ်။ ယူနက်စကိုကစစ်ဆေးရေးအဖွဲ့တွေတော့ မလာသေးပါဘူး။ သူတို့စစ်ဆေးပြီးလိုအပ်ချက်တွေရှိရင် ထက်ပြောမယ်ပြောတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိအောင်ထပ်လုပ်ရမယ်။ အဆင့်တွေအများကြီးရှိတဲ့ အသိအမှတ်ပြုတဲ့အဆင့်ထိမရောက်သေးဘူး။ ၂၀၁၀မှာ စပြီးတင်တာဟာ ပထမဆုံးအကြိမ်ပါ”ဟု အမျိုးသားစာကြည့်တိုက်နှင့်ရှေးဟောင်း သုတေသနဦးစီးဌာနမှ တာဝန်ရှိ သူတစ်ဦးကပြောသည်။

ယူနက်စကိုသို့စာရင်းတင်သွင်းထားသော ပျူမြို့ဟောင်းများဖြစ်သည့် သရေခေတ္တရာမှာပြည်မြို့နယ်တွင် တည်ရှိပြီး၊ဗိဿနိုးမြို့ဟောင်းမှာ တောင်တွင်းကြီးမြို့နယ်နှင့် ဟန်လင်းမြို့ဟောင်းမှာ ရွှေဘိုမြို့နယ်တွင်တည်ရှိသည်။

ယင်းမြို့ဟောင်း၃ခုသည်သမိုင်းကြောင်းအရ ရှေးအကျဆုံးဖြစ်သည့် ဘီစီ(၁)ရာစုမှ အေဒီ(၄)ရာစုအတွင်း ထွန်းကားခဲ့သောမြို့ဟောင်းများဖြစ်ကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေနှင့် နှစ်စဉ်ရှေးဟောင်းဒေသတစ်ခုစီကို သမိုင်းရက်စဉ်အရစာရင်း တင်သွင်းရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး မြောက်ဦးဒေသကိုလည်းကမ္ဘာ့ ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဒေသအဖြစ် သတ်မှတ်ရေး အလုပ်ညှိကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးကပြန်လည်ဖြေကြားသွားခဲ့သည်။

မြန်မာနိုင်ငံတွင် ယူနက်စကိုအသိအမှတ်ပြုနိုင်သည့်ကမ္ဘာ့အမွေအနှစ် ရှေးဟောင်းနယ်မြေများ အမြောက်အမြားရှိပြီး အထင်ရှားဆုံးမှာ ပုဂံယဉ်ကျေးမှု နယ်မြေဖြစ်သည်။

## ဒေါ်ဝါဝါဝင်းရွှေက ဆုထူးပန်ရုပ်ရှင်ရုံကို ကျပ်သိန်းပေါင်း ခြောက်သောင်းတစ်ထောင်ဖြင့် ဝယ်ယူ

အေးသူစံ

ရန်ကုန်၊ မတ် – ၈

နိုင်ငံပိုင်အဆောက်အအုံများအား ပုဂ္ဂလိကသို့ လွှဲပြောင်း ရောင်းချခဲ့သည့် လေလံပွဲတွင် ပါဝင်သော ရုပ်ရှင်ရုံကိုးရုံအနက် ရန်ကုန်မြို့လယ်ရှိ ဆုထူးပန်ရုပ်ရှင်ရုံကို ရုပ်ရှင်မင်းသမီးကြီးအကယ်ဒမီဒေါ်ဝါဝါဝင်းရွှေက ကျပ်သိန်းပေါင်း ခြောက်သောင်းတစ်ထောင်ဖြင့် ဝယ်ယူလိုက်နိုင်ကြောင်း သိရသည်။

“ဒီဈေးကရုပ်ရှင်ရုံလေလံထဲမှာဆိုရင် မရှိဖူးတဲ့ဈေးလို့ သတ်မှတ်လို့ရပါတယ်။ ဘုရင့်ရုံတောင်မှ သိန်းပေါင်းငါးသောင်းကျော်ပဲလေ။ ဒီလောက်ထိဈေးများသွားရတာက အပိုင်ရောင်းချလုပ်ကိုင်ခွင့်ပေးတာဆိုတော့ တခြားစီးပွားရေးသမားတွေလည်း ဈေးအမြင့်တွေနဲ့ ဝင်ဆွဲကြတယ်။ အန်တီဝါတို့က ကိုယ်လုပ်လာတဲ့ ရုပ်ရှင်ရုံမို့ ရုံသံယောဇဉ်၊ ရုပ်ရှင်သံယောဇဉ်နဲ့အမြင့်ဆုံးပေးတဲ့သူရဲ့ဈေးအတိုင်းပေးပါ့မယ်လို့ ပြောထားတာပေါ့။ လေလံစီစဉ်တဲ့လူကြီးတွေကလည်း တကယ်ရုပ်ရှင်ရုံလုပ်ငန်းလုပ်ကိုင်နေတဲ့သူတွေကို ဦးစားပေးမယ်လို့ဆိုထားပါတယ်” ဟု ဒေါ်ဝါဝါဝင်းရွှေ၏မိသားစုဝင်တစ်ဦးကပြောသည်။



လေလံအောင်သည့် ဈေးနှုန်း၏ ပထမအရစ် ၁၀ ရာခိုင်နှုန်းဖြစ်သော ကျပ်သိန်းခြောက်ထောင်ကို ဖေဖော်ဝါရီလဒုတိယပတ်အတွင်းကပေးသွင်းခဲ့ပြီး ကျန်ငွေ၏ ၂၀ ရာခိုင်နှုန်းကို မတ်လ ၂၅ ရက်နေ့ နောက်ဆုံးထားပေးသွင်းရမည်ဖြစ်သည်။ နောက်ဆုံးကျန်သည့် ၆၅ ရာခိုင်နှုန်းကို အစိုးရ၏ သတ်မှတ်ချက်များအတိုင်း အရစ်ကျစနစ်ဖြင့် ပေးသွင်းသွားမည်ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဆုထူးပန်ရုပ်ရှင်ရုံသည် ရန်ကုန်မြို့လယ် ဗိုလ်ချုပ်လမ်းပေါ်ရှိ လေးရုံတန်းဟုအများ ခေါ်ဝေါ်ကြသော ရုပ်ရှင်ရုံများအနက် တစ်ရုံဖြစ်ပြီး အိန္ဒိယရုပ်ရှင် ဇာတ်ကားများကို ပုံမှန်ပြသနေသည့်ရုံဖြစ်သည်။ အကယ်ဒမီဒေါ်ဝါဝါဝင်းရွှေက ယင်းရုံကို အစိုးရထံမှ နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခဲ့သည်မှာ နှစ်အတော်အတန်ကြာမြင့်ခဲ့ပြီး ယခုအချိန်တွင်ရုံအဆင့်မှာ အဆင့်မီအဆင့်ဖြစ်သည်။

“အဆောက်အအုံကို အပိုင်ရရှိတာရယ်၊ ဘဏ်ကနေ ငွေချေးပြီး နှစ်ကာလအလိုက် အရစ်ကျဆပ်နိုင်တော့ စီးပွားရေးသမားအများစု စိတ်ဝင်တစားဝင်ရောက်လေလံဆွဲတာကြောင့် ဈေး ဒီလောက်မြင့်သွားတာလို့ ထင်ပါတယ်” ဟု အဆင့်မီရုပ်ရှင်ရုံများကို နှစ်ရှည်ငှားရမ်းလုပ်ကိုင်နေသည့်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။ ဒေါ်ဝါဝါဝင်းရွှေသည် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းကိုလည်းလုပ်ကိုင်နေပြီး ၎င်းကုမ္ပဏီမှ သူမ၏သားငယ်ဖြစ်သူ မင်းသားဝါဇင်ဖြင့် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများပုံမှန်ရိုက်ကူးသည့် စီးပွားရေးလုပ်ငန်းကိုလည်း လုပ်ကိုင်လျက်ရှိသည်။

AIR BAGAN LIMITED

OPPORTUNITY TO BECOME A MEMBER OF THE AIR BAGAN FAMILY

VACANCY ANNOUNCEMENT FOR CABIN CREW

Qualifications and Requirements

- Must be Single and Myanmar National
- At least Basic Education High School Exam Passed
- University Degree considered as asset
- Age between 18 and 24 years as at 5.4.2011
- For female, height between 5'4" and 5'8", weight to be proportionate to height
- For male, height between 5'6" and above, weight to be proportionate to height
- Able to read, write, understand and speak English language fluently. Second language is compulsory
- Positive disposition, caring attitude, smart personality, excellent verbal communications and interpersonal skills
- Mental capacity to read documents, follow instructions, learn and understand company procedures, rules and regulations
- Able to attend 8 weeks of initial training

Interested persons may personally apply to Air Bagan Head Office not later than 5.4.2011 at 4:00 pm together with the following: Curriculum vitae, qualification papers including Basic Education High School Certificate, Criminal Clearance from police department, one recent color full-length photograph, one passport size photograph and NRC copy.

Only short – listed applicants will be notified.
Please send your application to:
Air Bagan Limited, No.56, Shwe Taung Gyar Street, Bahan Township, Yangon, Myanmar.
Phone: 01-513299, 513422, 513411, 504275, 514861, 513322 Extensions 133, 151

7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011



ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်။

**အောင်သူရ**

**ရန်ကုန်၊ မတ် – ၁၀**

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနလက်အောက်ရှိ ယဉ်ကျေးမှုပြတိုက်နှင့် ရှေးဟောင်းသုတေသနပြတိုက် ၂၈ ခု၏ ပိတ်ရက်အား လာမည့် ဧပြီ၁ရက်မှစ၍ ပြောင်းလဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်နှင့် နေပြည်တော်ရှိ အမျိုးသားပြတိုက်အပါအဝင် ကျန်ပြတိုက် ၂၆ ခုအား လာမည့် ဘဏ္ဍာရေးနှစ်စဖြစ်သော ဧပြီ ၁ ရက်မှစ၍ ပြန်တမ်းဝင် ရုံးပိတ်ရက်များကို တနင်္လာနှင့် အင်္ဂါနေ့တိုင်းတွင် ပိတ်ရက်အဖြစ် သတ်မှတ်တော့မည်ဖြစ်ကြောင်း အထက်ပါဌာန၏ ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းက ပြန်လည်ထုတ်ပြန်သည်။

"အရင်တုန်းကတော့ တနင်္ဂနွေက ပိတ်ရက်၊ ပြည်တွင်းကလူတွေပိုအဆင်ပြေအောင် ပြောင်းလိုက်တာဖြစ်မယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးတင်ထွန်းအောင်က ပြောသည်။

ပိတ်ရက်ပြောင်းလဲ သတ်မှတ်လိုက်သော ပြတိုက်များမှာ အမျိုးသားပြတိုက်(ရန်ကုန်)၊ အမျိုးသားပြတိုက်(နေပြည်တော်)၊ မြစ်ကြီးနား ယဉ်ကျေးမှုပြတိုက်၊ လွိုင်ကော် ယဉ်ကျေးမှုပြတိုက်၊ ဘားအံယဉ်ကျေးမှုပြတိုက်၊ ဟားခါးယဉ်ကျေးမှုပြတိုက်၊ မော်လမြိုင်ယဉ်ကျေးပြတိုက်၊ စစ်တွေယဉ်ကျေးမှုပြတိုက်၊ တောင်ကြီး ယဉ်ကျေးမှုပြတိုက်၊ ညောင်ရွှေ ဗုဒ္ဓပြတိုက်၊ ၊ ကျိုင်းတုံယဉ်ကျေးမှု ပြတိုက်၊ ပုသိမ်ယဉ်ကျေးမှုပြတိုက်၊ မန္တလေးယဉ်ကျေးမှုပြတိုက်၊ ပုဂံရှေးဟောင်း သုတေသနပြတိုက်၊ စလေရုပ်စုံကျောင်းပြတိုက်၊ ပခန်းရှေးဟောင်း သုတေသနပြတိုက်၊ မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်၊ အင်းဝရှေးဟောင်းသုတေသနပြတိုက်၊ စစ်ကိုင်း ဗုဒ္ဓပြတိုက်၊ ရွှေဘိုရှေးဟောင်းသုတေသနပြုတိုက်၊ ဘုတလင်ဗုဒ္ဓပြတိုက်၊ ဟံသာဝတီ ရှေးဟောင်းသုတေသနပြတိုက်၊ သရေခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်၊ မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်၊ စစ်တွေဗုဒ္ဓပြတိုက်၊ ကျောက်တော် မဟာမုနိပြတိုက်၊ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်၊ တကောင်းရှေးဟောင်း သုတေသနပြတိုက်တို့ဖြစ်သည်။

**သန်းဌေး**

**ရန်ကုန်၊ မတ် – ၉**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာတွင် ဗုံးပေါက်ကွဲခဲ့သောကြောင့် ဒဏ်ရာရရှိခဲ့သူ၈ဦးအနက် ၇ဦးမှာ အင်းစိန်ဆေးရုံကြီးမှ ဆင်းခွင့်ရသွားကြပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီ ၂၇ ရက် ည၇နာရီ ၁၀မိနစ်ခန့်က ဗုံးပေါက်ကွဲသောကြောင့် ပေါက်ကွဲမှုတွင် ဒဏ်ရာပြင်းထန်စွာရရှိပြီး မသက်ဘသူကိုဇော်မင်းသန့်(၂၆)နှစ် တစ်ဦးတည်းသာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆက်လက်ဆေးဝါးကုသခံနေရသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပေါ်စဉ်အနီးအနားတွင် ရှိနေကြသူများထဲမှ ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့သူ လေးဦးမှာ မတ်၃ရက်က ဆေးရုံမှ ဆင်းခွင့်ရခဲ့သည်။ ကလေးငယ်မောင်နှမ ၂ဦးဖြစ်သော မောင်ဇော်မင်းထိုက် (၁၃)နှစ်နှင့် မငြိမ်းငြိမ်းထွန်း (၃)နှစ်တို့မှာ မတ် ၇ ရက်တွင်လည်းကောင်း၊ ကိုထွန်းထွန်း(၂၁)နှစ်မှာ မတ် ၉ရက်တွင်လည်းကောင်း အင်းစိန်ဆေးရုံအထူးကြပ်မတ်ကုသဆောင်မှ အသီးသီးဆင်းခွင့်ရရှိသွားကြသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုမှန်ဖော်ထုတ်နိုင်ရေးအတွက် သက်ဆိုင်ရာ စုံစမ်းဖော်ထုတ်ဆဲဖြစ်ကြောင်း သတင်းရရှိသည်။




# ဘုရင့်နောင် ကုန်စည်ဒိုင် ဝက်ဘ်ဆိုက်စတင်လွှင့်

## ကုန်စည်ဒိုင်ပေါက်ဈေးများ သုံးလအခမဲ့ကြည့်နိုင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် – ၁၀**

ဘုရင့်နောင်ကုန်စည်ဒိုင်မှ နေ့စဉ် ကုန်စည်ပေါက်ဈေးနှုန်းများ သိလိုပါက ဘုရင့်နောင်ကုန်စည်ဒိုင် ဝက်ဘ်ဆိုက် www.yangoncommodityexchange.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အဆိုပါကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မကြာသေးမီက စတင်လွှင့်တင်ခဲ့သော ထိုဝက်ဘ်ဆိုက်ကို သုံးလအထိ အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်သော်လည်း သုံးလကျော်ပါက လစဉ်ကြေးပေးပြီးမှသာ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

သတ်မှတ်ကာလကျော်လွန်ပါက ဈေးကွက်အနေအထားများကို အခမဲ့ကြည့်ရှုနိုင်ဦးမည်ဖြစ်သော်လည်း နေ့စဉ် ကုန်စည်ပေါက်ဈေးများကို လစဉ်ကြေးပေးထားသူများသာ ကိုယ်ပိုင် Password များဖြင့် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဝက်ဘ်ဆိုက်ကို ယခုလ ၂ ရက်မှစတင်၍ စမ်းသပ်တင်နေပြီဖြစ်သော်လည်း အခကြေးငွေဖြင့် မစတင်မီတွင် ခွဲခြားကြည့်ရှုနိုင်အောင် အချက်အလက်များ ထပ်မံဖြည့်စွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

# Home

7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

## ၂၀၁၁ ခုနှစ် မတ်လ ၁၇ ရက်မှ ၂၃ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂ ရက်မှ ၃ရက်ခန့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၁ရက်ခန့်နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နေ့အပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄ရက်မှ ၆ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၃၀ စင်တီမီတာ (၁ ပေခန့်) မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၅စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များ အထက်မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၅စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၅ စင်တီမီတာ(ပေဝက်ခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်)လက်ရှိရေမှတ်များအောက်ကျဆင်းနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

PATENT CAUTION

Aqua Guardian Group Ltd a company incorporated in Australia at Level 9, 564 St Kilda Rd, Melbourne Victoria 3004, AUSTRALIA is the Owner and Sole Proprietor of the following(the full description and detail mechanism of the Patent) :-

**Water Storage Evaporation Control**

Reg: 4/3139/2010

In respect of : " Water Storage Evaporation Control, Field of the Invention."

Fraudulent imitation or unauthorized use of the said Patent shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 17.March.2011

# ပုဂ္ဂလိကကျောင်းစာရင်းတွင် ဘော်ဒါကျောင်းနှစ်ခုလျော့သွား

**နေလင်းထွန်း**

**ရန်ကုန်၊ မတ် - ၁၄**

ရန်ကုန်မြို့ရှိ ပုဂ္ဂလိကကျောင်းစာရင်းဝင် ဘော်ဒါကျောင်းများမှ နှစ်ကျောင်းသည် မိမိတို့သဘောဆန္ဒဖြင့် နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

ယခင်နှစ်က ထွက်ပေါ်ခဲ့သော ပုဂ္ဂလိကကျောင်းစာရင်းမှ ဟယ်လ်ပင်နှင့် Success တို့နုတ်ထွက်သွားခြင်းဖြစ်ပြီး၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်းများအဖြစ် ဆက်လက်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

"ကိုယ့်သဘောနဲ့ပဲ နုတ်ထွက်လိုက်တာပါ။ တခြားဘာအကြောင်းမှ ရှိလို့တော့မဟုတ်ပါဘူး"ဟု Success မှ တာဝန်ရှိသူကဆိုသည်။

ဘော်ဒါဆောင်ကျောင်းများအနေဖြင့် ပုဂ္ဂလိကကျောင်းဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာမှ စာသင်ခန်း၊ သင်ထောက်ကူပစ္စည်း၊ အားကစားကွင်း စသည့်သတ်မှတ်ချက်များ ပြည့်မီအောင် ဆောင်ရွက်ရန်ညွှန်ကြားခဲ့သည်။

"စာသင်တာနဲ့ စာမေးပွဲစစ်ဆေးတဲ့အပိုင်းကို အပြည့်အဝတာဝန်ယူနိုင်တယ်။ ကစားကွင်းတွေ ဘာတွေက လုပ်မပေးနိုင်ဘူးလေ။ အန်တီတို့ဘက်က အားနည်းချက်ဖြစ်နိုင်တာပေါ့။ ကိုယ့်ဘက်က စံချိန်စံညွှန်းနဲ့ မပြည့်မီနိုင်မှန်းသိလို့နုတ်ထွက်လိုက်တာပါ။ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းအနေနဲ့သင်သွားမှာပါ"ဟု ဟယ်လ်ပင်မှ တာဝန်ရှိသူကပြောသည်။

ပြည်တွင်းတွင် ပုဂ္ဂလိကကျောင်း ဖွင့်လှစ်ခွင့်အတွက် ဘော်ဒါကျောင်းအချို့အား သတ်မှတ်စံချိန်စံညွှန်းများနှင့် ဆောင်ရွက်ရန် ညွှန်ကြားထားသော်လည်း တရားဝင်ပုဂ္ဂလိကကျောင်းနာမည်အသုံးပြုခွင့်မရရှိသေးပေ။

ရန်ကုန်မြို့ရှိ ပုဂ္ဂလိကကျောင်း စာရင်းဝင် ဘော်ဒါဆောင်များစာရင်း (၁) EC ပညာ့ရိပ်သာ၊ (၂) မဟာမြကျွန်းသာ၊ (၃) ပညာ့နန်းတော်၊ (၄) အေစီအေ၊ (၅) ဂုဏ်ထူးဦးသိန်းနိုင်၊ (၆) N-3၊ (၇) ရွှေပင်ရွှေသီး၊ (၈) ဦးသိန်းစိန်(သင်္ချာ)၊ (၉) လူငယ့်အားမာန်၊ (၁၀) ငွေစင်ရော်တို့ဖြစ်သည်။

## 7Day Newsဂျာနယ် ၉ နှစ်ပြည့်အခမ်းအနားကျင်းပ

**ရန်ကုန်၊ မတ် - ၈**

7Day News ဂျာနယ် ၉ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို မတ်လ ၈ ရက်တွင် ရန်ကုန်မြို့ရှိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

၂၀၀၂ ခုနှစ် မတ်လ ၇ရက်တွင် စတင်ထုတ်ဝေခဲ့သော 7Day News ဂျာနယ် ၉ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ သတင်းထောက်များအား သတင်းပေးကူညီခဲ့ကြသော သတင်းရင်းမြစ်များ၊ ဆောင်းပါးရှင်များ၊ ကြော်ငြာထည့်သွင်းပေးကြသော လုပ်ငန်းရှင်များ၊ ဖြန့်ချိရေးကိုယ်စားလှယ်များ၊ ပုံနှိပ်တိုက်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံစာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှတာဝန်ရှိသူများ၊ သတင်းဂျာနယ်အချို့မှ တာဝန်ရှိသူများ စသည့် ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် အယ်ဒီတာချုပ်ဦးသောင်းစုငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးတင့်ဆွေ၊ စီမံခန့်ခွဲမှုပညာရှင်ဒေါက်တာအောင်ထွန်းသက်နှင့် သတင်းစာဆရာဦးရဲနိုင်မိုးတို့က အမှတ်တရအမှာစကား ပြောကြားပေးခဲ့သည်။ ထို့နောက် အယ်ဒီတာချုပ် ဦးသောင်းစုငြိမ်းက တစ်နှစ်တာအတွင်း ကြော်ငြာအများဆုံးထည့်သွင်းသည့် လုပ်ငန်းရှင်ငါးဦး၊ ပုံနှိပ်တိုက်များ၊ ဂျာနယ်ဖြန့်ချိရေးကိုယ်စားလှယ်ကြီးများနှင့် ဂျာနယ်ခေါက်လုပ်ငန်းတို့ကို အမှတ်တရလက်ဆောင်များ ပေးခဲ့သည်။

## ပင်ရင်းဖြတ်တောက်ခွန် အက်ဖ်အီးစီဖြင့် ဆက်လက်ပေးသွင်းနိုင်

**အားမာန်**

**ရန်ကုန်၊ မတ် - ၁၄**

လုပ်ငန်းရှင်များအပေါ် ကောက်ခံသော ပင်ရင်းဖြတ်တောက်ခွန် (withholding tax) ပေးသွင်းရာတွင် အက်ဖ်အီးစီဖြင့် ဆက်လက်ပေးသွင်းနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

သွင်းကုန်လုပ်ငန်းရှင်များအပေါ် ပင်ရင်းဖြတ်တောက်ခွန်အဖြစ် တင်သွင်းသောကုန်ပစ္စည်းတန်ဖိုး၏ ၃ ဒသမ ၅ ရာခိုင်နှုန်းကို ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ကောက်ခံနေခြင်းဖြစ်သည်။ အဆိုပါအခွန်ကို ပေးဆောင်ရာတွင် အက်ဖ်အီးစီဖြင့် ပေးသွင်းနိုင်ပြီး ဇန်နဝါရီ ၁ ရက်မှစတင်၍ ယနေ့အထိ ဆက်လက်ပေးသွင်းနိုင်ဆဲဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ရှင်းပြသည်။

၂၀၁၁မတ်လ ၁၀ ရက်တွင် ထွက်ရှိခဲ့သော 7Day News ဂျာနယ်အတွဲ-၁၀၊ အမှတ်-၁ တွင် သွင်းကုန်လုပ်ငန်းရှင်အချို့၏ အဆိုကိုကိုးကား၍ 'ပင်ရင်းဖြတ်တောက်ခွန် အက်ဖ်အီးစီဖြင့် ပေးသွင်း၍ မရတော့'ဟု ဖော်ပြခဲ့ပါသည်။ အဆိုပါဖော်ပြချက်ကို ပင်ရင်းဖြတ်တောက်ခွန်ကို အက်ဖ်အီးစီဖြင့်ပင် ဆက်လက်ပေးသွင်းနိုင်ဆဲဖြစ်သည်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ထိုသို့ အက်ဖ်အီးစီဖြင့် ပင်ရင်းဖြတ်တောက်ခွန်ပေးသွင်းခွင့်ပြုနေခြင်းကြောင့် ငွေလဲလှယ်ရေးဈေးကွက်တွင် အက်ဖ်အီးစီတန်ဖိုးတက်လာခဲ့ပြီး မတ်လ ၁၁ ရက်မှစ၍ အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုးမှာ တူညီသွားပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။ မတ်လ ၁၄ ရက်တွင် အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီ တစ်ယူနစ်လျှင် ၈၉၀ ကျပ်ရှိသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၀ ဧပြီ ၂ ရက်မှစ၍ အက်ဖ်အီးစီ(နိုင်ငံခြားငွေလက်မှတ်)ကို အမေရိကန်ဒေါ်လာနှင့် တန်ဖိုးတူညီသတ်မှတ်ပြီး အဆိုပါငွေကဲ့သို့ သုံးစွဲခွင့်ပြုထားကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။



# Life

7 DAY NEWS JOURNAL

Vol.10, No.2 • MARCH 17, 2011






ဂျပန်ဆူနာမီနှင့် စိုးစိတ်နာရီများ

စာ(၁၀)သို့


**တစ်နေ့မှာတော့ အသိ အစ်မကြီးက အခန်းထဲ ပြေးဝင်လာပြီး အလန့်တကြားပြောကြားပါတော့သည်။**

**"ညီမလေးတို့၊ ဘုရားတရား မမေ့ကြနဲ့နော်။ ဆုတ်ခေတ်ကြီးထဲရောက်နေပြီ၊ အားလုံးက ကြောက်စရာတွေချည်းပဲ။ မကြာခင် ကြယ်ကြီးတစ်လုံးက ပေါက်ကွဲပြီး အလင်းရောင်ကြီး ထွက်လာမှာတဲ့။ အဲဒီအခါကျရင် တစ်ပတ်လောက် ညမရှိတော့ဘဲ နေ့ဘက်ချည်းဖြစ်နေမှာတဲ့။ အစ်မ ဂျာနယ်တစ်စောင်ထဲမှာ ဖတ်ရတယ်"**



# ခေတ်မိန်းကလေးများ

ခင်ပြုံး (မြန်မာစာ)

ထိုအခါ နိုက်ကလပ် တက်နေကျ မိန်းကလေးက "အဲဒါမှ ဒုက္ခပါပဲ။ ဒါဆို နိုက်ကလပ်မရှိတော့ဘဲ ဒေးကလပ်တွေပဲရှိတော့မှာပေါ့နော်။ နိုက်ကလပ်ကမှ 'က' လို့ကောင်းတာ။ နေ့ဘက်ချည်းဆိုရင်ဘယ်ကောင်းမှာလဲ" တဲ့။

တခြားမိန်းကလေးတစ်ယောက်ကလည်း "အဲဒီအကြောင်းကိုတို့သူဌေးမ မသိစေနဲ့နော်။ သူကနိုင်ငံခြားသူပီပီ ငါတို့ကိုအလုပ်ပဲအသေအလဲ လုပ်စေချင်တာ။ ပြောပုံလည်းကြည့်ဦးလေ။ နေ့ဘက်အလုပ်ချိန်ကို ငါ့ပိုက်ဆံနဲ့ဝယ်ထားပြီးသားတဲ့။ ဒါ့ကြောင့် အလုပ်နဲ့ မဆိုင်တဲ့ သီချင်းခွေ ဖွင့်ပြီးကြည့်နေတာတို့၊ ဂိမ်းဆော့နေတာတို့ မလုပ်ရဘူး" တဲ့။

မိန်းကလေး နောက်တစ်ယောက်ကလည်း "ဒါဆိုရင်ည မရှိတော့ဘူးဆိုတော့ မအိပ်ရတော့ဘူးပေါ့။ ဘာဖြစ်ဖြစ် ငါကတော့ အိပ်ရေးဝအောင် နေ့ဘက်လည်း အိပ်ပစ်မှာပဲ"

မိန်းကလေးငယ်တွေ ကြောက်မည်ထင်ပြီး သတင်းဦး၊ သတင်းထူးလာပြောမိသော အစ်မကြီးခမျာလည်း ဘာဆက်ပြောရမှန်းမသိ၍ သူ့နေရာမှာသူ သွားထိုင်နေပါတော့သည်။ မကြာမီ ထိုအစ်မကြီးက သူတို့အုပ်စုထံ ပြန်ရောက်လာပြန်ပါသည်။

"အော် ခုနတုန်းကတစ်ခုပြောဖို့ ကျန်နေလို့ ညီမလေးတို့ရေ။ နောက်နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ခန့်ကြာရင် ဥက္ကာပျံကြီးတစ်ခုက ကောင်းကင်ပေါ်က ဆင်းလာပြီး ကမ္ဘာကြီးကို တိုက်မိမှာတဲ့။ အဲဒီအခါ ရေ၊ မြေ၊ တောတောင်ပျက်စီးပြီး၊ လူတွေလည်း အရမ်းအရမ်း သေကုန်ကြမှာတဲ့။ အင်တာနက်သတင်းတစ်ပုဒ်ဖတ်ရတယ်။ အဲဒါကော ကြောက်စရာမကောင်းဘူးလား"

မိန်းကလေးတစ်ယောက် ဖြေလိုက်ပုံကိုလည်း သူကဘဝင်မကျ။

"နောက်နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ကြာမှ ဖြစ်မှာလား။ ဒါဆို အဝေးကြီးလိုသေးတယ်။ အဲဒီလောက်ဆိုရင် သေရမယ်ဆိုရင်လည်းသေပျော်ပါပြီ။ ညီမတို့အားလုံးလုပ်ချင်တာတွေ လုပ်ပြီးလောက်ပါပြီ" တဲ့။

ခေတ်မိန်းကလေးများကတော့ ပျော်ပျော်နေသေခဲပါပဲ။ ဘယ်လိုခြောက်ခြောက် ကြောက်ရမှန်းကို တွေးမကြည့်ကြတာ။ ကျွန်မတို့ဆီကို လာလည်တဲ့ ငယ်သူငယ်ချင်းအမျိုးသမီးကြီး တစ်ယောက်ကတော့ ကြောက်တတ်ပုံရပါသည်။

"သူငယ်ချင်းရေ ၂၀၁၂ ခုနှစ်ရောက်ရင် ကမ္ဘာပျက်မယ်ဆိုပြီး လူတွေပြောနေကြတယ်။ ကြောက်စရာကြီးနော်။ နိုင်ငံခြားအခွေတွေလည်း ရောင်းနေတယ်တဲ့။ အိမ်မှာ လူငယ်တွေဖွင့်ကြည့်ကြတာ။ ကိုယ်ကကြောက်လို့ မကြည့်ရဲဘူး။ တကယ်ကမ္ဘာပျက်မှာလားဟင်။ ၂၀၁၂ ဆိုရင်သိပ်မကြာတော့ဘူး။ ရောက်လာတော့မှာ" တဲ့။

ကျွန်မက ဆရာကြီးလုပ်ပြီး ရှင်းပြရပါတယ်။ "သူငယ်ချင်း၊ ကိုယ့်တို့တွေက ဘုရားတရား ကိစ္စတွေအမြဲလုပ်နေကြတာလေ။ ဘာမှကြောက်စရာမလိုဘူး။ ကိုယ်တွေးကြည့်မိတာကတော့ ကမ္ဘာကြီးမီးဟုန်းဟုန်း တောက်ပြီးပျက်စီးသွားမှာ မဟုတ်ဘူး။ အခုလည်း ရာသီဥတုက ကမ္ဘာအရပ်ရပ်မှာ ပြင်းထန်ဆိုးဝါးပြီး သဘာဝဘေးအန္တရာယ်တွေ တွေ့ကြုံခံစားနေကြရတာပဲလေ။ ဒီလိုမျိုး ကမ္ဘာကြီးရဲ့ နေရာတော်တော်များများမှာ ရာသီဥတုဆိုးဝါးမှုကြောင့် သဘာဝဘေးအန္တရာယ်တွေ ပိုမိုကြုံတွေ့လာနိုင်တယ်။ လူအသေအပျောက်၊ ဒုက္ခရောက်မှုတွေလည်းယခုထက် ပိုမိုများပြားလာနိုင်တယ်ထင်ပါရဲ့။

ဒါကိုပဲ တစ်နည်းပြောရင် ကပ်ဆိုက်တယ်။ ကပ်ဆေးတယ်ဆိုပြီးပြောကြတယ်။ တို့လိုဗုဒ္ဓဘာသာနိုင်ငံတွေက စိတ်အေးအေးချမ်းချမ်းနဲ့ ကောင်းမှုကုသိုလ်တွေလုပ်နေမယ်။ ဒုက္ခရောက်နေတဲ့လူတွေကို မေတ္တာထားပြီး တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြမယ်။ ဒါဆိုရင် ဘေးဒုက္ခအပေါင်းက လွတ်မြောက်ကြမှာပါ။ ကိုယ်တော့ ဒီလိုပဲယူဆမိတယ်"

၂၀. ၁. ၂၀၁၁ နေ့ထုတ် မြန်မာ့အလင်း နောက်ကျောဖုံးမှာသတင်းတစ်ပုဒ် ဖတ်လိုက်ရပါသည်။ နောက်ဆုံးရ နိုင်ငံတကာသတင်း၊ ၂၀၁၂ ခုနှစ်တွင်ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့လူဦးရေသန်းနှင့်ချီ၍ သေဆုံးနိုင်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် လာမည့် ၂၀၁၂ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ကာ လူဦးရေသန်းနှင့်ချီ၍ သေဆုံးဖွယ်ရှိကြောင်းသုတေသနပညာရှင် 'မိုက်ကယ်ဟို့ဖ်မင်း'၏ သုတေသနမှတ်တမ်း၌ ဖော်ပြလိုက်သည်။

ကမ္ဘာတစ်ဝန်းတွင် ငလျင်လှုပ်မှု၊ ရေလွှမ်းမှု၊ ဆူနာမီရေလှိုင်းများ ပြင်းထန်စွာဖြစ်ပွားမှုကြောင့် ကမ္ဘာ့နိုင်ငံများတွင် နေအိမ်အဆောက်အအုံများ ပျက်စီးပြီး လူသန်းပေါင်းများစွာ သေဆုံးနိုင်ကြောင်း ၎င်းမှတ်တမ်း၌ ဖော်ပြထားသည်။


စာ(၁၁)သို့


---

## ဈေးဝယ်လမ်းညွှန်

## သားသားမီးမီးတို့ စတိုင်ကျကျ လုပစေဖို့...

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)





**အိဖြူလွင်**

မိသားစု ဆည်းလည်းလေးတွေအတွက် လိုအပ်ချက်တွေဖြည့်ဆည်းပေးနိုင်မယ့် နေရာလေးကို ဒီတစ်ပတ် 7Day News ရဲ့ ဈေးဝယ်လမ်းညွှန်ကဏ္ဍလေးကနေ လမ်းညွှန်ပေးချင်ပါတယ်။

သားသား၊ မီးမီးတို့အတွက် လိုချင်တာတွေကို ခေါင်းကစ ခြေဖျားအဆုံးရနိုင်ပြီး ပစ္စည်းအားလုံးက ထိုင်းနိုင်ငံထုတ် အိုဗွီအိုတံဆိပ်ပစ္စည်းတွေဖြစ်ပြီး ရာနှုန်းပြည့် ချည်သားစစ်စစ်နဲ့ အရည်အသွေးပြည့် ချည်ထည်တွေကို မြန်မာနိုင်ငံမှာ တစ်ဦးတည်းကိုယ်စားလှယ်တင်သွင်းရောင်းချတဲ့နေရာပါ။



ကလေးဝတ် ဘောင်းဘီ၊ အင်္ကျီအားလုံးကို ကလေးအရွယ်စုံအတွက် ဆိုဒ်စုံ၊ ဒီဇိုင်းစုံရနိုင်ပြီး ကလေးတွေအတွက် ကျန်းမာရေးနဲ့လည်း ညီညွတ်တဲ့ ချည်သားစစ်စစ် အဝတ်အစားတွေက ချစ်စရာပုံစံနဲ့ အရောင်လွင်လွင်လေးတွေဖြစ်လို့ ဆည်းလည်းလေးတွေလည်းကြိုက်၊ ဝယ်ပေးရမယ့် မိဘတွေလည်း ကြိုက်မှာသေချာပါတယ်။

အသက် ၄ နှစ်က ၁၆ နှစ်အထိ ယောကျ်ားလေးတွေအတွက် အိုဗီအိုရဲ့ Kids မိန်းကလေးတွေအတွက်တော့ Pretty နဲ့ ၁ နှစ်ကနေ ၅ နှစ်ထိ ကလေးတွေအတွက် Toddlers၊ ၃ လကနေ ၁၈ လထိ ဘေဘီလေးတွေအတွက်တော့ Newborn စတဲ့ အမျိုးအစားတွေနဲ့ စိတ်တိုင်းကျရွေးချယ်ဝယ်ယူလိုရပါတယ်။

ဒါ့အပြင် စင်ကာပူကတင်သွင်းတဲ့ Colettee အမှတ်တံဆိပ်ဖြစ် ကလေးစီးသီးသန့် ဖိနပ်လေးတွေလည်း ဝယ်ယူနိုင်ပါသေးတယ်။

ဆိုင်ထဲကို ဝင်လိုက်တာနဲ့ လိုချင်စရာ ကောင်း၊ ဝယ်ပေးချင်စရာကောင်းတဲ့ အိမ်က ဆည်းလည်းတို့အတွက် ပစ္စည်းတွေကို ရနိုင်မယ့်နေရာကတော့ ပြည်လမ်းတော်ဝင်စင်တာမှာရှိတဲ့ Blazon Department ထဲက အိုဗီအိုကောင်တာပဲဖြစ်ပါတယ်လို့ လမ်းညွှန်ပေးလိုက်ပါတယ်။

---



## ဒီလိုလေး ချက်ကြရအောင်

■ဝိုက်ဖီ



ဒီတစ်ပတ် ချက်ကြရအောင် ကဏ္ဍအတွက် ရခိုင်တိုင်းရင်းသားတွေရဲ့ဟင်းလေးကို အနယ်နယ်အရပ်ရပ်က ပရိသတ်တွေရဲ့ လျှာလေးနဲ့အဆင်ပြေအောင် ပုံစံလေးနည်းနည်းပြင်ပြီး ချက်ထားပါတယ်။

အဲဒီဟင်းလေးကတော့ 'ငါးငရုတ်သီးဟင်း'ပဲဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်က ပင်လယ်ကမ်းခြေရွာလေးတစ်ရွာဖြစ်တဲ့ ငရုတ်ကောင်းကျေးရွာသူ၊ ကျေးရွာသားတွေ ချက်ပြုတ်စားသောက်တဲ့ပုံစံလေးကို မှီငြမ်းချက်ပြုတ်ထားတာပါ။

ငါးငရုတ်သီးဟင်းကို ချက်ဖို့ဆိုရင်တော့ လိုအပ်တဲ့ပစ္စည်းတွေက ငါးဖယ်ခြစ်(တစ်ဆယ်ကျပ်သား)၊ စပါးလင်(အနေတော်တစ်ပင်)၊ ကြက်သွန်ဖြူ(ဥတစ်လုံးငါးတက်)၊ ကြက်သွန်နီ(နှစ်လုံး)၊ နံနံပင်အနည်းငယ်နဲ့ ငရုတ်သီးအစိမ်းတောင့် ၂၀ လောက်ဆိုရင်တော့ ချက်ဖို့အတွက် လုံလောက်သွားပါပြီ။

ပထမဆုံး လုပ်ရမှာက ငါးဖယ်ကို ခါတိုင်းလိုပဲ ဆားနဲ့ ချင်းထည့်ပြီး မာနေအောင် ထောင်းထားရမယ်။ ပြီးရင် စပါးလင်နဲ့ ကြက်သွန်ဖြူကို ညက်နေအောင်ထောင်း၊ ကြက်သွန်နီကိုလည်း သီးသန့်ထောင်းထား၊ ငရုတ်သီးစိမ်းကိုလည်း ညက်နေအောင် ထောင်းထားရပါမယ်။

စချက်ပြီဆိုရင်တော့ ထုံးစံအတိုင်း ဆီနည်းနည်းအရင်ထည့်ပါမယ်။


စာ(၁၁)သို့

7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011



# ဂျပန်ဆူနာမီနှင့်စိုးထိတ်နာရီများ

အေအမ်ကေ

**မတ်လ** ၁၁ရက်နေ့က ဂျပန်နိုင်ငံ နေထိုင်သူများ ကြောက်လန့်ခဲ့ရတဲ့နေ့ ဖြစ်ခဲ့သလို မိုင်၃၀၀၀ကျော်လောက် ဝေးသော မြန်မာနိုင်ငံက လူတချို့လည်း စိုးရိမ်ပူပန်ခဲ့ရတဲ့ နေ့တစ်နေ့ဟု ပြောလို့ရပါတယ်။

သတင်းစီးဆင်းမှုမြန်ဆန်လွန်းလှသောသတင်းခေတ်ဖြစ်တာမို့ ၈ဒသမ၉ ငလျင်ကြီးကြောင့် ဆူနာမီလှိုင်းလုံးကြီးများ ဂျပန်ကမ်းခြေကို ရိုက်ခဲ့ပြီဆိုသည့် သတင်းမှာ နာရီပိုင်းသာခြားကာ ကမ္ဘာ့အနှံ့ ပြန့်ခဲ့သလို မြန်မာနိုင်ငံက အင်တာနက်သုံးစွဲသူနဲ့ နိုင်ငံတကာသတင်းလိုင်းများစောင့်ကြည့်သူများ ထံမှတစ်ဆင့် သိရှိခဲ့ကြရသည်။

ပညာသင်ကြားနေသူနှင့်လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်နေသော မြန်မာလူမျိုးများအများစုနေထိုင်ကြသည့် တိုကျိုမြို့အပါအဝင် ဂျပန်၏ နေရာအတော်များများတွင်လှုပ်ခတ်ခဲ့သောငလျင်ကြောင့် မြန်မာနိုင်ငံတွင်ရှိသော မိသားစုဝင်များ၊ ဆွေမျိုးညာတိများ၊မိတ်ဆွေများက ဂျပန်ရောက် မြန်မာများအတွက် စိုးထိတ်ခဲ့ကြသည်။

ငလျင်လှုပ်ခတ်အပြီး ဂျပန်နိုင်ငံရှိ ဆက်သွယ်ရေးဖုန်းလိုင်းအများစု ပြတ်တောက်ခဲ့သော်လည်း အင်တာနက်လိုင်းများ အလုပ်လုပ်နေသေးသည့်အတွက် အင်တာနက်သုံးစွဲသူ ဂျပန်ရောက်မြန်မာများ၏မိသားစုဝင်များ အဆက်အသွယ်ရစိတ်အေးခဲ့ရသော်လည်း အင်တာနက်သုံးစွဲလေ့မရှိသူများအတွက်မူ စိုးရိမ်စိတ်ပိုခဲ့ကြရသည်။

"အစ်မမောင်လေးကဂျပန်သွားတာ တစ်လပဲရှိသေးတယ်။ ငလျင်လှုပ်ပြီးပြီးချင်းတော့ ဖုန်းအဆက်အသွယ်ရတယ်။ သူကအင်တာနက် သုံးလေ့သုံးထမရှိတဲ့ အတွက်ဖုန်းပဲမျှော်ရတယ်။ အမေတို့ကတော့ တော်တော်စိတ်ပူနေတယ်"ဟု

စာ(၁၂)သို့









7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011



# ဗုဒ္ဓဘာသာဆိုင်ရာ ရေးဖြေစာမေးပွဲ ကျင်းပမည်

မေဝင်းမွန်

ရန်ကုန်၊ မတ် -၁၀

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ လာမည့်မေလ ၁၈ သည်မြတ်စွာဘုရားရှင်ပွင့်တော်မူချိန် ဗုဒ္ဓနှစ် ၂၆၀၀ ပြည့်နှစ်ဖြစ်သဖြင့် ပူဇော်ပွဲအထိမ်းအမှတ် ဗုဒ္ဓဘာသာဆိုင်ရာရေးဖြေစာမေးပွဲကို ကျင်းပမည်ဖြစ်ကြောင်း စီစဉ်ပြုလုပ်သူ ဆရာ SSခင်မောင်အေး(သချာ်)ကပြောကြားသည်။

ဆရာ SS ခင်မောင်အေးရေးသားထုတ်ဝေထားသည့် ၂၈ ဆူ ဗုဒ္ဓဝင်နှင့်ရှင်းလင်းချက်များ၊ ရောင်စုံရုပ်ပြပဌာန်းနှင့် ၂၄ ပစ္စည်း၊ သောတာပန်ဆုပန် ချမ်းသာမှုပုံစံ၊ လူဖြစ်ကျိုးနပ်ဖို့ သောတာပန်သို့ ဗုဒ္ဓဂုဏ်တော် ၉ ပါးရုပ်စုံပြစာအုပ်၊ စာမေးပွဲလိုအပ်ချက်များနှင့် မေးခွန်းများပါရှိသည့် ဗုဒ္ဓနှစ် ၂၆၀၀ ပြည့်ကြိုတင်ပူဇော်ပွဲအထိမ်းအမှတ် စာစောင်တို့ကို ဖတ်ရှုကာ အသက် ၁၅နှစ်မှ ၃၀ နှစ်အထိ လူငယ်လူရွယ်များဖြေဆိုနိုင်မည်ဖြစ်သည်။

မေးခွန်းများကို စာအုပ်ကြည့်ရှုဖြေဆိုရမည့်အပြင် မိဘ၊ ဆရာသမား၏ ပံ့ပိုးမှုဖြင့်လည်း ဖြေဆိုနိုင်ကာ ယခုလ ၁၈ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ အဖြေလွှာများ ပေးပို့ရမည်ဖြစ်သည်။ အီးမေးလ်ဖြေဆိုလိုပါက sskmamaths @gmail.com၊buddhayear 2600@gmail.com နှင့် pre thaw tarpan@ gmail.com သို့မြန်မာစာဖြင့်ရေးသားကာ သတ်မှတ်ရက်အတိုင်း ပေးပို့ရမည်ဖြစ်သည်။ ရေးဖြေဖြေဆိုသူများထဲမှ ပဏာမ အဖြေလွှာ ၁၀၀ကိုရွေးချယ်ကာ စာမူခအဖြစ် ၃၀၀၀ ကျပ်စီချီးမြှင့်မည်ဖြစ်သည်။ အဆိုပါ ၁၀၀ဦးမှ ဆန်ခါတင် ၂၆ ဦးကိုထပ်မံရွေးချယ်မည်ဖြစ်ကာ ဧပြီ ၉ ရက်မှ ၂၄ ရက်အထိ ပရိယတ္တိအခြေခံသင်တန်း၊ ဗုဒ္ဓ၏သတိပဋ္ဌာန်နည်း၊ လယ်တီဒီပနီ၊ အနာဂါမ်ဆရာသက်ကြီး၏ သမထဝိပဿနာတရားရှုနည်းစသည်များကို သင်ကြားပေးမည်ဖြစ်သည်။ တရားစခန်းဝင်နေစဉ်အတွင်း ပဋိယတ္တိ ၁၀၀ မှတ်နှင့် ပဋိပတ္တိကျင့်စဉ်အမှတ် ၁၀၀ ဖြင့် စုစုပေါင်းရမှတ် ၂၀၀ မှတ်ဖိုးရလဒ်ကိုကြည့်ကာ ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆုကျပ်သုံးသိန်း၊ စတုတ္ထဆုကျပ်နှစ်သိန်း၊ ပဉ္စမဆု ကျပ်တစ်သိန်း၊ အထူးဆု အဆင့် ၆မှ၁၀အထိ ကျပ်ရှစ်သောင်းစီနှင့်နှစ်သိမ့်ဆု အဆင့်၁၁မှအဆင့် ၂၆အထိ ကျပ်ငါးသောင်းစီဆုချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

ဗုဒ္ဓသာသနာတော်နှစ်သည် မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး ၃ လအကြာတွင် ရှင်မဟာကဿပ၊ အရှင်အာနန္ဒာနှင့် အဇာတသတ်မင်းတို့ပူးပေါင်းကာ ပထမသင်္ဂါယနာတင်တော်မူစဉ်ကစ၍ ဗုဒ္ဓသာသနာတော်နှစ် ၁ နှစ်စတင်ရေတွက်ခြင်းမှ အစပြုခဲ့သည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး ၂၅၅၅ ခုနှစ်သို့ လာမည့် ကဆုန်လတွင် စတင်ရောက်ရှိတော့မည်ဖြစ်ရာ မြတ်စွာဘုရားရှင် တရားတော်ဟောပြောချိန် ၄၅ဝါကို ထည့်ပေါင်းပါက ၂၆၀၀ ပြည့်နှစ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။

ဗုဒ္ဓနှစ် ၂၆၀၀ ပြည့်နှစ်နှင့် ပတ်သက်ပြီး လေ့လာလိုသူများသည် www.buddhayear2600.org နှင့် www.sskhinmaungaye.com ဝက်ဘ်ဆိုက်များတွင် လေ့လာနိုင်ကြသည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## မြတ်ဗုဒ္ဓဟာ ဘယ်လိုပုဂ္ဂိုလ်ထူးမျိုးလဲ ့ ့ ့

မြတ်ဗုဒ္ဓသည် အဝိဇ္ဇာအမှောင်တိုက်ကိုပယ်ဖျက်လျက် လောကအား ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်အောင် ဘယ်လိုလုပ်ရမည်ကို ညွှန်ပြရန်အတွက် ဖွားမြင်လာခြင်းဖြစ်တယ်။ မြတ်ဗုဒ္ဓဟူသည် သူဟောတော်မူခဲ့သော ကောင်းကျိုးချမ်းသာဖြစ်စေသောတရားတို့၏စုဝေးရာပင်ဖြစ်တယ်။ ၄၅ဝါပတ်လုံးလှည့်လည်ပြီး ဒေသစာရီကြွချီလျက် ဟောကြား ဆုံးမတော်မူခဲ့သော၊ အောင်မြင်သော သူ၏ဓမ္မဒူတလုပ်ငန်းကြီးတွင် သူဟောကြားဆုံးမတော်မူခဲ့သမျှစကားလုံးများကို အပြောသာမဟုတ် ကာယကံ၊ ဝစီကံ၊ မနောကံအလုပ်များအဖြစ်သို့ ပြောင်းလဲတော်မူစေနိုင်ခဲ့တယ်။ ကိုယ်တော်မြတ်သည် မည်သည့်အခါကမျှ လူသား၏ပျက်လွယ်သော သမာဓိအားနည်းမှုသဘောကိုရော၊ လူသား၏ တပ်မက်မှုရာဂ သဘောကိုရော ပြသတော်မူခဲ့ခြင်းလည်းမရှိဘူး။

မြတ်ဗုဒ္ဓပွင့်ထွန်းလာခြင်းကြောင့် လူ့လောကတစ်ခုလုံးမှာ ကောင်းချီးဩဘာမင်္ဂလာအပေါင်းခညောင်းပြည့်စုံခဲ့ရတယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေထဲမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်မှာတောင် မိတ်ဆွေမဆန်တဲ့၊ ရန်လိုမုန်းထားပြုသင့်တယ်လို့ ဘယ်တုန်းကမှ ဟောကြားတော်မူခြင်းမျိုးလည်း လုံးဝမရှိဘူး။ သူ့အပေါ် ဆန့်ကျင်တိုက်ခိုက်သူ အဆိုးဆုံးရန်သူအပေါ်မှာတောင် မိတ်ဆွေမဆန်တဲ့ မလိုမုန်းထားစိတ်မျိုးကို မပြသင့်ဘူးလို့ထုတ်ဖော်ဟောကြားတော်မူတယ်။

ရည်ညွှန်း - "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

# ကောလာဟလကို လူမှုကွန်ရက်များသုံးကာ ရဲလေးဖြေရှင်း

ဘီတူး

ရန်ကုန် - မတ်၁၂




တောရောမြို့ပါမကျန် လတ်တလောပျံ့နှံ့နေသည့် အနုပညာရှင်များ၏ ကောလာဟလများတွင် ရေပန်းအစားဆုံးဖြစ်နေသည့် အဆိုတော်ရဲလေးသည် ထိုကောလာဟလများအား ဖြေရှင်းရန် ဖြေရှင်းပြောကြားချက်များရိုက်ကူးထားသည့် ဗီဒီယိုဖိုင်ကို မတ်လ၁၁ရက်နေ့က ယူကျူ့စာမျက်နှာတွင် လွှင့်တင်ကာဖြေရှင်းခဲ့ သည်။

မတ်လ၈ရက်နေ့ကတည်းက အစပျိုးကာတဖြည်းဖြည်းနှင့် ရန်ကုန်မြို့နေ လူထုအပြင်နယ်မြို့များအထိပါပျံ့နှံ့ခဲ့သော ရဲလေးသေဆုံးပြီဆိုသည့်ကောလာဟလမှာ ယခုရက်ပိုင်းအတွင်းလူပြောအများဆုံးနှင့်လူစိတ်ဝင်စားဆုံး အကြောင်းအရာတစ်ခုဖြစ်ခဲ့ပြီး ကာယကံရှင်ရဲလေးကိုယ်တိုင် မနားတမ်းဖြေရှင်းနေရပြီး ဖြေရှင်းမနိုင်သည့်အဆုံးတွင် သူ၏နေအိမ်တွင်ဗီဒီယိုရိုက်ကာ သူငယ်ချင်းများအကူအညီနှင့် YouTubeဝက်ဘ်ဆိုက်၌ လွှင့်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းဗီဒီယိုကို မတ်လ၁၁ရက်နေ့ ည၁၂နာရီကျော်အချိန်က ရဲလေး၏နေအိမ်တွင် ဂျိုကာနှင့်အစ္စဏီတို့နှင့်အတူရိုက်ကူးကာ လွှင့်တင်ခဲ့သည့်နောက် မြန်မာနိုင်ငံတွင်အသုံးအများဆုံး လူမှုကွန်ရက်ဖြစ်သော ဖေ့ဘွတ်ခ်တွင်ပါ ဆက်လက်ပျံ့နှံ့ခဲ့သည်။

ယင်းဗီဒီယိုဖိုင်တွင် ရဲလေးက၃ရက်နေ့တွင်စင်ကာပူနိုင်ငံသို့နှင်းဆီအဖွဲ့သားများနှင့်အတူ အငြိမ့်သွားကခဲ့ပြီး ၈ရက်နေ့တွင် မြန်မာနိုင်ငံသို့ပြန်ရောက်ကာ လေဆိပ်၌ သူ၏သတင်းများကိုစတင်ကြားရပြီး မတ်၉၊၁၀၊၁၁ရက်များတွင် ယင်းကောလာဟလများကို ဆက်တိုက်ဖြေရှင်းနေရပြီး မရှင်းနိုင်တော့သည့်အဆုံး ဗီဒီယိုရိုက်ကူးကာ လွှင့်တင်ရခြင်းဖြစ်ပြီးသူ၏ပရိသတ်များကို ကောလာဟလတိုင်း မယုံကြည်ရန်နှင့် ဦးနှောက်သုံးစဉ်းစားကြစေလိုကြောင်း ဗီဒီယိုဖိုင်တွင် ပြောကြားခဲ့သည်။

## အ ထ က(၂)ဒဂုံ (မြို့မ)ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အတွက် ရန်ပုံငွေရှာပွဲကျင်းပမည်

အထက(၂)ဒဂုံ(မြို့မ)ကျောင်းသူကျောင်းသားဟောင်းများမှ အသက် ၆၀ နှစ်အထက် ကန်တော့ခံဆရာ၊ ဆရာမများအတွက် ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေထားရှိနိုင်ရန် ပျော်ပွဲရွှင်ပွဲနှင့် တေးဂီတဖျော်ဖြေမှုအစီအစဉ်အား ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါ ပျော်ပွဲရွှင်ပွဲနှင့် တေးဂီတဖျော်ဖြေမှုအစီအစဉ်အား မတ်လ၂၄ရက် ညနေ ၅နာရီမြို့မကျောင်းသူ ကျောင်းသားဟောင်းများအသင်းတွင် ကျင်းပမည်ဖြစ်သည်။ ယင်းအစီအစဉ်အတွက် အလှူငွေများနှင့် စုံစမ်းမေးမြန်းလိုသည်များအား အောက်ပါကျောင်းသူကျောင်းသားဟောင်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ မိမိနှင့်ပတ်သက်သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများကိုလည်း လက်ဆင့်ကမ်းအသိပေးသွားရန် မေတ္တာရပ်ခံထားသည်။

ဆက်သွယ်နိုင်မည့်ကျောင်းသား/သူဟောင်းများ-
ကိုအောင်မိုးသိန်း (၁၉၇၉)-၀၉-၅၀၇၀၃၄၂၊ မဆွေမျိုးမြင့် (၁၉၈၀)- ၀၁-၅၇၇၄၀၉၊ ဒေါက်တာအောင်ကျော်လင်း (၁၉၈၃)-၀၁-၂၂၄၇၄၄၊ မစာဆို(၁၉၈၄)- ၀၉-၅၀၈၇၀၄၄၊ မစံပါယ် (၁၉၈၅)- ၀၁-၂၂၄၇၄၄၊ မခင်မိုးလွင် (၁၉၈၆)- ၀၉-၅၁၅၈၃၅၂၊ မမြမြကြွယ်(၁၉၈၈)-၀၉-၅၁၅၄၈၂၆၊ ကိုဗညား(၁၉၉၀)-၀၉-၈၀၃၀၇၇၈၊ ကိုအောင်လင်းမြင့် (၁၉၉၃)-၀၉- ၅၁၈၉၁၃၂၊ ကိုစိန်မင်း (၁၉၉၄)၀၉-၇၃၀၇၁၇၂၂၊ မသင်းကြူမော်ဦး(၁၉၉၉)-၀၉-၅၅၀၄၅၆၄၊ ၀၁-၂၄၅၄၅၄၊ ကိုဝေဖြိုး(၂၀၀၆)- ၀၉-၅၁ ၈၈၇၁၇၊ တင်အောင်စော (၂၀၀၇)-၀၁-၅၄၅၃၆၉၊ဖြိုးသန္တာအောင် (၂၀၀၈) ၀၉-၅၀၈၅၇၈၈ နှင့် မကြည်ဖြူ(၂၀၀၉)-၀၉-၇၃၁၂၂၇၉၄။

## စာ - ၉၊ ခေတ်မိန်းကလေးများ မှ

သဘာဝဘေးအန္တရာယ်များကား မိမိတို့မတတ်နိုင်သည့် ကိစ္စဖြစ်၍ထားလိုက်ပါဦး။ သတင်းစာ၊ဂျာနယ်များကို နေ့စဉ်ဖတ်ရှုရာတွင် စိတ်မချမ်းမြေ့စရာများသာ ကြားသိနေရပါသည်။ ကမ္ဘာအရပ်ရပ်တွင် ဗုံးပေါက်ကွဲ၍၊ မီးရထားမှောက်၍၊ ကားမှောက်၍၊ တံတားပေါ်မှ အပျော်လွန်ပြီး လူအချင်းချင်း တက်နင်းမိ၍ စသည်ဖြင့် အသေဆိုးတွေ၊ အဖြစ်ဆိုးတွေ မြင်တွေ့ကြားသိနေရပါသည်။

လူတိုင်းသည် သေမျိုးချည်း ဖြစ်သော်လည်း သက်တမ်းစေ့လေးကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာ နေထိုင်နိုင်ရန်မှာ လူတိုင်းမှာ တာဝန်ကိုယ်စီရှိနေပါသည်။ အနေအထိုင်၊ အစားအသောက်၊ စိတ်နေစိတ်ထား၊ ဘာသာရေးယုံကြည်ကိုးစားမှုတို့နှင့် မိမိတို့ဘဝကို ထိန်းချုပ်ထားရပါမည်။ ဆရာတော်များ မိန့်ကြားသကဲ့သို့ အနေတတ်မှ အသေမြတ်မည်။ မည်သည့်အကြောင်းအရာကိုမဆို သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းဆင်ခြင်တတ်ဖို့လိုမည်ဟူ၍ ထင်မြင်ယူဆမိပါကြောင်း။

## စာ - ၉၊ ဒီလိုလေးချက်ကြရအောင် မှ

ဆီဆူလာရင် နနွင်းမှုန့်လေး နည်းနည်းထည့်မယ်။ အရောင်တင်မှုန့်သုံးမှာမဟုတ်လို့ နနွင်းကိုတော့ ပုံမှန်ဟင်းတွေထက် နည်းနည်းလေး ပိုထည့်ရပါမယ်။ အရင်ဆုံးစထည့်မှာကတော့ ထောင်းထားတဲ့ကြက်သွန်ဖြူနဲ့ စပါးလင်ပါ။ စပါးလင်နဲ့ ကြက်သွန်ဖြူနံ့လေး သင်းလာပြီဆိုတာနဲ့ ကြက်သွန်နီ ထပ်ထည့်ပါမယ်။ ကြက်သွန်နီလေးရဲလာပြီဆိုရင်တော့ ငါးဖယ်ထည့်ရပါတော့မယ်။ ထောင်းထားတဲ့ ငါးဖယ်ကို လက်သည်းခွံသာသာ အတုံးလေးတွေဖြစ်အောင် ဆီထဲကို အတုံးသေးသေးလေးတွေအဖြစ် ဖဲ့ထည့်ပါမယ်။ အဲလိုအတုံးလေးတွေကို ဆီသပ်နေရင်းကပဲ ဖဲ့ထည့်နေမှာမို့လို့ မီးအနေအထားကို လျှော့လိုက် တင်လိုက်လုပ်ရင်းက မွှေလည်းမွှေပေးရပါဦးမယ်။ ထောင်းထားတဲ့ ငါးဖယ်တစ်ဆယ်သား အကုန်လုံး အိုးထဲရောက်သွားပြီဆိုရင်တော့ ငါးဖယ်တုံးလေးတွေ တင်းသွားအောင် ဆက်တိုက်မွှေပေးပါ။ ပြီးရင် ငံပြာရည်အနည်းငယ်ကို လောင်းထည့်လိုက်ပြီး အနံ့ပျောက်တဲ့ထိ မွှေပေးရပါမယ်။ ပြီးတော့မှ ဒီဟင်းရဲ့ အဓိကပစ္စည်းဖြစ်တဲ့ ငရုတ်သီးစိမ်းထောင်းကို ထည့်ပြီး ငရုတ်နံ့လေး မွှေးလာအောင်မွှေပေးလိုက်ပါ။ ငံပြာရည်နံ့လေး ပျောက်သွားပြီး စပါးလင်နံ့နဲ့ ငါးဖယ်နံ့လေးမွှေးလာပြီဆိုရင်တော့ ရေနွေးအဖြူထည်လေး နည်းနည်းလောင်းထည့်လိုက်ပါ။ ရေနဲ့ဆီဆူသွားအောင် အဖုံးလေး ခဏအုပ်ထားလိုက်ပြီးရင်တော့ ဆီပြန်ကြိုက်သူတွေက ဆီပြန်အောင်ထား၊ ဆီကျန် ရေကျန်ကြိုက်သူတွေက ဆီကျန် ရေကျန်လေးထားပြီး မီးလျှော့လိုက်လို့ရပါပြီ။ နောက်ဆုံးမှာ ရေဆေးသန့်စင်ထားတဲ့ နံနံပင်လေး အုပ်လိုက်ပြီးရင်တော့ ဒီတစ်ပတ် 7Day News ပရိသတ်ကြီးအတွက် အစိမ်းရောင်သမ်းပြီး ငရုတ်သီးနဲ့ စပါးလင်နံ့ လေးမွှေးနေတဲ့ ဝိုက်ဖို့လက်ရာ ငါးငရုတ်သီးဟင်းလေးကို ကျေနပ်နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.2 · MARCH 17, 2011

## မျက်နှာဖုံး-ဓာတ်ဆီဝယ်ယူခွင့်စာအုပ် အပိုပြုလုပ်ထားသူများ ဆီဝယ်ယူခွင့် ခြောက်လရပ်ဆိုင်းမည်မှ

ရိုးရိုးဓာတ်ဆီဝယ်ယူသော ကားများမှာ ဓာတ်ဆီဝယ်ယူခွင့် စာအုပ်တစ်အုပ်စီကို ပုဂ္ဂလိက စက်သုံးဆီဆိုင်တွင် ပြုလုပ်ရမည်ဖြစ်ပြီး ထိုစာအုပ်ဖြင့် တစ်ရက်လျှင်တစ်ကြိမ် မိမိအဆင်ပြေရာ ဆိုင်တွင် ဓာတ်ဆီဝယ်ယူနိုင်မည်ဖြစ်သည်။ သို့သော် ယာဉ်တစ်စီးသည် ဓာတ်ဆီဝယ်ယူခွင့်စာအုပ် တစ်အုပ်ထက် ပိုမိုပြုလုပ်ထားသည်ကို စိစစ်တွေ့ရှိပါက ထိုယာဉ်အား ပုဂ္ဂလိက စက်သုံးဆီဆိုင်များတွင် ဆီဝယ်ယူခွင့် ၆ လ ရပ်ဆိုင်းမည်ဖြစ်ကြောင်း ဆီဆိုင်ဖွင့်လှစ်ထားသော လုပ်ငန်းရှင်များက ပြောသည်။

တစ်ဂါလန်လျှင် ကျပ် ၂၅၀၀ ဖြင့် ရောင်းချပေးသော ဓာတ်ဆီမှာ ၂၀၁၀ နိုဝင်ဘာလမှ စတင်၍ဝယ်လိုအား များပြားခဲ့ခြင်းကြောင့် ဆီဝယ်ယူရန် တန်းစီသည့် ကားတန်းကြီးများ ပို၍ပို၍ရှည်လာခဲ့သည်။ ဖေဖော်ဝါရီလဆန်းမှစ၍ ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်မှုကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်လာချိန်တွင် ပြန်ရောင်းလျှင် အမြတ်ပိုရ၍ ဓာတ်ဆီဝယ်ရန် ကားတန်းမှာ ပိုရှည်လာပြီး၊ ညအိပ်စောင့်၍ ဆီဝယ်ရန်တန်းစီသူများပင် ရှိလာသည်။ နာရီများစွာ ကားတန်းစီ၍ ဆီဝယ်သူများတွင် ပြန်ရောင်းစားသူ အများဆုံးဖြစ်ကြောင်းလည်း စက်သုံးဆီဆိုင်များမှ တာဝန်ရှိသူများကပြောသည်။

ထိုအခြေအနေတွင် ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဓာတ်ဆီကို ဆီဝယ်ခွင့်စာအုပ်ဖြင့် ဝယ်ယူခွင့်ပြုသော ပုံစံကို မတ်လ ၁၁ ရက်နေ့လယ်ပိုင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ဓာတ်ဆီကို စာအုပ်ဖြင့် ဝယ်ယူခွင့်ပြုခြင်းမှာ ရန်ကုန်မြို့တွင်သာမကဘဲ တစ်နိုင်ငံလုံးမှာပင်ဖြစ်သည်။ ဆိုင်ကယ်များမှာလည်း ကားများကဲ့သို့ပင် ဆီဝယ်ယူခွင့်စာအုပ်ပြုလုပ်ရသည်။

"ဓာတ်ဆီတစ်မျိုးတည်းကိုပဲ စာအုပ်နဲ့ရောင်းတဲ့ပုံစံကို ဆိုင်အားလုံး တစ်ပြေးညီ လုပ်တာပါ။ ဒီဇယ်နဲ့ အောက်တိန်းကိုတော့ အရင်လိုပဲ ကြိုက်သလို ဝယ်ယူနိုင်ပါတယ်"ဟု ပုဂ္ဂလိကစက်သုံးဆီဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ ထိုပုံစံသစ်မှာ ဓာတ်ဆီဝယ်ယူမည့်ကားမှာ ဆီစာအုပ်ပြုလုပ်ပြီးပါက ထိုစာအုပ်ဖြင့် မိမိအဆင်ပြေရာ စက်သုံးဆီဆိုင်တွင် တစ်ရက်လျှင် တစ်ကြိမ် ဆီဝယ်ယူနိုင်သည်။ သို့သော် ထိုစာအုပ်ဖြင့် အခြား စက်သုံးဆီဆိုင်များသို့ သွားရောက်ဝယ်ယူလျှင် ရောင်းချ မပေးဟုဆိုသည်။ ကားတစ်စီး တစ်ကြိမ် ဝယ်ယူလျှင် လေးဂါလန်မှ ငါးဂါလန်အသီးသီး ရောင်းချပေးနေသည်။

ဓာတ်ဆီဝယ်ယူခွင့်စာအုပ် ပြုလုပ်ရန်အတွက် ကားပိုင်ရှင်အမည်၊ ကားနံပါတ်၊ ကားအမျိုးအစားနှင့် ဗွီးတက်တို့ လိုအပ်သည်။ ဆီဝယ်ယူခွင့်စာအုပ်ကို အချို့ဆိုင်များတွင် အခမဲ့ပြုလုပ်ပေးပြီး အချို့ဆိုင်များတွင် ကျပ် ၂၀၀ ဖြင့် ပြုလုပ်ပေးသည်။ အဆိုပါစာအုပ်နှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကိုလည်း ပူးတွဲဖော်ပြထားသည်။

ထိုစည်းကမ်းချက်များတွင် ဆီဝယ်ယူခွင့်စာအုပ်ဖြင့်သာ ဆီဝယ်ယူရန်၊ ယာဉ်တစ်စီးအတွက် ဆီဝယ်ယူခွင့်စာအုပ်တစ်အုပ်ကို ပုဂ္ဂလိက စက်သုံးဆီဆိုင် သို့မဟုတ်ကုမ္ပဏီတွင် ပြုလုပ်ရမည်ဖြစ်ပြီး တစ်ရက်လျှင်တစ်ကြိမ်သာ ဝယ်ယူရန်၊ ဆီစာအုပ်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းဖြစ်ပွားက ဆီဝယ်ယူခွင့်စာအုပ် စတင်ထုတ်ပေးသည့်ဆိုင်တွင် အသစ်ထပ်မံပြုလုပ်ရန် ဖြစ်သည်။ ယာဉ်တစ်စီးလျှင် ဆီစာအုပ်တစ်အုပ်ထက် ပိုမိုပြုလုပ်ထားကြောင်း စိစစ်ဖော်ထုတ်တွေ့ရှိပါက ပုဂ္ဂလိကစက်သုံးဆီဆိုင်အားလုံးမှ ဆီဝယ်ယူခွင့် ၆လ ရပ်နားခံရမည်ဖြစ်သည်။

ဆီစာအုပ်များတွင် အချို့ဆိုင်များက ပတ်စ်ပို့စာအုပ်မျိုးကဲ့သို့ ပြုလုပ်ပေးသော်လည်း အချို့ဆိုင်များမှာ ဗလာစာအုပ်မှာပင် ဆိုင်တံဆိပ်တုံးရိုက်၍ ပြုလုပ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် စာအုပ်အတုများ ပေါ်ထွက်လာမည်ကို စိုးရိမ်ကြောင်းလည်း စက်သုံးဆီဆိုင်များမှ တာဝန်ရှိသူများကပြောသည်။

သို့သော် မကြာမီတွင် ဓာတ်ဆီဝယ်ခွင့်စာအုပ်များကို ပုဂ္ဂလိကစက်သုံးဆီဆိုင်အားလုံးမှ တစ်ပုံစံတည်း ထုတ်ပေးသွားရန် စီစဉ်နေကြောင်းလည်း ပုဂ္ဂလိကစက်သုံးဆီဆိုင်ပိုင်ရှင်များက ပြောသည်။

ထိုပုံစံသစ် စတင်ပြီးနောက် ဓာတ်ဆီရောင်းချသည့် ဆိုင်များတွင် ဆီဝယ်ယူရန် တန်းစီသည့်ကားများ ယခင်ကလောက် မရှည်တော့ဘဲ လမ်းအနည်းငယ်ရှင်းသွားသည်။ ပြင်ပဈေးကွက်တွင် ဓာတ်ဆီဈေးနှုန်းမှာ ရက်ပိုင်းအတွင်း ဈေးခုန်တက်သွားခဲ့သည်။ သို့သော် အချို့သောဆိုင်များတွင် ငွေပိုပေးပါက စာအုပ်တွင် ဆိုင်တံဆိပ်မထုပေးဘဲ၊ အခြားဆိုင်များတွင် ဝယ်ယူနိုင်အောင် လုပ်ကိုင်ပေးနေကြောင်းလည်း ကိုယ်တိုင်ကြုံခဲ့သူတချို့ ပြောသည်။

"ကျွန်တော်တို့နားကဆိုင်မှာ စာအုပ်တစ်အုပ် တစ်ထောင်ပေးရင် ဆိုင်က တုံးထုမပေးဘူး။ တုံးထုမပေးတော့ တခြားဆိုင်မှာ ပတ်ဝယ်လို့ရတာပေါ့။ အဲဒါကြောင့် အဲဒီဆိုင်မှာ ကားတွေမှ ပိုတောင်များနေသေးတယ်"ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့သော ယာဉ်မောင်းတစ်ဦးကပြောသည်။

"မတ် ၁၁ ရက်က ဓာတ်ဆီတစ်ပီပါကို ကျပ်နှစ်သိန်းငါးထောင်ရှိနေတာက ဒီနေ့ငါးသောင်းလောက်တက်သွားပြီး ကျပ်နှစ်သိန်းငါးသောင်းငါးထောင်ဖြစ်သွားတယ်"ဟု စက်သုံးဆီရောင်းဝယ်သူတစ်ဦးကပြောသည်။

ဓာတ်ဆီဝယ်ယူခွင့်ပုံစံသစ်ကြောင့် ဈေးတက်ခြင်းမှာ ခေတ္တသာဖြစ်ပြီး မကြာမီ ဈေးကျဆင်းဖွယ်ရှိကြောင်း စက်သုံးဆီဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။

"အားလုံးအဆင်ပြေအောင် လုပ်ပေးနေတဲ့အချိန်မှာ ပြင်ပမှ ဆီအရောင်းအဝယ်လုပ်တဲ့သူတွေက ဒီလို ဈေးအများကြီး တက်မရောင်းသင့်ဘူး။ ဓာတ်ဆီဈေးအရမ်းတက်သွားတယ်ဆိုရင် ဆီဝယ်တဲ့သူတွေကလည်း ဓာတ်ဆီထက် အရည်အသွေးပိုကောင်းပြီး ဈေးသက်သာတဲ့ အောက်တိန်းကို ဝယ်သုံးသင့်တာပေါ့"ဟု ပုဂ္ဂလိကစက်သုံးဆီဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

အစိုးရက ကာလရှည်လုပ်ကိုင်ခဲ့သော စက်သုံးဆီရောင်းဝယ်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ ၂၀၁၀ နှစ်ဆန်းပိုင်းမှစတင် လွှဲပြောင်းပေးခဲ့သည်။ ထို့နောက် နိုင်ငံတစ်ဝန်းတွင် ပုဂ္ဂလိက စက်သုံးဆီဆိုင် ၂၄၀ကျော်က ၂၀၁၀ ဇွန်လ ၁၀ရက်မှ စတင်၍ တစ်ပြေးညီ ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။ ဒီဇယ်နှင့် အောက်တိန်းကို နိုင်ငံတကာပေါက်ဈေးအတိုင်း နှုန်းရှင်ဖြင့်ရောင်းချခွင့်ပြုသော် လည်း၊ အစိုးရက ရိုးရိုးဓာတ်ဆီကို ၂၃၅၀ ကျပ်ဖြင့် ရောင်းပေးပြီး ၂၅၀၀ ကျပ်ထက် မပိုသောနှုန်းဖြင့် ကန့်သတ်ရောင်းချခွင့်ပြုနေခြင်း ဖြစ်သည်။

## မျက်နှာဖုံး-နိုင်ငံ့ဝန်ထမ်းလစာတိုးခြင်းကို သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်သွားမည်ဟုဆို မှ

မတ်လ ၁၀ ရက်က နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမတွင် နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက "နိုင်ငံ့ဝန်ထမ်းများ နှင့် ယခင်ပင်စင်စား နိုင်ငံ့ဝန်ထမ်းများ၏လစာနှုန်းထားများ တိုးပေးရန်အစီအစဉ်ရှိမရှိ" အမေးကို ဝန်ကြီးဦးလှထွန်းက ပြန်လည်ဖြေကြားစဉ် အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း မတ်လ ၁၁ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ၁၉၈၉ခုနှစ်၊ ၁၉၉၃ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်တို့တွင် ဝန်ထမ်းများ၏ လစာနှုန်း၊ ကုန်ဈေးနှုန်းအခြေအနေ၊ ပင်စင်လစာနှင့် လုပ်ခများ တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီး ၂၀၀၆ခုနှစ်နှင့် ၂၀၁၀ပြည့်နှစ်တို့တွင် ဝန်ထမ်းများ၏ လစာနှုန်းနှင့် လုပ်ခများတိုးမြှင့်ပေးခဲ့သည်။

"၁၉၈၈ ခုနှစ်နောက်ပိုင်း ၂၀၁၀ ပြည့်နှစ်အထိ ကာလများ ကိုသုံးသပ်ကြည့်မည်ဆိုပါက ပျမ်းမျှအားဖြင့် ၄၊ ၅၊ ၆နှစ်အကြာ လစာနှုန်းများ တိုးမြှင့်ပေးခဲ့သည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း"ဟု ဦးလှထွန်းက ယခင်ဝန်ထမ်းလစာများတိုးခဲ့သည့်နှစ်များကို ပြောပြသည်။

"ဝန်ထမ်းလစာနှင့် အငြိမ်းစားလစာတိုးမြှင့်ဆောင်ရွက်လိုသည့်အခါတိုင်း ငွေကြေးဖောင်းပွမှုနှုန်း၊ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲငွေပမာဏ၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၊ ပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးအခြေအနေစသည်တို့ကို စဉ်းစား၍ ချင့်ချိန်တွက်ချက်ရပါကြောင်း၊ သို့ပါ၍ ယခုအချိန်ခါတွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ အထက်ပါအချက်များကို သုံးသပ်ပြီး သင့်လျော်သော အချိန်အခါတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

လူထုအကြားတွင် လစာတိုးမည်ဆိုသော သတင်းများမှာ ယခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်လျက်ရှိသည်။ သို့သော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး၏ ရှင်းလင်းပြောကြားချက်အရ ၄၊ ၅၊ ၆ နှစ်နေမှ လစာတစ်ကြိမ် တိုးပေးသည့်အချက်နှင့် ၂၀၁၁-၁၂ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရသုံးဆိုင်ရာဥပဒေ(ဘက်ဂျက်)မှာ ပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ပြီးဖြစ်သည့်အတွက် ပြင်ပတွင် သတင်းထွက်ပေါ်နေသည့်အတိုင်း လာမည့် ဧပြီလတွင် လစာတိုးမည်ဆိုခြင်းမှာမဖြစ်နိုင်တော့ကြောင်း စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကလည်း သူ၏အမြင်ကို ပြောကြားသည်။

နိုင်ငံတော်အစိုးရက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး အချိန်မှ စ၍ နိုင်ငံ့ဝန်ထမ်းလစာများကို အမြဲသုံးသပ်၍ပြင်ဆင်တိုးမြှင့်ပေးလျက်ရှိသည်ဟု ဆိုသည်။ ၁၉၇၂ ခုနှစ်၊ ၁၉၇၆ခုနှစ်၊ ၁၉၈၁ခုနှစ်နှင့် ၁၉၈၈ခုနှစ်တွင်နိုင်ငံ့ဝန်ထမ်းလစာများကို တိုးမြှင့်ပေးခဲ့သည်။



## မျက်နှာဖုံး-နိုင်ငံပိုင်အဆောက်အအုံလေလံအောင်သူများ ငွေပေးသွင်းရမည့် ပုံစံပြောင်းလဲ မှ

ယခု ငွေပေးသွင်းရမည့်ပုံစံမှာ ဖေဖော်ဝါရီလကုန်ပိုင်းက ပြုလုပ်ခဲ့သည့် လေလံအပြင်၊ ဇန်နဝါရီ ၂၈ရက်က ပြုလုပ်ခဲ့သော နိုင်ငံပိုင်အဆောက်အအုံ ၇၆ခုကို လေလံပစ်သောပွဲတွင် လေလံအောင်သူများကိုပါ အကျုံးဝင်ကြောင်းလည်း အထက်ပါလုပ်ငန်းရှင်များက ဆက်လက်ပြောသည်။

ယခုကဲ့သို့ ငွေပေးသွင်းရမည့်ပုံစံ ပြောင်းလဲခြင်းမှာ သက်ဆိုင်ရာက ငွေအမြန်လို၍ဖြစ်နိုင်ပြီး၊ ပုံစံသစ်ကြောင့် လေလံ အောင်ထားသူများ ငွေပေးသွင်းရန် အင်တိုက်အားတိုက် လုံးပမ်းနေကြရကြောင်း စီးပွားရေးလုပ်ငန်းရှင်ကြီးများကပြောသည်။

ဖေဖော်ဝါလကုန်ပိုင်းက ပြုလုပ်ခဲ့ပြီး ယခုဘဏ္ဍာနှစ်အတွင်း နောက်ဆုံးလေလံဟု ပြောနေကြသော အဆောက်အအုံ၊ မြေကွက်၊ တိုက်ခန်းပေါင်း ၂၆၈ခုပါဝင်သည့် လေလံပွဲတွင် လေလံအောင်သူအများစုမှာ လူသိများသော စီးပွားရေးလုပ်ငန်းရှင်ကြီးများထဲမှ အနည်းငယ်ပါဝင်ကြောင်း သတင်းရရှိသည်။ ယခုနှစ်ပိုင်းအတွင်း ဝင်ငွေအကောင်းဆုံးဖြစ်နေသော ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းရှင်များထဲမှ လေလံဝင်ဆွဲပြီး လေလံအောင်သွားသူများရှိကြောင်းလည်း သတင်းရရှိသည်။

## စာ-၄၊ စုံတွဲများအတွက် သီးသန့်နေရာထားပေးသော အအေးဆိုင်လေးဆိုင် ပိတ်သိမ်း မှ

ဒီလိုဆိုင်တွေ ကိုယ့်ရပ်ကွက်မှာရှိနေရင် တာဝန်ရှိအဖွဲ့အစည်းတွေကို တိုင်ကြားသင့်တယ်"ဟုပြောသည်။

မန္တလေးမြို့တော်စည်ပင် သန့်ရှင်းရေးဌာန ဌာနမှူးက"ကျွန် တော်တို့မြို့တော်စည်ပင်နယ်မြေမှာ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ အအေးဆိုင်ဖွင့်မယ်ဆိုရင် တရားဝင်လျှောက်လွှာတင်ပြီး ဖွင့်လို့ရပါတယ်။ ယခုကိစ္စက အအေးဆိုင်ဆိုပြီး အမည်ခံထားတယ်။ ကျွန်တော်တို့ဆီမှာလည်း တရားဝင်ဖွင့်ခွင့်လိုင်စင်နဲ့ တင်မထားပါဘူး။ စုံတွဲတွေမဖွယ်မရာ ပြုလုပ်နိုင်ရန် နေရာငှားရမ်းပြီး အခကြေးငွေယူလုပ်တာကတော့ မြန်မာ့ယဉ်ကျေးမှုနဲ့လည်း မကိုက်ညီဘူး။ မန္တလေးယဉ်ကျေးမှုမြို့တော်ဆိုတဲ့ ဂုဏ်သိက္ခာပါထိခိုက်စေတဲ့အတွက် ဒီလိုဆိုင်မျိုးတွေကို ကျွန်တော်တို့ စုံစမ်းထောက်လှမ်းပြီး ဆက်လက်ဖော်ထုတ်အရေးယူသွားမယ်"ဟု သူ၏အမြင်ကိုပြောသည်။

## စာ-၁၀၊ ဂျပန်ဆူနာမီနှင့် စိုးထိတ်နာရီများ မှ

ဂျပန်နိုင်ငံတွင်သွားရောက်အလုပ်လုပ်ကိုင်နေသူ တစ်ဦး၏ အစ်မဖြစ်သူကပြောသည်။

ငလျင်ကြောင့်ဂျပန်နိုင်ငံရှိမြို့အချို့တွင်လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးစနစ်များ ပြတ်တောက်ခဲ့ရပြီး ငလျင်ဘေးကြောင့် မိသားစုဝင်များနှင့် ချက်ချင်းဆက်သွယ်၍မရနိုင်ခြင်းဖြစ်ကြောင်း တိုကျိုမြို့တွင်ပညာသင်ကြားနေပြီး ငလျင်ဒဏ်ကိုကိုယ်တိုင်ကြုံတွေ့ခဲ့ရသူ မြန်မာအမျိုးသမီးတစ်ဦးကပြောသည်။

"ဒီမှာက တချို့နေရာတွေမှာမီးတွေပျက်နေတယ်။ ဖုန်းတွေလည်း ခေါ်လို့မရတော့ဘူး။ ဒါပေမဲ့ အင်တာနက်ရနေလို့ တော်သေးတယ်။ အိမ်ကိုတော့ ဘာမှမစိုးရိမ်ဖို့ အီးမေးလ်ပို့လို့ရတာပေါ့။ငလျင်ကတော့ တော်တော်ပြင်းတယ်။ တစ်ခါမှမကြုံဖူးတော့တော်တော်ကြောက်တယ်"ဟု မတ်လ၁၁ရက်နေ့က ဂျပန်ဘာသာစကားသင်ကြားနေပြီး အချိန်ပိုင်းအလုပ်လုပ်နေသောအသက်၂၈နှစ်အရွယ်မြန်မာအမျိုးသမီးတစ်ဦးကပြောသည်။

ငလျင်လှုပ်ခတ်ခဲ့သော မတ်၁၁ရက်နေ့မှာပင် ဂျပန်နိုင်ငံသို့ ဖျော်ဖြေပွဲတစ်ခုကျင်းပရန် ရောက်နေသော အကယ်ဒမီနေတိုးအပါအဝင် မြန်မာအနုပညာရှင်အဖွဲ့မှာလည်း ငလျင်ဒဏ်ကိုကြုံတွေ့ခဲ့ကြပြီး ယင်းတို့၏မိသားစုဝင်များမှာလည်း စိုးရိမ်ခဲ့ရကြောင်း မိသားစုဝင်များကပြောသည်။

ထိုအဖွဲ့တွင် လိုက်ပါသွားခဲ့သော အဆိုတော်ဟန်ထွန်း၏ တူဖြစ်သူက "ဦးဟန်ထွန်းတို့ဆီက ဘာအဆက်အသွယ်မှမရသေးဘူး။ စိတ်ပူလို့ အီးမေးလ်တော့ပို့ထားတယ်။ ဂျပန်မှာနေတဲ့အဒေါ်ကတော့ ဦးဟန်ထွန်းနဲ့အဆက်အသွယ်ရပြီး၊ ဘာမှစိတ်မပူဖို့ အွန်လိုင်းကတစ်ဆင့်ပြောတယ်"ဟု ပြောကြားခဲ့သည်။ မတ်လ၁၃ရက်နေ့တွင်မူ ဂျပန်အစိုးရက နိုင်ငံရပ်ခြားဖုန်းခေါ်ဆိုမှုများကို အခမဲ့ဖွင့်ပေးခဲ့သဖြင့် ဂျပန်ရောက်မြန်မာများက မြန်မာနိုင်ငံရှိ မိသားစုများထံ ဆက်သွယ်လာကြသောကြောင့် စိုးရိမ်စိတ်များ အတန်အသင့် လျော့ကျခဲ့ကြသည်။ သို့သော် ယခုတစ်လလုံး နောက်ဆက်တွဲငလျင်များ လှုပ်ခတ်နိုင်သေးကြောင်း သတိပေးထားပြီး ယနေ့အထိ လုပ်ငန်းခွင်များသို့ ပြန်ဝင်နိုင်ခြင်းမရှိကြသေးပေ။ ဂျပန်နိုင်ငံ တိုကျိုမြို့တော်တွင် ပညာသင်နှင့်အလုပ်လုပ်ရန်ရောက်ရှိနေသည့် မြန်မာဦးရေမှာ နှစ်သောင်းဝန်းကျင်ရှိကြောင်း ဂျပန်နိုင်ငံတွင်အလုပ်လုပ်ကိုင်နေသူများက ပြောကြားသည်။ "ဒီကနေ မေတ္တာပို့ဆုတောင်းပေးနေရုံပေါ့"ဟု ဂျပန်ရောက် သားငယ်ကို စိတ်ပူနေသော မိခင်တစ်ဦးကပြောသည်။

# Health

7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

## ကာဗွန်လျှော့ချခြင်းဖြင့် ကျန်းမာရေး အကျိုးထူးကိုရနိုင်

ချီကာဂို၊ မတ် – ၈

လေထုသန့်စင်ရေးအတွက် ဥပဒေပြဋ္ဌာန်းခြင်း ဥပမာအားဖြင့် ကာဗွန်ညစ်ညမ်းမှု လျှော့ချရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းသည် လက်ငင်းကျန်းမာရေးအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း အမေရိကန်သုတေသီတစ်ဦးကပြောကြားသည်။

အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီအနေဖြင့် ကာဗွန်ညစ်ညမ်းမှုနှင့် အခြားဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းအပေါ် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း မပြုသင့်ဟု ကန်အထက်လွှတ်တော်အမတ် ဂျိမ်းအင်ဟော့ဖ်က တင်ပြခဲ့ရာ ယင်းကို အီလီနွိုက်တက္ကသိုလ်မှ ပါမောက္ခ ဒင်၊အီး၊ရှုရော့ဖ်က တုံ့ပြန်ပြောကြားခြင်း ဖြစ်သည်။

လေထုသန့်စင်ရေး ဥပဒေသည်လွန်ခဲ့သော ဆယ်စုနှစ်လေးခုအတွင်း ပြည်သူ့ကျန်းမာရေးနှင့် ပတ်သက်၍ အကောင်းဆုံးဥပဒေဖြစ်ပြီး အမေရိကန်ပြည်သူလူထု၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ကြောင်း ကန်ပါမောက္ခကကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

လေထုအရည်အသွေး တိုးတက်အောင် လုပ်ဆောင်နိုင်ပါက ၂၀၁၀ တစ်နှစ်တည်းမှာပင် အရွယ်မတိုင်မီ သေဆုံးမှုပေါင်း ၁၆၀,၀၀၀နှင့် နှလုံးရောဂါကြောင့်သေဆုံးမှု ၁၃၀,၀၀၀ကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း ထို့အပြင် ပန်းနာရင်ကြပ်ရောဂါ ဖြစ်ပွားမှု ၁၇သမ ၆သန်းကို ရှောင်လွှဲနိုင်ခဲ့ကြောင်းလည်း အမေရိကန်ပါမောက္ခကပြောကြားသည်။ —Ref: UPI

## ဆင်းရဲနွမ်းပါးသည့်မိသားစုများသို့ ဆပ်ပြာဖြန့်ဝေမည်

သီဟ


ရန်ကုန်၊မတ် – ၁၁




မြန်မာနိုင်ငံအတွင်း ဆင်းရဲနွမ်းပါးသည့်ဒေသများရှိ မိသားစုများသို့ နိုင်ငံတကာအင်န်ဂျီအိုတစ်ခု ဖြစ်သည့် Save the Children က လူထု၏အကူအညီဖြင့် ဆပ်ပြာများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။


ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး WHO၏ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် ငါးနှစ်အောက်ကလေး သေဆုံးမှုတွင် ၂၁ရာခိုင်နှုန်းရှိသည်ဟု သိရပြီး အဆိုပါသေဆုံးမှုတွင် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးမှုမှာ အများဆုံးဖြစ်သဖြင့် စနစ်တကျ လက်ဆေးခြင်းနှင့် ဆပ်ပြာအသုံးပြုခြင်းအားဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်နိုင်ရာ ယခုကဲ့သို့ ဆပ်ပြာများဖြန့်ဝေပေးရန် စီစဉ်ရခြင်း ဖြစ်ကြောင်း သိရသည်။

ဆပ်ပြာများဖြန့်ဝေရာတွင် သက်ဆိုင်ရာဒေသများ၌ရှိသည့် ကျန်းမာရေးလုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့အစည်းများမှတစ်ဆင့် ဖြန့်ဝေသွားမည်ဖြစ်ပြီး




## နားရောဂါကြောင့် ခေါင်းမူးဝေခြင်း

သီဟ



မူးဝေခြင်းသည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပွားတတ်သည့်ဝေဒနာတစ်မျိုးဖြစ်ပြီး လူတိုင်းခံစားဖူးကြပါမည်။

သွေးတိုးကြောင့်သော်လည်းကောင်း၊ဆီးချိုကြောင့်သော်လည်းကောင်း၊ သွေးပေါင်ကျလျှင်သော်လည်းကောင်း၊ ဦးနှောက်အာရုံကြောကြောင့်သော်လည်းကောင်း အစရှိသည့် အကြောင်းအမျိုးမျိုးကြောင့် မူးဝေတတ်ကြမည်ဖြစ်သည်။

သို့သော် နားကြောင့်မူးဝေအော့အန်ခြင်းဟူသည့် ဝေဒနာကို လူအတော်များများ သတိပြုမိမှုနည်းပါးတတ်ကြပြီး တကယ်တမ်း ထိုကဲ့သို့ ခံစားရပါကလည်း နားကြောင့် မူးဝေခြင်းဟု မသိရှိကြဘဲ အခြားသောရောဂါကုသသည့် ဆရာဝန်များထံ ရောက်ရှိသွားတတ်ကြ၍ ဝေဒနာနှင့် ကုသမှု ထပ်တူကျမှုမရှိဘဲ ဖြစ်တတ်ကြကြောင်း သိရသည်။

“နားကြောင့်မူးတာ အများကြီးရှိကြပေမယ့် နားနှာခေါင်းဆရာဝန်တွေဆီမရောက်ဘဲ လည်နေတတ်ကြတယ်”ဟု နားနှာခေါင်းလည်ချောင်းအထူးကုဆရာဝန် ပါမောက္ခဒေါက်တာ သိန်းထွန်းကပြောသည်။

အခြားသောအကြောင်းအရာများကြောင့် မူးဝေပါက တစ်ခါတစ်ရံတွင် သတိလစ်သွားတတ်သော်လည်း နားကြောင့် မူးဝေပါကသတိလစ်မှုမရှိကြောင်း သိရသည်။ထို့အပြင် နားကြောင့်မူးဝေပါက အရက်မူးသကဲ့သို့ ချာချာလည်မူးဝေတတ်သည်ဟု ပါမောက္ခဒေါက်တာ သိန်းထွန်းကပြောသည်။

နားကြောင့်မူးဝေခြင်းသည် လူအများတွင် ဖြစ်ပွားတတ်သည့် ဝေဒနာတစ်ခုဖြစ်ပြီး ဦးနှောက်အာရုံကြောကြောင့် မူးဝေခြင်း နှစ်ဆယ်ရာခိုင်နှုန်းရှိပါက နားကြောင့် မူးဝေခြင်း ရှစ်ဆယ်ရာခိုင်နှုန်းရှိကြောင်းသိရသည်။

အလားတူ လူအများတွင် နားကြောင့်မူးဝေခြင်းခံစားရပါက မည်သည့်အကြောင်းကြောင့် မူးဝေသည်ဟု မသိရှိဘဲ မိသားစုဆရာဝန်(သို့မဟုတ်)နီးစပ်ရာ ဆရာဝန်များထံ ပြသလေ့ရှိကြပြီး ပျောက်ကင်းသွားပါက ပေါ့ပေါ့ဆဆပင် ပြန်နေတတ်ကြကြောင်း သိရသည်။

နားကြောင့် မူးဝေခြင်းသည် အကြောင်းအရင်းလေးမျိုးကြောင့် ဖြစ်ပွားတတ်သည်ဟု သိရသည်။ ပထမအကြောင်းအရင်းမှာ နားအတွင်းရှိ ချိန်သီးသည် တစ်စုံတစ်ရာနှင့်ထိခိုက်မိသောအခါ ချိန်သီးအတွင်းရှိ အရည်ကြည်များတွင်းသို့ ကယ်လ်စီယမ်အခဲလေးများ ပျော်ဝင်လာပြီး ချိန်သီးအတွင်း၌ လှုပ်ရှားနေသဖြင့် ချိန်သီး၏မျှခြေမမျှတတော့သည့် အချိန်တွင် မူးဝေခြင်း ဖြစ်ပွားတတ်ကြောင်း သိရသည်။

ထိုအကြောင်းအရင်းကြောင့် မူးဝေပါက မူးဝေသူတွင် ချွေးများထွက်လာခြင်း၊ မျက်စိအမြင်မကြည်လင်ခြင်း၊ ကြည့်မိသည့်အရာများသည် လှုပ်လှုပ်ရှားရှားဖြစ်နေခြင်းတို့ ခံစားရတတ်ကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားသည့် နားထဲတွင် မျှခြေအခြေအနေမမျှတမှုကြောင့် ဖြစ်ပွားခြင်းဖြစ်သည့်အတွက် မျှခြေများနေသည့် ဘက်သို့လှည့်မိပါက မူးဝေခြင်းခံစားရပြီး အခြားဘက်သို့ပြန်လှည့်လိုက်ပါက မူးဝေခြင်း ပျောက်ကင်းသွားတတ်ကြောင်း သိရသည်။

စာ(၁၄)သို့






7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# တရုတ်နိုင်ငံတွင် လူတုပ်ကွေးကြောင့် လူခြောက်ဦးသေဆုံး



ဟောင်ကောင်၊ မတ်-၁၂

တရုတ်နိုင်ငံအလယ်ပိုင်း ယူနန်ခရိုင်တွင် လူတုပ်ကွေး($AH_1N_1$) ကြောင့် လူခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလအတွင်း လူတုပ်ကွေးရောဂါဖြစ်ပွားမှု ၁၂၄ ကြိမ်ရှိခဲ့ပြီး ယင်းအရေအတွက်သည် ဇန်နဝါရီလကထက် ရာခိုင်နှုန်း ၁၃၀ တိုးလာခြင်းဖြစ်ကြောင်း တရုတ်အာဏာပိုင်များက ပြောသည်။

ဖူးဇောင်း၊ ဟန်ယန်း၊ ယူယန်း၊ ဟွေ့ဟွား၊ ချန်ရှားမြို့ကြီးများတွင် သေဆုံးမှုများ ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

ဟောင်ကောင်တွင်လည်း လူတုပ်ကွေးရောဂါကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာကပင် ဖော်ပြသည်။

အသက် ၂၁နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း ဟောင်ကောင် ဆေးရုံတာဝန်ရှိသူများက ပြောကြားပြီး အခြားလူတုပ်ကွေးရောဂါသည်နှစ်ဦးမှာလည်း စိုးရိမ်ဖွယ်ရာအနေအထားတွင်ရှိကြောင်းသိရသည်။

၂၀၁၁ နှစ်စပိုင်းမှ စ၍ တရုတ်နိုင်ငံတွင် လူတုပ်ကွေးရောဂါဖြစ်ပွားမှု များပြားလာပြီး လူပေါင်း ၂၀ အသက်ဆုံးရှုံးခဲ့ပြီဖြစ်ကြောင်း တရုတ်ကျန်းမာရေးဝန်ကြီးဌာနကပြောကြားသည်။

## စာ-၁၃၊ နားရောဂါကြောင့် ခေါင်းမူးဝေခြင်းမှ

ထိုမူးဝေခြင်းသည် ဖြစ်ပွားချိန် စက္ကန့်ပိုင်းခန့်သာကြာမြင့်တတ်ကြောင်း သိရသည်။

"အဲဒီလိုဖြစ်တာက လူတော်တော်များများမှာ ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ လူတွေကဘာကြောင့်ဖြစ်တယ်ဆိုတာ သတိမထားမိဘူး။ ဒီဘက်လှည့်လိုက်ရင်မူးတယ်။ ဒါပေမဲ့ ဟိုဘက်လှည့်လိုက်ရင် အမူးသက်သာသွားတယ် အဲဒီအခါကျတော့ နောက်ပိုင်းမှာ လူတွေကအလှည့်တွေကို သတိထားပြီး ဖြည်းဖြည်းလှည့်တဲ့အခါကျ ပျောက်သလိုလို သက်သာသလိုလိုဖြစ်သွားတတ်တယ်။ တစ်ခါတစ်ရံ သတိမေ့ပြီးလှည့်လိုက်မိကာမှသာ ပြန်ဖြစ်တတ်ကြတာပါ"ဟု ဒေါက်တာသိန်းထွန်းကပြောသည်။

ဒုတိယ အကြောင်းအရင်းကြောင့်မူးဝေခြင်းတွင် အလုပ်များခြင်းကြောင့်သော်လည်းကောင်း၊ စိတ်ဖိစီးမှုများခြင်းကြောင့်သော်လည်းကောင်း၊ ညဘက်အိပ်ရေးပျက်ခြင်းကြောင့်သော်လည်းကောင်း စသည့်အကြောင်းများကြောင့် မူးဝေတတ်ကြသည်။

အထက်ပါအကြောင်းအရာများဖြစ်နေချိန်တွင် နားတွင်းရှိ အရည်များစုလာကာ တင်းလာတတ်သည်။ ထိုသို့အရည်များတင်းလာချိန်တွင် ခံနိုင်ရည်အားနည်းသည့် အမြှေးပါး(Reissner's membrane)အတွင်းပိုင်းနေရာမှ ပေါက်ထွက်ကာ မူးဝေခြင်းဖြစ်ပွားတတ်ကြောင်း သိရသည်။


ယခုကဲ့သို့ မူးဝေနေချိန်တွင် နားအူခြင်းပါခံစားရတတ်ပြီး နားထဲတွင် ဝီဝီ၊ဝေါဝေါ အစရှိသည့် အသံများကြားရတတ်ကြောင်း သိရသည်။ ယခုကဲ့သို့ မူးခြင်းသည် အချိန်အတန်အသင့်ကြာမြင့်တတ်ပြီး နားထဲတွင် အရည်များတင်းနေချိန်သည် အမူးဆုံးအချိန်ဖြစ်ပြီး မူးဝေချိန်တစ်နာရီခန့်ကြာမြင့်တတ်ကြောင်း သိရသည်။ ထိုကဲ့သို့ မူးဝေခြင်းမကြာခဏဖြစ်ပေါ်လာပါက နားလေးခြင်းဖြစ်ပေါ်တတ်ကြောင်း သိရသည်။

"အဲဒီလိုမူးတာက နားထဲမှာ ဝီဝီဝေါဝေါကြားပြီးမူးတတ်တာ။ သူကနည်းနည်းကြာတယ် ချွေးသီးချွေးပေါက်တွေကျတတ်တယ်။ သူကအချိန်နည်းနည်းကြာတတ်တော့ မူးတဲ့သူက အဲဒါကိုမှတ်မိနေတတ်တယ်။ နောက်ပြီး အဲဒီလိုမူးလာရင် နားလေးတာပါဖြစ်တတ်လို့ နားဆရာဝန်ဆီ အမြန်ဆုံးပြသင့်တယ်"ဟု ဒေါက်တာသိန်းထွန်းကပြောသည်။

တတိယအမျိုးအစားမူးခြင်းမှာ နားထဲသို့ ဗိုင်းရပ်စ်ပိုးတစ်မျိုးမျိုးဝင်ရောက်ကာ ထိုဗိုင်းရပ်စ်ကြောင့် ခေါင်းမူးခြင်းဖြစ်ပေါ်တတ်ပြီး ထိုအကြောင်းကြောင့် ခေါင်းမူးခြင်းနှင့်အတူ ဘက်တီးရီးယားပိုးပါဝင်ရောက်ကာ နားပြည်ယိုခြင်းပါ တွဲဖက်ဖြစ်ပေါ်တတ်ကြောင်းသိရသည်။ အချို့မှာလည်း ပဋိဇီဝဆေးတစ်မျိုးမျိုးထိုးခြင်းကြောင့်လည်း နားကိုထိခိုက်ကာ အထက်ပါအတိုင်း မူးဝေနိုင်ကြောင်း သိရသည်။

ဒုတိယအမျိုးအစားမူးဝေခြင်းနှင့် တတိယအမျိုးအစားမူးဝေခြင်းမှာ ခံစားရပုံခြင်းတူညီသော်လည်း ဒုတိယအမျိုးအစားမှာ နားပြည်ယိုခြင်းမရှိဘဲ တတိယအမျိုးအစားမှာ နားပြည်ယိုတတ်ခြင်းသာကွဲပြားကြောင်း သိရသည်။

စတုတ္ထအမျိုးအစား နားကြောင့်မူးဝေခြင်းသည် ဖျားနာ၍ အဆိုပါဗိုင်းရပ်စ်ပိုးကြောင့် ခေါင်းမူးခြင်းဖြစ်ကြောင်းသိရသည်။ ထိုခေါင်းမူးခြင်းသည် နှစ်ရက်မှ သုံးရက်အထိကြာမြင့်တတ်ပြီး နောက်တစ်ကြိမ်ပြန်မဖြစ်နိုင်ကြောင်း သိရသည်။ ထိုကဲ့သို့ အထက်ပါအချက်အလက်များအား သိရှိထားပါက မိမိတွင်ဖြစ်ပေါ်လာသည့် ခေါင်းမူးခြင်းသည် မည်သည့်အကြောင်းအရာကြောင့် ခေါင်းမူးခြင်းဖြစ်သည်ကိုသိရှိကာ မှန်ကန်သည့်ကုသမှုကို ခံယူနိုင်မည်ဖြစ်ကြောင်း ဒေါက်တာသိန်းထွန်းကပြောကြားသည်။




# ဒီရေနီကြောင့် သေဆုံးသော ရေနေသတ္တဝါများကို မစားကြရန် ပညာရှင်တစ်ဦးက သတိပေး

သန်းဌေး

ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃

ဒီရေနီမြစ်ပေါ်နေသော ပင်လယ်ပြင်အနီးမှ ရေသတ္တဝါများကို ဖမ်းယူစားသုံးခြင်း မပြုမိစေရန် ရေငန်သုတေသီတစ်ဦးက သတိပေးပြောကြားသည်။


"ရာသီဥတု ပြောင်းလဲမှုကြောင့် အဆိပ်ရှိတဲ့ ရေညှိပင်တွေပွားလာပြီး ဒီရေနီဖြစ်လာတယ်။ အဲဒီနားမှာ အောက်စီဂျင်ပြတ်ပြီး ရေသတ္တဝါတွေ ရေပေါ်ပေါလောပေါ်လာရော၊ အဲဒီသတ္တဝါတွေဟာ အဆိပ်သင့်နေတာ။ ဒါတွေ စားမိတဲ့လူတွေ ကျန်းမာရေးထိခိုက်လာမယ်" ဟု ၎င်းကပြောသည်။

ချောင်းသာကမ်းခြေမြောက်ဘက် မန်ကျည်းရွာအနီးတွင် သုတေသနပြုချက်အရ အဆိုပါပတ်ဝန်းကျင်ရေပြင်၌ အထက်ပါဖြစ်ရပ်ကြုံတွေ့ခဲ့ရကြောင်း အဏ္ဏဝါသိပ္ပံပညာရှင်တစ်ဦးက ပြောသည်။

"ငါးတွေရဲ့ ပါးဟက်တွေ မီးလောင်ထားသလို ဒဏ်ရာတွေတွေ့ရတယ်။ အသက်ရှူကျပ်ပြီး အစုလိုက်၊ အပြုံလိုက်သေတတ်တယ်။ ရေထဲမှာရှိတဲ့ အခြားမျိုးစိတ်တွေ အန္တရာယ်မဖြစ်ရအောင် လိုအပ်တဲ့ စီမံကွပ်ကဲမှုတွေ လုပ်ခဲ့ရတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးကပြောသည်။

စိုက်ပျိုးရေးတွင် သုံးစွဲသော ဓာတ်မြေဩဇာများသည် အကြောင်း အမျိုးမျိုးကြောင့် ပင်လယ်အတွင်းရောက်ရှိပြီး ရာသီဥတုပြောင်းလဲသောအခါ ရေမှော်ပင်အမျိုးမျိုးတို့ကို ပိုမိုရှင်သန်စေသည်။ ၎င်းတို့အနီးသို့ ရောက်ရှိလာသော ရေသတ္တဝါများကို ဒုက္ခပေးစေသောကြောင့် အဆိုပါနေရာကို မရဏဇုန်ဟု ပညာရှင်များကခေါ်ဆိုပြီး ကမ္ဘာတစ်ဝန်းရှိ ပင်လယ်ပြင်နေရာ ၄၀၀ခန့်တွင်ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါအဆိပ်သင့်စေသော ရေညှိပင်များသည်အနှစ် ၃၀ ကျော်ကြာသည့်တိုင် ရှင်သန်ပေါက်ဖွားမှု မြင့်မားနေမည်ဖြစ်ကြောင်း ပြည်ပမှပညာရှင်များက ခန့်မှန်းထားကြသည်။

မြန်မာ့ပင်လယ်ပြင်တွင်မူ ၁၉၉၇ခုနှစ်က ရခိုင်ပြည်နယ် ကမ်းရိုးတန်းရှိ ပင်လယ်ပြင်၊ ယခု ၂၀၁၀ကာလနှင့် ၂၀၁၁ အစတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာနှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဝန်းကျင် ပင်လယ်ပြင်တို့တွင် ဒီရေနီများ စတင်ဖြစ်ပေါ်ခဲ့သည်။ ယခုအခါ မြန်မာပညာရှင်များနှင့် ဂျပန်ပညာရှင်များ ပူးပေါင်းကာ ဒီရေနီဖြစ်ပေါ်လာပုံ၊ ပွားများပုံ၊ ရှင်သန်ပုံ၊ အကျိုးဆက်နှင့် အမျိုးအစားများကို အသေးစိတ်သုတေသနပြုကာ ကြေညာချက်ထုတ်ပြန်ပေးနိုင်ရေး လုပ်ဆောင်နေလျက်ရှိကြောင်း စုံစမ်း သိရှိရသည်။



Regional

7DAY NEWS JOURNAL

Vol.10, No.2 • MARCH 17, 2011

# ခရမ်းချဉ်သီးဈေးပြုတ်ကျ၍ နွားကျွေး

မျိုးမင်းဦး

**မုံရွာ၊ မတ်- ၇**

မုံရွာမြို့နယ်တွင် ခရမ်းချဉ်သီးစိုက်တောင်သူများမှာ ခရမ်းချဉ်သီးဈေး အနိမ့်ဆုံးသို့ပြုတ်ကျသောကြောင့် ခူးဆွတ်မရောင်းတော့ဘဲ နွားစာအဖြစ်အသုံးပြုသူပိုများလာကြောင်း မုံရွာမြို့နယ် ချင်းတွင်းမြစ်ရေဝင်ဒေသ ခရမ်းချဉ်စိုက်တောင်သူများက ပြောသည်။



ဓာတ်ပုံ - မျိုးမင်းဦး

"ခရမ်းချဉ်စိုက်ခင်းတစ်ဧကမှာ စိုက်ပျိုးစရိတ်က ကျပ်ဆယ်သိန်းကျော်ကုန်ကျတယ်။ အများစုက တိုင်ထောင်ဝါးနဲ့ စိုက်ပျိုးရေးလုပ်ငန်းသုံးမျိုးစေ့နဲ့ ဆေးဝါးတွေ ကုန်ကျစားရိတ်ကပိုများတယ်။ ခရမ်းချဉ်သီးဈေးက တစ်ပိဿာကျပ်၁၀၀ လောက်မှအရင်းရှိတာ။ ဒီနှစ်ခရမ်းချဉ်သီးဈေးကွက်က ကျပ် ၁၀၀ အောက်ထိုးကျနေတာကြာပြီဆိုတော့ ခရမ်းချဉ်သီးစိုက်တောင်သူတွေအရင်းမရှုံးအောင် ပိုးသတ်ဆေးတွေလျှော့သုံးသူတွေ မြေဩဇာလျှော့သုံးသူတွေကြောင့် ခရမ်းချဉ်သီးအထွက်လျော့လာတယ်။ ခရမ်းချဉ်သီးဈေးက ဇန်နဝါရီလကုန်ရက်ပိုင်းကနေ မတ်လဆန်းအထိ ကျပ် ၅၀၊ ၄၀ ဝန်းကျင်ဈေးကစားနေခဲ့ပြီး မတ်လဆန်းပိုင်းမှာ စက်သုံးဆီ စရိတ်ကြောင့် သယ်ယူခတွေတက်ပြီး ခရမ်းချဉ်ဈေးမတက်လို့ ဒေသတွင်းစားသုံးဖို့နဲ့ ကျေးရွာအတွင်း လယ်ယာခိုင်းနွားအစာကြမ်းအဖြစ်ကျွေးလာကြတယ်"ဟု မုံရွာမြို့နယ် ချင်းတွင်းရေဝင်ဒေသဖြစ် သော ထနောင်းတောကျေးရွာ ဒေသခံတောင်သူတစ်ဦးကပြောသည်။

"ဒီနှစ်ဈေးကွက်မှာ ခရမ်းချဉ်သီးကရှုံးနေချိန်မှာ သယ်ယူစရိတ်ကတက်လာတော့ တောင်သူတွေခရမ်းချဉ်သီးဈေးကွက်သိပ်တင်ချင်တော့ဘူး။ ဈေးကွက်ပို့လည်း သယ်ယူခတောင်မရရင် တောင်သူတွေနှစ်ခါနာတာဆိုတော့ စိုက်ခင်းတွေထဲမှာ ပဲဈေးကွက်ပြတ်စနစ်နဲ့ ရောင်းတဲ့သူတွေရှိသလို ကျေးရွာကနေ ကိုယ်ပိုင်နွားလှည်းနဲ့ သယ်ယူရောင်းချလို့ရတဲ့ ချောင်းဦးမြို့နယ်ခင်မွန်ကျေးရွာက ခရမ်းချဉ်ပွဲရုံတွေမှာ သွားရောင်းတဲ့သူတွေပိုများတယ်" ဟု မုံရွာမြို့နယ်ညောင်ဖြူပင်ကျေးရွာဒေသခံတစ်ဦးက ပြောကြားသည်။

မုံရွာဒေသအတွင်း ခရမ်းချဉ်သီးစိုက်ခင်းများမှ ခရမ်းချဉ်သီးများအားမုံရွာမြို့ပေါ်တွင်သာမက ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာများတွင်ပါ အဝယ်ဒိုင်များ ဖွင့်လှစ်ထားသည်။

အလားတူ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်အရှေ့ဘက်အခြမ်းရှိ ခရမ်းချဉ်သီးစိုက်တောင်သူများမှာလည်း တစ်ပိဿာဈေး ၆၀ ကျပ်သာ ဈေးရှိ၍ ခူး၍ရောင်းချသူထက် ယာခင်းထဲတွင် ဒီအတိုင်းထားသူပိုများလာသည်။ ထို့ကြောင့် ခရမ်းချဉ်သီးစားလိုသူများအနေဖြင့် အဆိုပါဒေသတွင် ဝယ်စရာမလိုဘဲ အခမဲ့ရနိုင်ပြီး လူစား၍မကုန်သော ခရမ်းချဉ်သီးများကို နွားစာအဖြစ်အသုံးပြုနေကြသည်။ ခူး၍ရောင်းပါက ကားခမှာ တစ်ပိဿာ ၃၀ ကျပ်ပေးရသည်။

## စက်သုံးဆီဈေးကြောင့် စစ်တွေအခြေစိုက် အမြန်ရေယာဉ်ခများ မြင့်တက်

မောင်ကံ

**မောင်တော၊ မတ်- ၈**

စက်သုံးဆီဈေးမြင့်တက်လာမှုကြောင့် စစ်တွေအခြေစိုက်ကာ မြို့နယ်အသီးသီးသို့ ပြေးဆွဲပေးနေသည့် အမြန်ရေယာဉ်များ၏ ခရီးစရိတ်မှာ ယခုလ ၇ ရက်မှစ၍ တစ်ဦးလျှင် ကျပ်တစ်ထောင်နှုန်း မြင့်တက်သွားကြောင်း သတင်းရရှိသည်။

"မတ်လ ၆ ရက် ဘူးသီးတောင်က စစ်တွေကိုလာတုန်းက လက်မှတ်ခ ခုနစ်ထောင်ကျပ်ပါ။ ၈ ရက်သွားဖို့သွားဝယ်တော့ ရှစ်ထောင်ဖြစ်သွားပါပြီ။ အရောင်းဆိုင်ကတော့ စက်သုံးဆီဈေးတက်လာလို့ တိုးမြှင့်လိုက်ရတာလို့ပြောပါတယ်" ဟု စစ်တွေမြို့မှ ဘူးသီးတောင်သို့သွားသည့် ခရီးသည်တစ်ဦးကပြောသည်။

အလားတူစစ်တွေမြို့မှ စစ်တွေတက္ကသိုလ်(ဘုမေ)သို့ပြေးဆွဲပေးနေသည့် ကျောင်းကားခမှာလည်း တစ်ဦးလျှင်ကျပ်တစ်ရာမှ ကျပ်နှစ်ရာသို့ ပြောင်းလဲလိုက်ကြောင်း သတင်းရရှိသည်။ သို့သော်လည်း မောင်တောနှင့်ဘူးသီးတောင်သို့ ပြေးဆွဲပေးနေသည့် ဓာတ်ဆီသုံးကားများမှာအပြောင်းအလဲမရှိကြောင်း သိရသည်။


ဓာတ်ပုံ - မောင်ကံ

## အမြန်လမ်းမကြီး ယာဉ်ရပ်နားစခန်းတွင် ကွမ်းယာရောင်းချခြင်းနှင့် ကွမ်းစားခြင်းကို တားမြစ်

ထူးသန့်

**နေပြည်တော်၊ မတ်-၁၀**

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး၏ ၁၀၅ မိုင် ယာဉ်ရပ်နားစခန်းအတွက် ကွမ်းယာရောင်းချခြင်း၊ စည်းကမ်းမဲ့ ကွမ်းတံထွေးထွေးခြင်းများကို ဒဏ်ငွေတပ်၍တားမြစ်ထားကြောင်း သိရသည်။ အဆိုပါ ရပ်နားစခန်းအတွင်း ကွမ်းယာရောင်းချခြင်းပြုပါက ဒဏ်ငွေကျပ်ငါးသောင်းအထိ တပ်ရိုက်မည်ဟုကြေညာထားပြီး တားမြစ်ဧရိယာများအတွင်း ကွမ်းတံထွေး ထွေးခြင်းပြုပါကလည်း ဒဏ်ငွေ ၅၀၀၀ ဒဏ်ရိုက်မည်ဟု ကြေညာထားကြောင်း တွေ့ရှိရသည်။ အလားတူပင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ပါကလည်း ဒဏ်ငွေများတပ်ရိုက်မည်ဖြစ်ကြောင်း သိရှိရသည်။

"နိုင်ငံတကာကလာတဲ့ ဧည့်သည်တွေ၊ သံတမန်တွေ၊ အရာရှိတွေဝင်ရောက်နားနေ စားသောက်တဲ့ဒီလိုနေရာမျိုးမှာ သန့်ရှင်းရေးကို တင်းကြပ်တာကောင်းတာပေ့ါ။ အခုဆိုရင်ကွမ်းယာရောင်းချစားသုံးခြင်းကို တားမြစ်တဲ့နေရာတွေ ပိုတွေ့လာရတယ်" ဟု အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။ စားသောက်ဆိုင်အဆောက်အအုံအသစ် ထပ်မံတည်ဆောက်လျက်ရှိသော အဆိုပါယာဉ်ရပ်နားစခန်းအတွင်း ဆေးလိပ်တိုရေသန့်ဘူးခွံ၊ စနိုးတာဝါနှင့်ကြွပ်ကြွပ်အိတ်များ စွန့်ပစ်ရန်နေရာများလည်း သီးသန့်စီစဉ်ပေးထားကြောင်း သိရှိရသည်။

## ကျောက်မျက်ပြပွဲကိုမှီ၍နေပြည်တော်တွင်အိမ်အငှားသွက်

ထူးသန့်

**နေပြည်တော်၊ မတ်-၁၁**

နေပြည်တော်တွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် ၄၈ ကြိမ်မြောက် ကျောက်မျက်ရတနာ အရောင်းပြပွဲကို အမှီပြု၍ နေပြည်တော် ဇမ္ဗူသီရိမြို့ရှိအိမ်များအငှားသွက်ခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။ ယခုလ ၁၀ ရက်မှ ၂၂ ရက်အထိကျင်းပမည့် အဆိုပါပြပွဲသို့ ပြည်ပနိုင်ငံများမှ ကျောက်မျက်ရတနာကုန်သည် ၄၀၀၀ ကျော်နှင့် ပြည်တွင်းမှ ကုန်သည် ၃၀၀၀ ကျော်လာရောက်ကြသောကြောင့် ပြပွဲကျင်းပရာဝန်းကျင်ရှိ နေအိမ်များတွင်ပါ ပြပွဲကာလအတွင်း အငှားသွက်လာကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

"ရွှေကြာပင်ရပ်ကွက်မှာ ထူးတာကတော့အိမ်တွေငှားရတာပေ့ါဗျာ။ သပြေကုန်းမှာတော့ ဆိုင်ခန်းတွေများတဲ့အတွက် အိမ်နည်းတယ်။ ဒါကြောင့်ရွှေကြာပင်က ပိုအလုပ်ဖြစ်တယ်။ ငှားကြတာကတော့ အမျိုးမျိုးပေ့ါ။ တချို့တစ်သိန်းခွဲ၊ နှစ်သိန်းကျပ်ကနေ သုံးသိန်းလောက်လည်းရကြတယ်"ဟုဆိုသည်။ ယမန်နှစ်နိုဝင်ဘာ ၁၇ မှ ၂၉ ရက်အထိ ကျင်းပခဲ့သောကျောက်မျက်ပြပွဲကာလနှင့် နှိုင်းယှဉ်လျှင်မူ အိမ်ငှားခအရနည်းသွားကြောင်း၊ ဟိုတယ်များဖွင့်လှစ်လာနိုင်သကဲ့သို့ အိမ်ရာအဆောက်အအုံများလည်း များပြားလာခြင်းကြောင့်ဖြစ်သည်။ ပထမအကြိမ်ကျင်းပခဲ့သော ပြပွဲတွင်ပြည်တွင်း၊ ပြည်ပကျောက်မျက်ရတနာကုန်သည် ၆၇၅၀ ဦးလာရောက်ခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၇၇၈၄ တွဲဝယ်ယူခဲ့ကြောင်းသိရသည်။



7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# နေပြည်တော်တွင် ဆိုင်ကယ်နှင့်ယာဉ်ကြီး ကန့်သတ်လမ်းများထပ်မံ သတ်မှတ်ရန်စီစဉ်

ထူးသန့်

**နေပြည်တော်၊မတ် - ၁၁**

နေပြည်တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ်နှင့် သုံးတန်အထက်ယာဉ်ကြီးများ မဝင်ရသည့်လမ်းများကိုထပ်မံသတ်မှတ်ရန် အစီအစဉ်ရှိကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းထံမှ သိရှိရသည်။

ထိုကဲ့သို့ ကန့်သတ်လမ်းများ သတ်မှတ်ရန်အစီအစဉ်ကို ယနေ့ကျင်းပခဲ့သော နေပြည်တော်ယာဉ်စည်ကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း၊ ပထမဆုံးသတ်မှတ်ဖွယ်ရှိသည့် လမ်းပိုင်းမှာတော်ဝင်ရတနာလမ်း၏ လမ်းပိုင်းတစ်ခုဖြစ်နိုင်ကြောင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သူတစ်ဦးက ပြောကြားသည်။

"ဒီနေ့အစည်းအဝေးမှာ အဲဒီအကြောင်း ဆွေးနွေးခဲ့တယ်။ နေပြည်တော်ရဲ့ အနေအထားအရ အဲဒီလမ်းပိုင်းမှာ ဆိုင်ကယ်နဲ့ သုံးတန်အထက်ယာဉ်ကြီးတွေအတွက် ကန့်သတ်ဖို့ဖြစ်လာနိုင်တယ်။ ဒါပေမဲ့ ဒေသခံတွေရဲ့သွား၊လာရေးကို မထိခိုက်အောင်လည်း စဉ်းစားသွားမှာပါ" ဟူ၍ အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

နေပြည်တော်တွင် ဆိုင်ကယ်မဝင်ရ လမ်းပိုင်းအဖြစ် ရာဇဌာနီလမ်းမကြီးအပိုင်း (ဘောဂသီရိကားဝင်းနှင့် မီးပွိုင့်အကြား) ကို ၂၀၁၀ နှစ်ဦးပိုင်းက စတင်သတ်မှတ်ခဲ့ကြောင်းလည်း သိရှိရသည်။










7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# နို့စားနွားလျှော့မွေးသဖြင့် နွားနို့အထွက် သိသိသာသာလျော့ကျ

**မျိုးမင်းဦး**

**မုံရွာ၊ မတ်- ၇**

မုံရွာမြို့နယ်အတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းများတွင် နွားစာအခက်အခဲကြုံတွေ့ခဲ့ရသည့်နောက်ပိုင်း နွားနို့အထွက်သိသိသာသာလျော့နည်းလာခဲ့ကြောင်း မုံရွာဒေသခံ နို့စားနွားမွေးမြူသူများက ပြောကြားသည်။



"မုံရွာစက်မှုဇုန်မှာ ကြာဆံစက်၊ ပဲခွဲစက်၊ ဆီစက်တွေကပဲဖတ်၊ နှမ်းဖတ်၊ ပဲမှော်(ပဲခွံ)၊ ပဲပြုန်း (ပဲဆံကျိုး)၊ ပဲနှစ်အရည်၊ ပဲနှစ်စတဲ့ နွားစာတွေအထွက်နည်းတာရော အစာကြမ်းဖြစ်တဲ့ ကောက်ရိုးဈေးတက်တာရောကြောင့် နွားစာဈေးတွေတက်ပြီးနွားနို့ဈေးမတက်လို့ နွားမွေးမြူရေးလုပ်ငန်းတွေမှာ နွားအကောင်ရေလျှော့မွေးလာကြတယ်။ အရင်နွားအကောင် ၂၀ မွေးတဲ့ နွားမွေးသူတွေက နွားစာအခက်အခဲကြောင့် နွား ၁၀ ကောင်လောက်ပဲမွေးတော့တယ်။ နွားစာဈေးတွေတက်တော့ နွားကောင်ရေလျှော့မွေးကြတာပေါ့။ မုံရွာစက်မှုဇုန်က ကြာဆံစက်တွေ၊ ပဲခွဲစက်တွေက သီးနှံပေါ်ချိန်မှာ စက်ရုံတွေလည်ပတ်တာနည်းတော့ စက်ရုံစွန့်ပစ်နွားစာတွေအရင်နှစ်တွေကလောက် မပေါ်တော့ဘူး" ဟု မုံရွာနွားမွေးမြူရေးဇုန်မှ မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"နွားစာအကျွေးကောင်းမှ နွားနို့အထွက်ကောင်းတာ။ နွားစာပေါပေါများများ မကျွေးရင် နွားနို့အထွက်လျော့သလို နွားကောင်ရေ လျှော့မွေးတာဆိုတော့ နွားနို့အထွက်က သိသိသာသာလျော့ပြီပေါ့။ မုံရွာနွားမွေးမြူရေးဇုန်မှာ နွားနို့အများဆုံး အဝယ်ဒိုင်ဖြစ်တဲ့ မြဘုရင့်နွားနို့ချက်စက်ရုံမှာ စောစောပိုင်းက တစ်ရက်ကို နွားနို့ပိဿာတစ်သောင်းကျော် ဝယ်နေရာက ဒီရက်ပိုင်းမှာ နွားနို့ပိဿာ ခြောက်ထောင်လောက်သာ ဝယ်ရတော့တယ်။ အခြားနို့ချက်လုပ်ငန်းမှာလည်း နွားနို့အဝင်နည်းပြီး မတ်လဆန်းပိုင်းမှာ နွားနို့တစ်ပိဿာ ၄၅၀ ကျပ်ကနေ ၅၀၀ ကျပ်အထိ ဈေးတက်သွားတယ်။ မြန်မာသကြားဈေးကွက်မှာ စောစောပိုင်းက တစ်ပိဿာ ၁,၆၀၀ ကျပ်ကနေ ၁,၈၀၀ ကျပ်အထိ ဈေးတက်သွားတဲ့နောက်ပိုင်းမှာ တရုတ်နဲ့ အိန္ဒိယဘက်က သကြားတွေတစ်ပိဿာ ၁,၄၅၀ ကျပ်ဈေးနဲ့ဝင်လာလို့ ပြည်တွင်းသကြားဈေးလည်းပြန်အေးသွားတယ်။ နို့ချက်လုပ်ငန်းတွေက နို့ဆီဈေးကလည်းစောစောပိုင်းက နို့ဆီတစ်ပိဿာ ၁,၆၀၀ ကျပ်ဈေးကနေ ၁,၈၅၀ ပျှအ်ဈေးအထိ တက်သွားတယ်" ဟု မုံရွာဒေသခံ နို့ချက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မုံရွာနွားမွေးမြူရေးဇုန်တွင် အဓိကနွားစာဖြစ်သော နှမ်းဖတ် တစ်ပိဿာ ၇၀၀ ကျပ်၊ ပဲမှော် တစ်ပိဿာ ၂၀၀ ကျပ်၊ ပဲပြုန်း တစ်ပိဿာ ၄၅၀ ကျပ်၊ ပဲရည် တစ်ပုံး (၈ ဂါလန်) ၂၀၀ ကျပ်၊ ပဲနှစ်တစ်တင်းခွဲအိတ်တစ်အိတ် ၁,၀၀၀ ကျပ်၊ ကောက်ရိုးတစ်ထုံး ယခင်ကျပ် ၁၀ မှ ကျပ် ၃၀ အထိ ဈေးရလျက်ရှိကြောင်း သိရသည်။

## နေပြည်တော် ကျောက်မျက်ပြပွဲတွင် အက်ဖ်အီးစီ ၂၀ တန် ဂျီအက်စ်အမ် ဖုန်းကတ်များ ရောင်းပေး

**အောင်သူရ၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၁၂**

အက်ဖ်အီးစီ ၂၀ တန်တစ်ခါသုံး ဂျီအက်စ်အမ်ဖုန်းကတ်များအား ကျောက်မျက်ပွဲသို့ လာရောက်သောဧည့်သည်များ အသုံးပြုနိုင်ရန် နေပြည်တော်တွင် ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

"သက်တမ်းကုန်ရက်က ဗုဒ္ဓဟူးနေ့ကနေ (မတ်လ ၂ ရက်) ပြီး ၉ ရက်ထိရက် ၄၀ ရတယ်။ ဝယ်လိုအားများတော့ ပစ္စည်းတောင်ပြတ်သွားပြီ။ နိုင်ငံခြားသားတွေ အရမ်းဝယ်ကြတယ်" ဟု နေပြည်တော်တွင် ဖုန်းဆိုင်ဖွင့်လှစ်ရောင်းချသူ တစ်ဦးက ပြောသည်။

နေပြည်တော်တွင် ဒုတိယအကြိမ်ပြုလုပ်သော ကျောက်မျက်ရတနာပြပွဲအား မတ်လ ၁၀ ရက် မှ ၂၂ ရက်အထိ ကျင်းပရန်စီစဉ်ထားပြီး ထိုကျောက်ပွဲကာလအတွင်း MAI လေကြောင်းလိုင်းကလည်း နေပြည်တော်၊ ကွမ်ဂျိုးတိုက်ရိုက်လေယာဉ်ပျံ သန်းပေးခဲ့သည်။

၂၀၁၀ နိုဝင်ဘာလတွင်ကျင်းပခဲ့သော ပထမအကြိမ် နေပြည်တော် ကျောက်မျက်ရတနာပြပွဲတွင်လည်း အက်ဖ်အီးစီ ၂၀ တန်ဂျီအက်စ်အမ် တစ်ခါသုံးဖုန်းကတ်များအား ပြန်လည်ရောင်းချပေးခဲ့သည်။

၂၀၀၈ ဒီဇင်ဘာလမှစ၍ ရောင်းချပေးခဲ့သော အက်ဖ်အီးစီ ၂၀ တန်တစ်ခါသုံး ဂျီအက်စ်အမ်ဖုန်းများအား ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလဆန်းမှစ၍ အများပြည်သူများသို့ ရောင်းချမှုရပ်ဆိုင်းခဲ့ပြီး ကျောက်မျက်ပွဲကာလများတွင်သာ နိုင်ငံခြားသားများသို့ ရောင်းချပေးနေခြင်းဖြစ်သည်။

နိုင်ငံတကာမှ မြန်မာနိုင်ငံသို့လာရောက်ကြသော ကမ္ဘာလှည့်ခရီးသွားများအတွက် အက်ဖ်အီးစီ ၂၀ တန် တစ်ခါသုံး ဂျီအက်စ်အမ်ဖုန်းကတ်များမှာ များစွာအဆင်ပြေမှုရှိကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

## မသန်စွမ်းရန်ပုံငွေ ဂီတဖျော်ဖြေပွဲနှင့် ဘောလုံးပြိုင်ပွဲကျင်းပမည်

**ညီညီဇော်**

**မန္တလေး၊ မတ် - ၆**


မန္တလေးမြို့တွင် ဒုတိယအကြိမ်မသန်စွမ်းရန်ပုံငွေ ဂီတဖျော်ဖြေပွဲနှင့် ဘောလုံးပြိုင်ပွဲကျင်းပမည်ဟု သတင်းရရှိသည်။

၎င်းရန်ပုံငွေပွဲကို မတ်လ ၂၀ ရက်နေ့တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီထိ မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပမည်ဟု သိရသည်။ ယှဉ်ပြိုင်မည့်ဘောလုံးအသင်းများမှာ ရတနာပုံဘောလုံးအသင်းနှင့် ရုပ်ရှင်အနုပညာရှင်များပါဝင်သော Actor Star ဘောလုံးအသင်းတို့ဖြစ်ကြောင်းဟု စီစဉ်ဆောင်ရွက်နေသည့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လက်မှတ်ဈေးနှုန်းများမှာ အထူးတန်း ၃,၀၀၀ ကျပ်နှင့် ရိုးရိုးတန်း ၁,၀၀၀ ကျပ်ဖြစ်သည်ဟု သိရသည်။

## ဘင်္ဂလားဒေ့ရှ်မှ ဂေါ်ဖီထုပ်များ မောင်တောနယ်စပ်သို့ အဝင်နည်း

**မောင်ကံ**

**မောင်တော၊ မတ်- ၉**



နှစ်စဉ်ဆောင်းရာသီ မောင်တောနယ်စပ်ဟင်းသီး၊ ဟင်းရွက်ဈေးကွက်သို့ ဝင်ရောက်နေသည့်ဘင်္ဂလားဒေ့ရှ်မှ ဂေါ်ဖီထုပ်နှင့် ပန်းဂေါ်ဖီများအစားယခုနှစ်တွင်မြန်မာနိုင်ငံဘက်၌ တိုးချဲ့စိုက်ပျိုးကာ ဈေးကွက်သို့ တင်ပို့ရောင်းချလာနိုင်သည့်အတွက်ဘင်္ဂလားဒေ့ရှ်မှ ဂေါ်ဖီများအဝင်နည်းသွားကြောင်းသိရသည်။ "ပေါ်ဦးပေါ်စနဲ့ ရာသီကုန်ခါနီးအချိန်ဆိုရင် တစ်ထုပ်ကို ၆၀၀ ကျပ်က ၇၀၀ ကျပ်အထိဈေးကောင်းရပါတယ်။အရင်နှစ်တွေကဆိုရင် ဘင်္ဂလားဒေ့ရှ်ကတင်သွင်းလာတဲ့ဂေါ်ဖီထုပ်နဲ့ ဘူးသီးတောင်ကဂေါ်ဖီထုပ်တွေကိုပဲဝယ်ယူစားသုံးကြရပါတယ်၊ ဒီနှစ်တော့ကိုယ့်ဒေသမှာ တိုးချဲ့စိုက်ပျိုးလာတဲ့အတွက် ဘင်္ဂလားဒေ့ရှ်က ဂေါ်ဖီတွေအဝင်မရှိတော့ပါဘူး။ ဈေးလည်း ပေါပေါနဲ့စားသုံးနေရပါတယ်" ဟု အိမ်ရှင်မတစ်ဦးက ပြောသည်။ မောင်တောနယ်စပ်ဒေသတွင် လူဦးရေသုံးသိန်းကျော်နေထိုင်လျက်ရှိပြီးဒေသတွင်းမှထွက်ရှိသည့်ဟင်းသီး၊ဟင်းရွက်များနှင့် လုံလောက်မှုမရှိသဖြင့် ဘင်္ဂလားဒေ့ရှ်မှ သီးနှံများကို အမြဲတမ်းတင်သွင်းနေရပြီးဒေသတွင်း၌ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်မှ တင်သွင်းရမှုကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။




PATENT CAUTION
DIPTECH PTE. Limited, a company incorporated in SINGAPORE at 137, Cecil Street, #06-01, Singapore 069537, SINGAPORE is the Owner and Sole Proprietor of the following the title and description of the Patent :-

**Production of Elastomeric Films**

Reg: No.4/ 3805 /2010
In respect of : "The full description and detail mechanism of the Patent."
Fraudulent imitation or unauthorized use of the said Patent shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL,
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph: 371930 17 March 2011



7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

## မောင်တောနယ်စပ်ကုန်သွယ်သူများ ဒေါ်လာတစ်သောင်းတန် ဘဏ်ငွေလွှဲလက်မှတ်ကို အများဆုံးအသုံးပြု

မောင်ကံ

**မောင်တော၊မတ်-၉**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှု ဘဏ်ငွေလွှဲလက်မှတ် Bank Draft တစ်စောင်၏ တန်ဖိုးကို ကန်ဒေါ်လာငါးသောင်းထိ တိုးမြှင့်သတ်မှတ်ထားသော်လည်း မောင်တောနယ်စပ်မှ ကုန်သွယ်သူများမှာ တစ်စောင်လျှင် ဒေါ်လာတစ်သောင်းဖိုးသာ အသုံးပြုနေကြကြောင်းသိရသည်။

“Bank Draft တစ်စောင်ကို ဒေါ်လာငါးထောင်တုန်းကလည်း ဒေါ်လာတစ်သောင်းဖိုးဖြစ်အောင် နှစ်စောင်နဲ့ ဆောင်ရွက်ကြပါတယ်။ Bank Draft တန်ဖိုးဒေါ်လာနှစ်သောင်းဖိုးခွင့်ပြုတဲ့ အချိန်ကလည်း တစ်သောင်းဖိုးနဲ့ပဲ အလုပ်လုပ်ကြတာများပါတယ်။ အခု ငါးသောင်းထိ သတ်မှတ်လိုက်လည်း အရင်အတိုင်းတစ်သောင်းဖိုးနဲ့ပဲ ဆက်လုပ်နေကြပါတယ်”ဟု ရေထွက်ပစ္စည်းတင်ပို့သူတစ်ဦးက ပြောသည်။ ကုန်သွယ်သူများ တစ်သောင်းတန် Bank Draft များ ဝယ်ယူအသုံးပြုနေခြင်းမှာ မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့သည့်ပို့ကုန်ပမာဏနည်းနေခြင်းကြောင့်ဖြစ်ပြီး စစ်တွေနယ်စပ်မှ တင်ပို့သူများသာ ဒေါ်လာ နှစ်သောင်းမှ ငါးသောင်းဖိုး Bank Draft များကိုအသုံးပြုကြကြောင်း သိရသည်။

## မောင်တောနယ်စပ်ရှိ တောင်သူများ ကြက်သွန်နီပြန်လည်စိုက်ပျိုး

**မောင်ကံ**

**မောင်တော၊ မတ်- ၉**

ကြက်သွန် နီဈေးကောင်းလာသဖြင့် မောင်တောနယ်စပ်ရှိ တောင်သူများ ကြက်သွန်နီများကို ပြန်လည်စိုက်ပျိုးလာကြောင်းဒေသခံ တောင်သူများက ပြောသည်။

“အရင်တုန်းက မောင်တောတောင်ပိုင်းအလယ်သံကျော်ဘက်မှာ စီးပွားဖြစ် စိုက်ပျိုးခဲ့ကြပါတယ်။ အဲဒီတုန်းက ကြက်သွန်ဈေးတွေက ဒီလောက်မကောင်းခဲ့တော့ တောင်သူတွေကြက်သွန်အစား ငရုတ်ကိုတိုးချဲ့စိုက်ပျိုးလာကြပါတယ်။ အခုကြက်သွန်ဈေးတွေကောင်းလာတာရယ်၊ စစ်တွေဘက်က ကြက်သွန်အဝင်နည်းချိန် ဘင်္ဂလားဒေ့ရှ် ကြက်သွန်တွေဈေးကွက် ဝင်လာတာကြောင့် တောင်သူတွေ ပြန်စိုက်လာကြတာဖြစ်ပါတယ်”ဟု အလယ်သံကျော်မှ ကြက်သွန်စိုက်တောင်သူတစ်ဦးကပြောသည်။



မောင်တောနယ်စပ်ဒေသစိုက်ပင်ထောင်ကြက်သွန်များမှာ ဈေးကွက်အတွင်းသို့ ဝင်ရောက်နေသည့် ကြက်သွန်များထက် အလုံး သေးသော်လည်း မပုပ်၊ မပျက်စီးဘဲ တာရှည်အထားခံသည့်အတွက် စားသုံးသူများ ကြိုက်ကြကြောင်းသိရသည်။ အချို့နေအိမ်များတွင် ပင်ထောင်ကြက်သွန်နီများကို မိုးတွင်းစာဝယ်ယူထားကြကြောင်းနှင့် ဈေးကွက်တွင် ခြောက်ဆယ်ကျပ်သား ကြက်သွန်တစ်စည်းကို ၈၀၀ ကျပ်ဈေးရှိကြောင်း သိရသည်။

## လူငယ်နှင့် ကလေးများအတွက် စာအုပ်ပွဲ ကျင်းပပြုလုပ်မည်

**မန္တလေး၊ မတ်-၉**

မန္တလေးမြို့ရှိရာပြည့်မန္တလေး (စာအုပ်ဆိုင်နှင့်ဖြန့်ချိရေး)ဆိုင်များတွင် နွေရာသီလူငယ်နှင့် ကလေးများအတွက် စာအုပ်ပွဲကို ယခုလ ၁၈ ရက်မှ ၂၇ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါစာအုပ်ပွဲတွင် လူငယ်နှင့်ကလေးငယ်များအတွက် စာအုပ်များကို ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် သီးသန့်ခင်းကျင်းရောင်းချမည်ဖြစ်ကာ ၃၅ လမ်း၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြားရှိ ဆိုင်အမှတ်(၁)နှင့် ၃၄ လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြားရှိ ဆိုင်အမှတ်(၂) တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

ယခုလ ၁၈ ရက် နံနက် ၉ နာရီမှ ၁၂ နာရီထိ ရာပြည့်မန္တလေးဆိုင်အမှတ်(၂)၌ ဦးဘုန်း(ဓာတု)ရေးသားသော(က)အတွေးလက်ဆောင်ဒိုင်ယာရီ-၁ (ခ)အတွေးလက်ဆောင်ဒိုင်ယာရီ-၂ (ဂ)အဖေ့အိမ်၊ ချောအိမာန်(မန္တလေး)နှင့် ငွေဇင်ယော်ဦး (မိုးကုတ်)ရေးသားသော ချောအိမာန်ပြီးတော့ ငွေဇင်ယော်ဦး၊ ငွေဇင်ယော်ဦးပြီးတော့ ချောအိမာန် စသည့် စာအုပ်သစ် (၄)အုပ်ထွက်ရှိခြင်းအထိမ်းအမှတ်အဖြစ် စာရေးသူများကအမှတ်တရ လက်မှတ်ရေးထိုးရောင်းချပေးမည်ဖြစ်သည်။

## ပို့ကုန်၊ သွင်းကုန်ရေယာဉ်များ အချိန်မရွေး ထွက်ခွာနိုင်ရန် သောင်တူးဖော်

မောင်ကံ

**မောင်တော၊မတ်-၉**

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံတကနဖ်ဆိပ်ကမ်းသို့ တင်ပို့/တင်သွင်းနေသည့်ပို့ကုန်/သွင်းကုန်တင် မော်တော်(ရေယာဉ်)များ အချိန်မရွေးထွက်ခွာနိုင်ရန်အတွက်မောင်တောချောင်းနှင့် မော်တော်များထွက်ခွာရာ မြစ်ကြောင်းတစ်လျှောက်တွင် သောင်တူးဖော်မှုများကို ဆောင်ရွက်နေကြောင်း သိရသည်။

မောင်တောနယ်စပ်ဆိပ်ကမ်းတည်ရှိရာမောင်တောချောင်းမှာ တစ်နှစ်ထက်တစ်နှစ် တိမ်ကောလာသည့်အတွက်မြစ်ချောင်းအတွင်း ရေအားနည်းချိန်နှင့် နွေရာသီတွင် ပို့ကုန်တင်မော်တော်များဒီရေကိုစောင့်ဆိုင်းထွက်ခွာ တင်ပို့ခဲ့ရကြောင်းသိရသည်။ ယခုအခါမောင်တောနယ်စပ်ကုန်သည်များအသင်းမှ သဲစုပ်စက်လှေတစ်စီးကို ၂၀၁၀ ပြည့်နှစ်စက်တင်ဘာလမှဝယ်ယူကာ မြစ်ချောင်းများရှိ သဲသောင်များကို စုပ်ယူဖယ်ရှားနေသည့်အတွက် ဆောင်းတွင်းနှင့် နွေရာသီတွင်လည်း ဒီရေကိုစောင့်ဆိုင်းစရာမလိုဘဲ ပို့ကုန်တင် မော်တော်များထွက်ခွာ၍အဆင်ပြေနေကြောင်း သိရသည်။

## လိပ်ကျောက်ဆူးများ အရောင်းအဝယ်လိုက်

**နနဇနွေ**

**မုံရွာ၊ မတ်- ၉**

ငါးလိပ်ကျောက်များ၏ အမြီးပိုင်းတွင်ပါရှိသည့် ဆူးများအားပြည်ပ ဝယ်လက်များအတွက် အရောင်းသွက်လျက်ရှိနေကြောင်း သိရသည်။ အဆိုပါဆူးများမှာ ငါးလိပ်ကျောက်များအတွက် အန္တရာယ်ကာကွယ်သည့်လက်နက်တစ်ခုဖြစ်ပြီး ရန်သူများအား ဆူးနှင့်ထိုးလေ့ရှိကြသည်။ ငါးလိပ်ကျောက်ဆူးများမှာအကြီး၊ အသေး၊အရွယ်အစားကိုလိုက်၍ တစ်ပိဿာလျှင် ကျပ်ငါးသောင်းခန့်မှ အများဆုံး တစ်သိန်းခွဲခန့်ထိ ဈေးဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

“ငါးလိပ်ကျောက်ဆူးတွေမှာ အဆိပ်ပါတယ်လို့ သိရပါတယ်။ တရုတ်နိုင်ငံသို့တင်ပို့ရတဲ့ပစ္စည်း ဖြစ်ကြောင်းလည်းဆိုပါတယ်။ တရုတ်ဘက်မှာဆေးဖော်စပ်ရာမှာ သုံးတယ်လို့သိရပါတယ်။ လိပ်ကျောက်ဆူးတွေက ဒေသတွင်း ငါးဖမ်းလုပ်ငန်းရှင်တွေကရောင်းသလို မောင်တောဘက်ကလည်း ဝင်လာတာများပါတယ်”ဟု ကုန်သည်တစ်ဦးကပြောသည်။

ငါးလိပ်ကျောက်များ၏ လိပ်ကျောက်ဆူးများသာမက လိပ်ကျောက်အရေခွံများမှာလည်း ရောင်းချဝယ်ယူလျက်ရှိရာတရုတ်နိုင်ငံသို့ လိပ်ကျောက်အရေခွံအခြောက်များကိုတင်ပို့ရပြီး ဆားရေစိမ်အရေခွံအစိုများကိုမူထိုင်းနိုင်ငံသို့တင်ပို့ကြသည်။ ငါးလိပ်ကျောက်အရေခွံများကို ဓာတုဗေဒဆေးများဖြင့်ပြုပြင်ပြီး သားရေအိတ်များ၊ လက်ဆွဲအိတ်များ၊ အမျိုးသားဝတ်ခါးပတ်များ ပြုလုပ်ရောင်းချကြကြောင်း သိရသည်။

## လုပ်ငန်းရပ်ဆိုင်းထားသော ယင်းမာပင်မြို့နယ်ရှိ ကြက်မွေးသူများ မွေးမြူရေးဇုန်သစ်ဖော်ထုတ်ပြီးပါက လုပ်ငန်းပြန်စမည်

**ရန်နိုင်ကျော်**

**ယင်းမာပင်၊ မတ်-၁၀**

မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ သရက်ကန်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင်များမှာ ၂၀၁၀ မတ်လဆန်းမှစ၍ လုပ်ငန်းရပ်နားထားကြသော်လည်း နယ်မွေးမြူရေးဇုန်သစ်ဖော်ထုတ်ပြီးစီးပါက မွေးမြူရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်ကြမည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ်၊ မွေးမြူရေးဇုန်ဖော်ထုတ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မင်းက ပြောကြားသည်။

“ပြီးခဲ့တဲ့နှစ် မတ်လတုန်းက သရက်ကန်ကျေးရွာမှာ ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိခဲ့ရတဲ့နောက်ပိုင်း သရက်ကန်ကျေးရွာက ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေအားလုံး မွေးမြူရေးလုပ်ငန်းတွေ လုပ်ကိုင်ခွင့်မပြုတော့ဘူး။ အခု သရက်ကန်အနီးမှာ ယင်းမာပင်မြို့နယ် မွေးမြူရေးဇုန် ဖော်ထုတ်ပြီးစီးတဲ့အချိန်မှာ သရက်ကန်ကျေးရွာက ကြက်မွေးမြူရေးလုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်ကြတော့မှာဖြစ်ပါတယ်” ဟု ဦးစိန်မင်းက ပြောသည်။ ထိုမွေးမြူရေးဇုန်သစ်တွင် ပေ ၈၀ ပတ်လည်အကျယ်ရှိမြေကွက် ၅၄ ကွက်ကို မြေဧက ၂၁ ဧကကျော်ပေါ်တွင် စတင်ဖော်ထုတ်ရန်စီစဉ်ထားပြီး ထပ်မံတိုးချဲ့ရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။ယခုအခါ ဇုန်သစ်ဖော်ထုတ်ရန် မြေသားညှိခြင်း၊ လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်း စသောလုပ်ငန်းများကို လုပ်ကိုင်တော့မည်ဟုဆိုသည်။

“သရက်ကန်ကျေးရွာမှာကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားပြီးတဲ့အချိန်မှာ ကြက်တွေအားလုံး သုတ်သင် ရှင်းလင်းခဲ့ရတယ်။ နောက်ထပ် ကြက်မွေးလိုတဲ့သူတွေရှိသလို အရင်းအနှီးမရှိတော့လို့ မွေးမြူရေးလုပ်ငန်းပြန်လည် လုပ်ကိုင်ဖို့ ဆန္ဒမရှိတဲ့သူတွေလည်းရှိတယ်။ သရက်ကန်ကျေးရွာအနေနဲ့ မွေးမြူရေးဇုန်ဖော်ထုတ်ပြီးမှ မွေးမြူရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်ခွင့်ရရှိမှာဖြစ်တဲ့အတွက် မွေးမြူရေးဇုန် တည်ဆောက်ချိန်ကို မျှော်လင့်နေသူတွေရှိတယ်။အချို့ကလည်း မွေးမြူရေးလုပ်ငန်းကို စိတ်ကုန်ပြီးအခြားစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေသူတွေလည်းရှိတယ်”ဟု သရက်ကန်ကျေးရွာ မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

ယင်းမာပင်မြို့နယ်၊ သရက်ကန်ကျေးရွာတွင် ၂၀၁၀ မတ်လ ၂ ရက်နေ့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် တွေ့ရှိခဲ့ရသဖြင့် ကြက်ခြံ ၃၁ ခြံမှ ကြက်ကောင်ရေ ၁၃,၂၄၄ ကောင်၊ ကြက်ဥ ၂၅,၉၅၄ လုံးကို ဖျက်ဆီးသုတ်သင်ခဲ့ရကြောင်း သိရှိရသည်။

သရက်ကန်ကျေးရွာတွင် လူနေအိမ်ခြေ ၂၀၀ခန့်ရှိပြီး ကြက်မွေးမြူရေးလုပ်ငန်းကို ၁၉၉၇ခုနှစ်ခန့်က စတင်လုပ်ကိုင်ခဲ့ရာ ၂၀၁၀ မတ်လတွင် မွေးမြူရေးလုပ်ငန်းရှင် ၃၁ ဦးမှ ကြက်မွေးမြူရေးခြံ ၃၁ ခြံ မွေးမြူလုပ်ကိုင်ကြကြောင်း ရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မွေးမြူရေးဇုန်များကို တိုးချဲ့တည်ဆောက်လျက်ရှိရာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ် ကြက်မွေးမြူရေးဇုန်၊ ရေဦးကြက်မွေးမြူရေးဇုန်၊ ခင်ဦးကြက်မွေးမြူရေးဇုန်၊ ကန့်ဘလူမြို့နယ် မြို့မကြက်မွေးမြူရေးဇုန်၊ ဇီးကုန်းကြက်မွေးမြူရေးဇုန်၊ မုံရွာခရိုင် မုံရွာကြက်မွေးမြူရေးဇုန်များကိုတည်ဆောက်ပြီးစီးခဲ့ရာ ယင်းမာပင်မြို့နယ် သရက်ကန်ကျေးရွာကြက်မွေးမြူရေးဇုန်သည် စစ်ကိုင်းတိုင်းဒေသကြီး၏ (၇)ခုမြောက်ကြက်မွေးမြူရေးဇုန်အဖြစ် ၂၀၁၀ ဒီဇင်ဘာလ မှစ၍ အကောင်အထည်ဖော်စတင်တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းအဆိုပါမွေးမြူရေးဇုန်(၆)ခုတွင်ဥစားကြက်ကောင်ရေလေးသိန်းကျော်၊ ငုံးကောင်ရေ လေးသိန်းကျော် မွေးမြူထားသည်။

7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# မလေးရှားကမြန်မာ့အလုပ်သမားခေါ်ယူမှုပြန်များလာ

**အောင်သူရ**

ရန်ကုန်၊ မတ်-၁၂



မလေးရှားနိုင်ငံရှိ စက်ရုံများမှ မြန်မာအလုပ်သမား တိုက်ရိုက်ခေါ်ယူလိုသည့် အလုပ်ခေါ်စာ Demand Letter ရရှိမှုမှာ မတ်လဆန်းမှစ၍ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သတင်းရရှိသည်။

"လူ ၃၀၊ ၉၀၊ ၁၀၀ ကျော်အထိလိုတဲ့ ခေါ်စာတွေရလာတယ်။ လျှပ်စစ်ပစ္စည်း စက်ရုံတွေရော ကားအပိုပစ္စည်းထုတ်တဲ့ စက်ရုံတွေလည်းပါတယ်" ဟု ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မတ်လဆန်းမှ ပြန်လည်ရရှိသော အလုပ်ခေါ်စာများတွင် အမျိုးသားများ ပြန်လည်ပါဝင်လာခဲ့ပြီး တစ်ဆင့်ခံခေါ်ယူမှုမှာ မရှိသလောက် နည်းပါးသွားသည်။ စက်ရုံများမှ တိုက်ရိုက်ခေါ်ယူသဖြင့် လုပ်ခလစာမှာလည်း တစ်နာရီလျှင် ၂၁ ရင်းဂစ် အနည်းဆုံးရရှိလာကြကြောင်း သိရသည်။

အေဂျင်စီအချို့သို့ လာသော အလုပ်ခေါ်စာများတွင် အသစ်မဟုတ်ဘဲ ယခင်ခေါ်ထားပြီး မပို့ဖြစ်သော အလုပ်သမားများအတွက် အစားထိုးပြန်ခေါ်သည်ဟူသော ခေါင်းစဉ်ဖြင့်ခေါ်ယူခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"မတ်လကစပြီး အိန္ဒိယတွေကို Service Sector တွေမှာ ဖွင့်ပေးလိုက်ပြီး မကြာခင်မြန်မာတွေပါ ဖွင့်ပေးမယ်လို့ ကြားသည်။ မတ်လလယ်မှာ အစည်းအဝေးပြီးရင် သိရမယ်" ဟု ကျောက်တံတားမြို့နယ် အခြေစိုက်အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ပြန်လည်ကောင်းမွန်လာပြီး ၂၀၀၉ ခုနှစ် နှောင်းပိုင်းမှစ၍ မြန်မာလုပ်သားများ ခေါ်ယူမှုမြင့်တက်လာခဲ့ရာ အကြွေးစနစ်ဖြင့် ပို့ဆောင်ပေးခဲ့ရသည်ထိ ဖြစ်ခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်အတွင်း လုပ်ခလစာရရှိမှု နည်းပါးခြင်း၊ အကြွေးမဆပ်လိုခြင်း အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ထွက်ပြေးသူများ ပေါ်များလာခဲ့ရာမှ ၂၀၁၀ နှစ်ကုန်ပိုင်း၌ မြန်မာလုပ်သားများ ခေါ်ယူမှုလျော့ကျသွားခဲ့ကြောင်း သတင်းရရှိသည်။

## စင်ကာပူတွင် S-pass နှင့် EP ကိုင်ဆောင်ထားသူများ၏ အခြေခံလစာတိုး

**ရန်ကုန်၊ မတ်-၁၁**

စင်ကာပူအလုပ်သမားဝန်ကြီးဌာနမှ S-pass နှင့် EP ကိုင်ဆောင်၍ အလုပ်လုပ်ကိုင်နေသူများ၏ အခြေခံလစာများအား တိုးမြှင့်သတ်မှတ်လိုက်ကြောင်း စင်ကာပူသတင်းဌာနဖြစ်သော စီအင်န်အေ (Channel News Asia )တွင် ဖော်ပြထားသည်။ နိုင်ငံတကာ အလုပ်သမားများအတွက် အလုပ်ရှင်များမှ ပေးဆောင်ရမည့် စည်းကြပ်ခွန် (Levy)ကို တိုးမြှင့်လိုက်ပြီး မကြာခင်ယခုကဲ့သို့ အခြေခံလစာများတိုးမြှင့်သတ်မှတ်လိုက်ခြင်း ဖြစ်သည်။ "အခြေခံလစာတွေ တိုးမြှင့်လိုက်ပေမယ့် လစာနိမ့်ပြီး ရနေတဲ့အဖြစ်အပျက်တွေရှိနေနိုင်ပါသေးတယ်။ အလုပ်ရှင်အနေနဲ့ အရည်အချင်းတူ လစာနိမ့်နဲ့လုပ်နိုင်တဲ့သူတွေ တန်းစီနေတော့ စာချုပ်ကို စင်ကာပူဒေါ်လာ ၁၈၀၀ နဲ့ထိုးပြီး ၁၅၀၀၊ ၁၆၀၀ ပေးတာမျိုးရှိနေပါတယ်" ဟု စင်ကာပူနိုင်ငံတွင် ကာလရှည်အလုပ်လုပ်ကိုင်ခဲ့သူတစ်ဦးကပြောသည်။

S-pass (Skill pass) ကိုင်ဆောင်ထားသူများအတွက် အခြေခံလစာ စင်ကာပူဒေါ်လာ ၁၈၀၀ မှ ၂၀၀၀ သို့လည်းကောင်း၊ EP(Employment pass) ကိုင်ဆောင်ထားသူများအတွက် Q1 Type အား လစာစင်ကာပူဒေါ်လာ ၂၅၀၀ မှ ၂၈၀၀ သို့လည်းကောင်း၊ P2 အား လစာစင်ကာပူဒေါ်လာ ၃၅၀၀ မှ ၄၀၀၀ သို့လည်းကောင်း၊ P1 အား လစာစင်ကာပူဒေါ်လာ ၇၀၀၀ မှ ၈၀၀၀ သို့လည်းကောင်းတိုးမြှင့် သတ်မှတ်လိုက်သည်။ "ဒီဘက်က သွားချင်တဲ့သူတွေကတော့ လျော့မသွားပါဘူး။ တန်းစီနေတာပဲ။ ဟိုဘက်က အလုပ်ခေါ်တာကတော့ လျော့ကျသွားတယ်။ အချိန်ကြာကြာစောင့်နေရတာပေါ့" ဟု ပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခု၏ ဝန်ထမ်းတစ်ဦးကပြောသည်။

## ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီအသစ်များ တိုးလာ

**အောင်သူရ** **ရန်ကုန်၊ မတ်-၁၂**

၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီလိုင်စင်အသစ် ၁၀ ခုကျော်အားချထားပေးလိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ ကုမ္ပဏီလိုင်စင်အသစ်ရရှိသူများထဲတွင် အကြောင်းအမျိုးမျိုးကြောင့်၂၀၀၉ ခုနှစ်တွင် လိုင်စင်ဖျက်သိမ်းခံရသူ လုပ်ငန်းရှင်များက ကုမ္ပဏီနာမည်အသစ်ဖြင့် လျှောက်ထားသူများပင် လိုင်စင်ရရှိလာကြောင်းသိရသည်။ ပြည်ပအလုပ်အကိုင်ရှာဖွေရေးလိုင်စင်အသစ် ရရှိသူအများစုမှာ မလေးရှားဈေးကွက်၌ လုပ်ကိုင်မည့်သူများကြောင်း အေဂျင်စီအသိုင်းအဝိုင်းကဆိုသည်။

၂၀၁၀ပြည့်နှစ်အတွက် ကုမ္ပဏီတစ်ရာကျော်အား လိုင်စင်ချထားပေးခဲ့သော်လည်း မလေးရှားနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာအတုဖြင့် စေလွှတ်မှုနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရာတွင် ပြဿနာဖြစ်ခဲ့သော အေဂျင်စီများအား လိုင်စင်ဖျက်သိမ်းခံခဲ့ရသဖြင့် လိုင်စင်ရရှိအရေအတွက်မှ တစ်ရာအောက်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ထိုကျန်ရှိနေသော လိုင်စင်ရအေဂျင်စီများမှ မတ်လကုန်မှစ ၍ ၂၀၁၁ ခုနှစ်အတွက် လိုင်စင်သက်တမ်းထပ်မံတိုးရတော့မည်ဖြစ်သည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

အိမ်ကားယာဉ်မောင်း (၄၀ မှ ၅၀ ကြား) ဖြည်းဖြည်းမှန်မှန်မောင်းသူ မောင်းသက်ရင့်သူ(လှိုင်သာယာ-အင်းစိန်-လှိုင်နှင့်နီးစပ်သူများသာ)

**ဖုန်း- ၀၉-၇၃၁၇၀၄၉၂၊**
**၀၁-၆၈၇၀၈၉(ညနေပိုင်းခေါ်ရန်)**

--------------------------------

**SHARE MERCY (NGO)**

ကွန်ပျူတာ- Excell..Word Accounting ၃၀ အောက်(မ)တစ်ဦး။

**ဖုန်း- ၀၉-၇၃၁၆၁၅၁၀(ဝေယံ)၊**
**၀၉-၈၅၇၀၆၀၀**

--------------------------------

မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းတွင်တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအတွက် စိတ်ဝင်စားသူများလျှောက်ထားနိုင်ပါသည်။ ၁။ လက်ထောက်စာကြည့်တိုက်မှူး (ကျား၊ မ) ၁ ဦး၊ ၂။ လက်ထောက်သင်တန်းမှူး (ကျား၊ မ) ၁ ဦး၊ ၃။ ကွန်ပျူတာအော်ပရေတာ (ကျား၊မ) ၁ ဦး၊ Web Developer (ကျား၊ မ) ၁ ဦး။ လိုအပ်သည့်အထောက်အထားများနှင့်အတူ ၁၇-၃-၁၁ နောက်ဆုံးထား၍တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်၊ **ဖုန်း-၀၁-၅၁၉၆၇၃**

--------------------------------

SE မီးလေးလုံး (CNG) Taxi ညအချိန်ပိုင်းဝင်ငွေရှာလိုသူများဆက်သွယ်ပါ။ ဗဟန်းမြို့နယ်အနီးနေထိုင်သူကို ဦးစားပေးမည်။

**ဖုန်း-၅၅၈၈၉၄၊ ၀၉-၅၁၇၃၁၉၁**

--------------------------------

1. General Manger (M) 1 Post, 2.Marketing Manager (M/F) 1 Post, 3. Sales Manager (M/F) 1 Post, 4. Operation Manager/IT Manager (M) 1 Post, 5. Admin Manager (M/F) 1 Post, 6. Operation Executive (M) 2 Posts, 7. Marketing Executive (F) 4 Posts, 8. Sales Executive (F) 6 Posts, 9. Networking Engineer (M) 1 Post, 10. Admin Executive (F) 1 Post, 11. Cashier (F) 2 Posts.

**PH: 09-73132222, 09-73141111**

--------------------------------

- Accountant ကျား/မ (၁)ဦး CPA (or) B.Com(or) L.C.C.I Level (3) အောင်မြင်ပြီးသူ၊လုပ်ငန်းအတွေ့အကြုံ (၃)နှစ်။ စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်တို့ဖြင့် အမှတ်(၉၁)၊ အနော်ရထာလမ်း(၃၉ လမ်းနှင့်) ဆိပ်ကမ်းသာလမ်းကြား၊ ကျောက်တံတားမြို့နယ်သို့ နံနက် ၉း၀၀ နာရီမှ ညနေ ၇း၀၀ နာရီအတွင်း။

**ဖုန်း- ၇၀၈၃၀၀**

--------------------------------

IELTS, TOEFL, 4 Skills ကို ကျွမ်းကျင်စွာသင်ကြားနိုင်သော ဆရာမတစ်ဦးအမြန်အလိုရှိသည်။ Working Hours: Tuesday to Friday (9:00 am to 7:00 pm), Saturday & Sunday (2:30 Pm to 6:00 pm), Salaray : 200,000 ks, Contact: **09-5188720, 09-50 59993,** Address: 40/42, 136th Street, Near Yuzana Plaza, Tamwe Tsp.

--------------------------------

**Secretary (Female) (1) Post,** ၎င်းရာထူးကို လျှောက်ထားလိုသူများသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်။ English 4 Skill ကျွမ်းကျင်ရမည်။ Internet/ Email ကို ကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။ ရုပ်ရည်အသင့်အတင့် ရှိရမည်။ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရမည်။ အလုပ်အတွက် အချိန်ပေးနိုင်သူဖြစ်ရမည်။ အိမ်ထောင်မရှိသူအပျိုဖြစ်ရမည်။ အမှတ်(ဘီ-၈) ဦးဝိစာရလမ်း၊ မြောက်ဒဂုံစက်မှုဇုန်၊ ဒဂုံမြို့သစ် မြောက်ပိုင်း။ **ဖုန်း- ၅၈၁၈၃၅၊ ၅၈၁၃၉၆**

--------------------------------

၁။ မိန်းကလေးဝန်ထမ်း (၁၆)ဦး၊ ယောကျ်ားလေး ဝန်ထမ်း (၅) ဦး။ အမှတ်စဉ်(၁)နှင့်(၂)အတွက် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းဖြစ်ရမည်။ အနည်းဆုံး ၁၀ တန်းဖြစ်ရမည်။ ၃။ လုံခြုံရေး ဝန်ထမ်း ကျား(၆) ဦး။ အသက် ၂၅ နှစ်မှ ၄၅ နှစ်အတွင်းဖြစ်ရမည်။ လုပ်ငန်းအ တွေ့အကြုံအနည်းဆုံး ၂ နှစ်ရှိရမည်။ အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရမည်။အမှတ်(၂၈၈/ ၂၉၀)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ **ဖုန်း-၂၁၄၆၂၄**

--------------------------------

၁။ Engineer မ (၅)ဦး၊ AGTI (Civil) သို့ B.Tech-BE (Civil), ၂။ စာရင်းစစ် မ (၂) ဦး၊ B.Com, CPA (သို့) B. Con AA, ၃။ စာရင်းကိုင်စာရေးမ မ(၅)ဦး၊ B.Act (သို့) LCCI-III Diploma, ၄။ ဆိုက်တာဝန်ခံ စာရေးမ မ (၁၀)ဦး၊ အခြေခံပညာအထက်တန်းအဆင့်။ ၅။ ဆိုက်လုံခြုံရေး ကျား (၁၀)ဦး။ အမှတ်(၂၉)၊ လမ်းသစ်လမ်း (မော်တင်)၊ လမ်းမတော်မြို့နယ်၊ **ဖုန်း-၂၂၅၄၉၆၊ ၂၂၆၇၉**

--------------------------------

၁။ Translator (ထိုင်း-မြန်မာစကားပြန်) ၁ ဦး၊ Qualification -Thai Language (စကားပြောနှင့် ဘာသာပြန်နိုင်ရမည်) ဘွဲ့တစ်ခုခု ရရှိပြီး ကွန်ပျူတာအသုံးပြုနိုင်ရမည်။ ၂။ Asst; Production Supervisor ကျား (၁) ဦး၊ A.G.T.I (EC/EP/MP), ၃။ Operator (Generator/ Maintenance) ကျား (၁)ဦး၊ A.G.T.I (EP/ MP& EC) အမှတ်(၁၀၉)၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန်(၃)လှိုင်သာယာမြို့နယ်။ **ဖုန်း-၆၈၅၂၃၃၊ ၆၈၅၆၅၈၊**

--------------------------------

ဆိုင်အကူဝန်ထမ်း ကျား(၁)ဦး ဆက်သွယ်ရန် ဖုန်း- ၀၉-၅၁၁၂၀၇၄၊ ၀၉-၇၃၀၁၀၁၄၄

--------------------------------

ရန်ကုန်မြို့လယ်ရှိ ပေါ်ပြူလာ အလှပြင်ဆိုင် ၄ ဆိုင်တွင်တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။ ၁။ ဆံပင်ညှပ်ကျွမ်းကျင် မ ၃ ဦး၊ လစာ ကောင်း၊ အကျိုးခံစားခွင့်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းလကုန်ရှင်း။ ၂။ ဆံပင်ညှပ်ကျွမ်းကျင် ကျား ၃ ဦး။ လစာကောင်း၊ အကျိုးခံစားခွင့်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းလကုန်ရှင်း။ အမှတ်(၃၄၆)၊ မဟာဗန္ဓုလလမ်းမ ၃၉)လမ်းထောင့်။ **ဖုန်း- ၀၉-၅၁ ၁၃၈၆၃၊ ၃၇၂၆၆၀၊ ၇၂၁၂၀၆**

--------------------------------

၁. Accountant ကျွမ်းကျင် မ ၂ ဦး၊ ၂။ Engineer (BE) ကျား ၃ ဦး။ မော်တော်ယာဉ်လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။ ၃။ တရုတ်စကားပြန် မ ၁ ဦး။ တရုတ်စကား (အရေး၊အဖတ်၊အပြော)ကျွမ်းကျင်ရမည်။ ကွန်ပျူတာကျွမ်းကျင်သူဦးစားပေးမည်။ ၄။ အတွင်းရေးမှူး မ (၁) ဦး၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ No.18(A/1), Tharyarwaddy Street, Sayarsan Qut, Bahan Tsp, Yangon. **PH:542111**

--------------------------------

၉၊ ၁၀ တန်းကို Guide လုပ်ရန် လက်ရှိ B.Ed တက်နေသော 1st Year, 2nd Year ဆရာ/မများအလိုရှိသည်။ အသက်ကြီး၍ အတွေ့အကြုံရှိသော အဆောင်မှူးဆရာ/မအလိုရှိသည်။ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့် အမြန်ဆက်သွယ်ပါ။ **ဖုန်း-၀၉-၅၀၆၁၃၆၈၊**

--------------------------------

Admin/ HR ကျွမ်းကျင်ဝန်ထမ်း အလိုရှိသည်။ (ကျား/မ အသက်၂၅ နှစ်မှ ၃၀ အတွင်း) ဆက်သွယ်ရန်

**ဖုန်း- ၀၉-၇၃၀၆၆၁၅၆၊**
**၀၁-၀၃၀ ၀၀၃၁၇**


--------------------------------

Accountant Supervisor မ (၂) ဦး၊ အသက်(၃၀-၄၅)အိမ်ထောင်မရှိ သူဖြစ်ရမည်။ B.Com, LCCI (3) (8am-6pm) Duty, လစာ 1L ဆေးခန်းအတွေ့အကြုံ ၂ နှစ်ရှိရမည်။ စာရင်းပိုင်းကို ထိထိရောက်ရောက်သုံးသပ်နိုင်ပြီး မှန်မှန်ကန်ကန်ဖော်ထုတ်ပြနိုင်ရန်ဝန်ထမ်းများအား ဦးဆောင်နိုင်ရမည်။ ကြော်ငြာပါပြီး ၂ ပတ်အတွင်းလာရောက်လျှောက်ထားရန်။ ရွှေပုပ္ပါးအထူးကုဆေးခန်း W1, ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်းမြို့နယ်။ **ဖုန်း-၅၅၆၀၀၁၊ ၅၅၆၃၁၆**

--------------------------------

ကံ့ကော်ရွှေပြည်ပညာ့အောင်မြေရိပ်သာတွင် ၁။ အဆောင်မှူး မ(၁)ဦး၊ ၂။ Study Guide ကျား(၃)ဦး၊ မ(၄) ဦး၊ အမှတ်စဉ်(၁)အတွက် သိပ္ပံဘွဲ့၊ အတွေ့အကြုံ(၃)နှစ်အထက်၊ အသက်(၃၅)အထက်၊ (၂)အတွက် မဟာသိပ္ပံဘွဲ့ရရှိသူ၊ ၉၊ ၁၀ တန်း ဘာသာရပ်နှစ်ခုလုံးပြသနိုင်သူ၊ လုပ်သက်(၁)နှစ်အထက်ရှိရမည်။ 3A၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်။ (ရိပ်သာမှတ်တိုင်) (၁၀)ရက်အတွင်း လျှောက်ထားရန်

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



VITA-M
MULTIVITAMINS AND MINERALS WITH AMINO ACIDS
M-PHARMA DISTRIBUTION GROUP




Thai Education Fair 2011
• Suratthani Rajaphat University • Assumption University • Huachiew Chalermprakiet School
• Keerapat International School • Dhurakij Pundit University • Mae Fah Luang University
• Mahidol University • Siam University • Saint John Mary International School
• British International School, Phuket • King Mongkut's University of Technology Thonburi
• Khonkaen University • Nakornpayap International School
Park Royal Hotel (Grand Ball Room)




WE ARE NAING GROUP
ရန်ကုန်မြို့တွင် ရင်းနှီးမြှုပ်နှံလိုသော်လည်း နေပြည်တော်တွင် လုပ်ငန်းများနှင့် မအားလပ်သော လူကြီးမင်းများအတွက်
NAING GROUP'S CONDOMINIUM SHOW
ကို
JUNCTION NAY PYI TAW တွင် (၁၈-၃-၂၀၁၁)မှ (၂၁-၃-၂၀၁၁)အထိ ကျင်းပသွားမည့် အခ်ါအခွင့်
ထိန်း (၅၀)မှ ထိန်း (၅၀၀)အထိ အထူးထပ်ထာစွင့်
Promotion
Special Lucky Draw
Junction Center
(18.3.2011) Friday
(19.3.2011) Saturday
(20.3.2011) Sunday
(21.3.2011) Monday

# Education

7DAY NEWS JOURNAL

Vol.10, No.2 • MARCH 17, 2011


## လက်ရှိပညာရေးစနစ်ကို ပြန်လည်သုံးသပ်ရန် အဆိုအား လွှတ်တော်တွင်ပယ်ချ

နေလင်းထွန်း

ရန်ကုန်၊ မတ် - ၁၂

**လက်ရှိပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန် အဆိုကို အတည်ပြုရန် အမျိုးသားလွှတ်တော်၌ မတ်လ ၁၁ တွင် မဲခွဲဆုံးဖြတ်ရာ သဘောမတူကြောင်း သိရသည်။**

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်တင်သွင်းထားသည့် အဆိုအား ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသအဖြစ်ပါဝင်ပြီးဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ကြောင့် အဆိုပြုချက်အား ပြန်လည်ရုပ်သိမ်းပေးရန် မေတ္တာရပ်ခံကြောင်း ဝန်ကြီးကဆိုသည်။ သို့သော် ဦးစတီဗင်သာဘိတ်က အဆိုကို ပြန်လည် ရုပ်သိမ်းလိုခြင်းမရှိသောကြောင့် အများဆန္ဒအရ အဆုံးအဖြတ်ခံယူလိုကြောင်း တင်ပြသည်။

၎င်းအဆိုကို အတည်ပြုရန် သဘောတူ၊မတူ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းဖြင့် ဆန္ဒရယူရာတွင် ထောက်ခံမဲ ၂၂မဲ၊ ကန့်ကွက်မဲ ၁၈၁မဲနှင့် ကြားနေမဲ၈မဲဖြင့်သည့်အတွက် ယင်းအဆိုကို အတည်ပြုရန်လွှတ်တော်က သဘောမတူကြောင်း ကြေညာခြင်းကို မတ်လ ၁၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။



## PSB တွင် ဘာသာရပ် အသစ်များ သင်ကြားနိုင်

သီဟ

ရန်ကုန်၊မတ် - ၁၂

စင်ကာပူနိုင်ငံရှိ ပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်သည့် PSB Academy တွင် ယခုနှစ်စာသင်နှစ်မှစ၍ Cambridge International Examination မှအသိအမှတ်ပြုသည့် ဘဏ္ဍာရေးနှင့် စာရင်းအင်းပညာ ဒီပလိုမာနှင့်လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေး ဒီပလိုမာများအားသင်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာဒီပလိုမာနှင့် Supply Chain Management ဒီပလိုမာနှင့် Mass Communication ဒီပလိုမာများအားလည်း တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါဘာသာရပ်များအား သင်ယူပြီးပါက University of Newcastle, University of Wollongong တို့ကဲ့သို့သော တက္ကသိုလ်များတွင် ဆက်လက်ပညာသင်ယူနိုင်ပြီး ၂ နှစ်အတွင်း ဘွဲ့ရရှိနိုင်မည်ဖြစ်သည်။

အထက်ပါ ဒီပလိုမာတန်းများ တက်ရောက်ရန်အတွက် စာသင်ကာလ ၁၅လကြာမြင့်မည်ဖြစ်ပြီး ကုန်ကျစရိတ် မြန်မာငွေကျပ်သိန်း၄၀ခန့်ကုန်ကျမည်ဖြစ်ရာ နှစ်ကြိမ်ခွဲ၍ပေးသွင်းနိုင်ကြောင်း သိရသည်။

"ဒီ ဒီပလိုမာတွေကတက်ပြီးရင်လည်း တက္ကသိုလ်ကြီးတွေရောက်တဲ့အခါ မေဂျာပြောင်းလို့လည်းရပါတယ်။နောက်ပြီး ကျောင်းလခကလည်း သိန်းလေးဆယ်လောက်ကို နှစ်ကြိမ်ခွဲပေးရတာဆိုတော့ မြန်မာမိဘတွေအနေနဲ့ လက်လှမ်းမီနိုင်တဲ့ ဘာသာရပ်တွေဖြစ်ပါတယ်" ဟု ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Educationမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## "မတက် မဖြစ်တဲ့ ပညာရပ်ကတော့ ကွန်ပျူတာနဲ့ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုပါပဲ။ ဒါတွေကို သင်ယူရာမှာ အောင်လက်မှတ်တွေ တစ်ခုပြီးတစ်ခု ယူနေတာထက် ကျွမ်းကျွမ်းကျင်ကျင် သင်ယူတတ်မြောက်ဖို့ တိုက်တွန်းချင်ပါတယ်"

### ပညာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံခြင်း

နေလင်းထွန်း

မြန်မာနိုင်ငံရှိ ပညာရေးနယ်ပယ်တွင် ကျောင်းသားများ၏ ပညာရေးအပေါ် ခံယူချက်၊ သဘောထားအမြင်များသည် ခေတ်ကာလနှင့်အတူ ပြောင်းလဲလျက်ရှိသည်။ ပညာရေးဝန်ကြီးဌာန၏ အင်္ဂလိပ်စာဌာနတွင် နှစ် ၃၀ ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး အမေရိကန်စင်တာ၌ ပညာရေးဆိုင်ရာ အကြံပေးအဖြစ် ဆယ်စုနှစ်တစ်ခုကြာ တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်ရှယ်လီနန်းဟွမ်လိတ်အား မြန်မာကျောင်းသားများ၏ ပြောင်းလဲမှုအကြောင်းများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းထား သည်မှ ကောက်နုတ်ဖော်ပြလိုက်သည်။



ဓာတ်ပုံ - နေလင်းထွန်း

ဒေါ်ရှယ်လီနန်းဟွမ်လိတ်။

**အန်တီရှယ်လီရဲ့လုပ်ငန်းအတွေ့အကြုံကို ပြောပြပေးပါ။**

လက်ရှိက Nexus English Language Learning Centre မှာ Program Co-ordinator လုပ်နေပါတယ်။ အန်တီအလုပ် လုပ်ခဲ့တဲ့ တစ်လျှောက်လုံးမှာ ပညာရေးနဲ့ပဲ ပတ်သက်ခဲ့ပါတယ်။ ဒါပေမဲ့ အနေအထားအမျိုးမျိုးနဲ့ပေါ့။ ငယ်ငယ်လေးတည်းက တက္ကသိုလ်မှာ ဆရာမလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်အတိုင်း တက္ကသိုလ်ရဲ့ သင်ကြားရေးမှာ အမြင့်ဆုံးအဆင့်ဖြစ်တဲ့ ပါမောက္ခအထိပါ။ တောင်ကြီးတက္ကသိုလ်၊ အင်္ဂလိပ်စာ ပါမောက္ခဘဝနဲ့ အစိုးရအလုပ်က နားခဲ့ပါတယ်။ အဲဒါပြီးတော့ Study USA မှာ Educational Advisor အနေနဲ့ ဆယ်စုနှစ်ကျော်လုပ်ခဲ့ပါတယ်။

အန်တီဖြတ်သန်းလာခဲ့တဲ့ Educator ဘဝဆယ်စုနှစ်လေးစုကျော်အတွင်းမှာ ကျောင်းသားလူငယ်တွေနဲ့ပဲ ကျင်လည်လှုပ်ရှားခဲ့ပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်ရေစီးကြောင်းနဲ့အတူ လူငယ်တွေရဲ့ ခံယူချက်၊ပညာရေးအပေါ် အမြင်သဘောထားအမျိုးမျိုးတွေ့ရပါတယ်။

လူငယ်တွေရဲ့ ပညာရေးအပေါ် အမြင်သဘောထားဟာ မြန်မာပြည်ရဲ့ အနာဂတ် မြန်မာပြည်ရဲ့ သွားရာလမ်းကို တစ်နည်းအားဖြင့် ညွှန်ပြနေပါတယ်။

**အန်တီရှယ်လီရဲ့တက္ကသိုလ်ဆရာမ ဘဝအတွေ့အကြုံကို ပြောပြပေးပါ။**


အန်တီရဲ့ လုပ်ငန်းခွင်အစ တက္ကသိုလ်၊ အင်္ဂလိပ်နည်းပြဆရာမဘဝကနေ ပါမောက္ခဘဝအထိ နှစ်ပေါင်း ၃၀ အတွင်းမှာ တောင်ကျောင်းသားတွေရဲ့ အတွေးအမြင်ခံယူချက်တွေ တော်တော်ကွာခြားပါတယ်။

၇၀ ခုနှစ်များဆီက တက္ကသိုလ်ကျောင်းသားတွေဟာ တကယ့်ကျောင်းသားပီပီသသနဲ့ ပညာကိုသာ တစိုက်မတ်မတ် ဆည်းပူးပြီး ဆရာသမားကို ပညာပေးဝေသူအဖြစ် လေးလေးစားစား မြင်ကြပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝကိုလည်း ဂုဏ်ယူပြီး တကယ့် Carefreeနဲ့အပြစ်ကင်းကင်းစင်စင် ဖြတ်သန်းခဲ့ကြတဲ့ ကျောင်းသားတွေပေါ့။

၈၀ နှောင်းပိုင်း ၉၀ ခုနှစ်က ကျောင်းသားတွေ ပြောင်းလဲလာပုံက အများစုဟာ ကိုယ့်ဝမ်းစာအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာရင်း တစ်ဖက်က ပညာရှာလာကြတယ်။ အဝေးသင်တက္ကသိုလ်ကို ပြောင်းပြီး ဘွဲ့ယူကြတယ်။ ဒါကလည်း ကောင်းပါတယ်။ ဒါပေမဲ့ ကျောင်းသားတွေက ပညာရှာသူ သက်သက်တွေ မဟုတ်တော့ဘဲ။ ကုန်ရောင်းကုန်ဝယ်လုပ်ရင်း ပညာသင်သူတွေဖြစ်တော့ သူတို့ရှာဖွေနေတဲ့ ပညာတွေကို ကုန်ပစ္စည်းတစ်ခုလို သဘောထားလာကြတယ်။ သင်ခန်းစာတွေကို အကုန်မကျက်ချင်တော့ဘဲ အချိန်ကုန်လူပန်းတယ်လို့ ယူဆပြီး ဖြတ်လမ်းနဲ့သွေးချာတဲ့နည်းကို ရှာကြတယ်။ မေးခွန်းကိုရတဲ့နည်းနဲ့ယူတယ်။ ဒါပဲကျက်ပြီး ဖြေတယ်။ အောင်တယ်ပေါ့။


စာ(၂၂)သို့











7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# သင်ကြားရေးနယ်ပယ်မှ မဟုတ်သည့် Native Speaker များ ဘာသာစကား သင်တန်းကျောင်းများတွင် အလုပ်လျှောက်မှုများရှိနေ



ရန်ကုန်၊ မတ် - ၁၁

ပြည်တွင်းရှိ အင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်းများတွင် ပညာသင်ကြားမှု နယ်ပယ်မှ မဟုတ်သော အင်္ဂလိပ်လူမျိုးများ စာသင်ကြားရန် လျှောက်ထားမှုများရှိနေကြောင်း သိရသည်။

အင်္ဂလိပ်ဘာသာစကား သင်ကြားရန်အတွက် ပညာသင်ကြားရေးနယ်ပယ်မှ မဟုတ်သော အင်္ဂလိပ်လူမျိုးအချို့အလုပ်လျှောက်ထားမှုရှိနေခြင်း ဖြစ်ကြောင်း မကြာသေးမီက အသစ်ဖွင့်လှစ်ထားသော သင်တန်းကျောင်းတစ်ခုမှ သိရသည်။

"အင်္ဂလိပ်လူမျိုးဆိုပေမယ့် ဟိုမှာ စားပွဲထိုးလုပ်ထားတဲ့သူ အလုပ်လာလျှောက်တာလည်း ရှိတယ်။ သင်ကြားရေးစနစ်နဲ့ ဘာမှမဆိုင်တဲ့ အလုပ်အကိုင်တွေကနေဆိုတော့ အလုပ်မခန့်ပါဘူး။ အင်္ဂလိပ်လိုပြောဆို ဆက်ဆံရတဲ့အတွက် အဆင်ပြေပေမယ့် သင်ကြားမှုစနစ်ကို သိနိုင်မှာ မဟုတ်ဘူးလေ။ အခုတော့ပြည်တွင်းမှာ သင်နေတဲ့ နိုင်ငံခြားသား ဆရာတွေကို အချိန်ပိုင်းယူသင်ပါတယ်။ ဟိုက တိုက်ရိုက်တကယ်ကျွမ်းကျင်တဲ့သူကို ခေါ်ဖို့ကတော့ အခက်အခဲရှိပါတယ်"ဟု အင်္ဂလိပ်ဘာသာစကား သင်တန်းကျောင်းမှ တာဝန်ရှိသူက ပြောသည်။

ယခုနှစ်များအတွင်း အင်္ဂလိပ်ဘာသာစကား သင်တန်းကျောင်းများ ပြည်တွင်း၌ များပြားလာလျက်ရှိရာ အင်္ဂလိပ်စကားပြောနိုင်ငံများမှ သင်တန်းဆရာများကို ခေါ်ယူအသုံးပြုမှုလည်း မြင့်တက်လာသည်။

"ကျောင်းသားမိဘတွေအနေနဲ့ အင်္ဂလိပ်လူမျိုးဆိုတာနဲ့ အထင်ကြီးနေတာကို ဆင်ခြင်သင့်ပါတယ်။ သင်ကြားမှုစနစ်မသိဘဲ သင်နေတဲ့ အင်္ဂလိပ်ဆရာတွေကိုလည်း တွေ့နေရပါတယ်။ အဲဒီလို ဆရာတွေ ဈေးပေါတဲ့အတွက် ဒီမှာ အသုံးပြုနေတာပါ" ဟု နိုင်ငံတကာအသိအမှတ်ပြုကျောင်း တည်ထောင်ရန် ပြင်ဆင်နေသူတစ်ဦးက ပြောသည်။

## စာ - ၂၁၊ ပညာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံခြင်း မှ

**အမေရိကန်စင်တာမှာ ပညာရေးအကြံပေးအနေနဲ့ ကျောင်းသားတွေရဲ့ပြည်ပ ပညာသင်အခွင့်အလမ်းဆိုင်ရာ အတွေ့အကြုံကိုပြောပြပေးပါ။**

Study USA ရဲ့ ပညာရေး အကြံပေးဘဝရောက်ပြန်တော့ တွေ့ကြုံဆက်ဆံရတဲ့ ကျောင်းသားအများစုဟာ ပြီးပြည့်စုံတဲ့သူတွေ ထူးချွန်ထက်မြက်ပြီး ရည်မှန်းချက်ကြီးမားတဲ့သူတွေ ဖြစ်နေကြပါတယ်။ ကျောင်းသားပီသတဲ့ ကျောင်းသားမျိုးကို ပြန်ပြီးမြင်တွေ့ရတာပါပဲ။

အခုအငြိမ်းစားယူပြီး အင်္ဂလိပ်ဘာသာစကားသင်တန်းမှာ တာဝန်ထမ်းဆောင်ရပြန်တော့ ကိုယ့်ဘဝကို တစ်နည်းနည်းနဲ့ ထူးချွန်တိုးတက်အောင်ကြိုးစားနေတဲ့ အလွှာအမျိုးမျိုးက ကျောင်းသားတွေနဲ့ ဝန်ထမ်းတွေကို တွေ့ရပြန်ပါတယ်။

**လက်ရှိ ကျောင်းသားလူငယ်တွေရဲ့ပညာရေးအခြေအနေကိုသုံးသပ်ပေးပါဦး။**

ခေတ်လူငယ်၊ လူရွယ်တွေ ပညာရေးကိုတန်ဖိုးထားပြီး ကြိုးစားသင်ယူလာတာကိုတော့ သံသယဖြစ်စရာ မလိုပါဘူး။ ဖွင့်သမျှကျူရှင်ကျောင်းတွေ ကျောင်းသားရှိတယ်။ ဒါပေမဲ့ အများစုက ဘွဲ့လက်မှတ်၊ အောင်လက်မှတ်တွေ စုဆောင်းနေတာ သက်သက်ပါပဲ။ အလုပ်လာလျှောက်ရင် ဘွဲ့လက်မှတ်တွေတစ်ထပ်ကြီးတင်ပြနိုင်ကြတယ်။ အထင်ကြီးစရာပဲ။ တကယ်တမ်းလုပ်ပြပါဆိုရင် မလုပ်နိုင်တော့ဘူး။ အင်္ဂလိပ်မေဂျာနဲ့ အောင်တယ်သာ ပြောတယ်။ ကမ္ဘာကျော်ဂန္ထဝင်ဝတ္ထုတွေကို ကြားတောင်မကြားဖူးဘူး။ ဝါကျတစ်ခုကို အမှားအယွင်းကင်းကင်းမရေးနိုင်တဲ့အခြေအနေတောင် တွေ့ဖူးတယ်။ အပြောအဆိုကတော့ ပိုဝေးတာပေါ့။

**ကမ္ဘာပြုမှုဖြစ်စဉ်လို့ခေါ်တဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် မြန်မာကျောင်းသားတွေ ရတဲ့အခွင့်အရေးတွေ ပြောပါဆို ဘာတွေဖြစ်မလဲ။**

အခုခေတ်ကာလဟာ အင်တာနက်ရဲ့ကျေးဇူးကြောင့် သင်ချင်တဲ့ပညာကို သင်ချင်တဲ့အချိန်၊ သင်ချင်တဲ့အတိုင်းအတာအထိ သင်ယူတတ်မြောက်နိုင်ပါပြီ။ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် တိုင်းပြည်တစ်ခုနဲ့တစ်ခုကြားမှာ နယ်ခြားနယ်နိမိတ်ဆိုတာ နာမည်ခံသာရှိပါတော့တယ်။ အဲဒီတော့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စတာတွေ အားလုံးဖလှယ်နှီးနှောနေကြပါပြီ။ အလုံးအရင်းနဲ့ ဝင်လာတဲ့ အင်တာနေရှင်နယ်လိုက်ဇေးရှင်းကို အမီလိုက်နိုင်ဖို့၊ စိန်ခေါ်မှုအမျိုးမျိုးကို ကျော်လွှားနိုင်ဖို့ ပညာအခံရှိကိုရှိရပါမယ်။

ဒါကြောင့် ကျောင်းသား၊ လူငယ်တွေအနေနဲ့ Easy going Life (လွယ်လွယ်ဖြတ်သန်းသောဘဝ)နေလို့မရတော့ပါဘူး။ မတက်မဖြစ်တဲ့ ပညာရပ်ကတော့ ကွန်ပျူတာနဲ့ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုပါပဲ။ ဒါတွေက သင်ယူရာမှာ အောင်လက်မှတ်တွေတစ်ခုပြီးတစ်ခု ယူနေတာထက် ကျွမ်းကျွမ်းကျင်ကျင် သင်ယူတတ်မြောက်ဖို့ တိုက်တွန်းချင်ပါတယ်။ နိုင်ငံတကာက လူငယ်တွေနဲ့ နင်လားငါလား ယှဉ်ပြိုင်နိုင်ပြီး မြန်မာကျောင်းသားတွေ အောင်မြင်မှုနဲ့ အမြဲကြုံတွေ့နိုင်ပါစေ။

**အချိန်ပေး ဖြေကြားတဲ့ အတွက် ကျေးဇူးတင်ပါတယ်။**

# ဗြိတိန်ကျောင်းသားဗီဇာလျှောက်လွှာကြေး တိုးမြှင့်

ရန်ကုန်၊ မတ် - ၈

ဗြိတိန်နိုင်ငံတွင် သွားရောက်ပညာသင်ယူမည့် မြန်မာကျောင်းသားများအတွက် ကျောင်းသားဗီဇာလျှောက်လွှာကြေးအား ဧပြီလ ၆ ရက်မှစတင်တိုးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိ စတာလင်ပေါင် ၂၂၀ ပေးဆောင်နေရာမှ ဧပြီလ ၆ ရက်မှစတင်၍ ၂၅၅ စတာလင်ပေါင် ပေးဆောင်ရတော့မည်ဖြစ်သည်။

"လက်ရှိ ငွေကြေးပေါက်ဈေးကို ဝက်ဘ်ဆိုက်မှာတင်ပေးထားတယ်။ အဲဒါကိုကြည့်ပြီး မြန်မာငွေသွင်းရတယ်။ သွားမယ့်သူကတော့ ဘယ်လောက်တက်တက်သွားမှာပါပဲ။ ဗီဇာခဏခဏပြန်တင်ရတဲ့သူတွေတော့ မသက်သာဘူးပေါ့။ ဗီဇာကြေးက မကြာခဏဆိုသလိုတက်နေတာပါပဲ"ဟု ဗြိတိန်ပညာရေးဝန်ဆောင်မှု ဆောင်ရွက်နေသူကဆိုသည်။

မြန်မာကျောင်းသားများအနေဖြင့် ဗီဇာကြေးကျပ်သုံးသိန်းနှစ်သောင်းခန့် ပေးသွင်းနေရာမှ ဧပြီလ ၆ရက်မှစတင်၍ ကျပ်သုံးသိန်းနှစ်သောင်းခန့်ပေးသွင်းရမည်ဖြစ်သည်။ ကျောင်းသားဗီဇာလျှောက်ထားမှုအတွက် ငြင်းဆိုခံရပါက ဗီဇာကြေးဆုံးရှုံးမည်ဖြစ်သည်။

ဗြိတိန်ဗီဇာလျှောက်ထားမှုစနစ်များ အပြောင်းအလဲရှိသောကြောင့် သံရုံးမှ ဝက်ဘ်ဆိုက်တွင် သတင်းအချက်အလက်များ ထုတ်ပြန်ပေးလျက်ရှိသည်။

# United World School of Business ပညာသင်ဆုလျှောက်ထားနိုင်



သီဟ

ရန်ကုန်၊မတ် - ၁၂

စင်ကာပူနိုင်ငံရှိ စီးပွားရေးပညာသင်ကျောင်းတစ်ခုဖြစ်သော United World School of Business ၏ ယခုနှစ် ဇူလိုင်လအတွက် ပညာသင်ဆုများအား လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းတွင် စီးပွားရေးစီမံခန့်ခွဲမှုပညာဘွဲ့ Bachelor of Arts in Business Management (Hons) အားတက်ရောက်နိုင်ပြီး အဆိုပါဘွဲ့သို့ မတက်ရောက်မီ စီးပွားရေးဆိုင်ရာ ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာအတန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုလျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်တန်း အောင်မြင်ရမည်ဖြစ်ပြီး အင်္ဂလိပ်စာ အရည်အချင်းအားဖြင့် IELTS 5.0 ရရှိရမည်ဖြစ်ပြီး ထိုအမှတ်မရှိပါက UWSB မှပြုလုပ်မည့် အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာသင်ဆုနှင့်ပတ်သက်၍ UWSB မှတာဝန်ရှိသူတစ်ဦးမှ လာရောက်ရှင်းပြမည်ဖြစ်ပြီး စိတ်ဝင်စားသူများသည် TipTop Education Service Provider သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။



# Technology

7 DAY NEWS JOURNAL

Vol.10, No.2 • MARCH 17, 2011

## ဝိုင်မက်စ်လိုင်းများကို ကျပ်ရှစ်သိန်းတစ်သောင်းဖြင့် ဈေးချရောင်း

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်- ၁၀**

ကျပ်တစ်ဆယ့်ငါးသိန်းဖြင့် စတင်ရောင်းချခဲ့သည့် ကြိုးမဲ့အင်တာနက်ဆက်သွယ်မှုစနစ်ဖြစ်သော ဝိုင်မက်စ် (WiMax) လိုင်းများကို ကျပ်ရှစ်သိန်းတစ်သောင်းဖြင့် ဈေးလျှော့ရောင်း ချသွားတော့မည်ဖြစ်ကြောင်း အဆိုပါတပ်ဆင်မှုကို ဝန်ဆောင်မှုပေးနေသည့် Red Link Communications မှ သိရသည်။

ယင်းကဲ့သို့ ဝိုင်မက်စ်အင်တာနက်လိုင်းအား မူလဈေး၏ ထက်ဝက်နီးပါးခန့်လျှော့ချပေးခြင်းအား ယခုလ ၁၈ မှ ၂၀ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမတွင်ကျင်းပမည့် မြန်မာအိုင်တီနှင့် မိုဘိုင်းပြပွဲကာလအတွင်းသာဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းသက်သာစွာဖြင့် အင်တာနက်သုံးစွဲလိုသူများအတွက် ရည်ရွယ်လျှော့ချပေးရခြင်းဖြစ်ပြီး ပြပွဲကာလပြီးပါက မူလဈေးနှုန်းဖြစ်သော အက်ဖ်အီးစီ ၁၅၀၀ဖြင့် ပြန်လည်ရောင်းချသွားမည်ဟု အဆိုပါကုမ္ပဏီ၏တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးမျိုးမြင့်ညွန့်က ဆိုသည်။

ယခုလက်ရှိအချိန်ထိ ဝိုင်မက်စ်ဆက်သွယ်မှုလိုင်းများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် လိုင်းပေါင်းနှစ်ထောင်နှင့်အထက် တပ်ဆင်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

## ICDL စာမေးပွဲများ ပြည်တွင်း၌ ဖြေဆိုနိုင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ်-၁၂**

ကွန်ပျူတာဘာသာရပ်ကို လေ့လာနေသူများအနေဖြင့် နိုင်ငံတကာအသိအမှတ်ပြုစာမေးပွဲများဖြစ်သော ICDL (International Computer Driving Licence) Advanced Excel နှင့် ICDL-Image Editing သင်ရိုးများကို ပြည်တွင်း၌ပင် ဖြေဆိုနိုင်ပြီဖြစ်ကြောင်း PHYO Training Centre မှ ဆရာဦးအောင်ပြည့်ဖြိုးက ပြောသည်။

ICDL-Advanced Excel တွင် စာရင်းဇယားကို စိတ်ပါဝင်စားသူများအနေဖြင့် နိုင်ငံတကာလုပ်ငန်းခွင်သုံး Functions များကို သင်ကြားဖြေဆိုနိုင်မည်ဖြစ်သည်။

စာမေးပွဲကြေးမှာ ၄၀၀၀၀ ကျပ်ဖြစ်ပြီး ထိုသင်ရိုးအတွက် ဖြေဆိုရန် သင်တန်းတက်ရောက်ပါက သင်တန်းကြေး ၃၀၀၀၀ ကျပ် ကျသင့်မည်ဖြစ်သည်။

ICDL-Image Editing Course ၌ Image Editing ဆိုင်ရာ သီအိုရီနှင့် လက်တွေ့ကျွမ်းကျင်မှုကို စစ်ဆေးပေးသည့် လက်မှတ်ဖြစ်ပြီး Photoshop ဘာသာရပ်ကို ဖြေဆိုရမည်ဖြစ်သည်။ ၎င်းစာမေးပွဲကြေးမှာ ၁၅၀၀၀ ကျပ်ဖြစ်ပြီး Graphic Design သင်တန်းတက်ရောက်ပြီးသူတိုင်း ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်သည်။

အဆိုပါ စာမေးပွဲများမှာ စင်ကာပူ၊ ဂျပန်၊ ကနေဒါနှင့် ဥရောပနိုင်ငံများ အပါအဝင်နိုင်ငံပေါင်း ၁၅၀ ကျော် အသိအမှတ်ပြု စာမေးပွဲတစ်ခုဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

## ကနဦးတပ်ဆင်ခမလိုသော မိုဘိုင်းဖုန်းများ တပ်ဆင်ပေးရန် အစီအစဉ်ရှိဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်- ၉**

မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းများအား ကနဦးတပ်ဆင်ခများ ပေးသွင်းရန်မလိုသည့် ဝန်ဆောင်မှုကို ပုဂ္ဂလိကနှင့်ပူးပေါင်း ကာ ချထားပေးသွားရန်အစီအစဉ်များ ရှိနေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ကနဦးတပ်ဆင်ခများပေးသွင်းနေရသော အဆိုပါမိုလ်ဘိုင်းဖုန်းအသုံးပြုမှုများအားအထက်ပါအတိုင်း အဝင်၊အထွက်ခေါ်ဆိုခများသာ ပေးဆောင်ရပြီး လျှောက်ထားသုံးစွဲခ(ကနဦးတပ်ဆင်ခ) များ ပေးဆောင်ရန်မလိုအပ်သည့်စနစ်သည် အစိုးရ၏ပြည်တွင်းဆက်သွယ်ရေးကဏ္ဍအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များတွင် ပါဝင်နေကြောင်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးကလည်း ၂၀၁၁ ခုနှစ်၊ မတ်လ ၉ ရက်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့တွင် ပြောကြားခဲ့သည်။

ထိုကဲ့သို့မိုလ်ဘိုင်းဖုန်းများအား ကနဦးတပ်ဆင်ခပေးဆောင်ရန် မလိုအပ်ဘဲ သင့်တော်သည့်နှုန်းထားများအလိုက်ရောင်းချပေးနိုင်ခြင်း ရှိ၊ မရှိဟူသည့် အဆိုကို အဆိုပါလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းမဲဆန္ဒနယ်အမှတ်(၄) မှ ဒေါက်တာမြတ်ဉာဏစိုးက မေးမြန်းခဲ့ခြင်းဖြစ်ပြီး ဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

အစိုးရအနေဖြင့် ၎င်းတို့စီမံကိန်းများရေးဆွဲထားသည့် အဆိုပါဝန်ဆောင်မှုကို အမှန်တကယ်ဝန်ဆောင်မှုပေးလာနိုင်မည်ဆိုပါက ပြည်တွင်း တယ်လီဖုန်းအသုံးပြုနိုင်မှု အခြေအနေသည် နိုင်ငံတကာနှင့် ယှဉ်ပြိုင်လာနိုင်မည်ဖြစ်ကြောင်းလည်း ကွန်ပျူတာပညာ ရှင်တစ်ဦးကသုံးသပ်ပြောကြားသည်။


ယခုလက်ရှိမြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲနိုင်မှုအခြေအနေမှာ ပြီးခဲ့သည့်နှစ်ဆန်းပိုင်းမှ ယခုအချိန်ထိ နှစ်သိန်းကျော်ဝန်းကျင်အထိ တိုးတက်လာခဲ့သည်။ ကျပ်ငါးသိန်းတန်ဖုန်းများပေါ်ထွက်လာ ပြီးနောက်ပိုင်း တိုးတက်လာသည့် ဖုန်းသုံးစွဲနိုင်မှုတွင် လက်တလောအသုံးပြုနေကြသည့် မိုဘိုင်းဖုန်းများသည် ကနဦးတပ်ဆင်ခ ကျပ်ငါးသိန်းပေးသွင်းပြီး ကြိုတင်ငွေဖြည့်ကတ်များဖြင့် အသုံးပြုနေကြရသည့် စနစ်ဖြစ်သည်။

## အင်တာနက်နှေး၍ အိုင်တီလုပ်ငန်းအချို့ အခက်တွေ့



**ယုဇနကိုကို**

**ရန်ကုန်၊မတ်-၉**




အင်တာနက်မြန်နှုန်းများဆက်တိုက် ကျဆင်းနှေးကွေးနေခြင်းများကြောင့် ပြည်တွင်း၌အင်တာနက်ကို အဓိကမှီခိုလုပ်ကိုင်နေရသည့် စီးပွားရေးလုပ်ငန်းများတွင်ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေကြောင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့အခြေစိုက်စီးပွားရေးလုပ်ငန်းအချို့ထံမှ သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလနောက်ဆုံးပတ်ခန့်မှစတင်ပြီး တဖြည်းဖြည်းခြင်းနှေးကွေးလာပြီး မြန်နှုန်းများကျဆင်းလာသည့် ပြည်တွင်းအင်တာနက်ဆက်သွယ်မှုစနစ်များသည် DDoS Attack စနစ်ဖြင့် ပြည်ပနိုင်ငံများမှ တိုက်ခိုက်လာသောဆိုက်ဘာတိုက်ခိုက်မှုများကြောင့်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက သတင်းထုတ်ပြန်သည်။

ယင်းကဲ့သို့ ဆိုက်ဘာတိုက်ခိုက်မှုများသည် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလကတည်းကစတင်ပြီး မကြာမခဏဆိုသလို ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း အဆိုပါဌာန၏တာဝန်ရှိသူတစ်ဦးကဆိုသည်။

လုပ်ငန်းထိခိုက်မှုများဖြစ်ပေါ်နေသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း မကြာခဏလုပ်ငန်းပိုင်းဆိုင်ရာ နစ်နာမှုများကို ကြုံတွေ့နေရသည်မှာ ပြီးခဲ့သည့် နှစ်ဆန်းပိုင်းမှယခုအချိန်ထိပင်ဖြစ်ကြောင်းဆိုကြသည်။

“အခုအချိန်မှာက စီးပွားရေးလုပ်ငန်းတိုင်းလိုလိုက အင်တာနက်ကိုအဓိအားထားနေရတာ။ ပြီးခဲ့တဲ့နှစ်ဆန်းပိုင်းကတည်းက ခုထိပဲ အင်တာနက်မကောင်းတာ။ လုပ်ငန်းပိုင်းမှာ ခဏ၊ခဏထိခိုက်မှုတွေရှိတယ်။ ဆက်သွယ်ရေးကတော့ ဖြေရှင်းပေးနေတယ်ပြောတယ် ဒီပြဿနာကို။ ရေရှည်ဆို စီးပွားရေးလုပ်ငန်းတွေအတွက် အဆင်မပြေဘူး” ဟု ရန်ကုန်အခြေစိုက် နည်းပညာကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက လက်ရှိကျဆင်းနေသည့် အင်တာနက်ဆက်သွယ်မှုအခြေအနေများနှင့် ပတ်သက်၍ ပြောကြားသည်။

“နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကလက်ရှိခေတ်ရဲ့ အနေအထားနဲ့ဆို အင်တာနက်စနစ် ပေါ်မှာအများကြီးမှီခိုနေပါတယ်”ဟု ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးကဆိုသည်။






# စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ် အင်တာနက်စနစ်များပါ မြန်နှုန်းကျဆင်း

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်- ၁၀**

အင်တာနက်မြန်နှုန်း အထူးကောင်းမွန်သည့် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ် EVDO စနစ်သည် ယခုရက်ပိုင်းအတွက် ဆက်တိုက်နှေးကွေးနေသဖြင့် သုံးစွဲသူများအခက်တွေ့နေကြကြောင်း စုံစမ်းသိရှိရသည်။

ယင်းကဲ့သို့ EVDO စနစ်ဖြင့် အင်တာနက်အသုံးပြုရာတွင် 512 Kbit/s မှ 128 Kbit/s အထိလျော့ကျသွားသည်ဟု သုံးစွဲသူများကဆိုကြပြီး ဆိုက်ဘာတိုက်ခိုက်ခံရမှုများကြောင့် ယခုကဲ့သို့မြန်နှုန်းများကျဆင်းနေရခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

ပြည်ပမှ DDoS ဟူသော ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ်ဖုန်းများဖြင့် အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သည့် EVDO 3G စနစ်အား မူလအမြန်နှုန်းများမှ လျှော့ချထားရကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသတင်းရရှိသည်။

ယင်းကဲ့သို့ အမြန်နှုန်းများလျှော့ချထားရာတွင် ပထမသုံးစွဲမှုပြုနေကြသည့် 3 Mb မှ 128 Kbit/s ပမာဏအထိလျှော့ချခဲ့ကြောင်း အဆိုပါဌာနမှတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မြန်မာ့ဆက်သွယ်ရေး၏ အဆိုပါစနစ်သည် ယခုရက်ပိုင်းအတွင်း ဆက်သွယ်မှုစနစ်များ ဆက်တိုက်ကျဆင်းနေသဖြင့် သရီးဂျီမိုဒမ်း 3G Mode များ၏ ရောင်းအားများသည်လည်း တစ်ချိန်တည်းမှာပင် ငြိမ်သက်နေကြောင်း ရန်ကုန်မြို့တွင်းဖွင့်လှစ် ရောင်းချနေကြသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များမှ စုံစမ်းသိရှိရသည်။

EVDO စနစ်ဖြင့် အသုံးပြုရသည့် အင်တာနက်ဆက် သွယ်မှုသည် ယခုလ၇ရက်နေ့ညနေပိုင်းအချိန်များမှစတင်ပြီး လုံးဝအသုံးပြုနိုင်ခြင်းမရှိတော့ဘဲ အချို့သောအချိန်များတွင်မှ အလွန်နှေးကွေးစွာဖြင့်သာ အသုံးပြုနေ ရကြောင်း အဆိုပါစနစ်ဖြင့် အင်တာနက်အသုံးပြုသူ (EVDO User) များထံမှသိရသည်။



ထိုကဲ့သို့ DDoS တိုက်ခိုက်မှုများကြောင့် လျှော့ချထားရသည်ဟုဆိုသည့် စီဒီအမ်အေ ၈၀၀မဂ္ဂါဟာဇ်ဖုန်းများဖြင့် အင်တာနက်အသုံးပြုနိုင်သည့် ယင်းစနစ်အား အမြန်နှုန်းများလျှော့ချထားရခြင်းကို မူလအင်တာနက်မြန်နှုန်းအတိုင်း ပြန်လည်ချထားပေးရန်မျှော်လင့်နေကြကြောင်းလည်း သုံးစွဲသူများကဆိုကြသည်။

“အခုအီးဗွီဒီအိုစနစ်နဲ့ အင်တာနက်သုံးရတာ အရင်လိုမြန်နှုန်းကအဆင်မပြေတော့ဘူး။ အခု အင်တာနက်မြန်နှုန်းအခြေအနေက ဂူးဂဲလ်ကိုဖွင့်လိုက်ရင်တောင် တစ်ခါတည်းမပွင့်တော့ဘဲ ဖြည်းဖြည်းချင်းနဲ့ပွင့်နေတာ။ ရေရှည်ဆိုရင်တော့အဆင်မပြေဘူး။ ပထမအသုံးပြုရတဲ့နှုန်းအတိုင်းဆိုတော်တော်လေးကို အဆင့်မြင့်မြင့်နဲ့သုံးရပါတယ်” ဟု အသက်၄၀အရွယ်ရှိ အဆိုပါစနစ်အသုံးပြုသူကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးကဆိုသည်။

3G Moden စနစ်ဖြင့်တွဲဖက်အသုံးပြုရသည့် ယင်းအင်တာနက်သုံးစွဲမှုသည် မူလသုံးစွဲသူတစ်ဦးမှ နောက်ထပ်ကွန်ပျူတာသုံးလုံးသို့ မျှဝေသုံးစွဲနိုင်သည့် စနစ်တစ်ခုလည်းဖြစ်သည်။






## ITPEC စာမေးပွဲများ မေလပထမပတ်တွင် ဖြေဆိုမည်

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်- ၁၀**

ဂျပန်နိုင်ငံအသိအမှတ်ပြု နည်းပညာဆိုင်ရာစာမေးပွဲဖြစ်သည့် ITPEC စာမေးပွဲများအား လာမည့် မေလပထမပတ်အတွင်း ဖြေဆိုနိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ သတင်းရရှိသည်။

ဂျပန်အပါအဝင် အာရှနိုင်ငံများတွင်လည်း စစ်ဆေးသည့်အဆိုပါစာမေးပွဲတွင် Fundamental Information Technology (FE) နှင့် Information Technology Passport Examanation (IT Passport) ဟူသော စာမေးပွဲအမျိုးအစားနှစ်မျိုးကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။


FE စာမေးပွဲအတွက် ပရိုဂရမ်မာများ၊ ပရိုဂရမ်ဒီဇိုင်းရေးဆွဲသူများ၊ ဆော့ဖ်ဝဲရေးဆွဲသည့် လုပ်ငန်းများတွင် လုပ်ကိုင်နေသူများ ဖြေဆိုနိုင်ပြီး IT Passport စာမေးပွဲအား အိုင်တီနည်းပညာနှင့် ဆက်စပ်လုပ်ငန်းခွင်များတွင်လုပ်ကိုင်နေသူများ ဖြေဆိုနိုင်မည်ဖြစ်သည်။

စာမေးပွဲအား မေလ ၁ ရက်တွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ၊ မြန်မာအင်ဖိုတက်ခ်၌ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲကြေးမှာ တစ်သောင်းကျပ်ဖြစ်သည်။ စာမေးပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာပညာရှင်အသင်းတွင် ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

**ထိုင်း** နိုင်ငံတွင် တရားမဝင်ရောက်ရှိနေသော မြန်မာအလုပ်သမားများအရေးနှင့် အလုပ်သမားအသစ်များ တရားဝင်စေလွှတ်ရေးတို့ကို နှစ်နိုင်ငံဆွေးနွေးလာခဲ့ကြသည်မှာ န၀မအကြိမ်မြောက်ရှိနေပြီဖြစ်သည်။ နောက်ဆုံးအစည်းအဝေးဖြစ်သော န၀မအကြိမ်ဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ ၂၃ ရက်နေ့ ပြင်ဦးလွင်တွင် နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံရောက်တရားမဝင်အလုပ်သမားများအား ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရာတွင် သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ ယာယီနိုင်ငံကူးလက်မှတ်များအား MRTP (Mechine Redable Tempo-rary Passport) အဖြစ် ပြောင်းလဲထုတ်ပေးနိုင်ရေး၊ Overseas Workers Identification Card အား လက်ရှိစက္ကူကတ်မှ စမတ်ကတ်အဖြစ်ထုတ်ပေးနိုင်ရေး၊ ယာယီနိုင်ငံကူးလက်မှတ်ရရှိပြီးသော အလုပ်သမားများ၏မိသားစုဝင်များအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် Certificate of Identity – C of I ထုတ်ပေးနိုင်ရေး၊ နိုင်ငံသားစိစစ်အတည်ပြုမှုလုပ်ငန်းစဉ်အား အိုင်တီနည်းပညာအသုံးပြု၍ ဆောင်ရွက်နိုင်ရေးကိစ္စများအား ဆွေးနွေးခဲ့ကြသည်။





# ယာယီနိုင်ငံကူးလက်မှတ်၏ အမှောင်ဘက်ခြမ်း

ဝင်းနိုင်ထွန်း

ထိုင်းနိုင်ငံရှိ ကုမ္ပဏီပေါင်း ၄၆၈ ခုမှ မြန်မာအလုပ်သမား အသစ် ၆၈,၀၀၀ ကျော် လိုအပ်သော်လည်း အလုပ်သမားအသစ် ၁၁၅၁ ဦးသာ ပေးပို့နိုင်ခဲ့သဖြင့် လက်ရှိဆောင်ရွက်နေသောလုပ်ငန်းစဉ်များအပြင် ကမ္ဘောဒီးယားနှင့်လာအိုနိုင်ငံတို့တွင် ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကအေဂျင်စီများမှတစ်ဆင့် အလုပ်သမားစေလွှတ်ရေးအတွက် ထိုင်းနိုင်ငံဘက်မှ မြန်မာဘက်သို့ အကြံပြုထားသည်။ ထိုင်းနိုင်ငံအစိုးရက ကြီးကြပ်လုပ်ကိုင်နေသည့် နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်လုပ်ဆောင်နေသော်လည်း ထိုင်းရဲအချို့နှင့် လူဝင်မှုကြီးကြပ်ရေးအဖွဲ့ဝင်အချို့တို့က ရွှေ့ပြောင်းအလုပ်သမားများအပေါ် ငွေညှစ်မှု၊ မတရားဖမ်းဆီးမှုနှင့် မဟားတရားပြုကျင့်မှုများ ဆက်လက်လုပ်နေဆဲဆိုသည့် သတင်းများက ထွက်ပေါ်နေဆဲဖြစ်သည်။

ယာယီနိုင်ငံကူးလက်မှတ်မိတ္တူကိုင်ဆောင်ထားသောမြန်မာအလုပ်သမားတစ်ဦးသည် ဘန်ကောက်မြို့အနီးရှိ ပတ္တရား၊ Jomtian ဥလမ်းအတွင်းရှိ Good Luck Inn မှ ရေပုလင်းဝယ်အပြီး ပြန်အထွက်တွင် ထိုင်းရဲ၏ ဖမ်းဆီးခြင်းခံရသည်။ ၎င်းအား ဖမ်းဆီးခေါ်ဆောင်သွားသော ရဲကားပေါ်တွင် ထိုင်းလူမျိုး ၆ ဦးနှင့် အခြားမြန်မာအလုပ်သမားတစ်ဦးလည်းပါရှိသည်။ ရဲအချုပ်ခန်းသို့ ရောက်သည့်အခါ အရင်ရောက်နေသူထိုင်းလူမျိုး ၆ ဦးတို့က ဝိုင်းထိုးကြသည်။ ၎င်းနောက်ဆေးစစ်သည်။ ထိုင်းလူမျိုးများမှာမူမူးယစ်ဆေးသမားများဖြစ်ကြသည်။ ထိုသူများကို ၎င်းတို့မိဘများကဘတ်တစ်သောင်းစီပေးပြီး ရွေးသွားကြသည်။သို့သော် မြန်မာအလုပ်သမားမှာ ယာယီနိုင်ငံကူးလက်မှတ် မိတ္တူပြသသော်လည်း နှစ်ညအချုပ်ခန်းတွင်နေရကာ ၎င်း၏ စက်ရုံပိုင်ရှင် ဘတ်တစ်သောင်းနှစ်ထောင်ဖြင့် လာရွေးမှ အချုပ်ခန်းအပြင်သို့ ထွက်ခွင့်ရခဲ့သည်။ ယာယီနိုင်ငံကူး လက်မှတ်မိတ္တူသာ ပြသနိုင်ရခြင်းမှာ အလုပ်လုပ်ခွင့်ပါမစ်လုပ်ရန် ဘန်ကောက်မြို့သို့ ယာယီနိုင်ငံကူးလက်မှတ်မူရင်း ပို့ထားရခြင်းကြောင့် ဖြစ်သည်။ ဖမ်းဆီးခံရပြီးနောက် ဘန်ကောက်မြို့မှ ဆွေမျိုးများထံ ဖုန်းဆက်အကြောင်းကြားခဲ့ရာ ယာယီနိုင်ငံကူးလက်မှတ်မူရင်း လာရောက်ပြသသော်လည်း သက်ဆိုင်သူနှင့်အတူမရှိဟု အကြောင်းပြချက်ဖြင့် ထိုင်းရဲက ဘတ်ငွေတစ်သောင်းနှစ်ထောင်တောင်းခံခြင်းဖြစ်သည်ဟု သိရသည်။

အလုပ်သမား လက်မှတ်(ဘတ်ကတ်)မရှိသူများ၊ ယာယီနိုင်ငံကူးလက်မှတ်မရှိသူများကို ထိုင်းရဲဖမ်းမိသည့်အခါ ဘတ်ငွေနှစ်ထောင်၊ သုံးထောင်ပေးပါက ဖမ်းဆီးခံရမှုမှ လွတ်မြောက်ကြပြီး၊ ယာယီနိုင်ငံကူး လက်မှတ်ရှိသူ၊ အလုပ်လုပ်ခွင့်ပါမစ်ရှိသူများမှာ ဘတ်ငွေတစ်သောင်းနှစ်ထောင်ပေးရသဖြင့် ယာယီနိုင်ငံကူးလက်မှတ်မှာ လက်ဝယ်ရှိသူများကို အကာအကွယ်ပေးနိုင်ခြင်းမရှိဟု ဖမ်းဆီးခံခဲ့ရသူ မြန်မာအလုပ်သမားများက ဝေဖန်လာကြသည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ ဘန်ကောက်မြို့၊ အယ်ကရိုင် ၉၅ လမ်းအနီးရှိ ဘန်မကော် ၈ ဆေးရုံရှေ့တွင် ယာယီနိုင်ငံကူးလက်မှတ်နှင့် အလုပ်လုပ်ခွင့်ပါမစ်ကိုင်ဆောင်ထားသူ မြန်မာအလုပ်သမားတစ်ဦးထံမှ ထိုင်းနယ်မြေခံရဲတစ်ဦးက ရိုက်နှက်ကာ ဘတ်ငွေ ၆,၀၀၀ လုယက်မှုဖြစ်ခဲ့သည်။ ဘန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအသင်းမှ ထိုင်းလူမှုအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းကာ ဘန်ဘော် ၃ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။သို့သော် သုံးလနီးပါး ကြာမြင့်လာသည့်တိုင် အမှုမှန်ပေါ်ပေါက်ခဲ့ခြင်းမရှိသေးပေ။

အလားတူ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလလယ်က ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော မြန်မာအလုပ်သမားများ အလုပ်လုပ်နေသော အယုဒ္ဓယမြို့မှ အဲကွန်းနှင့် လေပိုက်ထုတ်လုပ်သည့်စက်ရုံ ( SPB-Engineering 156 M. 4.T.Phayom.A. WaNgnoi. Ayutthaya) တွင် နေ့တွက်လုပ်အားခပေးရန်တောင်းဆိုသည့်အတွက် အလုပ်ထုတ်ပယ်ခံခဲ့ကြရသည့် ဖြစ်စဉ်ရှိခဲ့သည်။ ထိုအလုပ်သမားများသည် တစ်နှစ်ကျော် အလုပ်လုပ်ခဲ့ရကာ နေ့တွက်လုပ်အားခ ၁၈၂ ဘတ်နှုန်းဖြင့် ရှစ်လ၊ ၁၈၅ ဘတ်နှုန်းဖြင့် နှစ်လ၊ ယခု ၁၉၄ ဘတ်ဖြင့် လုပ်ကိုင်နေရသူများဖြစ်ကြသည်။ ထိုစက်ရုံမှ မြန်မာအလုပ်သမား ၁၀ ဦးသည် နယ်မြေအလိုက် သတ်မှတ်ထားသည့် နေ့တွက်လုပ်အားခ တစ်နေ့လျှင် ၂၁၅ ဘတ်နှုန်းပေးရန် စက်ရုံမန်နေဂျာထံတွင် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ စက်ရုံမန်နေဂျာက ၎င်းအလုပ်သမားများ၏ ယာယီ နိုင်ငံကူးလက်မှတ်များ သိမ်းဆည်းကာ ထိုင်းဘာသာဖြင့် ရေးထားသောစာရွက်ပေါ်တွင် လက်မှတ်ထိုးခိုင်းပြီး ထိုအလုပ်သမား ၁၀ ဦးကို အယုဒ္ဓယရဲစခန်းသို့ ပို့ဆောင်ပေးခဲ့သည်။ ရဲစခန်းရှေ့အရောက် လက်ထောက်မန်နေဂျာက ထိုသို့တောင်းဆိုသည့် အလုပ်သမားခေါင်းဆောင် အောင်ဇာနည်ကို ဦးဆောင်ဦးရွက်ပြုသည်ဟုဆိုကာ အောင်ဇာနည်၏ မျက်နှာနှင့် လည်ပင်းများကို အချက်ပေါင်းများစွာ ကန်ကျောက်ထိုးကြိတ်ခဲ့သည်။

နောက်မှသိရသည်မှာ အလုပ်မှ ထုတ်ပစ်ပြီး ရဲစခန်းရှေ့လာသွန်သည့်အနေအထားဖြစ်သည်။ ရဲမှ ဖမ်းဆီးခြင်းမပြုဘဲ လုပ်အားခများ ထိုနေ့ညနေပိုင်းတွင် စက်ရုံမှ လာရှင်းပေးကာ ယာယီ နိုင်ငံကူးလက်မှတ်များ ပြန်ပေးသည်။ ထို့နောက်ရဲစခန်းမှ ၎င်းတို့အား လူဝင်မှုကြီးကြပ်ရေးရုံးသို့ လွှဲပြောင်းခံရကာ နောက်ဆုံး၌ ပြည်နှင်ခံရတော့သည်။

ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ အလုပ်သမားအခွင့်အရေးများနှင့်ပတ်သက်ပြီး ပြောဆိုလေ့ရှိသည်မှာ မည်သည့်နိုင်ငံသားမှ မခွဲခြားဘဲ အလုပ်သမား အခွင့်အရေးတန်းတူရရှိသည်၊ ကာကွယ်စောင့်ရှောက်ရေး စသည့်ဥပဒေတစ်မျိုးသာရှိသည်ဟုဆိုကြသည်။ သို့သော် လက်တွေ့အဖြစ်အပျက်များတွင်မူ ထိုင်းနိုင်ငံက သတ်မှတ်ထားသော အနိမ့်ဆုံး လုပ်ခနှုန်းထားများကို အပြည့်အဝမရကြသည်က အများစုဖြစ်နေသည်။

ယာယီနိုင်ငံကူးလက်မှတ်လုပ်ကြရာတွင်လည်း ပွဲစားများနှင့်သာ အလုပ်သမားများလုပ်ကြရ၍ အမှန်တကယ် ကုန်ကျမည့် ယာယီနိုင်ငံကူးလက်မှတ်ဖိုးနှင့် ဗီဇာကြေး စုစုပေါင်းသည် ဘတ် ၆၀၀ ဖြစ်ပြီး ခရီးစရိတ်၊ စားစရိတ်ပေါင်းပါမှ ဘတ် ၂,၀၀၀ သာ ကုန်ကျမည်ဖြစ်သည်။ သို့သော် ပွဲစားများ၊ အကျိုးဆောင်များဖြင့် လုပ်ဆောင်နေကြသည့်အတွက် ဘတ် ၅,၅၀၀ ကျော် အနည်းဆုံး အကုန်ခံနေကြရသည်။ ထိုကိစ္စကို ထိုင်းအစိုးရသို့ အလုပ်သမား အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများမေးမြန်းတိုင်း ခေါင်းခံရှင်းလင်းပြောဆိုခြင်းမရှိ။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်းက ဘန်ကောက်မြို့တွင် ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော မြန်မာအလုပ်သမားအချို့သည် မြဝတီသို့ ခေတ္တပြန်လာပြီးနောက် မဲဆောက်သို့ပြန်သွားရာ အဆင်ပြေသလို နယ်စပ်လမ်းကြောင်းမှ ပြန်ဝင်သဖြင့် တရားဝင်ဂိတ်မှမကူးသည့်အတွက် ထိုင်းအာဏာပိုင်များ၏ ဖမ်းဆီးခြင်းခံကြရသည်။ ၎င်းနောက် နောက်ထပ်ဗီဇာသက်တမ်း ၂ နှစ်ကိုပင် ပယ်ချခံခဲ့ကြရသူများလည်း ရှိလာနေသည်။ မဲဆောက်တရားရုံးတွင် လမ်းကူးမှားသည့်အတွက် ဘတ် ၅၀၀ ဒဏ်ငွေသာ ရိုက်ခံရသော်လည်း ထိုင်းလူဝင်မှုကြီးကြပ်ရေးရုံးကမူ ထိုသူတို့၏ယာယီနိုင်ငံကူးလက်မှတ်များအပေါ် ထိုင်းဘာသာဖြင့် မှတ်ချက်များ ရေးကာ ဗီဇာသက်တမ်းအဆုံးသတ်ခံလိုက်ရတော့သည်။ ထိုယာယီနိုင်ငံကူးလက်မှတ်များ ပြန်ရှင်သန်ရေးအတွက် မြန်မာဘက်ခြမ်းမှာပင် ပြန်လုပ်ရမည်ဟု ထိုင်းဘက်မှဆိုသည်။

ထိုင်းနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ထိုင်းနိုင်ငံမှ မည်သည့်နိုင်ငံသို့ ထွက်ခွာသည်ဖြစ်စေ ထွက်ခွင့်တံဆိပ်တုံးနှင့် ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်တံဆိပ်တုံး ရိုက်နှိပ်ပြီးမှသာ ထွက်ခွာခွင့်ရှိကြောင်းနှင့် ယင်းသို့မပြုလုပ်ပါက ရရှိထားသည့်ဗီဇာသက်တမ်းများ သေဆုံးသည်ဟုဆိုသည်။ သို့သော် မြန်မာအလုပ်သမားများမှာမူ Re-entry တံဆိပ်တုံးထုရမှန်းမသိကြသည့်အတွက် ပြန်ဝင်လာကြသည့်အခါ ၎င်းတို့ရှိပြီးသားဗီဇာများမှာ တရားမဝင်အဖြစ် အပယ်ခံရမှုများရှိနေသည်။

ထို့ကြောင့် နှစ်နိုင်ငံ တာဝန်ရှိသူများသည် ယာယီနိုင်ငံကူးထုတ်ပေးထားမှု၏ နောက်ကွယ်ဖြစ်ရပ်များ၏ လေ့လာမှုတွေ့ရှိမှုများ ဆန်းစစ်ကာ အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိကြရေး ရှင်းလင်းမြင်သာမှုရှိစွာ စိန်ခေါ်မှုအသစ်များကို ပူးပေါင်းဖြေရှင်းကြရဦးမည်ဖြစ်သည်။ ။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# အထူးစီးပွားရေးဇုန်များ၏စံပြမြို့ ရှန်ကျန်း

ရွှေနွယ်



ရှန်ကျန်း၏ အဓိပ္ပာယ်မှာ Deep Drains ဖြစ်သည်။ နက်သော ရေမြောင်းများဟု အဓိပ္ပာယ်ရသည်။

ရှန်ကျန်းသည် ဟောင်ကောင်ကျွန်း၏ မြောက်ဘက်၌ကပ်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ စီးပွားရေး တံခါးဖွင့်ဝါဒကြောင့် တံငါရွာငယ်လေးရှန်ကျန်းသည် ကမ္ဘာပေါ်တွင် အောင်မြင်မှုအရှိဆုံး အထူးစီးပွားရေးဇုန်တစ်ခုအဖြစ် ထင်ရှားလာသည်။ စင်စစ်ရှန်ကျန်းသည် တရုတ်ပြည်၏ ပထမဦးဆုံးသော အထူး စီးပွားရေးဇုန်လည်းဖြစ်သည်။

ယခုအခါ ရှန်ကျန်းတွင် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးပမာဏ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ(တစ်ဘီလီယံလျှင်သန်း ၁၀၀၀) ကျော်ရှိနေပြီဖြစ်၏။ နိုင်ငံတကာ သတင်းများက ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု အမြန်ဆုံးသော မြို့များတွင် ရှန်ကျန်းမြို့လည်း ပါဝင်သည်ဟု ရေးသားလာကြသည်။

ရှန်ကျန်းသည် အဆင့်မြင့်နည်းပညာကုမ္ပဏီကြီးများစွာ၏ ဗဟိုရုံးများ ရုံးစိုက်ရာမြို့ဖြစ်သည်။ ထို့အပြင် ဟောင်ကောင်နှင့် ရှန်ဟဲပြီးလျှင် ရှန်ကျန်းသည် ကွန်တိန်နာတင်ပို့မှု၌ တတိယနေရာယူထားသောမြို့လည်းဖြစ်သည်။

**သမိုင်းကြောင်း**

ရှန်ကျန်းသည် စီးပွားရေးအချက်အချာကျသော ဟောင်ကောင်နှင့်နီးသည်။ ထိုစဉ်က တရုတ်နိုင်ငံ၏ ခေါင်းဆောင် တိန့်ရှောင်ဖိန် က ရှန်ကျန်းအားအထူးစီးပွားရေးဇုန်အဖြစ်သတ်မှတ်ပြီး အကောင် အထည်ဖော်ရန် လမ်းညွှန်ခဲ့သည်။

အထူးစီးပွားရေးဇုန် (SEZ) ဟု စတင်ခဲ့စဉ်က တရုတ်နိုင်ငံ၏ စရိုက်လက္ခဏာများရှိသော ဆိုရှယ်လစ်စနစ်၏ ဦးဆောင်မှုဖြင့် ဈေးကွက်အရင်းရှင်စနစ်ကို ကျင့်သုံးဆောင်ရွက်မည့် စမ်းသပ်ဒေသအဖြစ် တီထွင်ခဲ့ကြခြင်းဖြစ်သည်။

ဟောင်ကောင်နှင့် ရှန်ကျန်းသည် နီးသည်။ ယဉ်ကျေးမှု (Culture) ချင်းလည်း တူသည်။ ထို့ကြောင့် ဟောင်ကောင်သို့ ရောက်သွားမည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment-FDI)များကို ရှန်ကျန်းသို့ လာရောက်ရင်းနှီးမြှုပ်နှံကြစေရန် ဆွဲဆောင်လိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်၏။

ရှန်ကျန်းနှင့်ပတ်သက်သည့် တီထွင်စမ်းသပ်ခဲ့သည့် အထူးစီးပွားရေးဇုန်ဆိုင်ရာ သဘောတရားမှာ အောင်မြင်ခဲ့ရာ နောင်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးတံခါးများကို တစ်ပေါက်ပြီး တစ်ပေါက်ဆက်တိုက်ဖွင့်ပေးရုံမျှသာမက တရုတ်နိုင်ငံ တစ်နိုင်ငံလုံး၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ပြုလုပ်ရေးအတွက်ပါ များစွာ အထောက်အကူပြုနိုင်ခဲ့သည်။ ရှန်ကျန်းအထူးစီးပွားဇုန်၏ အောင်မြင်မှုကြောင့် ရှန်ကျန်းသည် တရုတ်နိုင်ငံ ပုလဲမြစ်ဝှမ်းဒေသတွင် အကြီးမားဆုံးသော မြို့တော်ကြီးတစ်ခု ဖြစ်လာရုံမျှသာမက တရုတ်နိုင်ငံ၏ စီးပွားရေးမြို့တော်တစ်ခု၊ ကမ္ဘာ့အကြီးဆုံးစက်မှုကုန်ထုတ် အခြေစိုက် ဒေသတစ်ခုလည်း ဖြစ်လာသည်။

ရှန်ကျန်းသည် ယခင်က ကွမ်တုန်(Guangdong ) ပြည်နယ်၏ မြို့တစ်မြို့သာဖြစ်ခဲ့သည်။ သို့သော် ရှန်ကျန်းအထူးစီးပွားရေးဇုန်၏ အောင်မြင်မှုကြောင့် ၁၉၈၈ ခုနှိုဝင်ဘာလတွင် ပြည်နယ်အဆင့်ဖြင့် စီးပွားရေးအုပ်ချုပ်ခွင့်ရသောမြို့တစ်မြို့အဖြစ် ရှန်ကျန်းကို အဆင့်တိုးမြှင့် သတ်မှတ်ပေးခဲ့သည်။ တရုတ်နိုင်ငံ၏ အထူးစီးပွားရေးဇုန်ငါးခုတွင် ရှန်ကျန်းသည် ပထမဦးဆုံး အထူးစီးပွာရေးဇုန်အဖြစ်သတ်မှတ်ခံရသော ဒေသလည်းဖြစ်သည်။ ထို့အပြင် ရှန်ကျန်းသည် တရုတ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေး အောင်မြင်မှု၏ ပြယုဂ်လည်းဖြစ်သည်။

**ပထဝီ**

ရှန်ကျန်းကို ရောက်စဉ်က လမ်းကျယ်ကြီးများ၊ မိုးမျှော်တိုက်များ၊ သန့်ရှင်းသပ်ရပ်သော ရုံးများ၊ စက်ရုံများကို တွေ့ခဲ့ရသည်။ စင်စစ်ရှန်ကျန်းသည် တောင်ကုန်းပေါ်များရာ တံငါရွာတစ်ခုဘဝမှ အစပြုခဲ့သည်။

ရှန်ကျန်း၏ စည်ပင်သာယာနယ်နိမိတ်ဧရိယာမှာ ၇၉၀ စတုရန်းမိုင်ရှိသည်။ ၂၀၀၇ ခုနှစ်သန်းကောင်စာရင်းအရ ရှန်ကျန်း၏ လူဦးရေမှာ ၈ သန်း ၆ သိန်းကျော်ရှိသည်။ ထိုလူဦးရေအနက် နှစ်သန်းကျော်မှာ ရှန်ကျန်းမြို့၌ အမြဲတမ်းနေထိုင်ကြသူများဖြစ်ရာ ရွှေ့ပြောင်းလူဦးရေ ၆ သန်းမျှရှိသည့် စက်မှုစီးပွားရေးမြို့တစ်မြို့၏ အပြောင်းအလဲ မြန်ဆန်မှုကို ခန့်မှန်းကြည့်နိုင်ပါသည်။

ရှန်ကျန်းကို ရောက်ခဲ့စဉ်က မြို့တွင် တောင်ပေါ်ဒေသသုံးခုခန့်ရှိသည်ကို မှတ်သားခဲ့ရ၏။ ထိုဒေသများမှ တက်ကြည့်လျှင် တစ်မြို့လုံးကို အပေါ်စီးမှ လှပစွာခံစားကြည့်ရှုနိုင်သည်ဟု ဧည့်လမ်းညွှန်က ရှင်းပြခဲ့သည်။ သို့သော် ရှန်ကျန်း၌ ရှိသမျှတောင်များကို တစ်တောင်ပြီး တစ်တောင်ဖြိုချကာ လူနေတိုက်တာ အိမ်ခြေသစ်များ လျင်မြန်စွာတည်ဆောက်နေရာ ထိုတောင်ပေါ်နေရာများလည်း မကြာမီ ပျောက်ကွယ်သွားနိုင်သည်ဟု သိခဲ့ရသည်။

၁-၇-၂၀၁၀ ရက်တွင် ရှန်းစန့်အထူးစီးပွားရေးဇုန်၏ ဧရိယာသည် မူလအထူးစီးပွားရေးဇုန်ဧရိယာထက် ၅ ဆပိုကျယ်လာခဲ့သည်။ ရှန်ကျန်းရှိ ယန်တီယန် (Yantion)သည် ကွန်တိန်နာများတင်ပို့ရာ ရေနက်ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်ပြီး ကမ္ဘာ့စတုတ္ထအကြီးဆုံး ကွန်တိန်နာဆိပ်ကမ်းလည်း ဖြစ်သည်။ ထိုမြို့ကLogistics Support လုပ်ငန်းအတွက်ထင်ရှားသည်။

**လူဦးရေအခြေအနေ**

ရှန်ကျန်းကို အထူးစီးပွားရေးဇုန်ဟု သတ်မှတ်ပြီးကတည်းက ရှန်ကျန်း၏ လူဦးရေမှာ အဆမတန် တိုးပွားလာခဲ့သည်။ ၂၀၀၈ ခုနှစ် စာရင်းများအရ ရှန်ကျန်း၌ လူဦးရေ ၁၄ သန်းခန့်ရှိသည်ဟု သိရသည်။ သို့သော် ရှန်ကျန်းဒေသခံများက သူတို့ဒေသရှိ လူဦးရေမှာ ၁၄သန်းမကရှိနိုင်သည်ဟုဆို၏။

လူဦးရေ တစ်ဟုန်ထိုး တိုးတက်မှုနှင့်အတူ ပြဿနာတစ်ခုပါ တစ်ပါတည်း ပူးတွဲပါလာသည်။ ထိုပြဿနာမှာ Residency Permit ဟု အင်္ဂလိပ်လိုခေါ်ပြီး တရုတ်လို Hukou ဟုခေါ်သည့် နေထိုင်ခွင့်ပါမစ် ကိစ္စဖြစ်သည်။ ရှန်ကျန်း၌ နေထိုင်ခွင့်ပါမစ်မရှိဘဲ နေနိုင်သူ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်။

ရှန်ကျန်းက အထူးစီးပွားရေးဇုန်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံ ဒေသအနှံ့ကလူများရှန်ကျန်းသို့ လာရောက်အလုပ်လုပ်ကြသည်။ ထိုအခါဒေသခံတို့အတွက် အရည်အချင်းမရှိလျှင် ပြိုင်၍မရနိုင်တော့။

ရှန်ကျန်း၌ နေ့စဉ်ကာလအတွင်း ဧည့်လမ်းညွှန်၏ အသက်ကို မေးမိသည်။ ထိုစဉ်က သူမအသက်မှာ ၂၄ နှစ်မျှသာရှိသေးသည်။ နောင် ၂ နှစ်လောက်ဆိုကျွန်မက ရှန်ကျန်း "စံ"အရ "အို" သွားပြီ။ အလုပ်မရနိုင်တော့ဘူးဟု ဆိုသည်။ ကောက်ယူထားသော စစ်တမ်းများအရ ရှန်ကျန်းမြို့သားများ၏ ပျမ်းမျှ အသက်မှာ ၃၀ နှစ်အောက်ဖြစ်၏။ ရှန်ကျန်းမြို့သားများ၏ ၈ ဒသမ ၄၉ ရာခိုင်နှုန်းမှာ အသက် ၁ နှစ်မှ ၁၄ နှစ်အတွင်းရှိကြသည်။ အသက် ၁၅ နှစ်မှ ၅၉ နှစ်အတွင်းရှိ လူဦးရေမှာ ၈၈ ဒသမ ၄၁ ရာခိုင်နှုန်းရှိသည်။ လူဦးရေ၏ ၂၀ ရာခိုင်နှုန်းမှာ အသက် ၂၀ မှ ၂၄ နှစ်အတွင်းရှိကာ လူဦးရေ၏ ၁ ဒသမ ၂၂ ရာခိုင်နှုန်းမှာ အသက် ၆၅ နှစ်အထက်၌ ရှိကြသည်။

ရှန်ကျန်း၌ အလုပ်လုပ်နေကြသူများကိုကြည့်လျှင် အစွန်းတရားနှစ်ခုကို တွေ့ရ၏။ တစ်ဖက်၌ အဆင့်မြင့်ပညာတတ် လုပ်သားများစွာရှိပြီး အခြားတစ်ဖက်၌ ပညာရည်ချို့တဲ့သော ရွှေ့ပြောင်းလုပ်သားများစွာကို တွေ့ရ၏။ ၂၀၀၇ ခုနှစ် ဇွန်လ စာရင်းများအရ တရုတ်နိုင်ငံ၏ ဒေါက်တာ၊ ပါရဂူ Ph.D ဘွဲ့ရများ၏ ၂၀ ရာခိုင်နှုန်းသည် ရှန်ကျန်း၌ အလုပ်လုပ်နေကြကြောင်း သိရ၏။

**စီးပွားရေး**

၂၀၀၉ ခုနှစ်တွင် ရှန်ကျန်းအထူးစီးပွားရေးဇုန်၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးမှာ ယွမ်ငွေဘီလီယံပေါင်း ၈၂၀ ဒသမ ၁ ဘီလီယံရှိခဲ့သည်။ ထိုကာလ ရှန်ကျန်းနေ ပြည်သူတစ်ဦး၏ တစ်နှစ်ပျမ်းမျှဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၃,၅၈၁ ဒေါ်လာဖြစ်သည်။

ရှန်ကျန်း အထူးစီးပွားရေးဇုန်ဒေသ၏ ကဏ္ဍအလိုက် ထုတ်လုပ်မှုအချိုးအစားကို လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍအဖြစ် ခွဲ၍ကြည့်ပါက ၀ ဒသမ ၁ း ၄၆ ဒသမ ၇ း ၅၃ ဒသမ ၂ရှိသည်။ ထို့ကြောင့် ရှန်ကျန်း၌လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုမှာ တစ်ရာခိုင်နှုန်းပင်မရှိဘဲ ဝန်ဆောင်မှုမှာ အများဆုံးဖြစ်နေသည်။

၁၉၉၀ ခုနှစ်များအတွင်းက ရှန်ကျန်း၌ တစ်ရက်လျှင် မိုးမျှော်တိုက်ကြီး တစ်လုံးပေါ်ထွန်းလာပြီး သုံးရက်လျှင် လမ်းမကျယ်ကြီးတစ်လမ်းဆောက်လုပ်ပြီးစီးသည်ဟု ဆိုစမှတ်ပြုခဲ့ကြသည်။ ရှန်းစန့်မြို့၌ မီတာ ၂၀၀ အထက်မြင့် မိုးထိတိုက်ပေါင်း ၁၃ ခုရှိသည်။

တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာကုမ္ပဏီများအနက်နာ မည်ကြီးကုမ္ပဏီများဖြစ်သည့် BYD, Dingoo, G'Five, Hasee, Huawei, JXD, Konka, Netac, Skyworth, Tencent နှင့် ZTE အစရှိသည့် ကုမ္ပဏီအားလုံးသည် ရှန်ကျန်းဒေသ၌ ရုံးချုပ်များထားရှိဆောင်ရွက်နေကြသည်။

ရှန်ကျန်းဒေသအရ စီးပွားရေးအရထုတ်လုပ်မှုတန်ဖိုးမှာ တရုတ်နိုင်ငံတွင်း၌ စတုတ္ထနေရာ၌ ရှိသည်။ ဘေဂျင်း၊ ရှန်ဟဲနှင့် ကွမ်ကျိုးဒေသများက မြို့အလိုက် ထုတ်လုပ်မှု၌ ပထမ၊ ဒုတိယနှင့် တတိယနေရာများကို ရယူထားကြသည်။ သို့သော် ၂၀၀၉ ခုနှစ်တွင် ရှန်ကျန်းမြို့သားတစ်ဦး၏ တစ်နှစ်ပျမ်းမျှဝင်ငွေမှာ ယွမ်ငွေ ၉၂,၇၇၁ (အမေရိကန်ဒေါ်လာ ၁၃,၅၈၁) ဖြစ်ရာ တရုတ်နိုင်ငံမြို့ကြီးများအနက် အချမ်းသာဆုံး ဝင်ငွေရသော မြို့တစ်မြို့ဖြစ်လာသည်။

၁-၇-၂၀၁၀ တွင် ရှန်ကျန်းအထူးစီးပွားရေးဇုန်၏ ဧရိယာနယ်နိမိတ်ကို ၁၅၃ စတုရန်းမိုင်မှ ၇၅၄ စတုရန်းမိုင်သို့ ပြင်ဆင်သတ်မှတ်ခဲ့သလို ရှန်ကျန်းဒေသအတွင်းသို့ ဝင်ခွင့်ဗီဇာကန့်သတ်ချက်များကိုလည်း လျှော့ပေါ့ပေးခဲ့သည်။

**စတော့အိတ်ချိန်း**

ရှန်ကျန်း၌ စတော့ရှယ်ယာအရောင်းအဝယ်လုပ်သော စတော့အိတ်ချိန်း (Shenzen Stock Exchange-Szse)ရှိသည်။ Szse တွင် စာရင်းဝင်ကုမ္ပဏီပေါင်း ၅၄၀၊ မှတ်ပုံတင်ရင်းနှီးမြှုပ်နှံသူပေါင်း ၃၅ သန်းနှင့် စတော့အိတ်ချိန်းအဖွဲ့ဝင်ပေါင်း ၁၇၇ ဦးရှိသည်။ SZSE ကို ၁၉၉၀ ခုနှစ်မှ စတင်ထူထောင်ခဲ့ရာ ဈေးကွက်အရင်းအနှီးလည်ပတ်မှုမှာ အမေရိကန်ဒေါ်လာ ၁၂၂ ဘီလီယံရှိပြီး နေ့စဉ် အကြိမ်ပေါင်း ၆ သိန်းမျှ စတော့ရှယ်ရာ အရောင်းအဝယ်ဖြစ်နေရာ အရောင်းအဝယ်ဖြစ်မှုပမာဏမှာ ဒေါ်လာသန်း ၈၀၀ ကျော်ရှိကြောင်း သိရ၏။

**ရှန်ကျန်း၊ ဟောင်ကောင် ဆက်စပ်မှု**

ရှန်ကျန်းနှင့် ဟောင်ကောင်တို့သည် စီးပွားရေးအရ အထူးတလည် ဆက်စပ်နေကြသည်။ ထိုမြို့နှစ်ခုကြား နယ်စပ်ဖြတ်ကျော်သည့်ဂိတ်ခြောက်ခုရှိသည်။ ၂၀၀၆ ခုနှစ်က ရှန်ကျန်းနှင့် ဟောင်ကောင်ကြား နေ့စဉ်ကားပေါင်း ၂၀ မှ ၅၀၀ မျှ အပြန်ပြန် အလှန်လှန် ဝင်ထွက်ကူးလူးသွားလာနေကြသည်။ ထိုကားများအနက် ၆၅ ရာခိုင်နှုန်းသော ကားများမှာ ကုန်တင်ကားကြီးများဖြစ်ကြသည်။

ရှန်ကျန်းနှင့် ဟောင်ကောင်နှစ်မြို့ကြား ကုန်သွယ်မှုမှာ ၂၀၀၆ ခုနှစ် စာရင်းများအရ အမေရိကန်ဒေါ်လာ ၃၃၃ ဘီလီယံဖိုးရှိသောသွင်းကုန်များကို ရှန်ကျန်းကဟောင်ကောင်မှ တင်သွင်းယူခဲ့ပြီး ၂၉၈ ဘီလီယံဖိုး ဟောင်ကောင်သို့ ပြန်လည်တင်ပို့ခဲ့ကြောင်း သိရသည်။ ရှန်ကျန်းနှင့် ဟောင်ကောင်နှစ်မြို့ကြား ခရီးသည်ဖြတ်သန်းသွားလာမှုမှာ နေ့စဉ်ခရီးသည်ဦးရေ နှစ်သိန်းမျှရှိရာ အများစု ၆၃ ရာခိုင်နှုန်းမှာ ရထားလမ်းကို အသုံးပြုကြသည်။

ဟောင်ကောင်မှ ရှန်ကျန်းသို့ လာရောက်လည်ပတ်ကြသူ အများစု၏ ရည်ရွယ်ချက်မှာ ဈေးဝယ် (Shopping)ဖို့ ဖြစ်သည်။ ရှန်းစန့်က ဟောင်ကောင်ထက်များစွာဈေးချိုသည်။ ထို့အပြင် ရှန်းစန့်တွင် Second Wives Village ဒုတိယမယားရွာလည်းရှိ ထိုရွာ၌ ဟောင်ကောင်သားတို့ ကျက်စားကြသည်ဟု သိရ၏။

**သယ်ယူပို့ဆောင်ရေး**

ရှန်ကျန်းမြို့သို့ လေလမ်း၊ ရေလမ်း၊ ရထားလမ်း၊ ကားလမ်းတို့ဖြင့် ရောက်ရှိနိုင်သည်။ ရှန်ကျန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် ပြည်တွင်း၊ ပြည်ပသို့ သွားရောက်နိုင်သည်။ ထို့အပြင် ရှန်ကျန်းဘူတာရုံကြီးမှတစ်ဆင့် ကွမ်ကျိုးမြို့ကိုလည်း သွားနိုင်သလို တရုတ်နိုင်ငံ အရပ်ရပ်သို့ ခရီးရှည်ရထား စီးသွား၍လည်း ရနိုင်သည်။ ဟောင်ကောင်မှ ရှန်းစန့်သို့ ရထားဖြင့်လာလျှင် ၄၃ မိနစ်မှ ၄၅ မိနစ်ကြာသာ ကြာသည်။ ရထားထွက်ချိန်ကလည်း ၆ မိနစ် သို့မဟုတ် ၈ မိနစ်လျှင် ရထားတစ်စင်းကျထွက်ပေးသည်။

ရှန်ကျန်းဒေသအတွင်း သွားရောက်လိုပါက တက္ကစီကားကို အသုံးပြု၍လည်း သွားနိုင်သည်။ ထူးခြားသည့် အချက်မှာ တက္ကစီကား နံပါတ်ပြားအရောင် သုံးမျိုးကွဲနေခြင်းဖြစ်၏။ အနီရောင် နံပါတ်ပြားရှိ တက္ကစီများသည် ရှန်ကျန်းဒေသအတွင်း မည်သည့်နေရာသို့ မဆိုသွားနိုင်သည်။ အစိမ်းရောင် နံပါတ်ပါတက္ကစီများသည် ရှန်ကျန်း SEZ အပြင် ဒေသအတွင်း၌သာ မောင်းနှင်ခွင့်ရှိပြီး အဝါရောင်နံပါတ်ပြားပါ တက္ကစီများသည် ရှန်ကျန်း SEZ အတွင်း၌သာ မောင်းနှင်ခွင့်ရှိ၏။

ရှန်ကျန်း၏ တိုးတက်မှုက မယုံနိုင်စရာပင် ဖြစ်သည်။ သို့သော် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၏ အခြားဘက် တစ်မျက်နှာ၌ ပေးဆပ်ရသော စရိတ်စကများရှိလာသည်။ ထိုစရိတ်စကများအနက်ရှန်ကျန်း၏ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာခြင်းက အဓိကဖြစ်သည်။ ဤအချက်ကို မပြုပြင်နိုင်ခဲ့လျှင် ရှန်ကျန်း၏ရှေ့ရေးရင်လေးစရာဟု ဆိုကြသည်။

အထူး စီးပွားရေးဇုန် ထူထောင်ကြရာတွင် ရှန်ကျန်းပုံစံကို နမူနာယူပြီး ဆောင်ရွက်ကြသည်ဟု ဆိုကြသည်။ သို့သော်ရှန်ကျန်းက ရှန်ကျန်းသာဖြစ်သည်။ ရှန်ကျန်းအတိုင်း လိုက်လုပ်လို့အောင်မြင်မည်ဟု မည်သူကမျှ အာမမခံနိုင်။

ရှန်ကျန်းက ရေနက်ဆိပ်ကမ်းရှိသည်။ လမ်း၊ ရေ၊ မီး၊ ဆက်သွယ်ရေးစသည့် ကျောထောက်နောက်ခံ အဆောက်အအုံကောင်းသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် အချက်အချာကျသည့် ဟောင်ကောင်နှင့် နီးကပ်စွာ ဆက်စပ်နေသည်။ တရုတ်နိုင်ငံ တစ်နိုင်ငံလုံးမှ လုပ်သားများကို လုပ်အားခဈေးပေါပေါဖြင့် ရယူနိုင်သည်။ တစ်နိုင်ငံလုံးက အလုပ်သမားများက ရှန်ကျန်းသို့ ရထားလမ်း၊ ကားလမ်း၊ လေကြောင်းလမ်းတို့ဖြင့် လွယ်လင့်တကူလာနိုင်သည်။ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ လွယ်လင့်တကူဝင်လာနိုင်အောင် စီမံဖန်တီးပေးထားသည်။

ရှန်ကျန်းလမ်းကြောင်းကိုလိုက်ခဲ့သည့် အထူးစီးပွားရေးဇုန်များ မည်မျှအထိ အောင်မြင်ခဲ့ပါသနည်း။ မည်သည့် အခက်အခဲများကို ရင်ဆိုင်ခဲ့ရပါသနည်း။ မည်ကဲ့သို့ ကျော်လွှားခဲ့ပါသနည်း။ မည်သည့်အတိုင်းအတာအထိ အောင်မြင်ခဲ့ကြပါသနည်း။ ရှန်ကျန်းနှင့်ထားဝယ်မြို့တို့ မည်သည့်နေရာ၌ တူပါသနည်း။ မည်သည့်နေရာ၌ ခြားနားချက်များရှိပါသနည်း။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.2 • MARCH 17, 2011

## လာဘ်ပေးလာဘ်ယူ ပြုလုပ်သူများကို ထိရောက်စွာ အရေးယူတော့မည်ဟုဆို

**အားမာန်**

**ရန်ကုန်၊ မတ် - ၁၁**

လာဘ်ပေးလာဘ်ယူ ပြုလုပ်သော ဝန်ထမ်းများနှင့် ပြည်သူများကို တာဝန်ရှိသူများအား အသိပေး တိုင်ကြားနိုင်ရန် ဌာနများ သတ်မှတ်ခြင်း၊ တိုင်ကြားစေခြင်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားတော့မည် ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနဝန်ကြီးဦးလှထွန်း ကပြောကြားသည်။

မတ်လ ၁၀ ရက်က ပြုလုပ်ခဲ့သော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လဲချားမဲဆန္ဒနယ်မှ စိုင်းမောင်တင်က "လာဘ်ပေး လာဘ်ယူ ကိစ္စရပ်များကို ပြည်သူများက လုံးဝမနှစ်သက်ကြပါကြောင်း၊ ထိုကိစ္စများ ဖြစ်ပေါ်နေခြင်းမှာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရရှိသည့်လစာနှင့် မိသားစုအသုံးစရိတ် မမျှတ မဖူလုံခြင်းသည်လည်း အကြောင်းအရင်းတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သို့ပါ၍ နိုင်ငံတော်အစိုးရသစ်က ဝန်ထမ်းများကို လစာတိုးပေးပြီး နောက်နောင်ထိုကိစ္စများလျော့နည်း ပပျောက်သွားစေရန် ပြည်သူလူထုနှင့်အတူ မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း" အမေးကို ဝန်ကြီးဦးလှထွန်းက ပြန်လည်ဖြေကြားစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း မတ်လ ၁၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

"ဝန်ထမ်းများ လာဘ်ပေး လာဘ်ယူ ကိစ္စရပ်များ လျော့နည်းပပျောက်စေရန်အတွက် လစာတိုးပေးခြင်း နည်းလမ်းတစ်ခုတည်းဆောင်ရွက်ရုံဖြင့် မလုံလောက်နိုင်ပါကြောင်း ၊ ဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းသည် ဝန်ထမ်းတစ်ဦးခြင်းအနေဖြင့် လည်းကောင်း၊ ဌာနအနေဖြင့်လည်းကောင်း၊ နိုင်ငံတော်အနေဖြင့် လည်းကောင်း ဂုဏ်သိက္ခာညှိုးနွမ်းစေကြောင်း၊ ပညာပေးခြင်းနှင့် လာဘ်ပေး လာဘ်ယူ ပြုလုပ်ခြင်းကို ဖော်ထုတ်တွေ့ရှိပါက ထိရောက်စွာ အပြစ်ပေး အရေးယူခြင်းတို့ကို ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် ပြည်သူလူထုအနေဖြင့်လည်း ဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူမပြုရအောင် ပူးပေါင်းဆောင်ရွက်ကြရန် အသိပေးနှိုးဆော်ခြင်းတို့ကို ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ထို့အပြင် လာဘ်ပေး လာဘ်ယူ ပြုလုပ်သူ ဝန်ထမ်းကိုသော်လည်းကောင်း၊ ပြည်သူကိုသော်လည်းကောင်း၊ တာဝန်ရှိသူများအား အသိပေးတိုင်ကြားနိုင်ရန်ဌာနများ သတ်မှတ်ပေးခြင်း၊ တိုင်ကြားစေခြင်း နည်းလမ်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း" ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးက စိုင်းမောင်တင်၏ အမေးကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

အစိုးရဝန်ထမ်းများအတွက် ရရှိသည့်လစာနှင့် မိသားစုအသုံးစရိတ်မျှတရန် ၁၉၄၈ ခုနှစ်လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်း ခေတ်အဆက်ဆက်တွင် ပြင်ဆင်တိုးမြှင့်ထောက်ပံ့ပေးခဲ့သည်ဟု ဆိုသည်။ ၁၉၉၈ ခုနှစ် နောက်ပိုင်းတွင် ၁၉၈၉၊ ၁၉၉၃၊ ၂၀၀၀၊ ၂၀၀၆၊ ၂၀၁၀ ပြည့်နှစ်တို့တွင် ဝန်ထမ်းလစာများ တိုးမြှင့်ပေးခဲ့ကြောင်း ဦးလှထွန်းက ဆက်လက်ပြောကြားသည်။ ထို့ကြောင့် ၁၉၉၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ၄၊ ၅၊ ၆ နှစ်အကြာတွင် တစ်ကြိမ်နှုန်းဖြင့် လစာတိုးပေးနေသည်ဟု နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြထားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာပင် ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် သန့်ရှင်းသော အစိုးရ- Clean Government တည်ထောင်ရေးကို စတင်အကောင်အထည်ဖော်ခဲ့ဖူးသည်။ သန့်ရှင်းသော အစိုးရစတင်တည်ထောင်ရေး စတင်ကျင့်သုံးသည့် အနေဖြင့် ဝန်ကြီးဌာနတစ်ခုချင်းစီက မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ စီမံဆောင်ရွက်ပုံများနှင့် ပတ်သက်၍ ပြည်သူများက မကျေနပ်ပါက ဝန်ကြီးသို့တိုက်ရိုက်ဆက်သွယ် တိုင်ကြားနိုင်ကြောင်း ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။ ဝန်ကြီးဌာနတစ်ခုချင်းဆီမှ ကြေညာချက်များလည်း နိုင်ငံပိုင်သတင်းစာများတွင်ဆက်တိုက်ပါဝင်လာသည်ကို တွေ့ရသည်။

## ကျပ်သန်း ၉၀၀၀ ကျော် အကုန်ကျခံတည်ဆောက်ထားသော ရန်ကင်းကလေးဆေးရုံ ဖွင့်လှစ်

**အေးမြကျော်**

**ရန်ကုန်၊ မတ်- ၁၃**




သတ္တုတွင်းဝန်ကြီးဌာနအဆောက်အအုံဟောင်းကို ကျပ်သန်းပေါင်း ၉,၀၀၀ ကျော် အကုန်အကျခံ ပြန်လည်မွမ်းမံထားသော ရန်ကင်းကလေးဆေးရုံကို မက်စ်မြန်မာကုမ္ပဏီက နိုင်ငံပိုင်ဆေးရုံအဖြစ် မတ်လ ၁၃ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဒုတိယမြောက်ကလေးဆေးရုံဖြစ်လာမည့် ရန်ကင်းကလေးဆေးရုံကို တစ်နှစ်ကြာအချိန်ယူမွမ်းမံခဲ့ပြီး ဆေးရုံပစ္စည်းအပြည့်အစုံဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကင်းမြို့နယ်၊ သစ္စာလမ်းတွင်ရှိသော အဆိုပါရန်ကင်းဆေးရုံမှာ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံဖြစ်ပြီး မကြာမီလုပ်ငန်းစတင်ကာ ကလေးငယ်များကိုကုသပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ သတ္တုတွင်းဝန်ကြီးဌာနအဆောက်အအုံဟောင်းများကို ဆေးရုံပင်မဆောင် ၂ ဆောင် အပါအဝင် ဆေးကုသဆောင်များအဖြစ်အသွင်ပြောင်းကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဆေးရုံမှာမြေဧရိယာ ၉ ဒသမ ၅ ဧကကျယ်ဝန်းပြီး ကလေးဦးရေ ၅၅၀ အထိ လက်ခံကုသပေးနိုင်မည်ဖြစ်ကာ အထူးသီးသန့်ခန်း ၄ ခန်းနှင့် သီးသန့်ခန်း ၂၅ ခန်းပါဝင်ကြောင်း သိရသည်။ ရန်ကင်းကလေးဆေးရုံကို မတ်လ ၁၃ ရက်က ဆေးရုံစာရွက်စာတမ်းများကိုမက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆေးရုံရေရှည်တည်တံ့ရေးအတွက်လည်း မက်စ်မြန်မာကုမ္ပဏီက အလှူငွေများရှာဖွေပေးခဲ့ပြီး ဖွင့်လှစ်သည့်နေ့တွင်ပင်အလှူရှင်များ၏ ထည့်ဝင်မှုဖြင့်အလှူငွေပေါင်း ကျပ်သိန်း ၇,၂၇၃ ကျော် ရရှိခဲ့သည်။

ယင်းဆေးရုံကိုပင် ရန်ကုန်ဆေးတက္ကသိုလ်(၂)၏ သင်ကြားရေးဆေးရုံအဖြစ် အသုံးပြုသွားမည်ဖြစ်ပြီး ကလေးအထူးကုဘွဲ့လွန်သင်တန်းသားများ၊ ဘွဲ့ကြိုဆေးကျောင်းသားများဆေးပညာသင်ကြားရေးအတွက်လည်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကင်းကလေးဆေးရုံ ကို ၂၀၁၀ ခုနှစ်ဖေဖော်ဝါရီလတွင် စီမံကိန်းစတင်ခဲ့ပြီး မတ်လ ၁၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

## နာမည်ကြီးနေသော အက်ဆစ်မိုးနှင့်ပတ်သက်၍ ဒေါက်တာထွန်းလွင်၏ ရှင်းလင်းချက်

ရန်ကုန်၊ မတ် - ၁၅

ငလျင်နှင့်ဆူနာမီဒဏ်ခံခဲ့ရသော ဂျပန်နိုင်ငံ၊ဖူကူရှီးမားဒေသရှိ နျူကလီးယားစက်ရုံ ပေါက်ကွဲမှုများဖြစ်ပွားခြင်းနှင့် ဆက်စပ်ပြီး မြန်မာနိုင်ငံတွင်ပါ အက်ဆစ်မိုးများရွာသွန်းနိုင်ပြီး မိုးရေမချိုးကြရန်၊ မိုးရေမထိမှန်အောင်ဂရုစိုက်ကြရန် လူပြောများနေသော်လည်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ယခုအချိန်ထိမြန်မာနိုင်ငံကို သက်ရောက်ရန်အခြေအနေလုံးဝမရှိသလောက်ဖြစ်ကြောင်း ယင်း၏ဝက်ဘ်ဆိုက်တွင် ရှင်းလင်းပြောကြားထားသည်။

ဒေါက်တာထွန်းလွင်က နျူကလီးယားစက်ရုံပေါက်ကွဲမှုများမှ ရေဒီယိုသတ္တိကြွဓာတ်များယိုစိမ့်ခြင်းမှာ အလွန်အန္တရာယ်ကြီးမားသော်လည်း အများအားဖြင့် ယင်းဒေသတွင်းမှာသာ စိုးရိမ်ရပြီး လက်ရှိအခြေအနေတွင် ဂျပန်နိုင်ငံမှာပင် Radiation level (ရေဒီယိုသတိကြွမှုအဆင့်)မှာအန္တရာယ်အဆင့် မရှိသေးဘဲစောင့်ကြည့်နေဆဲဖြစ်သည်ဟု ဒေါက်တာထွန်းလွင်ကပြောသည်။

"Nuclear Plant တွေဟာ ဂျပန်နိုင်ငံရဲ့ အရှေ့မြောက်ပိုင်းမှာ ရှိနေပြီး၊ အဲဒီနေရာနဲ့က အနီးဆုံးနိုင်ငံဟာ ရုရှားနိုင်ငံအရှေ့ဖက်အစွန်းဒေသဖြစ်ပါတယ်။ အဲဒီမှာလည်း Radio activity level ဟာ အခုအထိ ပုံမှန်ရဲ့အောက်မှာပဲ ရှိနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် alert တော့လုပ်ထားပါတယ်။ ဒါပေမယ့် ထိခိုက်မှုကတော့ အနည်းဆုံးသာဖြစ်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ Nuclear Plant က Nuclear Bomb လို ပေါက်ကွဲမှာ မဟုတ်ပါဘူး။ ဓါတ်ငွေ့တွေ ယိုစိမ့်လာပြီး လူတွေကို ဓါတ်ရောင်ခြည်သင့်စေမှာကိုသာ စိုးရိမ်ရတာဖြစ်ပါတယ်။ လောလောဆယ် ဂျပန်အပေါ်မှာ တိုက်ခတ်နေတဲ့ လေတွေဟာ အားကောင်းတဲ့ အနောက်လေစီးကြောင်းတွေသာ ဖြစ်တဲ့ရေဒီယို သတ္တိကြွဓါတ်တွေဟာ ဂျပန်ရဲ့ အရှေ့ဖက်ပစိဖိတ် သမုဒ္ဒယာ ထဲကိုသာရွေ့စေမှာဖြစ်ပါတယ်။ ဒီတော့ ယခုအချိန်အထိ မြန်မာနိုင်ငံမှာ ဘာမှစိုးရိမ်စရာမရှိတဲ့အပြင် မြန်မာနိုင်ငံကို အကျိုးသက်ရောက်ဖို့ အခြေအနေအလွန်နည်း (လုံးဝမရှိသလောက်)ပါဗျာ"ဟု ဒေါက်တာထွန်းလွင်က ၎င်း၏ ဝက်ဘ်ဆိုက်တွင် အကျယ်တဝင့် ရှင်းလင်းပြောကြားထားသည်။

သို့သော် မတ်လ ၁၄ရက်မှစ၍ အက်ဆစ်မိုးရွာသွန်းမည်ဆိုသော ကောလာဟလများ လူထုအတွင်း ဆက်တိုက်ထွက်ပေါ်နေသည်။ ထိုအကြောင်းနှင့် မှန်တိုင်းလာမည်ဆိုသည်မှာ ဟုတ်ပါသလားဆိုသော မေးမြန်းစုံစမ်းမှုများကိုသာ ဆက်တိုက်ဖြေကြားပေးနေရကြောင်းလည်း ဒေါက်တာထွန်းလွင်ကပြောသည်။

## ကျန်းမာရေးစောင့်ရှောက်မှုအတွက် ၂၀၀၉-၁၀ တွင် ကျပ်သန်း ၆၄၀၀၀ ကျော်အသုံးပြု

**အေးမြကျော်**

**ရန်ကုန်၊ မတ် - ၁၃**

ကုန်လွန်ခဲ့သော ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် ကျပ် ၆၄၀၀၀ သန်းကျော် သုံးစွဲခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်က ရန်ကင်းကလေးဆေးရုံဖွင့်ပွဲတွင်ပြောကြားခဲ့သည်။

ယခုဆိုလျှင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မတ်လ ၁၃ရက်က ဖွင့်လှစ်လိုက်သော ရန်ကင်းကလေးဆေးရုံအပါအဝင် အဆင့်မြင့်ပြည်သူ့ဆေးရုံပေါင်း ၈၁ ခု အထိရှိလာပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ယခင်ထက် ပိုမိုပေးလာနိုင်ပြီဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်ချထားပေးရာတွင် ကျန်းမာရေးကဏ္ဍအတွက် ကျပ်သန်းပေါင်း ၆၅၀၀၀ ကျော် ချထားပေးသည်ကို တွေ့ရသည်။

အဆိုပါရန်ကင်းကလေးဆေးရုံဖွင့်ပွဲမှာပင် ရန်ကုန်တိုင်းဒေသကြီး တိုင်းမှူးဗိုလ်မှူးချုပ်ထွန်းသန်းကလည်း ပြီးခဲ့သော သွေးလွန်တုပ်ကွေးရာသီတွင် ရန်ကုန်ကလေးဆေးရုံကြီး၌ ကလေး အတွင်းလူနာပေါင်း ၈၀၀ ဦးအထိ လက်ခံကုသပေးခဲ့ရကြောင်း ၎င်း၏အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

OPINION

# မကုန်နိုင်သော သင်ခန်းစာများ

အားမာန်ရေးသား၍ဗိုလ်ဗိုလ်ဝင်းပွဲပိုးသည်



လန်ဒန်အိုလံပစ်ခြေစစ်ပွဲပြုတ်၍ ဘောလုံးကွင်းမှ ပြန်ထွက်လာသော နည်းပြချုပ်နှင့် ကစားသမားများ ဓာတ်ပုံ - အောင်အောင်

ပရိသတ်ကို ရှိန်နေသော အိန္ဒိယအိုလံပစ်အသင်းအား အနိုင်ယူနိုင်လောက်သော ခြေစွမ်းရှိသော်လည်း မြန်မာအသင်းက သရေသာ ကစားနိုင်ခဲ့သည်။ ထိုရလဒ်ကြောင့် အိုလံပစ်ခြေစစ်ပွဲမှ ထွက်ခဲ့ရသည်။ ခြေစွမ်းသာသော်လည်း အနိုင်မရခဲ့ဘဲ ခြေစစ်ပွဲပြုတ်ခဲ့၍ ထုံးစံအတိုင်း အားပေးမိသော မြန်မာပရိသတ်ကြီး ကြေကွဲရပြန်သည်။

အရှုံးတိုင်းတွင် သင်ခန်းစာယူစရာများ ကျန်သည်ဟုဆိုသော်လည်း မြန်မာဘောလုံးအသင်းအတွက် သင်ခန်းစာများက မကုန်နိုင်အောင် ရှိနေခြင်းက ပရိသတ်များအတွက် စိတ်ပျက်စရာဖြစ်သည်။ မတ်လ ၉ ရက်၊ သုဝဏ္ဏကွင်းမြက်ခင်းစိမ်းပေါ် ယှဉ်ပြိုင်ခဲ့သော မြန်မာနှင့်အိန္ဒိယ အိုလံပစ်အသင်း ခြေစစ်ပွဲရလဒ်ကို မြန်မာအသင်း၏ ခြေစွမ်းကြောင့်နည်းပြချုပ်က ကျေနပ်သည်ဆိုသော်လည်း အားနည်းချက်များစွာတွေ့ရသည်။




၂၀၁၀ ဆူဇူကီးပြိုင်ပွဲတွင် ရှပ်ပျက်ဆင်းပျက် ရှုံးနိမ့်ခဲ့သော လက်ရွေးစင်အသင်းကြီးမှ ကျော်ဇင်ထက်၊ မိုင်းအိုက်နိုင်၊ ကျော်ကိုကို၊ ရန်ဝင်းအောင်၊ ဉာဏလွင်တို့ကိုသာ အိုလံပစ်အသင်းတွင်ခေါ်ယူပြီး လူငယ်အများစုကို ပွဲထုတ်ခဲ့ခြင်းကိုတော့ အသိအမှတ်ပြုမိသည်။ လေ့ကျင့်ချိန်နည်းသည်ဆိုသော မြန်မာအသင်းမှာ အိမ်ကွင်းတွင်အိန္ဒိယအသင်း ထက်ခြေသာသော်လည်း အနိုင်မရခဲ့။ အသင်းလိုက်ကစားပုံ မကောင်းခြင်း၊ ကစားသမားအချို့၏ မရင့်ကျက်ခြင်း၊ အဆုံးသတ် ညံ့ဖျင်းခြင်း၊ နည်းပြ၏ ဆုံးဖြတ်ချက်အားနည်းမှုများကြောင့် ခြေစစ်ပွဲမှ ထွက်ခဲ့ရခြင်းဖြစ်သည်။

၆၃ မိနစ်တွင် လူစားဝင်လာသော ကျော်ကိုကိုက ပြစ်ဒဏ်ဘောမှ ဝေ့ဝိုက်၍ မော်ဆန်သော ဂိုးကို သွင်း၍ သူရဲကောင်းဖြစ်ပြီး စက္ကန့်ပိုင်းအတွင်းမှာပင် အကျီချွတ်အောင်ပွဲခံ၍ ၂ ဝါ တစ်နီဖြင့်အထုတ်ခံရကာ ဗီလိန်ဘဝရောက်သွားသည်။ ပထမအဝါကတ်ပြထားသည်ကို မသိရှိဘဲ ဂိုးသွင်းနိုင်သောကြောင့် အပျော်လွန်၍ အကျီချွတ်အောင်ပွဲခံမိပါသည်ဟု ကျော်ကိုကိုကဆိုသော်လည်း သူ၏ တဒင်္ဂစိတ်အလိုလိုက်မှုက မြန်မာအသင်းကို အထိနာစေခဲ့သည်။

ကျော်ကိုကိုအား ပထမအဝါကတ်ပြသည်ကို ကွင်းအတွင်းရှိကစားသမားများအပြင် မြန်မာအသင်းနည်းပြချုပ် ဇီဗာဒီနိုဗစ်ကိုယ်တိုင် မသိဟု ဆိုသည်။ မိမိအသင်းအား အဝါကတ်ပြသည်ကို မည်သူ့ကိုပြမှန်းမသိဘဲ ခပ်တည်တည်နှင့် ဘောလုံးဆက်ကစားသော မြန်မာအိုလံပစ်အသင်းအတွက် သင်ယူစရာများစွာ ကျန်ပါလိမ့်ဦးမည်။

နည်းပြချုပ် အသစ်၏ လက်ထက်တွင်စည်းကမ်းများစွာ ကောင်းမွန်လာသည်ဟုဆိုသော်လည်း မိနစ် ၄၀ တွင်ဘောလုံးယှဉ်လုရင်း ပြိုင်ဘက်ကစားသမားအား လက်သီးနှင့် ထိုးခဲ့သော ဉာဏလွင်၊ ၄၃ မိနစ်တွင် ပြိုင်ဘက်ကစားသမားများကို ခြေနှင့်ကန်ခဲ့သော အောင်ဟိန်းကျော်တို့၏ အပြုအမူများက မေးခွန်းထုတ်စရာပင်။ နိုင်ငံတကာ ပြိုင်ပွဲများတွင် တစ်ဦးမဟုတ်တစ်ဦးစည်းကမ်းဖောက်၍ မျက်နှာပျက်ပေါင်းများခဲ့သော မြန်မာအသင်းမှာ ယခုထက်ပို၍ ကစားသမားများအနေဖြင့် စည်းကမ်းကောင်းရန် လိုနေသေးသည်။

လူတစ်ယောက်လျော့သော်လည်းမြန်မာအသင်းမှာ အပြန်အလှန်ကစားနိုင်ပါလျက် ခံစစ်အားပြုကစားရင်း ချေပဂိုးပေးခဲ့ရခြင်းမှာ မည်သူ့အမှားကြောင့်ဆိုသည်က စိတ်ဝင်စားစရာ။ “မြန်မာအသင်းက တစ်ဂိုးအသာနဲ့ ဦးဆောင်နေချိန်မှာ လူတစ်ယောက်လျော့ပေမယ့် ခြေအသာနဲ့ အပြန်အလှန်ကစားနိုင်တယ်။ ဒါကို ဘာကြောင့်ခံစစ်သွားကစားရတာလဲ။ ဘောလုံးဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်း တစ်ဂိုးလည်းသွင်းပြီးရော ကွင်း ဘေးအထိသွားပြီး ခံစစ်နဲ့သွားကစားဖို့ပြောတာတွေ့ရတယ်” အဆိုပါပွဲကိုသွားရောက်ကြည့်ရှုခဲ့သော ဘောလုံးပရိသတ်တစ်ဦးက သူ၏အမြင်ကိုပြောကြားခြင်းဖြစ်သည်။

အိန္ဒိယအိုလံပစ်အသင်းနည်းပြချုပ်က မြန်မာအသင်း၏ အဓိကအားနည်းချက်မှာ လူကောင်သေးကွေးခြင်းဟု ထောက်ပြသည်။

ခြေစစ်ပွဲပြုတ်သည့်အပြင် မြန်မာပရိသတ်အချို့၏ အပြုအမူကြောင့် အရှုံးပေါ်ရပြန်သည်။ ပထမပိုင်းမှစကာ ကွင်းအတွင်းသို့ ဖိနပ်၊ ရေသန့်ဘူး၊ ကွမ်းတံတွေးထုပ်၊ ကျောက်ခဲဖြင့် ပစ်ပေါက်နေခြင်းကို အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဓာတ်ပုံနှင့်တကွ မှတ်တမ်းတင်သွား၍ဖြစ်သည်။ ဘောလုံးပွဲအပြီး ၃ ရက်အကြာ မတ်လ ၁၂ ရက်တွင် နာမည်ကျော်ဘောလုံးဝက်ဘ်ဆိုက်တစ်ခုဖြစ်သော Goal ဝက်ဘ်ဆိုက်တွင်မြန်မာဘောလုံးပရိသတ်၏ လက်စွမ်းပြမှုကို မှတ်တမ်းတင်ဖော်ပြထားသည်။ ထိုသို့ ပရိသတ်အချို့ ဆက်လက်စည်းကမ်းမဲ့နေပါက အနာဂတ်တွင် မြန်မာနိုင်ငံ၌ နိုင်ငံတကာဘောလုံးပြိုင်ပွဲများ လက်ခံကျင်းပခွင့်ကို ထိခိုက်နိုင်သည်။

စိတ်ပျက်ဖွယ်ရလဒ်ဖြင့် အဆုံးသတ်ခဲ့သော မတ်လ ၉ ရက်ညနေတွင် ထူးခြားသောဖြစ်ရပ်တစ်ခုလည်း သုဝဏ္ဏဘောလုံးကွင်း၌ ဖြစ်ခဲ့သည်။ ဘောလုံးပွဲအပြီးတွင် အိန္ဒိယအသင်းနှင့် ကွင်းလယ်ဒိုင်များမှာ ပရိသတ်များက အရာဝတ္ထုများနှင့် ပစ်ပေါက်မည်စိုး၍ ကွင်းအတွင်းမှ မထွက်ရဲဖြစ်နေသည်။ ဤတွင် ပုဆိုးခပ်တိုတိုဝတ်ထားသော ဦးဇော်ဇော်က ကွင်းအတွင်းသို့ဝင်ကာ အိန္ဒိယဘောလုံးအသင်း၊ ကွင်းလယ်ဒိုင်တို့ကို ကွင်းအတွင်းမှ ထွက်နိုင်အောင်ကူညီပေးသည်။ ဤတွင် ပရိသတ်ကို စိုးရွံ့နေသော အိန္ဒိယဘောလုံးသမားများကို (မြန်မာပရိသတ်များက) သူတို့၏အောင်ပွဲအတွက် လက်ခုပ်တီး၍ ဂုဏ်ပြုခဲ့ခြင်းပင်ဖြစ်သည်။

# မိုးရွာမှာ ကြောက်သည်

သိမ့်သိမ့်စိုး



ဝါးထရံကာပြီး သွပ်မိုးထားသောနေအိမ်နှင့် ထရံကာဓနိမိုးထားသည့် နေအိမ်အချို့ပြိုလဲနေသည်။ နေအိမ်အချို့က တလင်းပြင်၌ ပုံပုံလေးလဲလျက်။ အချို့အိမ်များကတော့ ဘေးတစောင်းလဲနေသည်။ ခေါင်မိုးဟောင်းလောင်းဖြစ်နေသောနေအိမ်အချို့ ဟိုနား၊ ဒီနား တွေ့နေရသည်။

ကောင်းကင်တွင် တိမ်စိုင်များက အုံ့မှိုင်း၍ မိုးရွာရန်ပြင်နေပြန်သည်။ လူငယ်သုံးဦးက ပြိုလဲနေသောနေအိမ်တွင် ယာယီနေထိုင်ရန် အမိုးမိုးဖို့ကြိုးစားနေကြသည်။ မိုး၏အကြိုလေအေးက တသုန်သုန်တိုက်အလာ သူတို့သုံးဦး လုပ်လက်စအလုပ်ကို လက်စသတ်နိုင်ရန် ခပ်သွက်သွက်လုပ်နေကြသည်။ သို့သော် သူတို့မှာ မိုးမလွတ်။

"ဟိုနေ့က ရွာတဲ့မိုးကြောင့် အိမ်ထဲက အဝတ်တွေလျှော်လှမ်းနေတာ အခုထိ မပြီးသေးဘူး။ အခုထပ်ရွာရင် အကုန်ပြန်ရွှဲကုန်မှာ။ အန်တီတို့မှာ ဒီတဲလေးပဲရှိတယ်။ အန်တီတို့လိုပဲ ဒီကွင်းထဲက ပြိုထားတဲ့အိမ်တွေက မိုးရွာမှာပဲကြောက်နေကြတယ်" မိုးရွာလာ၍ လှမ်းထားသောအဝတ်များကို ရုပ်ရင်းမှ ဒေါ်သန်းသန်းနွယ်ကပြောသည်။ အိမ် ယာယီမိုးရန်ပြင်နေသော အမျိုးသားသုံးဦးနှင့် ဒေါ်သန်းသန်းနွယ်တို့မှာ မိသားစုဝင်များဖြစ်ပြီး သူတို့မိသားစုတွင် မိသားစုဝင်ခြောက်ဦးရှိသည်။ သူတို့က မြေကွက်အလွတ်ကို တစ်လလျှင် ကျပ်သုံးထောင်ဖြင့် ငှား၍ အိမ်ဆောက်နေခဲ့သည်မှာ တစ်လပင်မပြည့်သေး။

ဝါးထရံကာ သွပ်မိုးထားသော ဒေါ်သန်းသန်းနွယ်တို့နေအိမ်မှာ မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲကျော်က ကျရောက်ခဲ့သောမိုးသက်လေပြင်းကြောင့် ပြိုလဲခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ကွင်းပြင်၌ ဆောက်ထားသော နေအိမ် ၉၀ ကျော်မှာ မတ်လ ၁၁ ရက်က ကျရောက်ခဲ့သော မိုးသက်လေပြင်းကြောင့် လဲပြိုခဲ့ရသည်။ ပြိုလဲနေသောနေ အိမ်နှင့်တဲအများစုတွင် နေအိမ်ငှား၍ ဆောက်ထားသူ၊ ကိုယ်ပိုင်ဝိုင်းမရှိဘဲ အဆင်ပြေသလို ဆောက်ထားသူ (ကျူးကျော်နေအိမ်) များကိုလည်းတွေ့ရသည်။ လေပြင်းကြောင့် ဒဂုံမြို့သစ်(တောင်ပိုင်း) နှင့်ခရမ်းမြို့နယ်ရှိ နေအိမ်အချို့မှာလည်း ပြိုလဲခဲ့ကြသည်။ နေအိမ်စုစုပေါင်း ၁၅၀ ကျော်တွင် နေထိုင်သူ ၈၀ ကျော်မှာ ဒေါ်သန်းသန်းနွယ်တို့ကဲ့သို့ လေဘေးဒုက္ခသည်များဖြစ်ကုန်သည်။ နွေရာသီတွင် ရွာခဲ့သောမိုးနှင့် လေပြင်းကြောင့် မိုးရွာမည်ကို အခုသူတို့စိုးရိမ်နေကြသည်။ ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းတိုက်စဉ်ကလည်း အဆိုပါကွင်းပြင်ရှိ နေအိမ်နှင့်တဲများ လဲပြိုခဲ့ဖူးသည်။ လဲပြိုခဲ့သောအိမ်များကို ကိုယ်ထူကိုယ်ထပင် ပြန်လည်တည်ဆောက်ပြီး ၂ နှစ် အကျော်တွင် ယခုလေပြင်းနှင့် ကြုံရခြင်းဖြစ်သည်။

"လေက နာရီဝက်လောက်ပဲဆိုပေမယ့် တော်တော်ပြင်းတယ်။ ဟိုဘက်က တိုက်လိုက်၊ ဒီဘက်က တိုက်လိုက်နဲ့ဆိုတော့ အိမ်တွေကို နှဲ့ထုတ်သလိုဖြစ်ကုန်တယ်။ အချို့က တဲတွေဆိုပေမယ့် အချို့အိမ်တွေက တော်တော်ခိုင်တယ်။ အုတ်ခံထားတဲ့အိမ်တွေလည်း လဲတဲ့အထဲမှာပါတာပဲ"ဟု (၇၉) ရပ်ကွက်တွင်းရှိ မိုးရွာခြင်းကြောင့် နေအိမ်သွပ်မိုးများ ပြုတ်ထွက်ခံခဲ့ရသော ကိုကျော်စိုးဝင်းကပြောသည်။

"လေက တစ်ဖက်တည်း တိုက်တုန်းက ဘာမှမဖြစ်ဘူး။ ဇွေ့တိုက်တာလည်းများရော ပြုတ်ထွက်ကုန်တော့ အန်တီတို့ထွက်ပြေးကြတယ်။ ဒါပေမဲ့ ကွင်းပြင်မှာ မိုးတွေကလည်းရွာ၊ သွပ်တွေကလည်း လွင့်နေတော့ ဟိုဘက်က အိမ်ပုလေးထဲမှာ မိသားစုသုံးစုလုံး စုပြီးနေလိုက်တယ်"ဟု ဒေါ်သန်းသန်းနွယ်ကပြောသည်။

ထိုအချိန်တွင် သူတို့အားလုံး၏စိတ်ထဲတွင် "သေရင်လည်း တစ်ပြုံတည်းအတူသေမယ်"ဟူသော သန္နိဋ္ဌာန်ပင်ချခဲ့သည်ဟုဆိုသည်။

အဆိုပါ မိုးသက်လေပြင်းကြောင့် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် လူ ၂ ဦးဒဏ်ရာရရှိခဲ့သည်။ အိမ်အကာအရံများလွင့်၍ ထိမှန်သဖြင့် အသက် ၆၀ ဝန်းကျင် အဘွားတစ်ဦး ခေါင်းပေါက်ပြီး ဆေးခန်းတွင် သုံးချက်ချုပ်ခဲ့ရသလို တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေသည့် အသက် ၁၇နှစ်အရွယ် ကျောင်းသူတစ်ဦးမှာလည်း ခေါင်းပေါက်၍ နှစ်ချက်ချုပ်ခဲ့ရသည်။

ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ ကောက်ယူထားသောစာရင်းဇယားအရ အဆိုပါမိုးသက်လေပြင်းကြောင့် နေအိမ်ပေါင်း ၁၅၂အိမ် လဲပြိုအမိုးလန်ခဲ့သည်။ လူဦးရေ ၈၀၀ ကျော်မှာ မိုးသက်လေပြင်းဒဏ်ကို တိုက်ရိုက်ခံခဲ့ရကြောင်း သိရသည်။

ယခုကဲ့သို့ အိမ်ပေါင်းများစွာ ပျက်စီးပြိုကျရခြင်းမှာ ကွင်းပြင်ဖြစ်၍ အကာအကွယ်မရှိခြင်းနှင့်ပြိုလဲခဲ့ရသောအိမ်အများစုမှာ ခိုင်ခံ့မှုနည်းခြင်းနှင့် တဲအိမ်များဖြစ်ခြင်းကြောင့်ဖြစ်သည်ဟု မီးသတ်ဌာနမှ ပုဂ္ဂိုလ်တစ်ဦးကသုံးသပ်ပြောသည်။


"လေတိုက်ပြီး နောက်နေ့မှာ လူကြီးတွေက ဆိုင်ကယ်တွေနဲ့လာပြီး ပြိုသွားတဲ့အိမ်တွေကို စာရင်းကောက်သွားတယ်။ အပိုင်လား၊ကျူးကျော်လားတွေမေးသွားတယ်"ဟု (၉၁) ရပ်ကွက်တွင်းရှိ တဲအိမ်ပြိုလဲခံရသူ မနှင်းနှင်းလဲ့ကပြောသည်။


အဆိုပါကွင်းပြင်ရှိ ပြိုကျခံခဲ့ရသော အိမ်အများစုမှာ ပြန်လည်ပြန်ပြင်နိုင်ခြင်းမရှိသေး၍ နေရိပ်ရရုံ အိမ်ပြန်မိုးကာ ခေါင်အမိုးမရှိသောအိမ်၊ ပြိုထားသောတဲရိပ်များတွင်သာ အရိပ်ခိုနေထိုင်ကြရသည်။ အချို့မှာ အနီးဝန်းကျင်ရှိ အိမ်များတွင် သွားရောက်နေထိုင်နေကြသည်။

ဇင်းကွင်းပြင်တွင် ရှိနေသူအများစုမှာ နေအိမ်ပြန်လည်ပြုပြင်ရန် အခက်အခဲရှိနေခြင်းကြောင့် နောက်တစ်ကြိမ် လေပြင်းတိုက်မှာကို စိုးရိမ်နေသကဲ့သို့ မိုးရွာမှာကိုပင် ကြောက်နေကြသည်ဟု ၎င်းတို့ကပြောသည်။

ဒေါ်သန်းသန်းနွယ်မိသားစုက ပြိုသွားသောနေအိမ်ကို ယာယီပြန်မိုးပြီး မိသားစုသုံးဦးနေရန် ကြိုးပမ်းနေသည်။ လွန်ခဲ့သည့် တစ်လကမှ ဆောက်ပြီး လေပြင်းကြောင့် ပြိုသွားသည့်အိမ်ကို ပြုပြင်နိုင်ရန်မှာ ငွေကြေးအခက်အခဲကြောင့် အချိန်အတော်ကြာယူရဦးမည်ဖြစ်သည်။

"အိမ်က ဆောက်တာမပြီးသေးဘူး။ အိမ်ရှေ့ကပြင်နဲ့ နောက်ဖေးက ဘာမှမလုပ်ရသေးဘူး၊ ပြိုသွားတယ်။ ဆောက်ထားတာလည်း မကြာသေးတော့ အိမ်ကတော့ နောက်ထပ် တော်တော်နဲ့ ပြန်ပြင်ဆောက်နိုင်မှာမဟုတ်ဘူး" ဟု ဒေါ်သန်းသန်းနွယ်တစ်ယောက် မတ်လ ၁၂ရက် ညနေပိုင်းက ညည်းညူနေလေသည်။





အရှင်တေဇောသာရ(ထနောင်းကန်)

# စွမ်းနိုင်သူထံ အပ်နှံပါ စွမ်းနိုင်ရာကို လက်ခံပါ

“နားထောင်ရတာ အသံသိပ်မရှင်းတာနဲ့ သူပြင်တတ်တယ်ဆိုတာကြောင့် သူ့ဆီအပ်လိုက်ပါတယ်။ လုံးဝကို သုံးမရတော့ဘူး”

သတင်းနားထောင်ချင်လို့ ဝယ်ထားတဲ့ ရေဒီယိုလေးပျက်သွားတာကြောင့် ညည်းတွားသူတစ်ယောက်ရဲ့စကားဖြစ်ပါတယ်။ ကိုယ်မစွမ်းနိုင်ဘူးဆိုရင် စွမ်းနိုင်တဲ့လူဆီ စေခိုင်းအပ်နှံရပါတယ်။ ကိုယ်စွမ်းနိုင်တာကိုလည်း သူတစ်ပါးက လာပြီး စေခိုင်းအပ်နှံရင် လုပ်ဆောင်ပေးရပါတယ်။

လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ကျန်းမာရေးချို့တဲ့ခဲ့ဖူးပါတယ်။ ပထမဗိုက်အောင့်ပါတယ်။ ပြီးတော့ ဖျားပါတယ်။ ဆေးခန်းသွား ဆေးထိုး၊ ဆေးစားလိုက်တဲ့အခါ တော်တော်လေးသက်သာသွားပါတယ်။ နောက်တစ်ရက်ကျော်တဲ့အခါမှာတော့ မနေနိုင်မထိုင်နိုင် ဗိုက်အောင့်ပါတယ်။ ဆေးခန်းသွားပြတဲ့အခါ ဘာဆေးမှ မထိုးတော့ မပေးတော့ဘဲ ဆေးရုံကို အမြန်သွားခိုင်းပါတယ်။ ဆေးရုံရောက်တဲ့အခါ အရေးပေါ်အခန်းမှာစစ်ဆေးပြီး “အူအတက်ပေါက်တာ၊ ခွဲရမယ်”ဆိုလို့ ချက်ချင်းပဲ နှာခေါင်းကပိုက်သွင်းပါတယ်။ ခွဲစိတ်ခန်းဝင်ဖို့ ပြင်ဆင်ပေးပါတယ်။ ပြီးတော့ ခွဲစိတ်ပါတယ်။ “ဆရာဝန်ကပြောတယ်။ နာရီဝက်လောက် နောက်ကျသွားမယ်ဆိုရင် အသက်အန္တရာယ်ရှိတယ်” တဲ့။ ခွဲစိတ်ပြီးလို့ သတိရတဲ့အချိန်မှာ ကြားလိုက်ရတဲ့စကားဖြစ်ပါတယ်။ တကယ်လို့သာ ဆေးခန်းဆရာဝန်က ဆေးရုံကို မသွားခိုင်းဘဲ ထိုးဆေးထိုး စားဆေးပေးပြီး ပြန်လွှတ်လိုက်မယ်ဆိုရင် . . .။

ခရမ်းမြို့၊ ကိုင်းကုန်းစာသင်တိုက်မှာ နေခဲ့တုန်းက ဆွမ်းခံအိမ်တစ်အိမ်က နေ့ဆွမ်းစားပင့်ပါတယ်။ ငါးပါးပင့်တဲ့အတွက် ဆက်စပ်ရာ ငါးပါးကို လက်တို့ခေါ်ပြီးသွားရပါတယ်။ သွားရတယ်ဆိုတာ သပိတ်ပိုက်ပြီး ဆွမ်းခံထွက်သလိုမျိုး ပုံစံနဲ့ သွားရတာပါ။ သီးသန့်နေ့ဆွမ်းစားကြွခွင့်မရှိပါဘူး။ အရဏ်ဆွမ်းစားကိုပဲ ကြွခွင့်ပြုပါတယ်။ မသွားခင်မှာ သီလပေးရေစက်ချတရားဟောဖို့ ရွေးချယ်ပါတယ်။ ကြုံခဲ့တဲ့အတွက် သီးသန့်ကျက်မှတ်ထားတာ မရှိကြပါဘူး။ “ကိုယ်တော်လုပ်ပါ၊ ကိုယ်တော်လုပ်ပါ”နဲ့ လွှဲချနေကြပါတယ်။ အဲဒီအခါမှာ ဖျာပုံနယ်သားဦးဇင်းတစ်ပါးက “ငါလုပ်မယ် အနောက်ချောင်းမှာ ငါလုပ်နေကျ” လို့ ပြောပြီး တာဝန်ယူသွားတာကြောင့် ကျန်သူများ ဝန်ပေါ့သွားကြပါတယ်။ တကယ်တမ်း ဆွမ်းစားပြီးလို့ တရားပွဲစတဲ့အခါမှာတော့ အဆီအငေါ်မတဲ့ အိုးနင်းခွက်နင်းဖြစ်ကုန်ပါတော့တယ်။ ကျော်တာကျော်၊ ကျန်တာကျန်၊ ရှေ့ဆက်လို့မရတဲ့အခါကျတော့ တဟမ်းဟမ်းချောင်းဟတ်၊ ကျန် ဦးဇင်းတွေမှာတော့ နားပူကြတယ်။ ဆွမ်းစားအိမ်က ပြန်လာကြတဲ့အခါမှာတော့ “ကိုယ်တော် မဖြစ်ရင်လည်း မဖြစ်ဘူးပေါ့။ အခုတော့ထစ်ထစ်ငေါ့ငေါ့နဲ့။ ဒါနဲ့အနောက်ချောင်းမှာလုပ်နေကျဆို”အပြစ်တင်ပြောဆိုပြီး မေးမြန်းတဲ့အခါ “ဟုတ်တယ် အနောက်ချောင်းမှာလည်း ဒီလိုထစ်ထစ် ငေါ့ငေါ့နဲ့ ပြီးသွားတာပဲ” တဲ့။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးမှာ ရွှေပန်းထိမ်သည်ရဲ့သား လူငယ်တစ်ယောက် ရဟန်းလာဝတ်ပါတယ်။ ရဟန်းဝတ်ပေးပြီးတဲ့အခါ ရွှေပန်းထိမ်သည်သားဖြစ်နေတာလည်းတစ်ကြောင်း၊ လူငယ်ဖြစ်နေတာလည်း တစ်ကြောင်း တွေကြောင့်ရာဂစိတ်ဖြစ်ပေါ်မှုများလိမ့်မယ်လို့ ထင်ပြီး ရာဂစိတ်တွေ ကင်းပျောက်သွားအောင် အသုဘ ကမ္မဋ္ဌာန်းပေးတရားအားထုတ်ခိုင်းပါတယ်။ ရဟန်းလေးကလည်း ဆရာညွှန်ကြားချက်ကို မှတ်သားပြီး ကြိုးစားအားထုတ်ပါတယ်။ ဒါပေမဲ့ တရားရဖို့ နေနေသာသာ သမာဓိလေးတောင် မဖြစ်ပါဘူး။ အခြေအနေကိုတင်ပြလျှောက်ထားတဲ့အခါ အသုဘကမ္မဋ္ဌာန်းကိုပဲ အသေးစိတ် သင်ပြပေးပြန်ပါတယ်။ မထူးခြားတာကြောင့် နောက်တစ်ကြိမ် ဥပမာ ဥပမေယျ အသွယ်သွယ်နဲ့ အသုဘကမ္မဋ္ဌာန်းကိုပဲ ပေးပြန်ပါတယ်။ ညွှန်ကြားတဲ့အတိုင်း အားထုတ်ပေမယ့် အကျိုးမထူးပါဘူး။ သုံးကြိမ်တိုင်တိုင် အားထုတ်လို့ မရတဲ့အခါကျတော့မှ အရှင်သာရိပုတ္တရာက သူ့တပည့်ကို မြတ်စွာဘုရားဆီခေါ်သွားပါတယ်။ အကျိုးအကြောင်းကို လျှောက်ထားပါတယ်။မြတ်စွာဘုရားက“ချစ်သား သင်ကမ္မဋ္ဌာန်းပေးတာ မှားနေတာပဲ”လို့ မိန့်တော်မူပြီး ပဒုမ္မာကြာပွင့်ကြီးတစ်ပွင့် ဖန်ဆင်းပေးတော်မူလိုက်ပါတယ်။ ဖန်ဆင်းပေးပြီး အဲဒီပန်းကိုပဲရှုမှတ်ခိုင်းလိုက်ပါတယ်။ စရိုက်နဲ့ကမ္မဋ္ဌာန်း တည့်သွားတာကြောင့် မကြာခင်မှာဘဲ ရဟန္တာဖြစ်သွားပါတယ်။ တကယ်လို့သာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက အသုဘကမ္မဋ္ဌာန်းကိုပဲ ဆက်ပေးနေဦးမယ်ဆိုရင် တရားမရတဲ့ အပြင် ထွက်လို့တောင် ပြေးချင်ပြေးပါလိမ့်မယ်။

သူငယ်ချင်းစက်ချုပ်သမားတစ်ယောက်ကို အားပေးချင်တာနဲ့ ခြင်ထောင်ချုပ်ပေးဖို့ အပ်နှံလိုက်ပါတယ်။ သူကလည်း ချုပ်တတ်တယ်ဆိုပြီး လက်ခံလိုက်ပါတယ်။ ချုပ်ပြီးလို့ ထောင်လိုက်တဲ့အခါ ခြင်ထောင်အမိုးနဲ့ အောက်ခြေက ဘေးကို ကားထွက်နေပြီး အလယ်က အတွင်းကို ကျုံ့ဝင်နေပါတယ်။ “ခြင်ထောင်လို့ ပီပီပြင်ပြင် ဖြစ်မလာတာ ငါ့အမှားပဲ။ ငါက မကျွမ်းကျင်တဲ့သူဆီ အပ်နှံမိလိုက်တာကိုး”ဆိုပြီး ကိုယ့်ကိုယ်ကိုယ်ပဲအပြစ်တင်လိုက်ရပါတယ်။

“စွမ်းနိုင်တဲ့သူ့ဆီကို အပ်နှံရပါမှာပါလား”လို့ သင်ခန်းစာ ယူလိုက်ပါတယ်။ မစွမ်းနိုင်သူဆီကို အပ်နှံလိုက်တော့ကိုယ်လည်း အလိုလိုညံ့ဖျင်းသူဖြစ်သွားပါတော့တယ်။

အသစ်ပြုလုပ်တာပဲ ဖြစ်ဖြစ်၊ ချို့ယွင်းလို့ အဟောင်းကို ပြုပြင်တာပဲဖြစ်ဖြစ် မဖြစ်မနေ စွမ်းနိုင်တဲ့သူဆီကို အပ်နှံရပါတယ်။ အဲဒီလို အပ်နှံတဲ့အခါ တတ်နိုင်သလောက် လေ့လာဆန်းစစ်ပြီး အပ်နှံသင့်ပါတယ်။ ဆိုင်းဘုတ်ကြည့်ပြီးတော့လည်း မအပ်နှံရပါဘူး။ ကြော်ငြာကြည့်ပြီးတော့လည်း မအပ်နှံရပါဘူး။ “ဒီလိုပစ္စည်း ရောင်းနေတာ ရှိပါတယ်” လို့ အသိပေးကြော်ငြာတာရှိသလို ပရိသတ်အများစုထဲ ကျော်ကြားသွားအောင် ညာပြောတတ်တဲ့ကျော်ညာဆိုတာလည်း ရှိပါတယ်။ မလေ့လာ အပ်နှံမိလိုက်လို့ “မှားသွားလို့” “လွဲသွားလို့” “ပျက်သွားလို့” အစားလျော်ပေးပါ့မယ် ဆိုရင်တောင် တချို့အရာတွေက အစားလျော်လို့ရတဲ့ အရာတွေ မဟုတ်ပါဘူး။ ဒေါက်တာရမ်းကုဆီမှာ အပ်နှံဆေးကုမိလို့ အသက်ဆုံးရှုံးသွားရင် အလျော်ပေးမယ်ဆိုရင်လည်း ပေးလို့မရတော့ပါဘူး။ အဲဒီတော့မှ “ကံပါပဲ” လို့ ပုံချတာဟာလည်း စိတ်ဖြေမှုတစ်ခုသာ ဖြစ်ပါတယ်။ သဘာဝတော့ မကျပါဘူး။

ဒါကြောင့် အပ်နှံတော့မယ်ကြံတိုင်း လေ့လာဆန်းစစ်တဲ့ အလေ့အထလုပ်ပေးရပါမယ်။ ကြော်ငြာကောင်းလို့ မအပ်နှံလိုက်ပါနဲ့။ ကျော်ညာ တွေ့သွားပါလိမ့်မယ်။ မအပ်နှံခင် အချိန်ယူလေ့လာရတာက အပ်နှံပြီးမှ လွဲသွားလို့ အချိန်ကုန် ငွေကုန်ရတာနဲ့ စာရင် မပြောပလောက်ပါဘူး။

ကားစီးတာဟာ ကားမောင်းတဲ့သူဆီကို တစ်ကိုယ်လုံး အပ်နှံလိုက်ရတာပါ။

အိမ်ထောင်ပြုတယ်ဆိုရာ လက်တွဲဖော် အိမ်ထောင်ဘက်ဆီကို ကိုယ့်ဘဝ တစ်စိတ်တစ်ပိုင်း အပ်နှံလိုက်ရတာပါ။

မဲပေးတယ်ဆိုတာလည်းပြည်သူတွေက သူတို့ကိုကိုယ်စားပြုပြီး ပြည်သူ့အကျိုးဆောင်ရွက်မယ့် လွှတ်တော်အမတ်တွေကို ရွေးချယ်အပ်နှံလိုက်တာပါပဲ။

ဆေးကုသခံယူတယ်ဆိုတာ ဆေးကုပေးမယ့် ဆရာဝန်ဆီကို အသက်အပ်နှံလိုက်ရတာပါ။

သင်ယူတယ်ဆိုတာ တပည့်က ဆရာဆီမှာ ဦးနှောက်အပ်နှံလိုက်ရတာပါ။

အပ်နှံခံရသူ (သို့မဟုတ်) လက်ခံရသူက ပေါ့ဆရင်၊ စေတနာမထားရင်၊ တန်ဖိုးမထားရင် အပ်နှံလိုက်တဲ့သူအတွက် ထိခိုက်နစ်နာမှု၊ ပျက်စီးဆုံးရှုံးမှုတွေကြုံရပါတယ်။

ကားစီးသူရဲ့ အပ်နှံမှုကို လက်ခံလိုက်တဲ့ ကားမောင်းတဲ့သူက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာ၊ ပေါ့ဆရင် ကားစီးသူအတွက် အန္တရာယ်များပါတယ်။

လက်တွဲဖော်ရဲ့ အပ်နှံမှုကို လက်ခံလိုက်တဲ့ အိမ်ထောင်ရှင်က အိမ်ထောင်ရေးကို တန်ဖိုးမထားရင် နေချင်သလိုနေရင် အိမ်ထောင်ရေး ပြိုကွဲပျက်စီးတတ်ပါတယ်။

လူနာရဲ့ အပ်နှံမှုကို လက်ခံလိုက်တဲ့ ဆေးကုသပေးတဲ့ဆရာက စစ်ဆေးမေးမြန်းသင့်တာတွေကို သေသေချာချာ မစစ်ဆေး၊ မမေးမြန်းဘဲ ဆေးထိုး ဆေးပေးလိုက်ရင် ရောဂါမပျောက်တဲ့အပြင် အသက်ပါသွားနိုင်ပါတယ်။

တပည့်အဖြစ် အပ်နှံမှုကို ဆေးပေးလိုက်တဲ့ သင်ကြားရေးဆရာတွေက အမှားတွေကို သင်ပေးလိုက်မယ်ဆိုရင် တပည့်တွေရဲ့ ဦးနှောက်ထဲမှာ အသိမှားတွေ ရောက်သွားရသွားပါတယ်။

ဒါကြောင့် အပ်နှံမယ့်သူလည်း ကိုယ့်အပ်နှံမယ့်ကိစ္စမှာ စွမ်းနိုင်သူဖြစ်၊ မဖြစ် လေ့လာရပါမယ်။ မေးမြန်းကြည့်ရပါမယ်။ ကိုယ်ပိုင်ဉာဏ်နဲ့လည်း ဝေဖန်ကြည့်ရပါမယ်။ ရာနှုန်းပြည့် မဟုတ်တောင် ရာနှုန်းပြည့် နီးနီး စွမ်းနိုင်လောက်တယ်လို့ သိရှိမှသာ အပ်နှံသင့်ပါတယ်။ ဒါမှ အဆုံးရှုံးမခံရမှာ ဖြစ်ပါတယ်။

သူတစ်ပါး လာအပ်နှံလို့ လက်ခံရတဲ့သူကလည်း လာအပ်နှံတိုင်း လက်မခံသင့်ပါဘူး။ တကယ်တမ်း စွမ်းနိုင်တယ်ဆိုမှ လက်ခံသင့်ပါတယ်။ “မင်းက တော်ပါတယ်။ ဖြစ်မှာပါ” “မင်းက ကျွမ်းပါတယ်။ လုပ်လိုက်ပါ” လို့ မြှောက်ပေးတာနဲ့လည်း လက်မခံသင့်ပါဘူး။ “မင်းလက်ခံလိုက်၊ ပြီးသွားရင် မြိုးမြိုးမြက်မြက်လေးရမှာ”လို့ သွားရေကျအောင် ပြောတိုင်းလည်း လက်မခံသင့်ပါဘူး။ “တစ်ခါအပ်၊ ဆယ်ခါလန်” ဖြစ်သွားတတ်ပါတယ်။

စီးပွားရေးအရပဲ ဖြစ်ဖြစ်၊ လူမှုရေးအရပဲဖြစ်ဖြစ် သူစွမ်းရာ ကိုယ်စွမ်းရာဆိုတာ ရှိပါတယ်။ ကိုယ်က အပ်နှံမယ်ဆိုရင်လည်း တကယ်စွမ်းနိုင်သူကို ရှာဖွေပြီး အပ်နှံပါ။ ထပ်ကာထပ်ကာ အပ်နှံစရာမလိုတော့ပါဘူး။ လာအပ်တာကို လက်ခံမယ်ဆိုရင်လည်း တကယ်စွမ်းဆောင်နိုင်ပါမှ လက်ခံပါ။ ကိုယ့်အတွက် သိက္ခာရှိသလို အပ်နှံသူအတွက်လည်း အကျိုးရှိပါတယ်။

စွမ်းနိုင်တာကို အပ်နှံနိုင်၊ လက်ခံနိုင်ကြပါစေ။ ။

7Day News Journal
Vol.10, No.2 · MARCH 17, 2011


# တိုးပွားလာသော နားလည်မှုလွဲခြင်းများ

မင်းရဲကျော်စွာ(မကွေး)

စာရေးသူတို့နိုင်ငံရှိ မိသားစုစကားဝိုင်းများတွင် ကလေးသူငယ်များကို မေးလေ့မေးထရှိသော စကားတစ်ခွန်းရှိပါသည်။ ထိုစကားမှာ “သားသားကြီးလာရင်ဘာလုပ်မှာလဲ”၊ “မီးမီးကြီးလာရင်ဘာလုပ်မှာလဲ” ဟူ၍ဖြစ်သည်။ ကလေးငယ်များကို ရည်မှန်းချက်ထားကာ ကြိုးစားတတ်စေရန် လူကြီးသူမများက မေးတတ်သောစကားဖြစ်သည်။ ထိုအခါ ကလေးငယ်များဘက်မှလည်း “ဆရာဝန်ကြီးလုပ်မယ်၊ အင်ဂျင်နီယာကြီးလုပ်မယ်” စသဖြင့် ပြန်ဖြေတတ်ကြသည်။ ယခုစာရေးသူ၏ အလုပ်အကိုင်မှာ ဆရာဝန်ဖြစ်သည်။ ငယ်ငယ်ကမိဘများမေးလျှင် ဆရာဝန်ကြီးလုပ်မယ်ဟု ဖြေခဲ့ဖူးသည်လားဆိုသည်ကိုတော့ မမှတ်မိတော့ပေ။ တကယ်တမ်း ဆရာဝန်ဘဝရလာတော့မှ ဤအလုပ်မှာလည်း စိတ်ဖိစီးမှုများသော အလုပ်မှန်းသိလာခဲ့ရသည်။ ဆေးကျောင်းတွင် ငါးနှစ်၊ အလုပ်သင်ဆရာဝန်ဘဝတွင်တစ်နှစ်နှင့် စုစုပေါင်းခြောက်နှစ်ပညာသင်ကြားခဲ့ရပြီးနောက်တွင် ဆရာဝန်ဘဝနှင့် ဆေးကုသခွင့်လက်မှတ်ကို လက်ဝယ်ပိုင်ပိုင်ရရှိခဲ့သည်။ ကိုယ်ပိုင်ဆေးခန်းလေးတစ်ခုဖွင့်ကာ ဘဝကိုစရသည်။ မိမိသင်ကြားခဲ့ရသော စာတွေ့သဘောတရားများကို လူနာများကပြောပြသည့်ရောဂါလက္ခဏာများနှင့် ကြိုးစားတွဲဖက်စဉ်းစားခဲ့ရပါသည်။ ‘လူတစ်ကိုယ်စိတ်တစ်မျိုး’ ဆိုသော စကားအတိုင်းပင် လူနာ၏စိတ်နေသဘောထား၊ စရိုက်စသည်တို့ကိုလည်း များစွာထည့်စဉ်းစားလာရပေသည်။ ထို့ကြောင့် တော်တန်ရုံစိတ်ရှည်မှု၊ သည်းခံမှုနားလည် ပေးနိုင်စွမ်းတို့နှင့် ဆရာဝန်အလုပ်ကို လုပ်၍မရမှန်းတဖြည်းဖြည်းနှင့် သဘောပေါက်လာခဲ့ရသည်။

ယခု စာရေးသူတင်ပြချင်သော ဖြစ်ရပ်တစ်ခုမှာ မိမိကိုယ်ပိုင်ဆေးခန်းစဖွင့်သောနေ့တွင် ဖြစ်ပျက်ခဲ့ရသော အတွေ့အကြုံလေးတစ်ခုဖြစ်သည်။ ထိုနေ့က ဆေးခန်းစဖွင့်သောနေ့ဖြစ်၍ လန်းဆန်းတက်ကြွစွာနှင့် ဆေးခန်းသို့ ရောက်ခဲ့ပါသည်။ ပထမဆုံးနေ့ဖြစ်၍ ရပ်ကွက်မှ စပ်စုလို၍လား၊ ဈေးနှုန်းသိလို၍လား မပြောတတ်ချေ။ လူနာ လေး၊ ငါးယောက်ကို ဆက်တိုက် စမ်းသပ်ကုသနေဆဲမှာပင် ‘အိမ်ပင့်ချင်ပါသည်’ ဆို၍ လူနာအိမ်သို့ ရောက်ခဲ့ရသည်။ ရောက်လျှင်ရောက်ချင်း လူနာကို ကြည့်လိုက်သောအခါ ခုတင်ပေါ်တွင် ပက်လက်၊ နာမည်ခေါ်၍မရ၊ သွေးခုန်နှုန်းကို လက်ကောက်ဝတ်တွင် စမ်းကြည့်သောအခါလည်း သွေးခုန်နှုန်းက စမ်းမရပေ။ ဤသို့ နှလုံးနေရာတစ်ဝိုက် ရင်ဘတ်ပေါ်သို့ နားကြပ်ဖြင့် နားထောင်သောအခါလည်း တိတ်ဆိတ်လို့နေသည်။ ထို့နောက် မျက်လုံးကို ဓာတ်မီးနှင့်ထိုး၍ သူငယ်အိမ်အလင်းတုံ့ပြန်မှုရှိ မရှိ စမ်းသပ်ကြည့်သောအခါတွင်လည်း သူငယ်အိမ်က မတုံ့ပြန်တော့ချေ။ သို့နှင့် လူနာရှင်များကို လူနာအသက်မရှိတော့ကြောင်း ပြောပြ၍ မည်သည့်ရောဂါဖြစ်ဖူးကြောင်း မေးကြည့်သောအခါ နှလုံးသွေးကြောကျဉ်းရောဂါရှိကြောင်း၊ ဆီးချိုနှင့် သွေးတိုးရောဂါရှိကြောင်းပြောပြကြသည်။ ထို့ကြောင့် ဆီးချိုအလွန်တက်လျှင်ဖြစ်တတ်သော Diahetic Coma (ခေါ်) မေ့မြောနေသလောဟုထင်ကာ အသက်ကယ်ဆေးထိုးပြီး CPR (ခေါ်)ရှေးဦးအသက်ကယ်နည်းဖြင့် နှလုံးကိုဖိနှိုး၊ အဆုတ်ကို လေမှုတ်သွင်း၍ နှလုံးပြန်ခုန်အောင် လုပ်ကြည့်သော်လည်း မရတော့ချေ။ နံဘေးမှ လူနာ၏သားသမီးမြေးမြစ်များက တရှုံ့ရှုံ့။ “ဩော်. . ဖြစ်မှဖြစ်ရလေ”ဟုသာ တွေးမိတော့သည်။ ထို့နောက် လူနာရှင်များကို သေချာစွာရှင်းပြကာ မိမိဆေးခန်းသို့ ပြန်ခဲ့ရပါတော့သည်။ မိမိမျက်စိရှေ့တွင် လူနာများ အသက်ဆုံးရှုံးသွားသည်ကို အလုပ်သင်ဆရာဝန်ဘဝတွင် များစွာကြုံတွေ့ဖူးပါသည်။ ဖျားနာဆောင်တွင် ဆေးရုံတက်လူနာများထဲမှ အသက်ဆုံးပါးသွားသူမရှိသောနေ့ မရှိသလောက်ပင်ဖြစ်သည်။ သို့သော် မိမိဆေးခန်းစဖွင့်သောနေ့တွင် ဤသို့ကြုံရလေခြင်းဟူ၍ ဝမ်းနည်းမိသည်။ ဤတွင် စာရေးသူတင်ပြလိုသည်မှာ မိဘများ မေးသည့်အခါ အလွယ်တကူဖြေသော ဆရာဝန်ကြီးလုပ်မည်ဆိုသည်မှာ ပြောရလွယ်သလောက် အလုပ်ခက်ကြောင်းသိလာခဲ့ရပါသည်။

ထို့အပြင် ယခုမျက်မှောက်ခေတ်တွင် ဖြစ်နေသော လူနာနှင့် ဆရာဝန်၏ကြားတွင် ဆက်ဆံရေးကို အနည်းအကျဉ်းတင်ပြလိုပါသည်။ လွန်ခဲ့သောနှစ်က နာမည်ကြီးပုဂ္ဂလိကဆေးရုံတစ်ခုတွင်ဖြစ်ပွားခဲ့သော လူနာရှင်က ဆရာဝန်နှင့် ဆေးရုံအားတရားစွဲသောဖြစ်ရပ်မှာ တိုင်းသိပြည်သိဖြစ်ခဲ့ကာ လူနာနှင့် ဆရာဝန်ဆက်ဆံရေးကို အနည်းငယ်ထိခိုက်ခဲ့ရပါသည်။ လူနာများကလည်း ဆေးရုံ၊ ဆေးခန်းနှင့် ဆရာဝန်များကို သံသယထားလာသလို ဆေးရုံ၊ ဆေးခန်းနှင့်ဆရာဝန်များကလည်း လူနာတိုင်းကို သတိနှင့်ဆက်ဆံလာခဲ့ရပါသည်။ ဤတွင် စာရေးသူတင်ပြလိုသည်မှာ ယခင်က မြန်မာနိုင်ငံတွင် အလွန်ချစ်စရာကောင်းသော လူနာနှင့် ဆရာဝန်တို့ဆက်ဆံရေးမှာ တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်သွားနိုင်ပါသည်။ ရလဒ်မှာ ဆေးကုစရိတ်များတိုးမြင့်လာခြင်းနှင့်လူနာများက ဆေးပညာရှင်များကို သံသယဖြင့်ဆက်ဆံလာခြင်းတို့ဖြစ်ပါသည်။ မည်သို့မျှ မကောင်းလာနိုင်သောအနာဂတ်အလားအလာပင်ဖြစ်သည်။



ဆေးပညာရှင်များကလည်း ယခင်လို လူနာကို စိတ်ရောကိုယ်ပါနှစ်၍ ကုသမပေးနိုင်၊ မပေးချင်ကြသလို၊ အချို့သောလူနာများကလည်း ဆရာဝန်များကွက်ကိုစောင့်၍ အခွင့်ကောင်းယူ တရားစွဲဆိုချင်၊ စွဲဆိုတတ်သော အကျင့်စရိုက်များ တိုးပွားလာခြင်းပင်ဖြစ်သည်။ စာရေးသူတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်၍ နိုင်ငံသူ၊ နိုင်ငံသားများတွင် ဆေးပညာအပေါ် နားလည်သော(တစ်နည်းအားဖြင့် တရားစွဲဆိုသင့်၊ မသင့်သည်ကိုသိသော)လူ အလွန်နည်းပါးနေသေးသည်။ ထို့ကြောင့် ပြည်သူလူထု၏ ဆေးပညာအပေါ် ထားသောသဘောထား၊ ဆရာဝန်၊ ဆရာမအပေါ် ထားသောသဘောထားမှာ အကောင်းဘက်သို့ ဦးတည်နိုင်ခြင်းမရှိတော့ပါ။

ဆေးကုသခြင်းဆိုသည်မှာ ဆရာဝန်နှင့် လူနာအပြန်အလှန်နားလည်နိုင်စွမ်းနှင့် လူနာများ၏ ပူးပေါင်းပါဝင်မှု များစွာလိုအပ်ပါသည်။ ထို့အပြင် တော်သော၊ တတ်ကျွမ်းသော ဆေးပညာအပေါ် စိတ်ဝင်စားသောလူငယ်ဆရာဝန်များအနေဖြင့်လည်း တရားစွဲဆိုတတ်သောလူနာများကြောင့်လည်းကောင်း၊ ဆရာဝန်၊ လူနာဆက်ဆံရေးမကောင်းမွန်သောကြောင့်လည်းကောင်း အသက်မွေးဝမ်းကျောင်းမှုပြောင်းသွားနိုင်ပါသည်။ ထိုအခါ နောင်အနာဂတ်တွင် ပြည်သူလူထုက အားကိုးရသော ဆေးပညာရှင်များ ရှားပါးသွားနိုင်ပါသည်။ ဤသို့ဆိုလျှင် ပြဿနာ၏အဖြေကား မည်သို့နည်း။ ဆေးပညာရှင်များကလည်း မိမိကိုယ်ကို အရည်အသွေးတိုးတက်နေအောင် အစဉ်အမြဲကြိုးစားကာ လူနာများအပေါ် စိတ်ရှည်သည်းခံမှု၊ နားလည်မှုတို့ဖြင့် ဆက်ဆံရမည်ဖြစ်သလို လူနာများနှင့် လူနာရှင်များဘက်မှလည်း ‘အများယောင်လို့ယောင်၊ အမောင်တောင်မှန်း၊ မြောက်မှန်းမသိ’မဖြစ်စေဘဲ အမှန်တကယ်တရားစွဲသင့် မသင့်ကို မိမိတို့ကိုယ်တိုင်စဉ်းစားဆင်ခြင်ဆုံးဖြတ်ရမည်သာဖြစ်ပါသည်။ သို့မှသာ စာရေးသူတို့နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်း၊ဆေးပညာအဆင့်အတန်း တိုးတက်လာမည်သာဖြစ်ပါသည်။

စာရေးသူကိုယ်တိုင်လည်း တရားမျှတမှုကို မြတ်နိုးသောသူတစ်ယောက်ဖြစ်ပါသည်။ လူနာ၏ ရပိုင်ခွင့်၊ ပြောပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်ဆိုသည်များကိုလည်း လေးစားပါသည်။ သို့သော် လူနာနှင့် ဆေးပညာရှင်များအကြား ရုပ်ဝတ္ထုဆန်သော ဆက်ဆံရေးများကို မြို့ပြများတွင် တွေ့လာရပါသည်။ လူနာများကလည်း တန်ရာတန်ကြေးပေး၍ ကုသမှုခံယူသည်ဆိုပြီး ခပ်တင်းတင်း ဆက်ဆံသကဲ့သို့ ဆေးပညာရှင်များကလည်း စေတနာထားနိုင်ရန် အတော်ပင်ကြိုးစားရပါသည်။ ဆေးပညာဆိုသည်မှာ သိပ္ပံပညာစစ်စစ်မဟုတ်ပါ။ လူမှုရေးပညာနှင့်ဆိုင်သကဲ့သို့ စိတ်ပညာနှင့်လည်း အတော်ပင် နှီးနွယ်ပါသည်။ ထို့ကြောင့် အရာရာကို ငွေပေး၍ရသော ခေတ်ကြီးတွင် လူသားများ၏ကျန်းမာရေးကိုတော့ ငွေပေး၍မရနိုင်ပါ။ လူနာနှင့် ဆရာဝန်ဆက်ဆံရေး တိုးတက်အဆင်ပြေမှသာ ကောင်းနိုင်ပါသည်။ ထို့ကြောင့် လူနာနှင့် ဆရာဝန်အပြန်အလှန် နားလည်မှုတိုးတက်ခိုင်မာ၍ အနာဂတ်ဆေးပညာလောက တိုးတက်စည်ပင်ပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။ ။

## JOKE

### အသက်ပြည့်မှ

နယူးယောက်မြို့တွင် လူတစ်ယောက်သည် မြို့စွန်ရှိ စတိုးဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်ကာ ၎င်းတွင်ပါလာသော သေနတ်ကို ပြ၍အရောင်းကောင်တာမှ အမျိုးသမီးအား ရောင်းရငွေအားလုံးကို အိတ်တစ်အိတ်ထဲသို့ထည့်ရန် ပြောသည်။ ကောင်တာတွင် အကောင်းစား အရက်ပုလင်းတစ်ပုလင်းကိုတွေ့၍ ၎င်းအရက်ပုလင်းကိုပါ အိတ်ထဲထည့်ရန် သေနတ်သမားက ပြောရာ အမျိုးသမီးကငြင်းရင်း

“မင်းအသက် ၂၁ နှစ်ပြည့်ပြီလို့ငါမထင်ဘူး”ဟုပြောသည်။

ထိုအခါ သေနတ်သမားက ၎င်း၏ယာဉ်မောင်းလိုင်စင်ကို ထုတ်ပြရာ အမျိုးသမီးကယူကြည့်ပြီးနောက် အရက်ပုလင်းကိုပါ ထည့်ပေးလိုက်သည်။ သေနတ်သမား ထွက်ပြေးသွားသောအခါ အမျိုးသမီးက ရဲစခန်းအားဖုန်းဆက်၍ အနုကြမ်းစီးသူ၏ နာမည်၊ မှတ်ပုံတင်နံပါတ်နှင့် နေရပ်လိပ်စာကိုပေး၍ ဖမ်းဆီးခိုင်းပါတော့သည်။

### ၃ လကြာရင်

အလုပ်လာလျှောက်သူအား ကုမ္ပဏီမန်နေဂျာက အခုလိုပြောသည်။ “လောလောဆယ် မင်းကို ဒေါ်လာ ၂၀၀ ပေးမယ်။ နောက်သုံးလကြာရင် ဒေါ်လာ ၃၀၀ တိုးပေးမယ်။ ဘယ်လိုလဲ” ထိုအခါ အလုပ်လျှောက်ထားသူကလည်း ပြန်ပြောသည်။ “ကောင်းပြီ။ ဒါဆိုကျွန်တော် နောက်သုံးလနေမှ ပြန်လာခဲ့မယ်”

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လုမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၂ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၀၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7DAY NEWS JOURNAL

Vol.10, No.2 • MARCH 17, 2011


## အိမ်ခြံမြေအရောင်းအဝယ် ပြန်ကောင်းလာ

ပြည်သိမ်း

ရန်ကုန်၊ မတ် - ၉

နိုင်ငံတော်ပိုင်အဆောက်အအုံများစွာကို ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများ အာရုံစိုက်နေကြသော်လည်း အိမ်ခြံမြေဈေးကွက်တွင် အလယ်အလတ်ရင်းနှီးမြှုပ်နှံသူများကြောင့် အရောင်းအဝယ်ကောင်းနေကြောင်း အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။

ပြည်တွင်း၌ အခြေခံကုန်ဈေးနှုန်းများ အပြောင်းအလဲဖြစ်လာခြင်း၊ ပုဂ္ဂလိကဘဏ်အချို့နှင့်ပတ်သက်၍ ထွက်ပေါ်ခဲ့သော ကောလာဟလများ၊ ရွှေဈေး၊ ရေနံဈေးများ အပြောင်းအလဲများကြောင့် လူလတ်တန်းစားများမှာ အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာကြောင်း ၎င်းတို့က သုံးသပ်ပြောကြားသည်။

ထို့အပြင် အထူးစီးပွားရေးဇုန်ဥပဒေ ထုတ်ပြန်ပြီးနောက် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု များကိုမျှော်လင့်ပြီး စက်မှုဇုန်မြေကွက်ဈေးမှာလည်း မြင့်တက်လာသည်။ စက်မှုဇုန်အသစ်များ ထပ်မံဖော်ထုတ်နိုင်ခြင်းမရှိသေးသည်ကလည်း ယင်းသို့ ဈေးနှုန်းမြင့် တက်ရခြင်းဖြစ်ကြောင်း စက်မှုဇုန်မှ လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။



“လက်ရှိအခြေအနေက အိမ်ခြံမြေလုပ်ငန်းမှာ ကြုံတောင့်ကြုံခဲပဲ။ အစိုးရလေလံအများကြီးရှိတဲ့ကြားက ပုဂ္ဂလိကအိမ်ခြံမြေက ကျမသွားဘူး”ဟု မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦးသန်းဦးကပြောသည်။

လက်ရှိအိမ်ခြံမြေဈေးကွက်တွင် တန်ဖိုးနည်းသည့် ရွှေပြည်သာ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာ စသည့်မြို့နယ်များ၊ မြို့တွင်းနှင့် ထိစပ်နေသော မြို့နယ်များတွင် ရောင်းဝယ်အားကောင်းနေသည်။ အရောင်းအဝယ်ဖြစ်နေသည့် ဈေးနှုန်းများမှာလည်း ကျပ်သိန်း ၁,၀၀၀ ဝန်းကျင်အတွင်းသာဖြစ်ကြောင်း ယူနတီအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဦးဇော်ဇော်ကဆိုသည်။

အိမ်ခြံမြေများတွင် ရင်းနှီး မြှုပ်နှံမှုများရှိသော်လည်း ပိုင်ဆိုင်မှုအာမခံမရှိသည့် တိုက်ခန်း၊ ကွန်ဒိုစသည်တို့တွင် ရင်းနှီးမြှုပ်နှံမှု သိသာစွာတိုးတက်လာခြင်းမရှိကြောင်း သတင်းရရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၈၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၈၅ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၇၀၅ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၃၀ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၃၅ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၉၀၂ | ကျပ် |

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၁၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၉၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၈၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၇၄၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၀၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၇၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၆. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၃၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၄၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၃၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၇၃၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၃၄၈၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၀. ၉၈၅၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ဒေါ်လာ | ၂၈. ၆၆ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၄၂၀. ၀၀၀ |
| ရေနံစိမ်း | စည် | ၁၁၃. ၈၄၀ |
| ငွေ | ၁ အောင်စ | ၃၅. ၉၃၅ |
| ကြေးနီ | ပေါင် | ၄၂၀. ၇၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၈၈၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ မတ်လ ၁၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## မတ်ပဲဈေးပြန်တက်

သိမ့်သိမ့်စိုး

ရန်ကုန်၊ မတ် - ၉

ရန်ကုန် ဘုရင့်နောင်ပဲဈေးကွက်တွင် မတ်ပဲ ဈေးပြန်တက်လာကြောင်း သတင်းရရှိသည်။

“အသစ်ပေါ်ချိန်မို့ ဈေးတောက်လျှောက်ကျနိုင်တယ်ဆိုပေမယ့် ရောင်းလိုအားပေါ်မူတည်ပြီး ဈေးကစားတော့ ဒီရက်ပိုင်းနည်းနည်းပြန်တက်လာတယ်”ဟု ကုန်စည်ဒိုင်တွင် နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြော သည်။

မတ်ပဲ Raw မှာ အချိန် ၆၀ ဝင် တစ်အိတ်လျှင် ၆၇,၅၀၀ ကျပ်ထိ ကျဆင်းသွားရာမှ ယခုရက်ပိုင်းတွင် ၆၉,၆၀၀ ကျပ်ထိ ဈေးနှုန်းများမြင့်တက်လာခဲ့သည်။

ထို့အပြင် မတ်ပဲ RC မှာလည်း တစ်တန်လျှင် ၆၉၃,၀၀၀ ကျပ်ထိ ကျဆင်းသွားရာမှ ၇၁၂,၀၀၀ ကျပ်ထိ ကျပ် ၁၀,၀၀၀ ပြန်လည်မြင့် တက်လာခဲ့သည်။

“ပဲက ဈေးကွက်ဝယ်လိုအားရောင်းလိုအား အတက်အကျရှိနိုင်ပေမယ့် အခုက ပဲပေါ်ရာသီဆိုတော့ အများကြီးတော့ မတတ်နိုင်ဘူး။ ပြန်ကျနိုင်တယ်”ဟု ပဲကုန်သည်တစ်ဦးက ခန့်မှန်းပြောသည်။

မတ်ပဲဈေးမှာ ပြန်တက်လာသော်လည်း ပဲစင်းငုံနှင့် ပဲတီစိမ်းဈေးနှုန်းမှာ ပြန်လည်မြင့်တက်ခြင်းမရှိကြောင်းသိရသည်။

ယင်းနေ့တွင် ပဲစင်းငုံမှာ တစ်တန်လျှင် ၆၈၀,၀၀၀ ကျပ်ရှိပြီး၊ ပဲတီစိမ်းဈေးနှုန်းမှာ တစ်တန်လျှင် ၁,၁၇၄,၀၀၀ ကျပ်ရှိသည်။




7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011







# စားသုံးဆီ ဈေးနှုန်းများ ကျဆင်းလာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ်- ၉**

ပဲထွက်ရာသီဖြစ်၍ ပြည်တွင်းဆီ ဈေးနှုန်း ဆက်လက်ကျဆင်းနေကြောင်း ဘုရင့်နောင်ဆီဈေးကွက်မှ သတင်းရရှိသည်။

နိုင်ငံခြားဆီဈေးနှုန်းများ ကျဆင်းနေ၍ ပြည်တွင်းရှိ စားအုန်းဆီ ပြင်ပပေါက်ဈေးမှာ ဖေဖော်ဝါရီလကုန်တွင် တစ်ပိဿာလျှင် ၂,၇၄၀ ကျပ်ရှိနေရာ ယခုတစ်ပတ်တွင် ၂,၅၂၀ ကျပ်ဖြင့် တစ်ပိဿာ ၂၀၀ ကျပ်ကျော်ဈေးနှုန်းများ ဆက်လက်ကျဆင်းလာခဲ့သည်။

ယခုကဲ့သို့ ပြင်ပစားအုန်းဆီ ဈေးနှုန်းကျဆင်းခြင်းမှာ နိုင်ငံတကာဈေးကျဆင်းသည့်အပြင် ဈေးကွက်တွင် ဝယ်လိုအား နည်းလာခြင်းကြောင့်လည်း ဖြစ်သည်ဟု စားအုန်းဆီရောင်းချသူတစ်ဦးက ပြောသည်။

စားအုန်းဆီဈေးနှုန်း ကျဆင်းလာခြင်းမှာ ပဲထွက်ရာသီဖြစ်၍ မြေပဲဆီဈေးနှုန်းမှာလည်း ကျ



ဆင်းနေသဖြင့် မြေပဲဆီဝယ်ယူမှုပိုများလာခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း ၎င်းက ခန့်မှန်းပြောသည်။

မြေပဲဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၄,၃၀၀ ကျပ်မှ ၄,၁၀၀ ကျပ်ထိ ဈေးနှုန်းကျဆင်းလာခဲ့သည်။

သို့သော် စားအုန်းဆီကိုယ်စားလှယ်များ၏ ဆီထုတ်ဈေးမှာ တစ်ပိဿာ ၂,၀၃၉ ကျပ်ဖြင့် ကျဆင်းခြင်းမရှိသေးကြောင်း စားအုန်းဆီကိုယ်စားလှယ်များက ပြောသည်။

ကိုယ်စားလှယ်များ၏ မြို့တွင်းရောင်းဈေးမှာ တစ်ပိဿာ ၂,၀၆၉ ကျပ်နှင့် မြို့ပြင်ရောင်းဈေးမှာ ၂,၀၇၉ ကျပ်ရှိသည်။

# ရွှေအပိုင်းဈေးကွက် အရောင်းအဝယ်အေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ်-၉**

သင်္ကြန်နီးကာလတွင် ရွှေဝယ်စုသူများလေ့ရှိသော်လည်း လက်ရှိကာလ၌ ဝယ်စုရန် ဈေးကွက်စောင့်ကြည့်သည့် အနေအထားသာရှိနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

ရွှေဈေးနှုန်းမှာလည်း လက်ရှိကာလတွင် ဈေးအမြင့်ပိုင်းတွင်ရှိနေပြီး ယခုနှစ်ဈေးကွက်အနေအထားမှာ ပုံမှန်နှစ်များကဲ့သို့ မဟုတ်သော ဈေးကွက်ပြောင်းလဲမှုများရှိခဲ့သောကြောင့် နှစ်စဉ်ကဲ့သို့ ဝယ်ယူစုဆောင်းခြင်း ပြုလုပ်ရန် ဈေးကွက်စောင့်ကြည့်နေကြခြင်းဖြစ်ကြောင်း လုပ်သက်ရင့်ရွှေလုပ်ငန်းရှင်များက ပြောသည်။

"အခုလက်ရှိ ဈေးကွက်က အရောင်းအဝယ်အေးတယ်လို့ ပြောလို့ရတယ်။ ဈေးကလည်း မြင့်တယ်ဆိုတော့ အပိုင်းဈေးကွက်မှာ ပုံမှန်ထက် နည်းနည်းအေးတယ်။ အထည်ဈေးကွက်ကတော့ ပုံမှန်ရှိနေသေးတယ်" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရွှေဈေးနှုန်းမှာ ယခုမတ် ၉ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၈,၀၀၀ ကျပ်ရှိပြီး ၁၅ ပဲရည်မှာ တစ်ကျပ်သားလျှင် ၆၂၅,၀၀၀ ကျပ်ရှိသည်။

"ဒီနှစ်မှာ ဈေးကလည်း မြင့်နေတယ်။ နှစ်တိုင်းလို ဈေးအတက်အကျကာလ မှန်းပြီးဝယ်ဖို့ကလည်း ဈေးကွက်ပြောင်းလဲမှုတွေရှိတတ်တော့ မဝယ်ကြသေးဘူး" ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။


ရွှေဝယ်စုသူများ ဈေးကွက်စောင့်ကြည့်သကဲ့သို့ ပြန်ရောင်းသည့်ဈေးကွက်၌လည်း လက်ရှိဈေးနှုန်းမှာ အမြင့်ပိုင်းတွင်ရှိနေသော်လည်း ဈေးအတက်မှန်း၍ စောင့်ကြည့်နေကြသဖြင့် ပြန်ရောင်းသည့်ဈေးကွက်မှာလည်း မြင့်တက်လာခြင်း မရှိသေးကြောင်းသည်။

လက်ရှိတွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် ၁,၄၀၀ ဒေါ်လာဝန်းကျင်ဖြင့် ဈေးငြိမ်နေပြီး ဈေးနှုန်းများစွာ ပြောင်းလဲမှုမရှိသေးဘဲ မတ်လ ၉ ရက်တွင် တစ်အောင်စလျှင် ၁,၄၂၇ ဒေါ်လာရှိသည်။



# 7DAY BOOK REVIEW

## သောင်းပြောင်းထွေလာ ရေးချင်ရာရာ (လူထုဦးလှ)



သတင်းစာဆရာ၊ စာရေးဆရာလူထုဦးလှ၏ အထင်ကရ စာအုပ်တွေထဲက စာအုပ်တစ်အုပ်ဖြစ်သည်။ စာရေးသူဦးလှသည် 'ထောင်နှင့်လူသား'၊ သတင်းစာများက သမိုင်းကိုပြောနေကြသည်၊ 'သတင်းစာများက ပြောသည့် စစ်တွင်းဗမာပြည်'၊ သတင်းစာများက ပြောသည့် စစ်ပြီးစဗမာပြည်'၊ အရက်သမားအမှား တစ်ထောင်၊ ဘိန်းဖြူသမား အမှားကမ္ဘာ၊ ဇနီးနှင့်သားသမီးများသို့ စသည့်စာအုပ်များအပြင် လူငယ်များအတွက် တိုင်းရင်းသားပုံပြင်စာအုပ်များကိုလည်း ပြုစုရေးသားခဲ့သူဖြစ်သည်။ ထို့အပြင် သူဖြတ်သန်းကြုံတွေ့ခဲ့ရသည့် စာပေနယ်၊ နိုင်ငံရေးနယ်၊ စီးပွားရေးနယ်ပယ်စသဖြင့် နယ်ပယ်စုံမှ အကြောင်းအရာစုံ၊ ဘ၀အစုံစုံကိုရေးသားပြုစုထားသည့် သောင်းပြောင်းထွေလာရေးချင်ရာရာဆိုသော လုံးချင်းစာအုပ်များလည်း ထုတ်ဝေခဲ့သည်။ ထိုအထဲမှ ယခုစာအုပ်သည် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေလာသည့် စာအုပ်ဖြစ်သည်။

ယခုစာအုပ်သည် လူထုဦးလှ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် နှစ် ၉၀ ပြည့် လူထုဦးလှစာအုပ်ကို ထုတ်ဝေခဲ့ဖူးပြီး ထိုစာအုပ်ထုတ်ဝေစဉ်က လုထုဒေါ်အမာ သက်ရှိထင်ရှားရှိနေပါသေးသည်။

ထိုစာအုပ်တွင် တိုက်စိုး၊ ပါရဂူ၊ ဝန်ကြီးချုပ်ဟောင်း ဦးနု၊ နတ်နွယ်၊ မောင်ထင်၊ မောင်ပေါက်စည်၊ အံ့မောင်၊ မောင်သာနိုး၊ တော်ဘုရားကလေး စသဖြင့် ဦးလှနှင့် ပတ်သက်ခဲ့သူများက ဦးလှအကြောင်းကို အမှတ်တရ ရေးသားထားသည့် စာစုများဖြစ်သည်။

ယခုစာအုပ်တွင်မူ ဦးလှကိုယ်တိုင် စီစဉ်တည်းဖြတ် ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ပြောစမှတ်ပြုခဲ့ရသော လူထုပုဂ္ဂလိကသတင်းစာ၌ ၁၉၆၀ မှ ၁၉၆၄ အတွင်း အစဉ်တစိုက် ရေးသားခဲ့သည့် ဆောင်းပါးများ ဖြစ်သည်။

စာအုပ်တွင် ရှိတ်စပီးယားနှစ် ၄၀၀ ပြည့်၊ ဘယ်အချိန်စာဖတ်လို့ အကောင်းဆုံးလဲ၊ လူချစ်လူခင် ပေါလိုလျှင်၊ ကင်ဆာနှင့်ဆေးလိပ်၊ ဆေးလိပ်သောက်ခြင်း အန္တရယ်၊ ကိုယ်အလေးချိန် သတိပြုရန်၊ အရက်၊ လူရွှန်းရုပ်တု၊ ချားလ်စ် ဒစ်ကင်း(စ်)၏ အချစ်ရေး၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း သူရိယတိုက်ရောက်စက၊ ဆရာကြီး ဦးဖေမောင်တင်နှင့် ဆရာကြီးရွှေဥဒေါင်း၊ ဇဝန ၅၀ပြည့်ပြီ၊ ရွှေပြည်ဆရာကြီး မျက်ရည်စို့သောနေ့၊ ဗိုလ်ချုပ် အောင်ဆန်းနှင့်အတူ လိုက်ပါရသောသတင်းစာဆရာကြီး ဦးပုကလေး၏ နေ့စဉ် မှတ်တမ်း၊ ဘိုးဝဇီရ စာတမ်းဖတ်သောနေ့၊ တိုင်းပြည်အတွက် အနစ်နာခံသူတိုင်း ဇာတ်လိုက်၊ သောကကင်းဝေးနေနိုင်ရေး စသဖြင့် နယ်ပယ်စုံမှ အကြောင်းအရာစုံ အဖြစ်အပျက်စုံတို့ကို စာရေးသူ ဦးလှက နှိုက်နှိုက်ချွတ်ချွတ်၊ ထင်မြင်ယူဆချက်ပြတ်ပြတ်သားသားဖြင့် ရေးသားခဲ့သည့် ဆောင်းပါးများဖြစ်သည်။

ဆောင်းပါးများကို ဖတ်ကြည့်လျှင် ဦးလှ၏ နှံ့နှံ့စပ်စပ်ရှိပုံ၊ ထိုးထွင်းသိမြင်မှု မြန်ဆန်ပုံ၊ ပညာကို လိုလိုချင်ချင် ယူတတ်ပုံများအပြင် လူပုဂ္ဂိုလ်များ၏ထူးချွန်ထက်မြက်ပုံနှင့် အတုယူစရာ၊ သင်ခန်းစာယူစရာများကိုလည်း ဖတ်ရှုရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လိုက်ပါခဲ့သောသတင်းစာဆရာကြီး ဦးပုကလေး၏ နေ့စဉ်မှတ်တမ်းစာအုပ်မှ မှတ်တမ်းများကို ဖတ်ရှုရမည်ဖြစ်သည်။

ဦးပုကလေး ရေးသားခဲ့သည့် 'ငါတို့ဗိုလ်ချုပ်ဘာတွေ လုပ်ခဲ့သလဲ' စာအုပ်အမြတ်ငွေမှ ကျပ် ၁,၀၀၀ တိတိကို ဗိုလ်ချုပ်၏ကလေးများ ပညာသင်ကြားရေးအတွက် ဒေါ်ခင်ကြည်ထံသို့ သွားရောက်လှူဒါန်းသည် ဆိုသည့် (၁၉. ၇. ၄၇) နေ့စွဲနှင့် မှတ်တမ်းကိုဖတ်ရသည်မှာ တန်ဖိုးကြီးမားသော အသိအမြင်ကို ရရှိစေမည်ဖြစ်ပါသည်။

အထူးသဖြင့် နေ့စဉ်ထုတ်ပုဂ္ဂလိကသတင်းစာများနှင့် ဆယ်စုနှစ်များစွာ ကင်းကွာခဲ့သော ယနေ့ခေတ် စာနယ်ဇင်းသမားများ၊ သတင်းစာဖတ်ပြည်သူများအတွက် ပုဂ္ဂလိကသတင်းစာတစ်စောင်၏ အသိအမြင်နှင့် အတွေးအခေါ်ပါသော ဆောင်းပါးတစ်ပုဒ် မည်သို့ ရေးသားရသည်ကို လေ့လာမှတ်သားရမည်ဖြစ်သော ဆောင်းပါးများ စုစည်းမှုဟုလည်း ဆိုနိုင်ပါသည်။ လူထုကြီးပွားရေး စာအုပ်တိုက်မှ တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေသည်။

# Knowledge ဗဟုသုတ

## ပင်လယ်ထဲမှာနေပြီး ရေမကူးတတ်တဲ့ သက်ရှိ

ရေလက်ဝါးခေါ်ကြယ်ငါး (Starfish) များသည် ပင်လယ်ထဲတွင် နေထိုင်ကြသော်လည်း ရေမကူးတတ်ကြပေ။ ကြယ်ငါးများသည် ၎င်းတို့၏လက်များတွင် ပါရှိသည့်သေးငယ်သောပြွန်ကလေးများ၏ အကူအညီဖြင့် ပင်လယ်ရေအောက်ကြမ်းပြင်တွင် လှုပ်ရှားသွားလာမှုပြုလုပ်ကြသည်။ အလွန်အမင်း လျင်မြန်စွာ မလှုပ်ရှားနိုင်သော်လည်း ကြယ်ငါးများ၏ အစာခြေဖျက်မှုနည်းစနစ်မှာမူ ဩချရလောက်သည်။

ကြယ်ငါးမျိုးစိတ်အများစုတွင် သားကောင်ကိုဖမ်းယူစားသောက်ပြီး အစာအိမ်ကို ပါးစပ်မှတစ်ဆင့်ခန္ဓာကိုယ်ပြင်ပသို့ချဲ့ထုတ်ကာ အစာခြေဖျက်မှုပြုလုပ်နိုင်စွမ်းရှိကြကြောင်းသိရသည်။ ဥပမာအားဖြင့်ဆိုရလျှင် အသားစ (သို့မဟုတ်) ကမာ၊ ခုံကောင်ကိုရရှိပြီဆိုလျှင် ကြယ်ငါးများက အခွံကိုခွဲပစ်ကာ ဝါးမျိုပြီး ကြေမွသည့်ပုံစံအတိုင်းသာ အစာခြေဖျက်ခြင်းပြုလုပ်ကြခြင်းဖြစ်သည်။

—Source: Reader's Digest

# တစ်ပတ်တာကံကြမ္မာ

မတ် ၁၆ ရက် မှ ၂၂ ရက် အထိ



### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

စိတ်ပင်ပန်းမည်။ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ တစ်ကြိမ်မက လုပ်ကိုင်ပြီးမှ အဆင်ပြေမည်။ စာရွက်စာတမ်းအချို့ဖြည့်စွက်ရန် ကြန့်ကြာနေရခြင်းကြောင့် အစီအစဉ်အချို့ ကြန့်ကြာမည်။ ငွေကြေးကိစ္စများကို သတိနှင့် ဆောင်ရွက်ပါ။ အကုန်အကျများစရာများ တစ်မျိုးပြီးတစ်မျိုးဖြစ်မည်။ အချို့သော ကာလများတွင် ငွေကုန်ရကျိုးမနပ်သလို ဖြစ်မည်။ လူလိမ်လူကောက်များ တွေ့တတ်သည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အခက်အခဲကြားမှ တိုးတက်မည်။ မူလစိတ်ကူးထားသည်များ ကြုံတွေ့နေရသော အခက်အခဲများကို ဖယ်ရှားနိုင်သော အခြေအနေကောင်းကို ရရှိမည်။ အခွင့်အလမ်းသစ်နှင့် ထိုးထွင်းလုပ်ကိုင်နိုင်သော နည်းလမ်းကောင်းများရမည်။ ရန်၊ ပြဿနာများ ဖြေရှင်းနိုင်မည်။ လမ်းစသစ်ထွင်ပြီး လုပ်ကိုင်ခြင်းမှ တိုးတက်သော အခြေအနေကောင်းကို ရရှိမည်။ တစ်ပါးသူမထင်မှတ်ထားသော လမ်းကြောင်းနှင့်လုပ်ကိုင်တိုးတက်မည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

နှောင့်နှေးကြန့်ကြာသည့်ကြားမှ တိုးတက်မှုကို ဆောင်ရွက်ရမည်။ အပြောင်းအလဲရှိမည်။ အကြံအစည် အောင်မြင်မည်။ တစ်ကြိမ်မကဆောင်ရွက်ပြီးမှ အဆင်မည်။ အချိန်ဆွဲပြီးအလုပ်လုပ်သောသူများကြောင့် ကြန့်ကြာမည်။ အရေးပေါ်ဆောင်ရွက်ရသောကိစ္စများတွင် အခက်အခဲအနည်းငယ်ရှိမည်။ ဥပဒေနှင့်မကင်းသော ကိစ္စမှန်သမျှရှောင်ပါ။ ယခုကာလအတွင်းပြဿနာဖြစ်ပါက ဖြေရှင်းရန်ခဲယဉ်းတတ်သည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

လမ်းကြောင်းသစ်နှင့် တိုးတက်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ပြည်ပကိစ္စများ အဆင်ပြေမည်။ နေရာအပြောင်းအလဲနှင့် တိုးတက်မည်။ အမေ၊ အဖွား၊ အဒေါ်အစရှိသောသူများ၏ကျန်းမာရေးအတွက် စိတ်အနှောင့်အယှက်ရှိမည်။ ငွေကြေးကံကောင်းမည်။ အလောတကြီးမလုပ်သင့်သေးပါ။ အရာရာချင့်ချိန်ပြီးဆောင်ရွက်နိုင်လေ တိုးတက်မှုအားကောင်းလေဖြစ်မည်။ ငွေကြေးအပေးအယူသတိရှိပါ။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

အခြေအနေသစ်အပေါ် စွန့်စားဆောင်ရွက်လိုက်သောကိစ္စများမှ ထူးခြားသော တိုးတက်မှုရမည်။ ငွေကြေးကိစ္စအဆင်ပြေမည်။ အလုပ်ခွင်မှသူများ လုပ်ငန်းတွင်းဖွဲ့စည်းမှု ပြောင်းခြင်း၊ ပုံစံသစ်ပြောင်းခြင်း၊ လူသစ်များနှင့်ဆက်ဆံရခြင်းကြုံမည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတို့ ကုန်ပစ္စည်းသစ်၊ ဈေးကွက်သစ်များ တိုးတက်မှုရမည်။ နေရာပြောင်းပြီးလုပ်သော ကိစ္စအဆင်ပြေမည်။ လူမျိုးကွဲနှင့်လုပ်ကိုင်သော ကိစ္စအဆင်ပြေမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

အကြံအစည်များ အကောင်အထည်ဖော်နိုင်မည်။ အပြိုင်အဆိုင်များကြားမှ တိုးတက်မည်။ ငွေကြေးကိစ္စများ အဆင်ပြေမည်။ လုပ်ငန်းကံကောင်းခြင်း၊ အပြောင်းအလဲနှင့် တိုးတက်ခြင်းများကြုံမည်။ လူမျိုးကွဲနှင့်ဆက်သွယ်လုပ်ကိုင်သော ကိစ္စများအောင်မြင်မည်။ ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေစွာဆောင်ရွက်တိုးတက်မည်။ ဝေးလံသော အရပ်မှသူများနှင့်ချိတ်ဆက်၍ တိုးတက်မှုများရမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ကြန့်ကြာနေသော ရပိုင်ခွင့်များ ပြန်လည်ရရှိမည်။ ဖြစ်လိုသော ဆန္ဒများဆောင်ရွက်အဆင်ပြေမည်။ ရပ်တန့်ထားသော အလုပ်အကြံအစည်များ ဆောင်ရွက်နိုင်မည်။ တိုင်းတစ်ပါးနှင့် ဆက်သွယ်လုပ်ကိုင်သောကိစ္စများအဆင်ပြေမည်။ လက်လွှန်ထားသော ငွေကြေး၊ ပစ္စည်းများ ပြန်လည်ရရှိကိန်းကြုံမည်။ တိုးချဲ့လုပ်ကိုင်သောကိစ္စအောင်မြင်မှုရမည်။ ပြောင်းလဲနေသော အခြေအနေသစ်အပေါ် ရှေ့တိုးလုပ်ကိုင်နိုင်မည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

မထင်မှတ်ထားသော သူများထံမှ အကူအညီကောင်းရမည်။ ပြဿနာများကို ဖြေရှင်းနိုင်မည်။ ဦးတည်ချက်များ အကောင်အထည်ဖော်နိုင်မည်။ အခြေအနေကောင်းကြုံမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းများကြုံမည်။ အရပ်ဝေးတွင် ရောက်ရှိနေသူများထံမှ သတင်းကောင်းများရရှိမည်။ လက်လွှန်ထားသည်များ ပြန်လည်ရကိန်းကြုံမည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းမည်။ စန်းကောင်းမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ပစ္စည်းပျောက်တတ်သည်။ အဖိုးတန်ပစ္စည်းများကို လုံခြုံစွာသိမ်းဆည်းပါ။ အခိုးအဝှက်ခံရတတ်သည်။ အိမ်ဖော်ပြဿနာရှုပ်ထွေးတတ်သည်။ ဆွေရေးမျိုးရေးအတွက် စိတ်သောကဖြစ်ရမည်။ လုပ်ငန်းခွင်အတွင်းကိစ္စများ ဖြေရှင်းရတတ်သည်။ လုပ်ကိုင်နေသောလုပ်ငန်းများ ရက်ရွှေ့ဆိုင်းရတတ်သည်။ ရုတ်တရက် ထိုးတက်သွားသော ကုန်ကျမှုစရိတ်ကြောင့် မိသားစုပိုင်ပစ္စည်းအချို့ ထုခွဲရောင်းချရတတ်သည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အတွေ့အကြုံသစ်များ ရရှိမည်။ မိမိဘဝ၊ အခြေအနေနှင့် လုံးဝမအပ်စပ်သော ကိစ္စများကို ဆောင်ရွက်ရန်အခြေအနေပေါ်မည်။ ကြံရွယ်မှုမရှိသောကိစ္စရပ်များ ဆောင်ရွက်ရန် အနေအထားရှိမည်။ အခြေအနေပေါ်သုံးသပ်၍ ဘဝရှေ့ရေးအတွက် စဉ်းစားဆုံးဖြတ်ရမည်။ ဆုံးဖြတ်ချက်မှန်ကန်မည်။ ပူးပေါင်းလာသူများကိုလက်တွဲသင့်သည်။ ဦးတည်ချက်ပြောင်းပြီး လုပ်ကိုင်မှုမှ ထူးခြားသောအကျိုးဆက်ရမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

မိသားစု၊ ဆွေမျိုးများနှင့်ပတ်သက်၍ စိတ်ပန်း၊ လူပန်းဖြစ်မည်။ ငွေကုန်များမည်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။ လူမုန်းခံပြီး လိုက်ခံကူညီဖြေရှင်းပေးရတတ်သည်။ မိမိဆောင်ရွက်ပေး၍ သူတစ်ပါးတွင် အဆင်ပြေခြင်း၊ တိုးတက်ခြင်းများ ရမည်။ သို့သော် ထိုသူတို့ကဒုက္ခပေးကြလိမ့်ဦးမည်။ မိမိကူညီမှုကြောင့်သူတို့အဆင်ပြေသွားသည့်အကြောင်း ဖုံးကွယ်ကြလိမ့်မည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အလုပ်သစ်ပေါ်ထွန်းသည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းသည်။ အတိုက်အခံမည်မျှရှိစေ အောင်မြင်သော အနေအထားရှိသည်။ တစ်ပါးသူခက်ခက်ခဲခဲကာလရှည်ကြာဆောင်ရွက်ရမည့် ကိစ္စကို မိမိက အလွယ်တကူအချိန်တိုအတွင်း အဆင်ပြေအောင်ဆောင်ရွက်နိုင်မည်။ မိသားစုတွင် အိုးအိမ်သစ်၊ နေရာသစ်၊ လုပ်ငန်းသစ်များခဲ့ထွင်လုပ်ကိုင်၍ တိုးတက်မှုများဖြစ်ထွန်းမည်။

7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011



အာရပ်ကမ္ဘာတွင် အာဏာရှင်များနှင့်အစွန်းရောက်ဝါဒအပေါ် ဆက်တိုက်ရရှိနေသော အောင်မြင်မှုများနှင့် အောင်မြင်မှုလမ်းစများအတွက် ကျွန်တော်တို့ သဲကြီးမဲကြီး အာရုံစိုက်နေကြစဉ်မှာပင် ဝါရှင်တန်သည် အာဖဂန်နစ္စတန်တွင် သိုသိုသိပ်သိပ်နှင့် စိတ်ပျက်စရာကောင်းလောက်အောင် ကျရှုံးနေပါသည်။

ကမ္ဘာ့ရေးရာများကို တင်ပြရာတွင် တစ်ကြိမ်လျှင် အကြောင်းအရာတစ်ခု စွဲစွဲလမ်းလမ်းတင်ပြတတ်သည့် အမေရိကန်နိုင်ငံ၏ မီဒီယာများသည် တူနီးရှားနှင့် အီဂျစ်မှ အစပြုခဲ့သော အံ့သြမှင်တက်ဖွယ် ဖြစ်ပေါ်တိုးတက်မှုများအပေါ် သမ္မတအိုဘားမား၏ တုံ့ပြန်မှုဆွေးနွေးပုံကို မီးမောင်းထိုးပြကောင်း ထိုးပြနေပါလိမ့်မည်။ သို့သော် ကန်မီဒီယာများသည် အာဖဂန်နစ္စတန်တွင် စစ်ပွဲအရှိန်မြင့်တက်နေခြင်းနှင့် သေဆုံးမှုမြင့်တက်နေခြင်းအတွက် အိုဘားမားအပေါ် ကသိကအောက်မေးခွန်းထုတ်ခြင်းကို ရှောင်ရှားနေကြသည်။

# အောင်မြင်စွာကျရှုံးခြင်း

ကြည်နေဝင်းမင်း

အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံတကာ မဟာမိတ်များ၏ ပါဝင်လက်တွဲမှု၊ မဟာဗျူဟာပေါင်း မြောက်မြားစွာ၊ ဒေါ်လာ ဘီလီယံပေါင်းများစွာနှင့် ကန်တပ်ဖွဲ့ ထောင်ပေါင်းများစွာ ပါဝင်ပတ်သက်နေသော်ငြားလည်း အမေရိကန်သည် ၎င်း၏ သက်တမ်းအရှည်ကြာဆုံး စစ်ပွဲကို အဆုံးမသတ်နိုင်သေးသလို စစ်ပွဲ၏ ပုံသဏ္ဌာန်ကိုလည်း ပြောင်းပြန်မလှန်နိုင်သေးပေ။

စစ်မြေပြင်သတင်းများမှာလည်း နှစ်မျိုးနှစ်စားဖြစ်သည်။ ဝါရှင်တန်တွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေသည့် တရားဝင် (သို့မဟုတ်) ခွဲခြမ်းစိတ်ဖြာမှုဆန်သော အစီရင်ခံစာများတွင် အောင်မြင်နေသည့် စစ်ပွဲပုံစံပုံဖော်ထားသည်။ စစ်မြေပြင်မှ လာသော အခိုင်အမာသတင်းများတွင်မူ တပ်ဖွဲ့များ၏ စစ်ပန်းလာမှု၊ နည်းဗျူဟာအရ ဆုတ်ခွာမှုများ သို့မဟုတ် တပ်ဖွဲ့ဝင်များအား ပြောင်းရွှေ့နေရာချထားမှုများရှိနေရာ ယင်းအခြင်းအရာများမှာ တာလီဘန်များအပေါ် အနိုင်ရရှိရေး (သို့မဟုတ်) ၎င်းတို့နှင့်ဆွေးနွေးပွဲ ပြုလုပ်ရေးအတွက် အခြေအနေမကောင်းလှပေ။

ထို့အတူပင် အစိုးရနှင့်နီးစပ်သော မဟာဗျူဟာ ခွဲခြမ်းစိတ်ဖြာလေ့လာသူများကလည်း အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်တိုးမှုနှင့်နည်းပညာမြင့် စစ်လက်နက်များကြောင့် တာလီဘန်တို့ကို အကြီးအကျယ်အထိနာစေခဲ့သည်။ သူပုန်ပေါင်းများစွာကို သတ်ဖြတ်နိုင်သည်။ ၎င်းတို့ခိုအောင်းရာ နေရာများမှ မောင်းထုတ်နိုင်နေသည်ဟု ဂုဏ်ယူဝံ့ကြွားစွာဖော်ထုတ်ပြောဆိုကြသည်။

သို့သော် စစ်မြေပြင်မှ လာသောသတင်းများတွင်မူ တာလီဘန်များသည် လွယ်လွယ်နှင့် အရှုံးမပေးကြ၊ တန်ပြန်ထိုးစစ်များ ဆင်နွှဲနေပြီး အထူးသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုးမြှင့်ထားသော ဒေသများတွင် စစ်ပွဲအရှိန်မြှင့်တင်နေကြသည်ဟု ဖော်ပြသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ ခရိုင်ပေါင်း ၄၀၀ တွင် ခရိုင်အများစုမှာ အေးချမ်းလာသော်လည်း ကဘူးလ်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် မရှိပေ။

၂၀၀၃ ခုနှစ်တွင် ထိုစဉ်က ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရန်းစဖဲလ်ပြောကြားခဲ့သည်ကို မှတ်မိကြပါလိမ့်မည်။ ၂၀၀၃ ခုနှစ်အစောပိုင်း၌ အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း ဘေးကင်းလုံခြုံလာပြီဖြစ်၍ အမေရိကန်တပ်ဖွဲ့များသည် ၎င်းတို့မဟာဗျူဟာအား နိုင်ငံအားတည်ငြိမ်အောင် ပြုလုပ်ရေးမှသည် ပြန်လည်ထူထောင်ရေးဆီသို့ ပြောင်းလဲလိုက်ပြီဟူ၍ ရန်းစဖဲလ်က ပြောခဲ့သည်။

သို့သော် တာလီဘန်များသည်အစိုးရအဆောက်အအုံများ၊ အမေရိကန်တပ်စခန်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ရုံးများကို နေ့စဉ်လိုလို ဆက်လက်တိုက်ခိုက်ခဲ့ရာ ၂၀၁၀ ခုနှစ်သည် အမေရိကန်အတွက် အကျအရှုံးအများဆုံးနှစ်ဖြစ်လာခဲ့သည်။

ယနေ့အချိန်တွင်လည်း စစ်ပွဲပဏ္ဍိတများမှာ ယင်းသို့ ငြင်းဆန်သည့်အဆင့်တွင် ရောက်ရှိနေသည်။ တကယ့်လက်တွေ့တွင် အမေရိကန်သည် ဗိုလ်ချုပ်ကြီး ဒေးဗစ်ဖက်ခရစ်တယ်နှင့် ဗိုလ်ချုပ်ကြီး ပီးထရေ့စ်တို့ လက်ထက်က ဖော်ဆောင်ခဲ့သည့် သောင်းကျန်းမှု တန်ပြန်နှိမ်နင်းရေးမဟာဗျူဟာကို စွန့်လွှတ်လိုက်ပြီဖြစ်သည်။ ထိုအစား အမေရိကန်သည် ခပ်ကြမ်းကြမ်းနှင့် အပျက်အစီးများသော နည်းလမ်းကို လိုက်စားနေသည်။ ၎င်းနည်းလမ်းများတွင် အထူးစစ်ဆင်ရေးများ၊ လုပ်ကြံသတ်ဖြတ်မှုများ၊ အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းပစ်ခြင်း၊ လေကြောင်းစစ်ဆင်ရေး၊ ညအချိန်စီးနင်းမှုများ ပါဝင်နေရာ အာဖဂန်နစ္စတန် နိုင်ငံသားများ၏ နှလုံးသားကို ဆုပ်ကိုင်နိုင်ဖို့ရာ အသာထား၊ အစိုးရအားစည်းရုံးနိုင်ရေးပင် မရေမရာဖြစ်လာသည်။

ယခင်ရက်သတ္တပတ်အတွင်း အသက် ၁၂ နှစ်အရွယ်အောက်အာဖဂန်ကလေးငယ် ၉ ဦး အမေရိကန်တိုက်ခိုက်ရေး ရဟတ်ယာဉ်များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရာ အမေရိကန်၏ ရန်လိုသော နည်းလမ်းများကို ပိုမိုထင်ရှားလာစေခဲ့သည်။ ထို့အတွက် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အမေရိကန်၏နည်းဗျူဟာများနှင့် မပတ်သက်ကြောင်း ပြောဆိုရုံသာမက ကလေးများ သေဆုံးမှုအတွက် ဝါရှင်တန်က တောင်းပန်သည်ကိုပင် လူသိရှင်ကြား ပယ်ချခဲ့သည်။

အာဖဂန်နစ္စန်တွင် လုံခြုံရေးအတွက် အာဖဂန်တပ်ဖွဲ့ဝင်များစုဆောင်းရေးနှင့် လေ့ကျင့်ပေးရေးမှာလည်း ချောမွေ့သည်ဟုမဆိုသာ။ အမေရိကန်များ အာဖဂန်နစ္စတန်မှ ထွက်ခွာသွားလျှင် အာဖဂန်တပ်ဖွဲ့ဝင်များက ထင်ရာစိုင်းကြတော့မည် ဆိုသည်ကို ပင်လက်ခံထားကြသည်။

ပို၍ဆိုးသည်မှာ ပါကစ္စတန်နိုင်ငံသား နှစ်ဦးအား သတ်ဖြတ်ခဲ့ခြင်းအတွက် ပါကစ္စတန်က စီအိုင်အေ ကန်ထရိုက်တာ တစ်ဦးအားဖမ်းဆီးခဲ့ပြီးနောက် အိုဘားမား၏ မဟာဗျူဟာတွင် အဓိကဒေါက်တိုင်ဖြစ်သည့် ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရေးမှာ အေးခဲသွားခဲ့သည်။ နှစ်နိုင်ငံ ထောက်လှမ်းရေး အေဂျင်စီများကြားမှာ ပင်ပူးပေါင်းဆောင်ရွက်မှုတွင် ပျက်သုဉ်းသွားပြီဟူသော သတင်းများပင်ထွက်ပေါ်ခဲ့သည်။ အာဖဂန်အစိုးရ၏ အုပ်ချုပ်ရေးကိစ္စများအတွက် မနိုင်နင်းမှု၊ မြို့တော် ကဘူးလ်အား ကျော်လွန်၍ လုံခြုံရေးရရှိရန် မစွမ်းဆောင်နိုင်မှုနှင့်အိုဘားမားအစိုးရက တာလီဘန်များ၏ အရှိန်အဟုန်ကို မရပ်တန့်နိုင်ခြင်းမှာ စစ်ပွဲအား စောလျင်စွာအဆုံးသတ်စေရေးအတွက် အလားအလာမကောင်းလှပေ။

အိုဘားမားအစိုးရအတွင်း အာဖဂန်နစ္စတန်အတွက် စစ်ဘက်ဆိုင်ရာ အဖြေမရှိဟု သဘောပေါက်သူများလည်း ရှိပါသည်။ ထို့အတွက်ကြောင့်ပင် ၎င်းတို့သည် စစ်မြေပြင်အောင်ပွဲများအကြောင်း ပြောကြားနေသလို တာလီဘန်များနှင့် ဆွေးနွေးရေးကိုလည်း အလားတူအလေးထားရန်ပြောကြားကြသည်။

သို့သော် တာလီဘန်များနှင့်ဆွေးနွေးပွဲများမှာ မရေရာမ သေချာသလို ယင်းဆွေးနွေးပွဲများမှနေ၍ နောက်ဆုံးတွင် ကျယ်ပြန့်သော ဆွေးနွေးများ ဖြစ်ပေါ်၍ တာရှည်ခံမည့် သဘောတူညီချက်ရနိုင်မည်လား ဆိုသည်မှာလည်းရှင်းရှင်းလင်းလင်း မရှိပေ။

လွန်ခဲ့သော ဆောင်းဦးပေါက်က အမေရိကန်နှင့် နောက်ဆုံးဆွေးနွေးပွဲများပြုလုပ်ခဲ့သည့် "တာလီဘန်တပ်မှူး" ဆိုသူမှာ အယောင်ဆောင်ထားသူ တစ်ဦးဖြစ်ပြီးကတ်တာမြို့မှ ဈေးသည်တစ်ဦးဖြစ်ကြောင်း နောက်ပိုင်းတွင် ပေါ်ထွက်ခဲ့သည်။

အကယ်၍ နောက်ဆုံးတွင် တာလီဘန်များနှင့် အိုဘားမား၊ ဟာမစ်ကာဇိုင်းတို့၏ ကိုယ်စားလှယ်များအမှန်တကယ် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့လျှင်ပင် တာလီဘန်များအား အာဏာပြန်ပေးရန် အတွက်အဘယ်ကြောင့် ၁၀ နှစ်ကြာ စစ်ပွဲဆင်နွှဲခဲ့ရသည်ကို အမေရိကန်က ဖြေရှင်းချက်ပေးရမည်ဖြစ်သည်။

အခြေအနေအားလုံးကို ခြုံ၍ကြည့်လျှင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်သည် ဖေဖော်ဝါရီလ နောက်ဆုံးရက်သတ္တပတ်က ပြောကြားသည့် မိန့်ခွန်းတွင် အဘယ့်ကြောင့် တုံးတိတိမှတ်ချက်များ ထည့်သွင်းခဲ့သည်ကို နားလည်နိုင်ပါလိမ့်မည်။ "အနာဂတ်ကာကွယ်ရေးဝန်ကြီးတစ်ယောက်ယောက်က သာအာရှမှာ ဒါမှမဟုတ် အရှေ့အလယ်ပိုင်းမှာ ဒါမှမဟုတ် အာဖရိကမှာ အမေရိကန်ကြည်းတပ်ပို့လွှတ်ရမယ်လို့ အကြံပေးလာရင် ဗိုလ်ချုပ်ကြီး မက်အာသာပြောသလို အဲဒီလူရဲ့ ခေါင်းကိုစမ်းသပ်ကြည့်ရပါလိမ့်မယ်"

—Ref: ALJazeera

## အာဖဂန်နစ္စတန် စစ်ပွဲအတွင်းအရပ်သား သေဆုံးမှုစံချိန်တင်

ကဘူးလ်၊ မတ် - ၉

အာဖဂန်နစ္စတန် စစ်ပွဲသည် သာမန်အရပ်သားများအပေါ် ပိုမိုရိုက်ခတ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်အတွင်း အရပ်သားသေဆုံးမှု ၁၅ ရာခိုင်နှုန်းမြင့်တက်ကာ အရပ်သားသေဆုံးမှုအရေအတွက် စံချိန်တင်ခဲ့ကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်သော အချက်အလက်ကိန်းဂဏန်းများက ဖော်ပြနေသည်။

သူပုန်များသည် အရပ်သားသေဆုံးမှု ၇၅ ရာခိုင်နှုန်းအတွက် တာဝန်ရှိပြီး ယင်းမှာ ၂၀၀၉ ခုနှစ်ကထက် ၂၈ ရာခိုင်နှုန်းတိုးတက်လာခြင်းဖြစ်ကြောင်း ကိန်းဂဏန်းများအရသိရသည်။

နိုင်ငံတကာတပ်ဖွဲ့များနှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ၏ပယောဂကြောင့် အရပ်သားများသေဆုံးမှုမှာ ၁၆ ရာခိုင်နှုန်းရှိပြီး ယင်းမှာ ယမန်နှစ် ၂၆ ရာခိုင်နှုန်းထက် လျော့ကျလာခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် မဟာမိတ်တပ်ဖွဲ့များကြောင့် အရပ်သားများ သေဆုံးမှုဖြစ်ခြင်းမှာ ဆတ်ဆတ်ထိမခံကိစ္စရပ်ဖြစ်ပြီး ယခင်ရက်သတ္တပတ်အတွင်း အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ လေကြောင်းတိုက်ခိုက်မှုကြောင့် ယောက်ျားလေးငယ် ၉ ဦး သေဆုံးခဲ့ရာ ယင်းကိစ္စမှာလူအများအပြားသတိပြုမိစရာကိစ္စ ဖြစ်လာပြန်သည်။

ကလေးငယ်များသေဆုံးခဲ့ခြင်းအတွက် အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်မှူးကြီး ဗိုလ်ချုပ်ကြီးဒေးဗစ်ပီးထရေ့စ်က လူသိရှင်ကြား တောင်းပန်ခဲ့သော်လည်း အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ပယ်ချခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်ကိုယ်တိုင်အာဖဂန်နစ္စတန်သို့ လာရောက်ပြီး တောင်းပန်စကားပြောကြားခဲ့သည်။

ယမန်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် တစ်နေ့လျှင် အရပ်သား ၈ ဦးနှုန်း သေဆုံးခဲ့ရာ ယင်းမှာ ၂၀၀၁ ခုနှစ်တွင် အမေရိကန်က အာဖဂန်စစ်ပွဲစတင်ခဲ့ပြီး နောက်ပိုင်းသေဆုံးမှုအများဆုံး အရေအတွက်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

—Ref: AFP

7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# မတ်လ ၂ ရက်က မိုးကြိုးပစ်၍ လူတစ်ဦး သေဆုံး

သန်းဌေး

ရန်ကုန်၊ မတ် - ၉

**နွေရာသီကာလ မတ်လ ၂ ရက် ညနေ ၃ နာရီခန့်က ပဲခူးမြို့နယ်အတွင်း လေပြင်းတိုက်၍ မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးပစ်သောကြောင့် အမျိုးသားတစ်ယောက် မိုးကြိုးထိမှန်ကာ သေဆုံးသွားကြောင်း မတ်လ၇ရက်ထုတ် နိုင်ငံ ပိုင်သတင်းစာများတွင် ဖော်ပြထားသည်။**

ရွာလည်ကုန်းရွာသား အသက် ၂၃နှစ်အရွယ် မောင်နိုင်ဝင်းအောင်သည် မိုးရွာလာသဖြင့် လမ်းထဲ၌ နေလှန်းထားသောပဲများသိမ်းနေစဉ် မိုးကြိုးထိမှန်ကာသေဆုံးသွားခြင်းဖြစ်ကြောင်း အဆိုပါသတင်းစာများတွင် ဖော်ပြထားသည်။

"ပဲခူးတိုင်းအတွင်းမှာ လူတစ်ဦး မိုးကြိုးပစ်ခံရလို့ သေဆုံးရတဲ့သတင်းကို ၂၀၁၁ခုနှစ် မတ်လဆန်း နွေကာလကြီးမှာ အစောကြီးကြားနေရပြီ မဟုတ်လားဗျာ"ဟု မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်က ၎င်း၏ "ဆယ်နှစ်တာရာသီဥတုပြောင်းလဲခြင်း ဒိုင်ယာရီ" ဆောင်းပါးတွင် ရေးသားထားသည်။ (7 Day News ဂျာနယ် အတွဲ(၁၀) အမှတ်(၁)တွင် ဖော်ပြပြီး) ယခုနွေရာသီတွင် မိုးတိမ်တောင်များ ပိုမိုဖြစ်ထွန်းနိုင်ပြီး မိုးတိမ်တောင်နှင့်ဆက်စပ်၍ မိုးကြိုးပစ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ ဆိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်းတို့ကို အထူးသတိပြုရန်လိုကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။

မတ် ၂ရက်က ပဲခူးမြို့နယ်တောင်ခြမ်း၊ ကဝမြို့နယ် အနောက်ခြမ်းနှင့် ပဲခူးမြို့နယ်၊ ထုံးကြီးကျေးရွာအုပ်စု၊ ကင်းပိုင်ကျုံကျေးရွာအုပ်စုတို့တွင်လည်း လေပြင်းများတိုက်ကာ မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ လေပြင်းတိုက်မှုကြောင့် လူနေအိမ်အချို့ ပြိုလဲခြင်းနှင့် အမိုးလန်ခြင်းများဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။










# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 60,300 |
| Intel P4 Dual Core 2.7 (E 5400) Processor | 56,700 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 124,200 |
| Intel P4 Core i5 3.06 GHz (540) (1156) Processor | 114,300 |
| Intel P4 Core i7 2.93 Ghz (870) (1156) Processor | 271,800 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 54,900 |
| MSI P43-C51 (775) Motherboard | 71,100 |
| MSI H55M-E32 (1156) Motherboard | 85,500 |
| ASUS P7P55D-ELX (1156) Motherboard | 139,500 |
| ASUS P7H55-MLX (1156) Motherboard | 81,000 |
| ASUS P5G41T-MLX (775) Motherboard | 55,800 |
| Gigabyte P41-ES3G (775) Motherboard | 67,500 |
| Gigabyte EP43-UD3L (1156) Motherboard | 90,000 |
| **Memory** | |
| 1 GB DDR2 (400) Kingston Memory | 42,300 |
| 1 GB DDR3 (800) Kingston Memory | 19,800 |
| 2 GB DDR3 (800) Kingston Memory | 26,100 |
| 4 GB DDR3 (1333) Kingston Memory | 22,500 |
| 4 GB DDR3 (1333) Kingston Memory | 41,400 |
| **Harddisk** | |
| 500 GB Seagate SATA | 40,500 |
| 1 TB Seagate SATA | 56,700 |
| 1.5 TB Seagate SATA | 79,200 |
| 2 TB Seagate SATA | 94,500 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 75,600 |
| MSI 8400GS 512MB PCI Express Card | 39,600 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 87,300 |
| ASUS EAH 5750 Formula 1GB PCI Express Card | 142,200 |
| ASUS EN 210SI/ 1GB D3 PCI Express Card | 51,300 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 77,400 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 81,900 |
| Gigabyte 8400STC 512I 512MB PCI Express Card | 36,000 |
| **Memory Stick** | |
| Memory Stick Toshiba16 GB | 32,000 |
| Memory Stick SanDisk16 GB | 24,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick HP 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 9,900 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| Power Tree (650 VA) | 34,500 |
| Power Tree (1.2 KVA) | 62,000 |
| SVC (600 VA) | 39,700 |
| SVC (1.2 KVA) | 57,600 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 30,600 |
| EAST (1.2 KVA) | 58,500 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 27,000 |
| ASUS DVD Writer (SATA) | 28,800 |
| Liteon DVD Writer (SATA) | 24,600 |
| **အိတ်ဆောင်တီဗီငှကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ မတ်လ (၁၂) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3,500GB HDD,15.6″ | 632,000 |
| Intel Core i5 2.67Ghz 2GB DDR3, 640GB HDD,14.0" | 791,000 |
| **Apple** | |
| Intel Core 2 Duo 2.4Ghz 4GB DDR3,250GB HDD,13.3″ | 1,040,000 |
| **HP** | |
| Intel Corei3 2.27Ghz 4GB DDR3,500GB HDD,15.6″ | 691,000 |
| **Sony** | |
| Intel Corei5 2.53Ghz 4GB DDR3,500GB HDD,15.5″ | 1,001,000 |
| **Toshiba** | |
| Intel Corei3 2.4Ghz 2GB DDR3,320GB HDD,14.0″ | 637,000 |
| **ViewSonic** | |
| Intel Core 2 Duo 1.3Ghz 2GB DDR2,320GB HDD,13.3″ | 586,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မတ်လ (၁၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၇၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၈၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၁၁)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၄,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၂၀၀-၂၅၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၂၀၀-၃၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၆၀၀-၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀-၂,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မတ်လ (၁၂) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀- ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၂၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၄,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၇၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၇၀၀-၃,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၈၀၀-၁၉,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၇၀၀-၃,၈၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၇၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၆၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၂၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၉၀၀-၄,၈၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၉,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၉၀၀ |

မတ်လ (၁၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၉၀ | ၄ဂ | ၃၅၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၈၀ |
| စူဇူကီး R+ | - | ၁ဂ/၂ဂ | ၂၀၀ |
| ကော်ရိုလာဗင် | ၉၂ | ၄ဂ | ၄၅၀ |
| စူပါရှဖ် | ၈၆ | ၄ဂ | ၂၀၀ ဝန်းကျင် |
| မတ်ခ်တူး | ၉၅ | ၂ဂ | ၇၃၀ |
| အက်စီးလီမိတက် | ၉၀ | ၄ဂ | ၃၅၀ |
| နစ်ဆန်းစူပါဆလွန်း | ၉၀ | ၄ဂ | ၃၅၀-၃၆၀ |
| ပါဂျဲရို | ၉၇ | ၄ဂ | ၈၅၀ |

မတ်လ(၁၁) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Mar(5) | Mar (6) | Mar (7) | Mar(8) | Mar (9) | Mar (10) | Mar (11) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# သားရွှေအိုးထမ်းလာတာကို မြင်ချင်တယ်



ထက်ကျော်

သုဝဏ္ဏသာမဇာတ်မှာ အလောင်းတော်က မျက်မမြင် ဒုကုလနဲ့ ပါရိကဆိုတဲ့ မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးပြုစုပြီး နေထိုင်ကြတယ်။ မိဘနှစ်ပါးကရသေ့ဆိုတော့ တောထဲမှာနေတာပေါ့။ ဒါကြောင့်လည်း အလောင်းတော်မင်းသားဟာ တိရစ္ဆာန်တွေနဲ့ပဲ ယဉ်ပါးပြီး ခင်မင်နေတယ်။ တစ်နေ့ရွှေသမင်တွေ ခြံရံပြီး ရေခပ်ဆင်းချိန်မှာ တောလိုက်လာရင်း သားကောင်ကို ချောင်းမြောင်းနေတဲ့ မင်းကြီးက တွေ့မြင်သွားပါလေရော။

သမင်တွေခြံရံနေတော့ သမင်ကို ပစ်လိုက်တဲ့မြားက အလောင်းတော်သုဝဏ္ဏသာမကို ထိမှန်သွားပါတယ်။ ဒီတော့မှ မင်းကြီးက သမင်အုပ်ထဲမှာ လူသားတစ်ယောက်ပါလာတာကိုသိသွားပုံရတယ်။ ဒါကြောင့် သွားရောက်ကြည့်ရှုမေးမြန်းတော့ မိဘအိုတွေကို လုပ်ကျွေးနေတဲ့သူမှန်းသိရတယ်။ ဒါနဲ့ စိတ်မကောင်းခြင်းကြီးစွာဖြစ်နေတဲ့ မင်းကြီးဟာ မျက်မမြင်မိဘနှစ်ပါးကို မြားဆိပ်သင့်နေတဲ့ သုဝဏ္ဏသာမဆီကို ခေါ်သွားခဲ့တယ်။

ဟိုရောက်တော့ မိဘနှစ်ပါးက သစ္စာဆိုတဲ့အခါ သိကြားမင်းပေါ်လာပြီး မျက်မမြင်မိဘနှစ်ပါးကို မျက်စိမြင်လိုသလား၊ သားသုဝဏ္ဏသာမ မြားဆိပ်သင့်တာပျောက်ချင်သလား၊ နောင်ရေးအတွက် ရွှေအိုးပဲယူမလား မေးပါတယ်။ ဒီတော့ မိဘနှစ်ပါးက"သားရွှေအိုးထမ်းလာတာကို မြင်ချင်တယ်" ဆိုတဲ့စကားပါ။ ဒီစကားရဲ့အဓိပ္ပာယ်ကို သဘောကျလွန်းလို့ ဒီလို ပျိုးနေရတာပါ။ ကျွန်တော်တို့ဟာ အချို့အချိန်တွေမှာ သားရွှေအိုးထမ်းလာစေချင်တာ အမှန်ပါပဲ။

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း(အခုတော့ ဝါရင့်ဝန်ကြီး) လီကွမ်ယူကပြောဖူးတယ်။ "ထမင်းဝတာ လိုချင်သလား၊ ဒီမိုကရေစီလိုချင်သလား"တဲ့။ ဒီအမေးကို ဘယ်သူက ဘယ်လိုဖြေခဲ့မယ်၊ သူ့ရဲ့တိုင်းသူပြည်သားတွေက ဘယ်လိုဖြေခဲ့မယ်ဆိုတာ မသိပေမယ့် ကိုယ်တိုင်သာ ဖြေခွင့်ရမယ်ဆိုရင် "ဒီမိုကရေစီရပြီး ထမင်းဝတာလိုချင်တယ်" လို့ ဖြေမိမှာသေချာတယ်။

ထမင်းဝဖို့ကို လိုချင်တယ်လို့ မပြောဘဲ ဒီမိုကရေစီရပြီး ထမင်းဝချင်တယ်လို့ပြောရတာက ဒီလိုပါ။ အချို့နိုင်ငံတွေမှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ဒီမိုကရေစီကိုတော့ ရပါရဲ့၊ ဒါပေမဲ့ ထမင်းနပ်မမှန်တဲ့သူတွေရှိနေကြတယ်။ အခြားမကြည့်နဲ့ ဒီမိုကရေစီထွန်းကားနေတယ်ဆိုတဲ့ အမေရိကန်ပြည်ထောင်စုနဲ့ အိန္ဒိယနိုင်ငံကိုပဲကြည့်၊ နှစ်နိုင်ငံစလုံးဟာ ဒီမိုကရေစီအပြည့်အဝရတဲ့နိုင်ငံ၊ ဒီမိုကရေစီရှေ့ဆောင်နိုင်ငံတွေအဖြစ် လက်မထောင်ပြီး ပြောနေကြတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဆင်းရဲခြင်းမျဉ်းအောက်မှာ ရောက်နေတဲ့ ပြည်သူတွေအများပဲမဟုတ်လား။ အလုပ်လက်မဲ့တွေ၊ အိုးမဲ့အိမ်မဲ့တွေ အများကြီးပဲမဟုတ်လား။

ဒါပေမဲ့ အချို့နိုင်ငံတွေဟာ စနစ်ကတော့ ဒီမိုကရေစီစနစ်မဟုတ်ဘူး။ အခြားစနစ်တစ်ခုခုဖြစ်ကောင်းဖြစ်နေလိမ့်မယ်။ ဒါပေမဲ့ တိုင်းပြည်ကို စီမံခန့်ခွဲနေတဲ့ ခေါင်းဆောင်မှုအဖွဲ့က တော်တည့်မှန်ကန်ပြီး စီးပွားရေးလာဘ်မြင်တတ်တော့ နှစ်စဉ် ဂျီဒီပီတိုးတက်နှုန်းဟာ မြင့်မားပြီး ပြည်သူတွေရဲ့ စားဝတ်နေရေးဟာ တစ်စုံတစ်ရာပြေလည်နေတာမျိုးတွေလည်းရှိပါတယ်။

ဒါပေမဲ့ အဲဒီနိုင်ငံတွေမှာ ဒီမိုကရေစီ ဆိတ်သုဉ်းနေတာကြောင့် ပြည်သူတွေရဲ့ အခွင့်အရေးတွေ ဆုံးရှုံးနေတတ်တယ်။ လူသားတစ်ဦးချင်း ရပိုင်ခွင့်တွေဟာ ပျောက်ဆုံးနေတတ်တယ်။

ဒီတော့ စားစရာ၊ ဝတ်စရာတော့ရှိပါရဲ့။ ဒီမိုကရေစီ မရရှိနိုင်တော့ လူ့ဘဝရဲ့ လိုအပ်ချက်ဟာ ပြည့်စုံနိုင်မယ်မထင်ဘူး။ လူတစ်ယောက်ရဲ့ဆန္ဒနဲ့ လိုလားချက်ဆိုတာ အကျယ်အပြန့်ရှိနေတတ်တယ်မဟုတ်လား။ ဒါတွေကို မျိုသိပ်ဖျောက်ဖျက်ပြီး ရှိတဲ့ထမင်းလုတ်ကို မျိုချနေရုံနဲ့ အရာရာပြည့်စုံနိုင်တာမှ မဟုတ်တာ။

'သုဝဏ္ဏသာမ'ဇာတ်ထဲကလို ဒုက္ခရောက်နေသူတွေကို 'သိကြားမင်း'ဆိုသူက ဆင်းလာပြီး အကူအညီပေးမယ်ဆိုရင် ဒုကုလနဲ့ပါရိကဆိုတဲ့ ရသေ့ဇနီးမောင်နှံလို ဆုတစ်မျိုးတောင်းချင်ပါတယ်။ သားရွှေအိုးထမ်းလာသလို 'ဒီမိုကရေစီလည်းရ၊ ထမင်းလည်းဝပြီး၊ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခု' ရဲ့ နိုင်ငံသားတစ်ဦးဖြစ်ချင်လို့ပါပဲ။ ဒါကို အများစုကြီးကလည်း လက် ခံနိုင်မှာပါ။

စင်ကာပူဝန်ကြီးချုပ်ဟောင်းဟာ ဘုရားသခင်မဟုတ်ပါဘူး။ သူပြောသမျှ အမှန်တရားဆိုပြီး လက်ခံနေလို့ မရပါဘူး။ သူလည်း လူသားကမ္ဘာထဲက လူသားတစ်ဦးပဲလေ။ ဒီတော့ သူ့အတွေးအမြင်၊ သူ့အလုပ်အားလုံးဟာ ရာနှုန်းပြည့်မှန်ချင်မှ မှန်လိမ့်မယ်။ ဒီတော့ သူ့စကားကို အကြွင်းမဲ့ခေါင်းညိတ်လက်ခံနေစရာလိုမယ် မထင်ဘူး။

အမှန်ပါပဲ။ 'ကာလ-ဒေသ-ပယောဂ'ဆိုတဲ့ စကားတစ်ခုရှိတယ်။ 'ကာလ-ဒေသ-ပယောဂ' အခြေအနေတွေကြောင့် ပြောဆိုတဲ့စကားဟာ အမှန်တရားနဲ့ နီးစပ်ပါ့မလား စဉ်းစားနိုင်ကြရင် ကောင်းမယ်။ မတူတဲ့နိုင်ငံ၊ မတူတဲ့လူ့အဖွဲ့အစည်း၊ မတူတဲ့အမြင်နဲ့ မတူတဲ့ ယုံကြည်မှုတွေကလည်း နိုင်ငံတစ်ခုရဲ့ အနေအထားနဲ့ အခြားနိုင်ငံတစ်ခုရဲ့ အနေအထား ကွာခြားနေပါလိမ့်မယ်။ အတွေးတွေလည်း ကွာသွားမှာသေချာပါတယ်။ တကယ်တော့ သားရွှေအိုးထမ်းလာသလို ဒီမိုကရေစီရပြီး ထမင်းဝစေချင်တာကတော့အမှန်ပါပဲ။ ။

## တန်းမစီနိုင်သော အငှားယာဉ်အချို့ အောက်တိန်းဆီ စတင်အသုံးပြု

ရန်ကုန်၊ မတ် - ၁၂

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် ဓာတ်ဆီဝယ်ယူရာ၌ အချိန်ကြာမြင့်မှုအခက်အခဲကြောင့် အငှားယာဉ်မောင်းသူ အချို့ အောက်တိန်းဆီဝယ်ယူအသုံးပြုလာကြောင်း သတင်းရရှိသည်။

မော်တော်ယာဉ်အများစုသည် ဈေးနှုန်းသက်သာသည့် ဓာတ်ဆီကို ဝယ်ယူအသုံးပြုကြသောကြောင့် အရောင်းဆိုင်များတွင် အချိန်ကြာမြင့်စွာစောင့်ဆိုင်းကြရသည်။

"အောက်တိန်းဝယ်မယ်ဆိုရင်တော့ တန်းစီစရာမလိုဘူး။ ကျွန်တော်တို့ တက္ကစီကိုယ်ပိုင်မဟုတ်တဲ့သူတွေအတွက် တန်းစီနေရင် ဘယ်လိုမှမကိုက်ဘူး။ အခုတော့ အောက်တိန်းပဲ ဝယ်မောင်းနေရတယ်။ အမြတ်တော့ လျော့သွားတာပေါ့။ မနေ့က ကိုယ့်အတွက် ၇,၀၀၀ ပဲကျန်တယ်။ အောက်တိန်းနဲ့ကတော့ မောင်းလို့တော်တော်ကောင်းတယ်"ဟု အငှားယာဉ်မောင်းတစ်ဦးကဆိုသည်။

လက်ရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၂,၅၀၀ နှင့် အောက်တိန်းဆီတစ်ဂါလန်လျှင် ကျပ် ၃,၆၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

## ကျောက်ဖြူရေနက်ဆိပ်ကမ်း ၂၀၁၃ တွင် ပြီးစီးမည်ဆို

ရန်ကုန်- မတ် ၁၂

တစ်နှစ်လျှင်ရေနံစိမ်းတန်ချိန်၂၂ သန်းအထိ ဆီချနိုင်သောဆီတင်ဆီချဆိပ်ကမ်းကို ကျောက်ဖြူမြို့နယ်တွင်တည်ဆောက်လျက်ရှိရာ ၂၀၁၃ခုနှစ်မေလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မတ်လ၉ ရက်ထုတ်မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားသည်။

မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းစီမံကိန်းတွင်ပါဝင်သော အဆိုပါ ဆီတင်ဆီချဆိပ်ကမ်းသည်ကျောက်ဖြူမြို့နယ် မဒေးကျွန်း၌ တည်ဆောက်လျက်ရှိပြီးရေနံစိမ်းတန်ချိန်သုံးသိန်းတင်သင်္ဘောများအထိ ဆိုက်ကပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆီတင်ဆီချဆိပ်ကမ်းကို တရုတ်ကုမ္ပဏီ CNPC South East Asia Pipeline က တည်ဆောက်လျက်ရှိပြီး ယင်းရေနံစိမ်းဆီတင်ဆီချဆိပ်ကမ်းပြီးစီးပါက မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရေနံစိမ်းများ ပို့လွှတ်ဖြန့်ဖြူးသွားနိုင်မည်ဖြစ်ကြောင်းသတင်းတွင်ဖော်ပြပါရှိသည်။

## စာ(၄၁) ရခိုင်ကမ်းရိုးတန်းတွင် ဒီရေနီများလာ မှ

အဓိကကတော့ ဒီရေနီဟာ ညစ်ညမ်းမှုကြောင့်ဖြစ်တဲ့အတွက် ဘယ်နိုင်ငံသားမဆို ညစ်ညမ်းမှုမဖြစ်အောင်လုပ်ဖို့လိုတယ်" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ယခင်နှစ် ၂၀၁၀ တွင် ရခိုင်ကမ်းရိုးတန်းရှိ ပင်လယ်ပြင်နှင့် ယင်းနှင့်ကပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးရှိ ပင်လယ်ပြင်တို့တွင်ငါးဖမ်းဆီးရရှိမှုသည် ယခင်နှစ်များထက် လျော့နည်းလာကြောင်း ဒေသခံများအား မေးမြန်းချက်အရသိရသည်။ သို့သော်မည်သို့ကြောင့် လျော့နည်းလာခြင်းကို ယခုအချိန်ထိ တိကျသေချာသော အဖြေထုတ်မှုများ မရှိသေးကြောင်း သိရသည်။

ပုသိမ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ဒီရေနီနှင့်ပတ်သက်၍ လေ့လာသုတေသနပြုခြင်းကို ၂၀၀၇ ခုနှစ်မှ စတင်ပြုလုပ်ခဲ့သည်။ ၎င်းတို့ဌာနက ဒီရေနီနှင့်ပတ်သက်၍ ပြုလုပ်သောပါရဂူစာတမ်းသည် ပြီးစီးသော်လည်း မဟာသိပ္ပံစာတမ်းသည် ၂၀၁၁ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

## စာ(၄၁) ချောင်းသာတွင် ပင်လယ်ပြင်ဆိုင်ရာ မိုးလေဝသပညာပေးဟောပြောပွဲ ကျင်းပမည် မှ

ယခုကဲ့သို့ မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်အား ဖိတ်ခေါ်၍ဟောပြောပွဲလုပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး အခြားကမ်းခြေအပန်းဖြေဟိုတယ်ဇုန်များတွင် မလုပ်ဖူးသေးကြောင်းသိရသည်။ ချောင်းသာကမ်းခြေမှာ ၂၀၀၆ ခုနှစ်အတွင်း မာလာမုန်တိုင်းဒဏ် တိုက်ရိုက်ခံစားခဲ့ရသော်လည်း ၂၀၀၈ ခုနှစ်တွင်မူ နာဂစ်မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရကြောင်း ဟိုတယ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယင်းတို့ကြောင့် လာမည့်မေလကုန်ပိုင်းတွင် မိုးလေဝသဆိုင်ရာများကို ဒေသခံနှင့်ဟိုတယ်ဝန်ထမ်းများ နားလည်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ကမ်းခြေလာခရီးသွားများ လုံခြုံစိတ်ချမှုအတွက်ပါ အကျိုးဝင်ကြောင်း ပြောကြားသည်။

TRADEMARK CAUTION
Dunlopillo (Malaysia) Sdn Bhd a Company incorporated in Malaysia at level 3A, West Wing, Wisma Consplant 2, No. 7, Jalan SS16/1, 47500 Subang Jaya, Selangor Darul Ehsan, Malaysia is the Owner and Sole Proprietor of the following Trademark:-

**Dunlopillo**

Reg: No.4/6617/2007
In respect of: In class 20, Beds divan beds, headboards, forbeds, mattresses, pillows, cushions and upholstered parts of furniture.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 17.March.2011

TRADEMARK CAUTION
Apollo Tyres A.G., a company(Aktiengesellschaft) incorporated under the laws of Switzerland at Mellingerstrasse 2a, 5400 BADEN, Switzerland is the Owner and Sole Proprietor of the following Trademarks:-

**HAWKZ**
Reg:No.4/1382/2011

**ENDURACE**
Reg:No.4/1383/2011

**ASPIRE**
Reg:No.4/1381/2011

In respect of : Int;l Class 12 : Tyres, tubes and flaps for automobiles.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B,DBL
Post Graduate Diploma in Legal Aspects of Marine Affairs(cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph :371 990 17.March.2011

Environment
7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# ရခိုင်ကမ်းရိုးတန်းတွင် ဒီရေနီများလာ

အိဖြူမွန်

ရန်ကုန်၊ မတ်-၁၁

ပင်လယ်ရေညစ်ညမ်းမှုကြောင့် ပေါက်ဖွားမှုတိုးပွားသောဂေဟစနစ်အတွက် အန္တရာယ်ရှိသည့် အပင်မျှောလေး(ဒေသအခေါ် ဒီရေနီ) မျိုးစိတ်ပေါင်း ၈၀ ကို ရခိုင်ကမ်းရိုးတန်းရှိဒေသအချို့တွင် တွေ့ရှိရကြောင်း သုတေသနပြုလုပ်ခဲ့သူ ပုသိမ်တက္ကသိုလ်အဏ္ဏဝါသိပ္ပံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ထိုသို့ ဒီရေနီခေါ် အပင်မျောလေး(Ref Tide) များပြားလာပါက ရေနေသတ္တဝါများအောက်ဆီဂျင်ပြတ်ကာ သေဆုံးတတ်ကြောင်း သိရသည်။



ဓာတ်ပုံ - အားမာန်

ယင်းပမာဏသည် သုတေသနပြုလုပ်နေစဉ် သုံးနှစ်တာ ကာလအတွင်း အများဆုံး ပမာဏဖြစ်ကြောင်း၊ ရခိုင်ကမ်းရိုးတန်း ဂွမြို့နယ်မှ ဆင်မအထိ သုတေသနပြုလုပ်ခဲ့သော အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"တက်လာတယ်။ ပင်လယ်မှာပဲ ဖြစ်ဖြစ်၊ မည်သည့်ရေမဆို ပလန်ကွန်(အမျောလေး)က ရှိပါတယ်။ ပင်လယ်မှာဆိုရင်တော့ ငါးအထက်ရှိရမယ်။ အဲဒီထက် များလာရင်တော့ အန္တရာယ်ရှိနိုင်တယ်" ဟု အထက်ပါပုဂ္ဂိုလ်က ထပ်မံပြောသည်။

ယင်းမျောလေးသည် သက်ရှိ သတ္တဝါအဖြစ်လည်းကောင်း၊ အပင်အဖြစ်လည်းကောင်း ရေထဲတွင် ကျက်စားနေထိုင်ကြသည်။ အန္တရာယ်ရှိသော မျောလေးများသည် ပန်းသွေးရောင်ရှိသည်။ အချို့သော မျိုးစိတ်များသည် ညစ်ညမ်းမှုပုံသဏ္ဍာန်ကိုလိုက်၍ အရောင်းအသွေးမျိုးစုံရှိသည်။

ယင်းမျောလေးသည် ရေထဲတွင် ပျော်ဝင်သော အောက်ဆီဂျင်ကို စုပ်ယူစားသုံးပြီး အဆိပ်ဖြစ်စေသည့် ဓာတ်အချို့ကို ထုတ်လွှင့်ပေးသည်။ ယင်းတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် ငါးများအလိုအလျောက် သေဆုံးခြင်းနှင့်အဆိပ်သင့်ခြင်းများ ကြုံတွေ့ရနိုင်သည်။ ထို့အပြင် ယင်းတို့များပြားလာပါက ငါးများမှာစားကျက်ပြောင်းနေထိုင်တတ်ကြသည်။


"သူတို့က အောက်ဆီဂျင်ကို အဆမတန်ရှူတယ်။ စွန့်ပစ်ပစ္စည်းအနေနဲ့ အဆိပ်ဖြစ်စေတဲ့တော့ပ်ဆိတ်တစ်မျိုးကို ထုတ်လွှင့်တယ်။ အမေရိကမှာဆိုရင် ပြီးခဲ့တဲ့နှစ်က ဆာတိန်ငါးတွေ ပင်လယ်ပြင်မှာ အောက်ဆီဂျင်ပြတ်လို့ သေတာ သတင်းမှာ တွေ့ရတယ်။ အဆိပ်သင့်တဲ့ ငါးကိုစားလို့ လူဒုက္ခရောက်တယ်လို့တော့ မကြားသေးဘူး။ အချိန်အတိုင်းအတာတစ်ခုအထိ စားဖြစ်ခဲ့မယ်ဆိုရင် အန္တရာယ်ဖြစ်လာနိုင်မယ်လို့ပဲ ခန့်မှန်းရဦးမယ်။ စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံတွေရဲ့ ပင်လယ်ပြင်မှာတော့ အဲဒီဟာတွေ တွေ့ရတာများတယ်။ မြန်မာနိုင်ငံမှာတော့ ဘာကြောင့်ရောက်လာတယ်ဆိုတာ စဉ်းစားစရာပဲ" ဟု အဏ္ဏဝါကျွမ်းကျင်သူ (Myanmar Social Network)မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

ယင်းမျောလေးသည် ပင်လယ်ရေစီးကြောင်း အသွင်သဏ္ဍာန်အနေဖြင့် မျောပါနေတတ်သည်။ ထို့ကြောင့် အဏ္ဏဝါကျွမ်းကျင်သူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်အချို့က မြန်မာနိုင်ငံသည် စက်မှုဖွံ့ဖြိုးမှုအားသောကြောင့် ယင်းမျောလေးများ သမုဒ္ဒရာ ရေစီးကြောင်းပြောင်းလဲမှုကြောင့် မြန်မာပင်လယ်တွင် ဖြစ်ပေါ်နေခြင်းသာဖြစ်နိုင်ကြောင်း ခန့်မှန်းသုံးသပ်ပြောကြားကြသည်။ အချို့သောပညာရှင်များကပင်လယ်ထဲတွင် စီးဝင်ကြသော ချောင်းများ၊မြောင်းများ၊ မြစ်များတွင် မြေဆီမှတစ်ဆင့် မျောပါလာသော ဓာတုဆေးဝါး ကြွင်းကျန်ပစ္စည်းများ စီးဝင်မျောပါခြင်းကြောင့်လည်းကောင်း၊ ငါး၊ ပုစွန်မွေးမြူရေးကန်များမှ တိုက်ရိုက်စွန့်ပစ်သော စွန့်ပစ္စည်းများမှလည်းဖြစ်နိုင်ကြောင်း သုံးသပ်ခန့်မှန်းကြသည်။

"အရင်က ထိုင်းပင်လယ်ပြင်မှာ ဒီရေနီတွေ တွေ့ရတာများတယ်လို့တော့ ကြားမိတယ်။ ပင်လယ်ဆိုတာ အကျယ်ကြီးဆိုတော့ကိုယ်ကစွန့်ပစ်ပစ္စည်း မစွန့်ပစ်ရင်လည်း သူများနိုင်ငံရဲ့ အသုံးပြုမှုကြောင့် ကိုယ်နိုင်ငံကို အကျိုးသက်ရောက်နိုင်တယ်။

စာ(၄၀) သို့

Environment Cartoon




## ဒေါက်တာထွန်းလွင်နှင့် ဒေါက်တာရဲတင့်ထွန်း ဝေါမြို့တွင် ဟောပြောမည်

အောင်သူရ

ရန်ကုန်၊ မတ် - ၁၂

ပဲခူးတိုင်းဒေသကြီးဝေါမြို့နယ်တွင်မတ်လ ၂၇ ရက်၌ စိုက်ပျိုးရေးပညာရှင်ဒေါက်တာရဲတင့်ထွန်းနှင့် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်တို့က ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါဟောပြောပွဲသို့ ဒေသတွင်းရှိ ကျေးရွာ ၅၃ ရွာမှ တောင်သူ ၅၀၀ ကျော်လာရောက်နိုင်ရန်အတွက် ပို့ဆောင်ရေးအပါအဝင် နံနက်စာထမင်းကျွေးရန်စီစဉ်ထားကြောင်း ပဲခူးတိုင်းဒေသကြီးဆန်စပါးလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးကျော်တင့်ကပြောသည်။ ဟောပြောပွဲကို ဝေါမြို့တော်ခန်းမတွင် နံနက်ငါးနာရီလောက်မှ တစ်နေကုန်ပြုလုပ်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ချောင်းသာတွင် ပင်လယ်ပြင်ဆိုင်ရာ မိုးလေဝသပညာပေးဟောပြောပွဲ ကျင်းပမည်

ကျော်သီဟ


ရန်ကုန်၊ မတ် - ၃

ဒေါက်တာထွန်းလွင်၏ ပင်လယ်ပြင်ဆိုင်ရာ မိုးလေဝသနှင့်ပညာပေးဟောပြောပွဲကို လာမည့်မေလကုန်၌ ချောင်းသာကမ်းခြေတွင် ပြုလုပ်ရန် စီစဉ်ထားကြောင်း ဟိုတယ်ဇုန်မှပြောရေးဆိုခွင့်ရှိသူဦးညီညီက 7Day News သို့ပြောသည်။

"မေလကုန်လောက်ဆိုချောင်းသာဟိုတယ်အသင်းအနေနဲ့ ဒေါက်တာထွန်းလွင်ကိုဖိတ်ခေါ်ပြီး မိုးလေဝသနဲ့ ပညာပေးဟောပြောပွဲလေး တစ်ခုလုပ်ဖို့ရှိပါတယ်"ဟု ဦးညီညီကပြောသည်။

စာ(၄၀) သို့

## မြိတ်နှင့် ကော့သောင်းအနီးတွင် ဧရာဝတီလင်းပိုင်များကို လေ့လာမည်




အိဖြူမွန်

ရန်ကုန်၊ မတ်-၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့်ကော့သောင်း အကြား နေထိုင်ကျက်စားလျက်ရှိသော ဧရာဝတီလင်းပိုင်များကို သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့(Wildlife Conservation Society) နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ဒုတိယအကြိမ် လေ့လာစစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယခုလ မတ်လတတိယပတ်တွင်သွားရောက်မည်ဖြစ်ပြီး အချိန်ကာလအားဖြင့် တစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ ဧရာဝတီလင်းပိုင်အပြင် ဘင်္ဂလားပင်လယ်အော်၌ ကျက်စားနေထိုင်လျက်ရှိသော အခြားရှားပါးရေနေ သတ္တဝါများကိုပါ စစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း အထက်ပါဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။လွန်ခဲ့သော ၂၀၀၅ ခုနှစ်က ဧရာဝတီလင်းပိုင်များကို ပထမအကြိမ် လေ့လာစစ်တမ်းကောက်ယူခဲ့သည်။ ယင်းကောက်ယူချက်အရ မြိတ်မြစ်ဝတွင် ဧရာဝတီလင်းပိုင် ၁၀ ကောင်ဝန်းကျင်တွေ့ရှိရပြီး အခြားရှားပါးမျိုးစိတ် ခြောက်မျိုးကို တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။

"အဓိက Targetn ဧရာဝတီလင်းပိုင်ကို လေ့လာမှာပါ။ ပြီးခဲ့တဲ့နှစ်တွေက ရေနက်ပိုင်းအထိ သွားခဲ့တယ်။ အခုကမ်းနီးတဲ့ နေရာတွေပဲ လေ့လာဖြစ်မယ်ထင်တယ်။ အဲဒီတုန်းကတော့ ဧရာဝတီလင်းပိုင်၊ ဝေလငါး၊ လင်းရှူးတွေကို တွေ့ရတယ်" ဟု ယင်းခရီးစဉ်ကို လိုက်ပါသုတေသနပြုလုပ်မည့် ငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။ ဧရာဝတီလင်းပိုင်သည် မျိုးသုဉ်းပျောက်ကွယ်လုနီး အန္တရာယ်နှင့် ရင်ဆိုင်နေရသော မျိုးစိတ်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် တနင်္သာရီတိုင်း မြိတ်နှင့်ကော့သောင်းအကြား မြစ်ဝများ၌ တွေ့ရှိရသည်။



Tourism

7DAY NEWS JOURNAL

Vol.10, No.2 • MARCH 17, 2011


# ဆူနာမီကြောင့် ဂျပန်ခရီးသွားအချို့ ခရီးစဉ်များဖျက်သိမ်း

**အောင်သူရ**

ရန်ကုန်၊ မတ်-၁၂

ဂျပန်နိုင်ငံ တိုကျိုမြို့၏ မြောက်ဘက်မိုင် ၂၅၀ ခန့်အကွာပင်လယ်ကြမ်းပြင်ကို ဗဟိုပြု၍ မတ်လ ၁၁ ရက် နေ့လယ် ၂ နာရီ ၄၆ မိနစ်တွင် ရစ်ချ်တာစကေး ၈ ဒသမ ၉ ရှိ အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ပြီး ဆူနာမီလှိုင်းများရိုက်ခတ်ခဲ့သောကြောင့် မြန်မာနိုင်ငံသို့ လာရောက်မည့် ဂျပန်ဧည့်သည်အချို့မှာ ခရီးစဉ်ဖျက်သိမ်းမှုများရှိလာကြောင်း သတင်းရရှိသည်။



တိုကျိုရထားဘူတာရုံတစ်ခုတွင် ပိတ်မိနေသော ဂျပန်ပြည်သူများ ဆူနာမီသတင်းကိုရုပ်သံမှ တိုက်ရိုက်ကြည့်ရှုနေစဉ်။

"တိုကျိုက လေယာဉ်မထွက်တော့တဲ့အတွက် ဒီ စနေ၊ တနင်္ဂနွေ လာမယ့် ဧည့်သည်အချို့ ခရီးစဉ်ဖျက်လိုက်တယ်။ မတ်လ ၂၀ နောက်ပိုင်း လာမယ့် ဧည့်သည်တွေတော့ မဖျက်ကြဘူး" ဟု ဂျပန်ဈေးကွက်ကို အဓိကခရီးသွားလုပ်ငန်းလုပ်ကိုင်နေသောကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ထို့အပြင် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ သွားရောက်မည့် အဖွဲ့အစည်းအချို့ခရီးစဉ်များဖျက်သိမ်းရန်ရှိနေကြောင်းလည်း သတင်းရရှိသည်။

သို့ရာတွင်မူ မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်အတွင်းသွားရောက်ရန် စီစဉ်ထားသူများ ခရီးစဉ်ဖျက်သိမ်းခြင်းမရှိကြသေးကြောင်း ပြည်ပ ခရီးစဉ်ပို့ဆောင်ပေးနေသူအချို့ကဆိုသည်။ "တိုကျိုက မထိဘူးလေ။ တော်တော်များများကလည်း လက်မှတ်တွေ ဝယ်ထားပြီးသားဆိုတော့ မေးကြတယ်။ ခရီးစဉ်တော့ မဖျက်ကြဘူး" ဟု ပြည်ပခရီးစဉ်ပို့ဆောင်ပေးနေသော ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုနှစ်ခရီးသွားရာသီတွင် ဥရောပ၌ နှင်းမုန်တိုင်းများ ကျရောက်ခဲ့သဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့်သူအချို့ ခရီးစဉ်ဖျက်သိမ်းခဲ့ကြပြီး ၂၀၁၀ ဧပြီလအတွင်း အိုက်စလန်မီးတောင်ပေါက်ကွဲစဉ်ကလည်း ခရီးစဉ်အချို့ ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

## SilkAir က သင်္ကြန်ကာလအတွင်း ငါးကြိမ်ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ မတ်-၁၁**

သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း စင်ကာပူအခြေစိုက် SilkAir လေကြောင်းလိုင်းက ငါးကြိမ်ပျံသန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တိုးချဲ့ပျံသန်းမည့် နေ့များမှာ ဧပြီ ၁၁ ရက်တွင် တစ်ကြိမ်၊ ၁၂ ရက်တွင် နှစ်ကြိမ်နှင့် ၁၈ ရက်၊ ၁၉ ရက်တို့တွင် တစ်ကြိမ်စီ ပျံသန်းရန် စီစဉ်ထားကြောင်း SilkAir လေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။"၁၁ ရက်၊ ၁၂ ရက်တွေအတွက်ကတော့ ဂရုပ်ဘွတ်ခ်ကင်တွေရထားပြီး ၁၈ ရက်၊ ၁၉ ရက်အတွက်တော့ လက်မှတ်ကျန်သေးတယ်" ဟု အဆိုပါ လေကြောင်းလိုင်းက တာဝန်ရှိသူက ပြောသည်။

တိုးချဲ့ပျံသန်းမည်ဖြစ်သော အဆိုပါခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ဈေးနှုန်းကိုပုံမှန်နှစ်များအတိုင်း ၂၀ ရာခိုင်နှုန်းထပ်တိုးမည်ဖြစ်သည်။ SilkAir လေကြောင်းလိုင်းသည် ရန်ကုန်-စင်ကာပူခရီးစဉ်အား အနည်းဆုံးတစ်ရက် နှစ်ကြိမ်နှုန်းဖြင့် နေ့စဉ်ပျံသန်းပေးနေသောလေကြောင်းလိုင်းဖြစ်သည်။

## ငွေဆောင်ရွာလမ်းများ တိုးချဲ့ဖောက်လုပ်

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၁၀**

ငွေဆောင်မြို့နယ်ခွဲတွင် မျဉ်းပြိုင်သဖွယ် တည်ရှိနေသော ငွေဆောင်ရွာမလမ်း၊ ၁လမ်း၊ ၂လမ်း နှင့် ၃လမ်းတို့ကို ကန့်လန့်ဖြတ်ဆက်သွယ်ထားသော လမ်းသွယ် ၅လမ်းအား စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"လမ်းသွယ် ၅ လမ်းနဲ့ လမ်းသွယ် ၄ လမ်း ကိုစဖောက်နေတာ။ နှစ်ရက်လောက် မြေတူးစက်တွေနဲ့ မြေဖို့ပြီး အခုတော့ မြေတူးစက်ပျက်လို့ရပ်ထားတယ်" ဟု ငွေဆောင်ဒေသခံတစ်ဦးက ပြောသည်။ ငွေဆောင်ရွာမလမ်းနှင့် ၁ လမ်းကြားရှိ မြေကွက်လပ်မှာ မိုးတွင်းကာလတွင် ရေစီးဆင်းမှုရှိသဖြင့် အဆိုပါနေရာအား မြေဖို့ခြင်းဖြစ်သည်။

ငွေဆောင်ကမ်းခြေ စတင်ဖွင့်လှစ်သည့် ၂၀၀၀ ပြည့်နှစ်က ကမ်းခြေတစ်လျှောက်ရှိ ကျေးရွာငါးရွာမှ မိသားစု ၃၀၀ ကျော်အား ငွေဆောင်မြို့မလမ်းနှင့်အပြိုင်တည်ရှိနေသော ၁ လမ်း၊ ၂ လမ်းနှင့် ၃လမ်းတို့တွင် နေရာချထားပေးခဲ့သည်။








7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

The Cartoon Logo



















JOURNALIST

soethawdar



7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# ဘိုးအင်းကုမဏီ တ ုတ်လေကြောင်းလိုင်းနှစ်လိုင်းမှ ကန်ဒေါ်လာ ၁၀ ဘီလီယံဖိုးရှိ အမှာစာများရရှိ

**လန်ဒန်၊ မတ် - ၉**

ကမ္ဘာကျော် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီး ဘိုးအင်းသည် တရုတ်လေကြောင်းလိုင်း နှစ်လိုင်းထံမှ ကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ အမှာစာများရရှိသွားခဲ့ကြောင်းသိရသည်။

အဆိုပါလေကြောင်းလိုင်းနှစ်ခုမှာ ဟောင်ကောင်အဲယားလိုင်းနှင့် အဲယားချိုင်းနားလေကြောင်းတို့ဖြစ်ပြီး ဘိုးအင်းမှ 787 Dreamliner လေယာဉ်များအပြင် အခြားလေယာဉ်များကို ဝယ်ရန်မှာကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါအရောင်းအဝယ်စာချုပ်များကို မကြာသေးမီက ဟောင်ကောင်တွင်ပြုလုပ်ခဲ့သော ဟောင်ကောင် လေကြောင်းပြပွဲ၌ ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ယခုအခါ တရုတ်လေကြောင်းလိုင်းများသည် ပြည်တွင်းခရီးသည်တိုးပွားလာမှုကြောင့် ၎င်းတို့၏ ခရီးစဉ်များကို ပြည်တွင်းနှင့် နိုင်ငံတကာသို့ပါ တိုးချဲ့ပျံသန်းနိုင်ရန် ကြိုးပမ်းနေကြသည်။ ဟောင်ကောင် အဲယားလိုင်းသည် ဘိုးအင်းထုတ် 777 လေယာဉ် ခြောက်စင်းနှင့် 787 Dreamliner လေယာဉ် ၃၂ စင်း စုစုပေါင်း ကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ ဖိုးဝယ်ယူရန် စာချုပ်ချုပ်ဆိုထားသည်။ အဲယားချိုင်းနားလေကြောင်း လိုင်းမှာမူ 787-8 လေယာဉ်ငါးစင်းကို ဒေါ်လာ ၁ဒသမ ၅ ဘီလီယံဖြင့်ဝယ်ယူရန် စာချုပ်ထားသည်။

*—Ref: BBC*







## တောင်ကိုရီးယားက အဓိကအတိုးနှုန်းကို သုံးရာခိုင်နှုန်း တိုးမြှင့်

**ဆိုးလ်၊ မတ် - ၁၀**

ငွေကြေးဖောင်းပွမှုမြင့်မားလာခြင်းအား ထိန်းချုပ်နိုင်ရန် တောင်ကိုရီးယားဗဟိုဘဏ်က အဓိကအတိုးနှုန်းကို ၂၅ မှတ်တိုးမြှင့်ကာသုံးရာခိုင်နှုန်း ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သိရသည်။


ကမ္ဘာ့စီးပွားရေးကျဆင်းသွားစဉ်ကာလက နှစ်ရာခိုင်နှုန်းအထိ စံချိန်တင်နှိမ့်ချခဲ့သော အတိုးနှုန်းကို ၂၀၁၀ ဇူလိုင်လမှစ၍ လေးကြိမ်တိုးမြှင့်ကာ သုံးရာခိုင်နှုန်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

၎င်းအတိုးနှုန်းကို ဖေဖော်ဝါရီလတွင် နောက်ဆုံးတိုးမြှင့်ခဲ့ခြင်းဖြစ်သော်လည်း ကုန်ဈေးနှုန်းများမြင့်တက်လာခြင်းအတွက် ပူပန်မှုများဖြစ်ပေါ်လာသည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် ရေနံဈေးနှုန်းမြင့်တက်လာခြင်းနှင့်အတူ ပြည်တွင်း၌ ကျွဲနွားများတွင် ကူးစက်ရောဂါဖြစ်ပွားခဲ့ခြင်းအတွက် နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၇ လအတွင်းအမြင့်ဆုံးနှုန်းဖြစ်သည့် ၄ ဒသမ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့သည်။

ယခုနှစ်အတွက် ဖွံ့ဖြိုးတိုးတက်မှုနှုန်းထက် ငွေကြေးဖောင်းပွမှုနှုန်းက ပို၍ပူပန်ရမည့်အကြောင်းအရာဖြစ်လာကြောင်း တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်က ပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုမှာ နိုင်ငံရေးကိစ္စများဖြစ်လာကြောင်း ငွေကြေးဖောင်းပွမှုကိုပို၍ အလေးအနက်ထားကိုင်တွယ်ရမည်ဖြစ်ကြောင်း နှစ်ပတ်တစ်ကြိမ်ပြုလုပ်သည့် စီးပွားရေးမူဝါဒဆိုင်ရာအစည်းအဝေးတွင် လီမြောင်ဘတ်ကပြောသည်။

*—Ref: AFP*



## စပါးဈေးနှုန်းများ ထိုင်းအစိုးရက တိုးမြှင့်ပေး

**ဘန်ကောက်၊ မတ် - ၇**

ထိုင်းအစိုးရသည် လယ်သမားများ၏ထုတ်လုပ်မှုစရိတ်မြင့်မားလာခြင်းကို တုံ့ပြန်သည့်အနေဖြင့် စပါးဈေးနှုန်းများကို တိုးမြှင့်ပေးလိုက်ကြောင်း သိရသည်။ ဝန်ကြီးချုပ်အဘီဆစ်ဦးဆောင်သော အမျိုးသား ဆန်စပါးမူဝါဒကော်မတီ၏အစည်းအဝေးက လက်ရှိစပါးတစ်တန်ဈေးနှုန်းဘတ် ၁၀,၀၀၀ (ကန်ဒေါ်လာ ၃၂၈) မှ ၁၁,၀၀၀ ဘတ်(ကန်ဒေါ်လာ ၃၆၀) အထိ တိုးပေးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကုန်သွယ်ရေးဝန်ကြီးဌာနမှအတွင်းဝန် ယန်ယောင်ပူအန်ဂရတ်က အရည်အသွေးမြင့် စပါးတစ်တန်ဈေးကိုလည်း ဘတ် ၁၁,၀၀၀ မှ ဘတ် ၁၁,၅၀၀ (ကန်ဒေါ်လာ ၃၇၇) အထိတိုးမြှင့်ပေးခဲ့ကြောင်း ဘန်ကောက်ပို့စ်သို့ပြောသည်။ ၎င်းက ထိုင်းအစိုးရသည် စပါးဝယ်ယူရန်အတွက် ဘတ်ငွေဘီလီယံ ၃၀ (ကန်ဒေါ်လာ ၉၈၄ သန်း)ခန့် သုံးစွဲရန်လိုအပ်မည်ဖြစ်ကြောင်းပြောကြားသည်။ *—Ref: Xinhua*

## နောက်ကျောဖုံး - ဆက်လက်ရှင်သန်ပါ. . . ဂျပန် မှ


ဓာတ်ပုံ - Reuters

တိုကျိုနှင့် ဂျပန်နိုင်ငံတစ်ဝန်း ငလျင်တိုင်းတာရေးစခန်းပေါင်း ၁၀၀၀ ကျော်အား ချိတ်ဆက်ထားသော ငလျင်ကြိုတင် သတိပေးရေးစနစ်မှနေ၍ ငလျင်ကြီးမလှုပ်ခတ်မီ တစ်မိနစ်ခန့်တွင် ရုပ်သံများမှတစ်ဆင့် ကြိုတင်သတိပေးနိုင်ခဲ့သည်။ ယင်းကြောင့်ပင် လူထောင်ပေါင်းများစွာ၏အသက်ကို ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဆန်ဒိုင်းငလျင်ကြီးလှုပ်ခတ်ခဲ့ပြီးချိန်တွင်လည်း အင်အား ရစ်ချ်တာစကေး ၇ နှင့်အထက် ငလျင်များ အပါအဝင် နောက်ဆက်တွဲ တုန်ခါမှုအကြိမ် ၃၀၀ ခန့်ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံပေါင်း ၂၀ ခန့်တွင် ဆူနာမီသတိပေးချက်များကို ထုတ်ပြန်ခဲ့သော်လည်း နိုင်ငံအချို့၌ အပျက်အစီး အနည်းငယ်ရှိသည်မှအပ နိုင်ငံအများစုတွင် သာမန်ထက်ကြီးမားသော လှိုင်းလုံးများနှင့်သာ ကြုံတွေ့ခဲ့သည်။

ငလျင်နှင့် နောက်ဆက်တွဲ ဆူနာမီကြောင့် စီရင်စုပေါင်း ၁၆ ခုတွင် လူပေါင်း ၁၆၂၇ ဦးသေဆုံးပြီး ၁၉၂၃ ဦးဒဏ်ရာရ၍ ၁၇၂၀ ဦး ပျောက်ဆုံးနေကြောင်း ဂျပန်ရဲတပ်ဖွဲ့က အတည်ပြုထားသော်လည်း မြို့ရွာအများအပြား ထိခိုက်၍ ရေလွှမ်းမိုးပြားပြားဝပ်ကာ အချို့မှာ မီးလောင်တိုက်သွင်းခံခဲ့ရသော ဘေးဒုက္ခကြောင့် သေဆုံးသူ ၁၀,၀၀၀ ခန့်ရှိနိုင်သည်ဟုလည်း ခန့်မှန်းချက်များပေါ်ထွက်နေသည်။

ငလျင်နှင့်ဆူနာမီကြောင့် လေယာဉ်များ၊ ကားများ၊ အိမ်များမှာ အရုပ်ကလေးများသဖွယ် ဆူနာမီလှိုင်းလုံးများအကြား မျောပါသွားခဲ့ပြီး ကုန်းမြေများပေါ်တွင် အမှိုက်သရိုက်အဖြစ် တင်ကျန်ခဲ့သည်။ ကားလမ်းနှင့် ရထားလမ်းများ ကျိုးပြတ်ပျက်စီးခဲ့ပြီး နေရာအများအပြားတွင် မီးလောင်မှုများ ဖြစ်ပွားခဲ့သည်။ ဂျပန်နိုင်ငံမြောက်ပိုင်း အိမ်ခြေ ၄ ဒသမ ၄ သန်းမှာ လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး လူပေါင်း ၂ဒသမ၄ သန်းသောက်သုံးရေပြတ်လပ်မှုနှင့်ကြုံတွေ့နေရသည်။

ဂျပန်နိုင်ငံအား အကူအညီပေးရန် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ ကယ်ဆယ်ရေး အဖွဲ့ပေါင်း ၆၈ ဖွဲ့ စေလွှတ်ရန် ကမ်းလှမ်းထားကြောင်း ကုလသမဂ္ဂက ပြောခဲ့သော်လည်း ဂျပန်နိုင်ငံက အမေရိကန်၊ ဗြိတိန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန် နိုင်ငံများမှ ကယ်ဆယ်ရေးအဖွဲ့များကိုသာ အထူးသဖြင့် တောင်းဆိုထားသည်။ အမေရိကန်နိုင်ငံ လေယာဉ်တင် သင်္ဘောရော်နယ်ရေဂင်ပါဝင်သော ရေတပ်သင်္ဘောနိုင်ရန်စေလွှတ်ထားသည်။

ဗြိတိန်၊ တောင်ကိုရီးယား၊ ရုရှား၊ အစ္စရေး၊ တရုတ် (တိုင်ပေ)၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားနိုင်ငံတို့က ငွေကြေးလှူဒါန်းမှုအပါအဝင် အခြားလိုအပ်သော အကူအညီများ ပေးအပ်ကြသည်။

ငလျင်လှုပ်ခတ်ပြီးနောက် နိုင်ငံအား ကယ်တင်ကြပါဟု နိုင်ငံသားများအား ပန်ကြားခဲ့သည့် ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်ကလည်း ဂျပန်ကာကွယ်ရေးတပ်ဖွဲ့







အုပ်စုကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်များကို မြေငလျင်ဘေးဒုက္ခဒေသများသို့စေလွှတ်ခဲ့သည်။ အစိုးရ၏ တုံ့ပြန်မှုများကို အစီအစဉ်တကျပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးချုပ်က ၎င်း၏ရုံးတွင် အရေးပေါ်ဌာနချုပ်ကို ဖွင့်လှစ်ထားသည်။


ဂျပန်အစိုးရအတွက် အပူပန်ရဆုံး ကိစ္စမှာ ငလျင်နှင့် ဆူနာမီကြောင့် ထိခိုက်ပျက်စီးခဲ့သော နျူကလီးယား ဓာတ်ပေါင်းဖိုများ အပူလွန်ကဲ၍ ပေါက်ကွဲ (သို့မဟုတ်) အရည်ပျော်ကျမည့်အရေးဖြစ်ရာ လောလောဆယ်တွင် နျူဓာတ်ပေါင်းဖိုများ အနီးတစ်ဝိုက်နေထိုင်သူများကို ရွှေ့ပြောင်းပေးလျက်ရှိသည်။

ဟေတီ၊ ချီလီ၊ နယူးဇီလန်၊ ဂျပန် ငလျင်ကြီးများ ဆက်တိုက်ဖြစ်ပေါ်ခဲ့၍ ကမ္ဘာကြီးပျက်သုဉ်းမည့်ရက် နီးလာပြီဟု ဟောကိန်းထုတ်သူများရှိသော်လည်း "သာမန်ထက်ထူးထူးခြားခြား ပိုပြီးဖြစ်မနေပါဘူး" ဟုအမေရိကန် ဘူမိဗေဒတိုင်းတာရေးဌာနမှ မြေငလျင်သုတေသီ ဒေါက်တာဒယ်နီရယ်မက်နာမာရာက ပြောကြားသည်။

အပျက်အစီးပုံများကြားလမ်းလျှောက်ရင်း ပျက်စီးနေသော ဆန်ဒိုင်းလေဆိပ်၏ အဆောက်အအုံအတွင်း ဝင်ရောက်လာသော အဘိုးအို ကာမာမတ်ဆုကမူ "ငါ့သမီး အသက်ရှင်နေသေးတယ်လို့ ငါမျှော်လင့်ထားတယ်။ လောလောဆယ်မှာ ငါဆုတောင်းနေတာ ငါ့သမီးအသက်ရှင်ဖို့ပဲ" ဟူ၍ နှုတ်မှတဖွဖွ ရေရွတ်နေလေသည်။ —*Ref: Time/ Internet*

## Leader's Profile

# ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလေး



ရဲမင်း

မစ္စတာအလီအဗ္ဗဒူလာဆာလေးသည် ၁၉၇၈ ခုနှစ်မှ စတင်၍ ယီမင်နိုင်ငံအား အုပ်ချုပ်ခဲ့ပြီး ယီမင်နိုင်ငံ၏ သက်တမ်းအရှည်ဆုံးသမ္မတဖြစ်သည်။

ဆာလေးသည် ငယ်စဉ်က မူလတန်းကျောင်းပညာရေးသာ သင်ကြားခဲ့ပြီး အသက်ငယ်ငယ်နှင့်မြောက်ယီမင်လက်နက်ကိုင်တပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ကာ တပ်ကြပ်ကြီးဖြစ်လာခဲ့သည်။ ထိုအချိန်တွင် ယီမင်နိုင်ငံမှာ နှစ်ခြမ်းကွဲနေခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် မြောက်ယီမင် သမ္မတက ဆာလေးအား တိုက်စ်ဒေသ၏ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ခဲ့သည်။

မြောက်ယီမင်နှင့် တောင်ယီမင်သည် ဒေသနှစ်ခုပေါင်းစည်းရေးနှင့် ရင်ကြားစေ့ရေး ဆွေးနွေးနေခြင်းမရှိဘဲ တစ်ဖက်နှင့် တစ်ဖက် မတည်မငြိမ်ဖြစ်အောင် ကြံစည်နေကြရာ ၁၉၇၂ ခုနှစ်တွင် ပေါ်ပေါ်ထင်ထင်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဆာလေးသည် ၁၉၇၇ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးဘဝဖြင့် မြောက်ယီမင်စစ်ဘက်ကို ကြီးစိုးခဲ့သည်။

၁၉၇၈ ခုနှစ်တွင် မြောက်ယီမင်၏ သမ္မတ အာမက်ဟူစိန် လုပ်ကြံသတ်ဖြတ်ခံရချိန်တွင် အဗ္ဗဒူလာဆာလေးသည် ယီမင်စစ်ဘက်၏ လက်ထောက်အကြီးအကဲအဖြစ် ခံအပ်ခြင်းခံရသည်။ ၁၉၇၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်တွင် မြောက်ယီမင်စစ်ဘက်၏ အကြီးအကဲဖြစ်လာခြင်းနှင့်အတူ ယီမင်အာရပ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ပါလီမန်က ရွေးကောက်တင်မြှောက်ခဲ့သည်။

၁၉၈၂ ခုနှစ်တွင် အထွေထွေပြည်သူ့ကွန်ဂရက်ပါတီက ဆာလေးအား အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ယီမင်အာရပ်သမ္မတနိုင်ငံ (မြောက်ယီမင်)၏ သမ္မတအဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခြင်းခံရသည်။

နှစ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းမှုများ ရှိခဲ့ပြီးနောက် ၁၉၉၀ ပြည့်နှစ်တွင် မြောက်ယီမင်နှင့် တောင်ယီမင်အား ပေါင်းစည်းနိုင်ခဲ့ရာတွင် အဗ္ဗဒူလာဆာလေးအား နိုင်ငံ၏ သမ္မတအဖြစ်ဆက်လက်ထားရှိရန် သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံပေါင်းစည်းပြီး ၁၉၉၃ ခုနှစ်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲတွင် ဆာလေး၏ GPC ပါတီက အနိုင်ရရှိခဲ့ပြီး တတိယနေရာသာရရှိသော ဆိုရှယ်လစ်ပါတီက မကျေမချမ်းဖြစ်ခဲ့ပြီးနောက် ၁၉၉၄ ခုနှစ်တွင် စစ်ပွဲဖြစ်ပွားခဲ့သည်။

အဗ္ဗဒူလာဆာလေးသည် ၁၉၉၉ ခုနှစ်တွင် ယီမင်နိုင်ငံ၏ ပထမဦးဆုံး တိုက်ရိုက်ရွေးကောက်တင်မြှောက်ခံရသည့် သမ္မတဖြစ်လာခဲ့သည်။ ထောက်ခံမဲ ၉၁ ဒသမ ၂ ရာခိုင်နှုန်းရရှိပြီး မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းရွေးကောက်ပွဲ အပြီးတွင် သမ္မတသက်တမ်းအား ငါးနှစ်မှ ခုနစ်နှစ်အထိ တိုးမြှင့်ခြင်း၊ ပါလီမန်သက်တမ်းအား လေးနှစ်မှ ခြောက်နှစ်အထိ တိုးမြှင့်ခြင်းတို့အတွက် ယီမင်ပါလီမန်က ဥပဒေတစ်ရပ်ချမှတ်ခဲ့သလို အဖွဲ့ဝင် ၁၁၁ ဦးရှိသည့် သမ္မတကခန့်အပ်သော ဥပဒေပြုအကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ရာ ယီမင်နိုင်ငံ၏ နိုင်ငံရေးလွတ်လပ်မှု အဆင့်လျှော့ချခံခဲ့ရသည်။

အဗ္ဗဒူလာဆာလေးသည် ၎င်း၏ ၂၄ နှစ်မြောက် သမ္မတသက်တမ်းနှစ်ပတ်လည် ပွဲကျင်းပသည့် ၂၀၀၂ ခုနှစ်တွင် ၂၀၀၆ ခုနှစ် ရွေးကောက်ပွဲ၌ သမ္မတရွေးကောက်ပွဲဝင်ပြိုင်တော့မည်မဟုတ်ဟု ပြောကြားခဲ့သော်လည်း အမှန်တကယ် ရွေးကောက်ပွဲကျင်းပချိန်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထောက်ခံမဲ ၈၀ ရာခိုင်နှုန်းနီးပါးဖြင့် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

အီရတ် သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အား မဟာမိတ်အဖြစ်ဆက်ခံခဲ့ပြီး အီရန်နှင့်လည်း အဆက်အသွယ်ရှိသော အဗ္ဗဒူလာဆာလေး၏ အာဏာရှင်ဆန်ဆန်အုပ်ချုပ်မှုအား ၂၀၁၀ ပြည့်နှစ်နှောင်းပိုင်းနှင့် ၂၀၁၁ ခုနှစ်အစောပိုင်းတွင် ၎င်း၏ ပြည်သူများ ကကန့်ကွက်ဆန္ဒပြခဲ့ရာ အဗ္ဗဒူလာဆာလေးက ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

—*Ref: Wikipedia*

7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# မိုက်တိုက်ဆန် နှင့် အမေးအဖြေ

ဓကျော်မျိုး



ကမ္ဘာကျော် ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်ဆန်ဟာ အသက် ၂၀ အရွယ်မှာပဲ ဟဲဗီးဝိတ်သရဖူရပြီး ကမ္ဘာကျော်ခဲ့သူဖြစ်ပါတယ်။ သူဟာ မိုဟာမက်အလီပြီးနောက် အကြီးကျယ်ဆုံးနဲ့ အအောင်မြင်ဆုံး၊ ပေါ်ပြူလာအဖြစ်ဆုံး လက်ဝှေ့သမားလည်းဖြစ်ပါတယ်။ တိုင်ဆန်ဟာ ဘဝမှာအောင်မြင်မှုတွေနဲ့အတူ ကျဆုံးမှုတွေနဲ့လည်း ရင်ဆိုင်ခဲ့ရပြီး ပြဿနာများတဲ့ လက်ဝှေ့သမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခံခဲ့ရပါတယ်။

ယခုတော့ လက်ဝှေ့ကစားခြင်းကနေ အနားယူလိုက်ပြီဖြစ်တဲ့တိုင်ဆန်ဟာ အသက်အရွယ်ရလာသလို လောကဓံကပေးတဲ့ အတွေ့အကြုံ၊ အသိအမြင်တွေလည်း ပိုမိုကြွယ်ဝလာပြီလို့ ထင်ရပါတယ်။ ဒ့ါကြောင့် တိုင်းမ်မဂ္ဂဇင်းစာဖတ်ပရိသတ်များနဲ့ မိုက်တိုင်ဆန်တို့ရဲ့ အမေးအဖြေ ၁၀ ခုကိုဖတ်ကြည့်ပြီး ကျွန်တော်တို့လည်းမိုက်တိုင်ဆန်အကြောင်းကို စူးစမ်းကြည့်ရအောင်လား။

**လူကြီးမင်းက ခိုတွေကိုချစ်တယ်နော်။ ခိုတွေကိုဘာကြောင့် စိတ်ဝင်တစားချစ်တတ်ခဲ့တာလဲ။**

**ချားလော့စတိုင်း၊ လောင်းလိတ်ခ်၊ အီလီနွိုက်။**

ကျွန်တော်ကလေးဘဝတုန်းကတစ်နေ့ပေါ့။ အဲဒီမှာ ဆိုးသွမ်းကောင်တွေက ကျွန်တော့်ကိုအနိုင်ကျင့်ပြီး နို့ပုလင်းတွေထည့်ထားတဲ့သေတ္တာတွေကိုအဆောက်အအုံပျက်ကြီးတစ်ခုဆီ သယ်ခိုင်းတယ်။ အဲဒီမှာ ကျွန်တော်တို့ ခေါင်မိုးပေါ်တက်တော့ ခိုတွေထည့်ထားတဲ့ လှောင်အိမ်လေး မြင်မိတာပဲ။ အရင်က ကျွန်တော်ငှက်ကို တစ်ခါမှမမြင်ဖူးဘူး။ သိပ်သဘောကျသွားတယ်။ ဒါငါလုပ်ချင်တဲ့အရာပါလားလို့ပေ့ါလေ။

**ပထမဆုံးလက်သီးထိုးပွဲဟာ ခိုတစ်ကောင်ကြောင့် ဖြစ်ခဲ့ရတာဆိုတာ အမှန်ပဲလား။**

လူတစ်ယောက်က ကျွန်တော့်ခိုကို ခိုးယူဖို့ကြိုးစားခဲ့တယ်။ ပြီးတော့ခိုကို လည်လိမ်ချိုးပြီး ကျွန်တော့်မျက်နှာကို ပစ်ပေါက်ခဲ့တယ်။ ကျွန်တော်သူ့ကို ထိုးနှက်ခဲ့တယ်။ ထွက်ပြေးသွားအောင်လို့ပါ။ သူကျွန်တော့်ကို လုပ်တာထက်ပိုလုပ်ခဲ့တယ်။ အဲဒါကြောင့် ကျွန်တော်နိုင်တယ်ထင်တာပဲ။ အဲဒါဖြစ်ပျက်ခဲ့ပုံ အလုံးစုံပါ။

**လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်အောင် ဘာကလုပ်ပေးတာပါလဲ။**


**အန်းဆစ်ဆင်းဆိန်း၊ ဗင်းနိုက်စ်၊ ကယ်လီဖိုးနီးယား။**

လက်ဝှေ့သမားကောင်းဆိုတာတစ်ခေတ်တစ်ယောက်ပေါ်တဲ့အကြီးကျယ်ဆုံး လက်ဝှေ့သမားဖြစ်ဖို့ မလိုဘူး။ လက်ဝှေ့သမားကောင်းဆိုတာဟာ လှုံ့လရှိရမယ်။ ခံယူချက်ရှိရမယ်။ ကိုယ်မုန်းတာကို လုပ်နေပေမယ့်လည်း အဲဒါကို မြတ်နိုးလို့ လုပ်နေသလို မျိုးခံယူချက်ထားရမယ်။ အမြဲတမ်းကိုယ့်ကိုယ်ကိုယ် တတ်နိုင်သမျှအကန့်အသတ်အထိ ရောက်အောင်စမ်းသပ်နေ၊ တွန်းအားပေးနေရမယ်။

**ပြိုင်ဘက်တစ်ယောက်ကို အလဲထိုးပြီးသွားရင် စိတ်ထဲဘယ်လိုနေပါသလဲ။**

**ရောဘတ်သီယစ်ဆန်၊ အော်ရန်ဂျတ်စတတ်၊ အရှုဘာ။**

အလုပ်ပြီးမြောက်သွားတာပေါ့။ ကိုယ်လေ့ကျင့်ခဲ့တာလည်း ဒ့ါအတွက်ပဲလေ။ ကျွန်တော်ချာတိတ်ဘဝတုန်းက ပြိုင်ဘက်တစ်ယောက်ကို လှဲသိပ်လိုက်တိုင်း ကျွန်တော်ထခုန်ပြီး စိတ်လှုပ်ရှားခဲ့ဖူးတယ်။ ကျွန်တော့်သူငယ်ချင်း



ကပ်စ်ဒမ်မာတိုကတော့ ပြောတယ်။ "ဘာကြောင့်စိတ်လှုပ်ရှားနေတာလဲ။ ဒီပွဲမင်းပါခဲ့တာလေ။ ဒါနဲ့မတူတာဆိုလို့ အရှုံးပဲရှိမယ်လေ" တဲ့။

**ကြောက်ရွံ့ခံရတာနဲ့ လေးစားခံရတာ ဘယ်အရာက ပိုအရေးပါပါသလဲ။**

စိတ်ကူးယဉ်ကမ္ဘာထဲ ကျွန်တော်တို့ နေတာဆိုရင်တော့ လေးစားခံရတာပိုကောင်းပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့က အဲဒီလိုနေထိုင်နေတာမဟုတ်တော့ အကြောက်ခံရတာ ပိုကောင်းမှာပဲ။ ကျွန်တော်ကတော့ နှစ်ခုစလုံးကြိုက်တယ်။ ဒါပေမဲ့ ရွေးခွင့်ရမယ်ဆိုရင် အလေးစားခံရတာကြိုက်ပါတယ်။ လေးစားမှုဆိုတာ ချစ်တာထက် ပိုစွမ်းအားကြီးတယ်။

**ရှုပ်ထွေးမှုတွေ အများကြီးကြုံခဲ့ရပြီးနောက် ရှင့်ဘဝဟာ ပုံမှန်ပြန်ဖြစ်လာပုံပါပဲ။ ရှင့်ရဲ့ အယုံကြည်ရဆုံးအကြံပေးက ဘယ်သူပါလဲ။**

**ရှယ်ရွန်မယ်လ်နစ်ခ်၊ ဝယ်လင်တန်၊ ဖလော်ရီဒါ။**

ကျွန်တော့်ရဲ့ အမြဲတေကတော့ ကိုယ့်မိန်းမနဲ့ ကိုယ်ကိုယ်တိုင်ပါပဲ။ ကျွန်တော်တို့ အရာရာကိုမိသားစုတစ်စုလို အတူတူ လုပ်ဆောင်ကြတယ်။ အဲဒီအရင်ကတော့လုပ်သမျှဟာ မိုက်တိုင်ဆန်နဲ့ပဲ ပတ်သက်ခဲ့တာ။

**ပိုကောင်းတာတွေ ရွေးချယ်ခွင့်ရမယ်ဆိုရင် ခင်ဗျားဟာ အကြီးကျယ်ဆုံး လက်ဝှေ့သမားတစ်ဦးဖြစ်လာမယ်လို့ ထင်မိပါသလား။**

**မိုက်ကယ်လောရင့်စ်၊ လာ့စ်ဗေးဂတ်စ်။**

မသိပါဘူး။ ဒါပေမဲ့ ကျွန်တော်ပိုကောင်းတဲ့ ရွေးချယ်မှုတွေ လုပ်ခဲ့သင့်တယ်။ ကျွန်တော်တို့ အတိတ်ကို ပြန်မသွားနိုင်တော့ပါဘူး။

**ဘဝရဲ့ အခက်ခဲဆုံး ကာလက ဘယ်ကာလဖြစ်ခဲ့သလဲ။**

**တောမတ်စ်ဒီရွန်၊ ဗီဗော်လ်ဒီ၊ ဘယ်လ်ဂျီယမ်။**

ပြီးခဲ့တဲ့နှစ်အနည်းငယ်တုန်းကပေါ့။ အဲဒီတုန်းက ကျွန်တော်ဟာဘာကိုမှ ဂရုမစိုက်ဘဲ ဘဝနဲ့လောင်းကြေးထပ်ခဲ့တယ်။ ကျွန်တော်ဟာ တွဲချင်တဲ့လူနဲ့ တွဲပြီးလုပ်ချင်တာ မှန်သမျှလုပ်ခဲ့တယ်။

**အစ္စလာမ်ဘာသာကို ပြောင်းလဲခဲ့တာ ခင်ဗျားအတွက် ဘယ်လိုအကူအညီရပါသလဲ။**

**ဟာဆန်ကီလစ်၊ အန်ကာရာ။**

မွတ်ဆလင်ဖြစ်ရခြင်းဟာ လူပုဂ္ဂိုလ်တစ်ဦးအဖြစ် ကျွန်တော်ရှင်သန်နေခြင်းပါပဲ။ ဒါပေမဲ့ အစ္စလာမ်ဘာသာဆိုတာ မရှိဘူးလို့ ဆိုပါစို့ရဲ့။ အဲဒီယုံကြည်မှုဟာ ကျွန်တော့်အတွက်တော့ နေ့စဉ် ပုံမှန်ရနေတဲ့ အကူအညီတွေပါပဲ။ ကျွန်တော်က လက်တွေ့သမားပါ။ ကိုယ်ဆီရောက်လာနေတဲ့ လောကကြီးနဲ့ပဲ ဆက်ဆံနေရတာ။ ဒီလောကကြီးက ကျွန်တော့်ဆီအမြန်လာတယ်။ တစ်ခါတလေဆို ကျွန်တော်ဆုတောင်းစာတွေကို အမြန်ရွတ်တာထက် တောင်ပိုမြန်မြန်လာနေတယ်။ ကိစ္စ တချို့ကို မေ့နေတယ်ဆိုလည်းဘုရားသခင်က ကျွန်တော့်ကိုခွင့်လွှတ်တော်မူမှာပါ။ အနည်းဆုံးတော့အဲသလို သူဖြစ်မယ် ကျွန်တော်မျှော်လင့်တယ်။

**လာမယ့် နှစ် ၅၀ အတွင်း ခင်ဗျားနဲ့ ပတ်သက်လို့ လူတွေဘာတွေ မှတ်မိနေမလဲ။**

**မိုက်ကယ်မတ်ဆန်၊ ချီကာဂို။**


နှစ် ၅၀ တဲ့လား။ အဲဒါဆို ကျွန်တော်ဟာ ဘုရားသခင်ဖန်တီးသမျှထဲမှာ ဖျက်အားအပြင်းဆုံး၊ အကြမ်းတမ်းဆုံး တိုက်ခိုက်ရေးယန္တရားပဲ။ မိုက်တိုင်ဆန်ဆိုတာဟဲဗီးဝိတ်သရဖူကို ရဖူးသမျှထဲမှာ အသက် ၂၀ နဲ့ရခဲ့တဲ့ အသက်အငယ်ဆုံးလက်ဝှေ့သမားအဖြစ် မှတ်တမ်းကျန်နေခဲ့ပါလိမ့်မယ်။ *—Ref: 10 Question for Mike Tyson*

'အဆင့်မြင့် စားသောက်ဆိုင် ရောင်းမည်'
အဆင့်မြင့် ပြင်ဆင်ပြီး လက်ရှိလုပ်ငန်းလည်ပတ်နေသော
စားသောက်ဆိုင်အား ချိုသာသောဈေးနှုန်းဖြင့်
တဆင့်ပြန်လည်ရောင်းချလိုပါသည်။

7DAY NEWS JOURNAL

# Entertainment

Vol.10, No.2 • MARCH 17, 2011



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)



တေရန်း

Ctalk

# ရဲလေး ပြောပြတဲ့ တေရန်းအကြောင်း

■ ဘီတူး


**အခုတလော ပရိသတ်ပါးစပ်ဖျားမှာ တသသပြောနေကြတဲ့ အနုပညာရှင်တစ်ယောက်ရှိပါတယ်။ သူကတော့ ဂီတကြယ်ပွင့်ရဲလေးပါ။ ကောလာဟလတွေ ဒိုင်ခံဖြေရှင်းရလို့ ပင်ပန်းနေပုံရတဲ့ ရဲလေးက သူ လေးစားအားကျပြီးကြိုက်နှစ်သက်တဲ့ လူငယ်အဆိုတော်တစ်ယောက်အကြောင်းကိုပြောပြသွားခဲ့ပါတယ်။ ရန်ကုန်မိုးကြောင့်အေးမြမြဖြစ်နေတဲ့ မတ်လ၁၄ရက်နေ့ခင်းမှာ သူနှစ်မြို့က်သဘောကျတဲ့ အဆိုတော်ကောင်လေးအကြောင်း ပြောပြသွားခဲ့တာတွေက ......**


ငယ်ဘဝကတည်းကကြိုးစားအားထုတ်ခဲ့တာတွေကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့တဲ့ သူ့ကို ကျွန်တော်ကြိုက်တယ်။ ရိန်းလောက်လျှမ်းလျှမ်းတောက်အောင်မြင်တဲ့သူမဟုတ်သလို BOA လို ကမ္ဘာသိကျော်ကြားသူမဟုတ်တဲ့ သူ့ကိုကျွန်တော်လေးစားတယ်။ ကျွန်တော်ရည်ညွှန်းတဲ့သူဆိုတာ အသက် ၂၂နှစ်အရွယ်သာရှိသေးပြီး ဂီတနဲ့ အောင်မြင်မှုမှတ်တိုင်တွေ စတင်စိုက်ထူနေတဲ့ တေရန်း(TaeYang) ဆိုတဲ့ ကိုရီးယားလူငယ်အဆိုတော်တစ်ဦးပါ။

အသက်၈နှစ်အရွယ်ကတည်းက ဂီတသံစဉ်တွေနဲ့စည်းချက်ညီညီအကတွေသင်ယူခဲ့ပြီး သူ့ရဲ့ကြိုးစားအားထုတ်မှုတွေကြောင့် ၂၀၀၈ခုနှစ်မှာ Big Bang အဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးအနေနဲ့ ကိုရီးယားဂီတလောကမှာခြေချခွင့်ရခဲ့သူတစ်ဦးပါ။ သူ့ကို ကျွန်တော်အကြိုက်ဆုံးအချက်ကတော့ သူ့ရဲ့ကြိုးပမ်းအားထုတ်မှုပါ။ ၆နှစ်ကြာ ဂီတနဲ့အကတွေကို လေ့ကျင့်သင်ကြားပြီးချိန်မှာ သူ့ကိုမွေးထုတ်ရာမိခင်နေရာလို့ ပြောလို့ရမယ့် YG Entertainmentက သူအပါအဝင် လူငယ်ငါးယောက်နဲ့ Big Bangကို ကိုရီးယားဂီတလောကရဲ့တန်းဝင် ဂီတအဖွဲ့အဖြစ် မြေတောင်မြှောက်ပေးနိုင်ခဲ့ပါတယ်။ တေရန်းဟာBigBangရဲ့အဖွဲ့ဝင်တစ်ဦးဆိုပေမယ့် သူ့တစ်ကိုယ်တော် သီချင်းတွေဖြစ်တဲ့ Wedding dress ,Prayer, I'll be there , I need a girl စတဲ့ သီချင်းတွေနဲ့လည်း လူသိများသူတစ်ဦးပါ။ ကျွန်တော် သူ့ကို ၂၀၀၉နှစ်ကုန်လောက်မှာ စသတိထားမိခဲ့တာပါ။ သူများနဲ့မတူတဲ့ သူ့ရဲ့တင်ဆက်မှုတွေ၊ ကကွက်တွေက ကျွန်တော့်ကို တော်တော်လေးဖမ်းစားနိုင်တယ်။

ကျွန်တော် သူ့ကိုကြိုက်တဲ့နောက်တစ်ချက်ရှိသေးတယ်။ အဲဒါက သူလည်း ကျွန်တော့်လိုပဲအရပ်ပုတယ်လေ ဟားဟား။ သူက အရပ်ပုပေမယ့် ကကွက်တွေကို လှအောင်တင်ဆက်နိုင်တယ်။ ပုပေမယ့် လိုက်ဖက်အောင်ဝတ်စားပြီးဖက်ရှင်ကျအောင်နေတတ်တယ်။ အဲဒီအချက်တွေက ကျွန်တော်သူ့ကိုခိုက်တဲ့အချက်တွေပေါ့။ စာ(၄၉)သို့

## နာမည်ကြီးအနုပညာရှင်များ၏ ကောလာဟလများ ဆက်တိုက်ထွက်ပေါ်







**အေးသူစံ**

**ရန်ကုန်၊ မတ် ၁၂**

'ဟစ်ဟော့ပ်အဆိုတော် ရဲလေး သေပြီ' ဟူသည့် ကောလာဟလများ မတ်လ ၉ ရက်နေ့ ညပိုင်းတွင် ထွက်ပေါ်လာခဲ့ပြီး ဆက်တိုက်ဆိုသလိုပင် မတ်လ ၁၂ ရက်နေ့အထိ နာမည်ကြီး အဆိုတော်သရုပ်ဆောင်များသေဆုံးဒဏ်ရာရ ဆေးရုံတက်သည့် သတင်းများက လူထုအတွင်း ပျံ့နှံ့လာခဲ့သည်။ ပြည်တွင်းရှိ သတင်းဂျာနယ်အများစုထံ သတင်းမေးသော ဖုန်းများလည်း တရစပ်ဝင်လာခဲ့သည်။

မတ်လ ၉ ရက်နေ့ညက ရန်ဖြစ်ခဲ့သည်ဟု သတင်းထွက်ပေါ်ခဲ့သော ရဲလေးသည် ယင်းနေ့ညပိုင်းကမှ နှင်းဆီရင်ခွင်အဖွဲ့နှင့်အတူ စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာပြီး ၄င်းပြန်မရောက်ခင်ကတည်းက အဆိုပါသတင်းများမှာ ပရိသတ်ထံပျံ့နှံ့ပြီးဖြစ်သည်။ မတ်လ ၁၀ရက်နေ့တွင်ရဲလေး ရန်ဖြစ်သည်ဆိုသည့်သတင်းမှ ရဲလေးဓားထိုးခံရသည်၊ နှင်းဆီ အဖွဲ့သားများလည်း ပါဝင်သည်ဟု သတင်းပုံစံကွဲလွဲချက်များဖြင့် ထွက်ပေါ်လာ ပြန်သည်။ ဓားထိုးခံရသည်ဟူသော ရဲလေးနှင့်ဖုန်းအဆက်အသွယ်ရ၍မေးမြန်းရာ "အဲဒီသတင်းတွေက ကျွန်တော် ရန်ကုန်တောင်ပြန်မရောက်သေးဘူး ထွက်နေကြတာ။ ကျွန်တော် အေးအေးဆေးဆေးနဲ့ အနုပညာ အလုပ်တွေကို ဆက်တိုက်လုပ်နေတာပါ။ ဘယ်သူနဲ့မှလည်း ရန်မဖြစ်ပါဘူး"ဟု ရဲလေးက ဖြေကြားခဲ့သည်။

"ရဲလေးဓားထိုးခံရလို့ သေသွားပြီလို့လည်းကြားရော သူငယ်ချင်းတွေဖက်တောင်ငိုမိတယ်" ဟု သာကေတမြို့နယ်မှ ရဲလေးပရိသတ်တစ်ဦးကပြောသည်။

ရဲလေးပြီးလျှင် ထပ်မံ၍ ကောလာဟလထွက်လာသူမှာ စိုင်းစိုင်းခမ်းလှိုင်နှင့် R ဇာနည်တို့ ဖြစ်သည်။ ရန်ဖြစ်၍ ဆေးရုံတက်ရသည်ဟူသည့် သတင်းများကြောင့် စိတ်ပူကာ ဖုန်းဆက်မေးမြန်းကြသည်များကို ယင်းတို့ကလည်း ဒိုင်ခံဖြေရှင်းခဲ့ရသည်။ ၎င်းတို့၏ ကိုယ်ပိုင်ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် ကောလာဟလများက များစွာစိတ်အနှောင့်အယှက်ဖြစ်စေသည်ဟု အဓိပ္ပာယ်ရသော စာသားများရေးသားထားသည်ကို တွေ့ရသည်။

"ဒီနေ့ တစ်မနက်လုံးလည်း ကျွန်တော်ကောလာဟလသတင်းတွေကို တစ်ချိန်လုံးရှင်းနေရတယ်။ ကျွန်တော့်ကို ချစ်တဲ့၊ ခင်တဲ့ ပရိသတ်ကြီးရဲ့မေတ္တာကြောင့် စိုင်းစိုင်းဟာ အသက် ၁၂၀ လောက်အထိကို နေသွားဦးမှာ" ဟု စိုင်းစိုင်းခမ်းလှိုင်က မတ်လ ၁၁ ရက်နေ့က ပြုလုပ်ခဲ့သော ၄င်းဦးစီး ထုတ်လုပ်သည့် ဗီစီဒီမိတ်ဆက်ပွဲတွင် ပြောကြားသည်။ စာ(၄၉)သို့



## လမ်းခွဲလိုက်ကြတဲ့ ဟွန်ဘင်းနဲ့ ဆောင်းဟေးဂျို

**ဆိုးလ်၊ မတ် - ၈**

တောင်ကိုရီးယား သရုပ်ဆောင် ဟွန်ဘင်းနှင့် ဆောင်ဟေးဂျိုတို့သည် ယခုအခါ တရားဝင်လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ၎င်းတို့၏ အေဂျင်စီများက ကြေညာလိုက်သည်။ ယင်းအေဂျင်စီများ၏ အဆိုအရ ဟွန်ဘင်းနှင့် ဆောင်ဟေဂျိုတို့နှစ်ဦးသည် ယခုနှစ်အစောပိုင်းကပင် လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ၎င်းတို့လမ်းခွဲရခြင်းအကြောင်းရင်းမှာ ရုပ်ရှင်ရိုက်ကူးရေးများ၊ ပြည်ပဖျော်ဖြေမှုအစီအစဉ်များနှင့် ပရိသတ်များ၏အားပေးမှုကြောင့်ဖြစ်ကြောင်း ဆိုသည်။

အေဂျင်စီများက မင်းသားနှင့်မင်းသမီးသည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဘဝအပေါ် အများအာရုံစိုက်ခြင်းမရှိစေရန်အတွက် လမ်းခွဲကြောင်းကြေညာချက်ကို ယခုမှကြေညာစေခဲ့ခြင်းဖြစ်ကြောင်းပြောသည်။ Secret Garden ရုပ်သံဇာတ်လမ်းတွင် မကြာသေးမီက ပါဝင်ခဲ့သော ဟွန်ဘင်းသည် မတ်လ၇ ရက်ကပင် စစ်မှုထမ်းဥပဒေအရ ရေတပ်သို့ဝင်ရောက်သွားခဲ့ပြီး ၎င်းကို ပရိသတ် ၂,၀၀၀ခန့်က လိုက်ပို့ခဲ့ကြသည်။ —Ref: Xinhua

7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# ကိုရီးယားရုပ်သံဇာတ်လမ်းတွဲရိုက်ရန် ရွေးချယ်ခံရသည့် မြန်မာအဆိုတော်ရှင်းရှင်း


**အေးသူစံ**

**ရန်ကုန်၊ မတ် ၁၀**

ကိုရီးယားနိုင်ငံမှ နာမည်ကျော်ရုပ်သံလိုင်းဖြစ်သည့် SBS ရုပ်သံလိုင်းနှင့် ကိုရီးယားဒရာမာဇာတ်လမ်းတွဲရိုက်ကူးရန် ဝင်ရောက်ယှဉ်ပြိုင်သူ အယောက်သုံးသောင်းကျော်ထဲမှ ကိုရီးယားမြန်မာ ကပြားဖြစ်သည့် မြန်မာပြည်ဖွား အဆိုတော်သရုပ်ဆောင် ရှင်းရှင်း ရွေးချယ်ခံရကြောင်း ကာယကံရှင် ရှင်းရှင်းက ပြောကြားသည်။

"ရှင်းရှင်းက ၂၀၁၀ ကိုးလပိုင်းမှာ ပါပါးနဲ့အတူ ကိုရီးယားကို လိုက်သွားတုန်း ဆိုးလ်မြို့၊ ဂမ်နမ်းမှာ ရှိတဲ့ ဂင်ယောင်ဝူးအကယ်ဒမီကျောင်းမှာ အနုပညာဘာသာရပ်ကို သင်ကြားနေကာ SBS က သရုပ်ဆောင်ရွေးပွဲလုပ်တော့ သင်တန်းဆရာမတိုက်တွန်းတာနဲ့ ဝင်ပြိုင်ခဲ့ပါတယ်။ အင်တာဗျူးဖြေတော့ သူတို့ ဘာသာစကားကိုကျွမ်းကျင်ပေမယ့် လေယူလေသိမ်း မတူလို့ ဘာလူမျိုးလဲမေးလို့ ပါပါးက ကိုရီးယား၊ မာမားက မြန်မာဆိုတော့ ကပြားပေါ့တဲ့။ သူတို့ပုံစံက ကပြားကို ပိုသဘောကျသလိုပဲဆိုတာ သတိထားမိတယ်။ နောက် သုံးရက်လောက်ကြာတော့ ပါပါးက တစ်ဆင့် ရှင်းရှင်းကို ဇာတ်လမ်းတွဲရိုက်ဖို့ SBS က အယ်ဒီတာက ဆက်သွယ်လာပါတယ်။ အိပ်မက်လို မယုံနိုင်လောက်အောင်ပါပဲ။ အရမ်းလည်း ဝမ်းသာမိပါတယ်" ဟု ရှင်းရှင်းက ပြောသည်။

ရှင်းရှင်းသည် ယင်းဇာတ်လမ်းတွဲတွင် မင်းသား၏ ညီမငယ်၊ အလယ်တန်းကျောင်းသူလေးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ပြီး လိုအပ်သည့်အဝတ်အစား၊ မိတ်ကပ်နှင့် အသုံးအဆောင်ပစ္စည်းတို့ကို SBS ရုပ်သံမှပံ့ပိုးပေးမည်ဖြစ်သည်။ ယခုနှစ် ရှစ်လပိုင်းတွင် စတင်ရိုက်ကူးမည့်ဇာတ်လမ်းတွဲမှာ အပိုင်း ၂၀ ခန့်ရှိပြီး တစ်နှစ်ခန့် ရိုက်ကူးရမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံမှ သူမ လုပ်ကိုင်နေသော အနုပညာလုပ်ငန်းများနှင့် ကင်းကွာမသွားစေရန် နှစ်လတစ်ခါ အသွားအပြန်လုပ်၍ ရိုက်ကူးရန် ရုပ်သံကုမ္ပဏီနှင့်ညှိနှိုင်းပြီးပြီဟုသိရသည်။



ဇာတ်လမ်းတွဲရိုက်ကူးရန်အတွက် ကိုရီးယားစာကို သူမ၏ဖခင်ထံတွင် သင်ယူလေ့လာနေပြီး ကိုရီးယားဇာတ်ကားများကိုလည်း ယခင်ကထက် အချိန်ပေးကြည့်ရှုနေရသည်ဟုပြောသည်။

ရှင်းရှင်းသည် ၂၀၀၉ ခုနှစ်က 'မှိုလိုပေါက်' တစ်ကိုယ်တော်စီးရီးထွက် ရှိထားပြီး ယခု ၂၀၁၁ တွင်လည်း 'ဘာပဲဖြစ်ဖြစ် နံပါတ်တစ်' ဒုတိယစီးရီးကို သင်္ကြန်အပြီး ထွက်ရှိမည်ဖြစ်သည်။







7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011



## တက္ကသိုလ်ဝင်တန်း စာမေးပွဲအပြီး ကျင်းပရန်ရှိသည့် ဖျော်ဖြေပွဲများ

| စဉ် | ကျင်းပမည့်နေ့/အချိန် | ကျင်းပမည့်ပွဲ | ဖျော်ဖြေကြမည့် အဆိုတော်များ၊ အနုပညာရှင်များ | ကျင်းပမည့်နေရာ | လက်မှတ်ဈေးနှုန်း (ကျပ်) |
|---|---|---|---|---|---|
| ၁။ | မတ်လ ၁၈ ရက် ညနေ ၆း၃၀ | Iron Cross တီးဝိုင်း၏ Love, Care Concert | လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း၊ လင်းလင်း၊ ဆုန်သင်းပါရ်၊ ချမ်းချမ်း | အမျိုးသားကဇာတ်ရုံ | ၃၅၀၀၀၊ ၃၀၀၀၀၊ ၂၀၀၀၀ |
| ၂။ | မတ်လ ၁၈ ရက်၊ ညနေ ၆း၃၀ | Celebrity Night Show | မေသန်းနု ဦးဆောင်သော ရုပ်ရှင်နှင့် ဂီတမှ အနုပညာရှင်များစွာ | အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ။ | ၂၀၀၀၀၊ ၁၅၀၀၀၊ ၁၀၀၀၀၊ ၅၀၀၀ |
| ၃။ | မတ်လ ၂၀ ရက် ညနေ ၄း၃၀ | Hip Hop Carnival | ဂျေမီ၊ ရဲလေး၊ ရသ၊ ဂျောက်ဂျက်၊ Snare, G-family, နိုင်းဝမ်း၊ ကျော်ထွဋ်ဆွေ၊ ဘန်နီဖြိုး၊ စန္ဒီမြင့်လွင်၊ ဝိုင်းစုခိုင်သိန်း၊ ဂျင်းနီ၊ အေသင်ချိုဆွေ၊ ချမ်းချမ်း၊ နီနီခင်ဇော်၊ မိစန္ဒီနှင့် အဆိုတော်များ | မြရိပ်ညိုဟိုတယ်မြက်ခင်းပြင်။ | ၅၀၀၀ |
| ၄။ | မတ်လ ၁၉ ရက် ည ၇ နာရီ | ဂီရိရန်ပုံငွေပွဲတော် | နေထက်လင်း၊ နောနော်၊ ဗျာလ္လကိုကိုနိုင်၊ လင်းနစ်၊ အစ္စဏီ၊ ဇင်မင်းခန့်၊ NGIIK ၊ ဝေလျှံ၊ Outsider ၊ မိုင်၊ လင်းဇာနည်ဇော်၊ ရွှေထိုက်၊ ဂန္ဓဝင်၊ ဆုပန်ထွာ၊ ခင်လေးနွယ်နှင့် အဆိုတော်၊ သရုပ်ဆောင်များစွာ | အင်းစိန်မီးရထားဘောလုံးကွင်းဝင်း။ | |
| ၅။ | မတ်လ ၁၈ ရက် မွန်းလွဲ ၂ နာရီ | ပျော်စရာကြီး စီးရီးဒီဗီဒီ ပရိုမိုးရှင်းဖျော်ဖြေပွဲ | စိုင်းစိုင်းခမ်းလှိုင် အပါအဝင် ဟစ်ဟော့အဆိုတော်များစွာ | ပြည်လမ်းစိန်ဂေဟာ | ဝင်ကြေးအခမဲ့ |

## စာ – ၄၇၊ အနုပညာရှင်များ၏ကောလာဟလများ ဆက်တိုက်ထွက်ပေါ်မှု

“ဦးမျိုးတို့တောင်ပါသေးတယ်၊ အဲဒီသတင်းတွေထဲမှာ(ရယ်လျက်)။ လူတွေကတော့ ပါးစပ်ပါတော့ အမျိုးမျိုးပြောကြမှာပဲ။ ဦးမျိုးတို့နှင်းဆီအဖွဲ့က မတ်လ ၉ ရက်ညကမှပြန်ရောက်ကြတာ။ ဘယ်သူမှ ဘာမှကိုမဖြစ်ကြတာ” ဟု မတ်လ ၁၀ရက်နေ့က ပင်လုံဆေးရုံတွင် ဗီဒီယိုဇာတ်ကားရိုက်ကူးနေသော ဒါရိုက်တာမောင်မျိုးမင်းကပြောသည်။

အနုပညာရှင်များ၏ အနိဋ္ဌာရုံသတင်းများ ရက်ပိုင်းအတွင်း လျှင်မြန်စွာ ပျံ့နှံ့ခဲ့ပြီး လက်ဖက်ရည်ဆိုင်၊ ဈေး၊ ကျောင်း၊ လုပ်ငန်းခွင် စသဖြင့်နေရာတိုင်းတွင် အဆိုပါသတင်းက နေရာယူခဲ့ကာ လူမှုကွန်ရက်ဝက်ဆိုက်ဖြစ်သည့် ဖေ့စ်ဘွတ်ခ်ပေါ်တွင်လည်း စုံစမ်းမေးမြန်းမှုများရှိခဲ့သည်။ အနုပညာရှင်အချို့၏ သတင်းများမထွက် ပေါ်မီ တစ်ရက်အလို မတ်လ ၈ ရက်နေ့တွင်လည်း နိုင်ငံကျော်စုံတွဲ ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့ ကားတိုက်ခံရသည့် ကောလာဟလသတင်းများ ထွက်ပေါ်လာခဲ့သေးသည်။

ကောလာဟလများတွင် ရေပန်းအစားဆုံးဖြစ်ခဲ့သည့် R ဇာနည်နှင့် စိုင်းစိုင်းခမ်းလှိုင်တို့က သူတို့၏ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် သူတို့ဘာမှမဖြစ်ကြောင်း ပရိသတ်ကို ပြောကြားထားပြီး “ကောလာဟလများကို မယုံပါနဲ့” ဟုအဓိပ္ပာယ်ရသော ‘Don't believe rumour’ဟူသော စာတမ်းကိုကိုင်ထားသည့် ယင်းတို့၏ ဓာတ်ပုံကို R ဇာနည်က သူ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် မတ်လ ၁၂ရက်နေ့က တင်ထားခဲ့သည်။

မတ်လ ၁၂ ရက်နေ့နံနက်ပိုင်းတွင် အမေရိကားတွင် နေထိုင်နေသော အဆိုတော်မေ ဆွိ အစာအိမ်သွေးကြောပေါက်၍ သေဆုံးသည့်သတင်းများ ဖေ့စ်ဘွတ်ခ်စာမျက်နှာအချို့နှင့်ပြည်ပသတင်းမီဒီယာစာမျက်နှာတွင် ပေါ်ထွက်လာပြန်ရာ မေဆွိက သူမ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် “သုံးနှစ်အတွင်း အခုလို ကောလာဟလနှစ်ကြိမ်ဖြစ်ပေါ်ရလောက်အောင် ဘာများလုပ်မိခဲ့လို့လဲ” အဓိပ္ပာယ်ရသည့် စာသားများကို အင်္ဂလိပ်ဘာသာဖြင့် သူ့ပရိသတ်များထံသို့ ရေးသားထားသည်။ ၂၀၀၈ ခုနှစ်ကလည်း ကားမတော်တဆမှုကြောင့် အမေရိကတွင်သေဆုံးသွားပြီဟု တစ်ကြိမ် သတင်းထွက်ပေါ်ခဲ့ဖူးသည်။

“ဒီသတင်းတွေကို ဘယ်သူတွေက ဘယ်လိုရည်ရွယ်ချက်နဲ့ ဆက်တိုက်ဆိုသလို ထုတ်နေတယ်ဆိုတာတော့ လောလောဆယ်မခန့်မှန်းနိုင်သေးဘူးပေါ့။ အနုပညာရှင် တစ်ဦးရဲ့ သေဆုံးသတင်းကောလာဟလဆိုတာ အမြဲလိုလိုဖြစ်ပေါ်နေတာ မဆန်းပေမယ့် ခုလို အစုလိုက်အပြုံလိုက်ကြီးသတင်းထွက်ပေါ်လာတာကတော့ ကြုံကိုမကြုံဖူးသေးတာပါ။ ပြည်သူတွေအနေနဲ့ မခိုင်လုံတဲ့သတင်းတွေအပေါ် အရမ်းစိတ်ပူနေဖို့မလိုသလို သတင်းသမားတွေနဲ့ ကာယကံရှင်အနုပညာရှင်တွေကလည်း ကိုယ့် ပရိသတ်ကို မြန်မြန်နဲ့မှန် မှန် အသိပေးနိုင်ရင် အကောင်းဆုံးပါပဲ” ဟု ဝါရင့်အနုပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။




## စာ-၄၇၊ ရဲလေးပြောပြတဲ့ တေးရန် မှ

နောက်တစ်ချက်ကသူနဲ့အတူသူ့ကို ဒီလိုနာမည်တစ်လုံးရအောင် မြေတောင်မြှောက်ပေးခဲ့တဲ့ YG Entertainment ဆိုတဲ့ နာမည်ကလည်း ကျွန်တော့်အတွေးမှာ အချိန်တော်တော်များများ နေရာယူထားတတ်တယ်။ ကျွန်တော့်ရဲ့ အိပ်မက်တစ်ခုလို့ပြောလို့ရမယ့် ဂီတကိုဝါသနာပါတဲ့ လူငယ်တွေကို မြေတောင်မြှောက်ပေးမယ့် အဲလိုနေရာတစ်ခု၊ အေဂျင်စီတစ်ခု ထူထောင်ချင်တယ်။အခု ဆိုရင် စိုင်းစိုင်းရဲ့ဖရန်ဇီလိုပေါ့။ အဲလိုမျိုးဂီတအေဂျင်စီထူထောင်ချင်နေတာကတော့ ကျွန်တော့်ရဲ့ စိတ်ကူးအိပ်မက်တစ်ခုပါ။အကောင်အထည်ဖော်နိုင်အောင်လည်းကြိုးစားသွားမယ်။

ကျွန်တော်တို့ရဲ့ Gate Way အဖွဲ့ကလည်း Big Bangအဖွဲ့ပုံစံနဲ့ နီးစပ်တယ်။ သူငယ်ချင်းငါးယောက်ပါတဲ့ အခွေထွက်တော့မယ်။ Big Bangလိုပဲ တစ်ယောက်ချင်းဆိုလိုတွေ ပါသလို၊ အဖွဲ့လိုက်သီချင်းတွေလည်း ပါလိမ့်မယ်။ လာမယ့်ဇွန်လလောက်မှာ ပရိသတ်လက်အရောက် အပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ကိုရီးယားဂီတ အဖွဲ့တွေကို ကျွန်တော်လေးစား အားကျတာတစ်ခုရှိတယ်။ သူတို့ကအမြဲတမ်းပရိသတ်ကို ဖျော်ဖြေမှုပေးရာမှာ အရမ်းကြိုးစားကြတယ်၊ အားထုတ်ကြတယ်။

ကျွန်တော်လည်း တေရန်းရဲ့ ပရိသတ်တစ်ယောက်၊YG Entertainment ရဲ့ ပရိသတ်အနေနဲ့ ဆိုးလ်မြို့ကိုရောက်ဖြစ်ခဲ့ရင် အရောက်သွားပြီးလေ့လာဖြစ်အောင် လေ့လာမယ်လို့ စိတ်ကူးထားတယ်။

ကဲ. . ကျွန်တော်သဘောကျတဲ့ လူတစ်ယောက်အကြောင်းကတော့ဒီလောက်ပါဘဲ။
ပရိသတ်ကြီးကိုတော့စကားလေးတစ်ခုပြောချင်သေးတယ်. . .
I'm still alive , still walking on ..
ကျွန်တော် ဆက်လက်ရှင်သန်နေတယ်။ လမ်းဆက်လျှောက်နေတယ်ဆိုတာပါပဲ။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Rango | Paramount Picture | ၃၈,၀၇၉,၃၂၃ | ၁ |
| ၂။ | The Adjustment Bureau | University Pic: | ၂၁,၁၅၇,၇၃၀ | ၁ |
| ၃။ | Beastly | CBS Films | ၉,၈၅၁,၁၀၂ | ၁ |
| ၄။ | Hall Pass | N/A | ၂၆,၈၄၆,၈၀၈ | ၂ |
| ၅။ | Gnomeo & Juliet | Touchstone | ၈၄,၀၂၂,၃၂၅ | ၄ |
| ၆။ | Unknown | Warner Bros: | ၅၃,၀၂၉,၄၉၆ | ၃ |
| ၇။ | Just Go With It | Columbia | ၈၈,၁၃၁,၃၁၆ | ၄ |
| ၈။ | The King's Speech | The Weinstein Company | ၁၂၃,၅၄၆,၁၀၄ | ၁၅ |
| ၉။ | I Am Number Four | Dreamworks Studio | ၄၆,၄၈၈,၆၀၆ | ၃ |
| ၁၀။ | Justin Bieber: Never Say Never: The Director's Fan Cut | Paramount Pic: | ၄၈,၈၂၈,၅၃၉ | ၄ |

## Movie Review

### Jane Eyre




ဂျိန်းသည် လောင်းဖီးဒ်အိမ်တော်မှထွက်ပြေးလာခဲ့သည်။ ဂျိန်းတစ်ယောက် ထိုအိမ်ကြီးမှ ထွက်မပြေးမီ ချမ်းသာကြွယ်ဝသည့် အက်ဒဝပ်ရိုချက်စတာ၏ ကလေးများကို ပညာသင်ကြားပေးခဲ့သည်။ အိမ်ကြီးကလည်း ခမ်းနားပြီး ထီးထီးကြီးရပ်တည်နေပြီး မစ္စတာရိုချက်စတာ ကိုယ်တိုင်ကလည်း အေးစက်စက်လူတစ်ယောက်ဖြစ်ရာ ငယ်စဉ်ကပင် မိဘမဲ့ဘဝဖြင့် ဘဝကိုကြံ့ကြံ့ခံ ရုန်းကန်ကြိုးစားခဲ့သော ဂျိန်းပင် ခံနိုင်ရည်မရှိခဲ့။ သို့သော်လည်း ဂျိန်းက အတိတ်အကြောင်းကိုပြန်လည်စဉ်းစားရင်း သူမ၏ ပင်ကိုစူးစမ်းလိုစိတ်လည်း နိုးထလာခဲ့ပြီး မစ္စတာရိုချက်စတာ၏ အိမ်ကြီးသို့ ပြန်လည်သွားရောက် အလုပ်လုပ်ကိုင်ရာတွင် မစ္စတာရိုချက်စတာ ဖုံးကွယ်ထားသောလျှို့ဝှက်ချက်ကို သိရှိလာပြီး တစ်ဖက်တွင်လည်း ဂျိန်းက ၎င်းအား တိတ်တခိုးချစ်ကြိုက်နေရာ. . .

၁၈၄၇ ခုနှစ်တွင် Charlotte Bronte ရေးသားခဲ့သော ဂန္ထဝင်ဝတ္ထုကို Cary Fukunaga ကရိုက်ကူးထားပြီး Mia Wasikowska, Micheal Fassbender, Jamie Bell, Judi Dench တို့ပါဝင်သရုပ်ဆောင်ထားသည်။ Focus Features က မတ်လ ၁၁ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports 7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# မြန်မာဘောလုံးအသင်းအဆင့် ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားတို့အောက်ရောက်

ဖိုလ်ဖိုလ်ဝင်း

ရန်ကုန်၊ မတ် - ၁၀

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၏ မတ်လအတွက် နိုင်ငံလက်ရွေးစင်ဘောလုံးအသင်းများ၏ အဆင့်သတ်မှတ်ချက်တွင် မြန်မာအသင်းသည် ယခင်လကထက် အဆင့်သတ်မှတ်ချက် ၁၂ ဆင့်ကျဆင်းသွားခဲ့ပြီး ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားအသင်းများအောက် သို့ ရောက်ရှိသွားကြောင်းသိရသည်။

မြန်မာအသင်းသည် ယခင်လ အဆင့်သတ်မှတ်ချက်တွင် အဆင့် ၁၄၉ ရှိရာမှ ယခုလ၌ အဆင့် ၁၆၁ သို့ရောက်ရှိသွားခြင်းဖြစ်သည်။ အာဆီယံနိုင်ငံများတွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့် ၁၁၈ ဖြင့် ဦးဆောင်ထားပြီး အင်ဒိုနီးရှားအသင်းက အဆင့် ၁၂၉၊ ဗီယက်နမ်အသင်းက အဆင့် ၁၃၄၊ မလေးရှားအသင်းက အဆင့် ၁၃၈၊ စင်ကာပူအသင်းက အဆင့် ၁၃၉၊ ဖိလစ်ပိုင်အသင်းက အဆင့် ၁၅၁၊ ကမ္ဘောဒီးယားအသင်းက အဆင့် ၁၅၄၊ လာအိုအသင်းက အဆင့် ၁၇၀ နှင့် ဘရူနိုင်းအသင်းက အဆင့် ၁၉၇ဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။



ဓာတ်ပုံ - အောင်အောင်

မတ်လ ၉ ရက်က ထုတ်ပြန်သော ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် စပိန်အသင်းမှာ အဆင့် ၁ တွင် ရပ်တည်လျက်ရှိပြီး ၎င်း၏နောက်တွင် နယ်သာလန်နှင့် ဂျာမနီအသင်းတို့မှာ အစဉ်အတိုင်း ရပ်တည်လျက်ရှိသည်။ အင်္ဂလန်အသင်းမှာ ကမ္ဘာ့အဆင့် ၆ တွင် ရပ်တည်နေပြီး၊ အာရှဖလားချန်ပီယံ ဂျပန်အသင်းမှာ အဆင့် ၁၅ ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံးမှ ဦးဆောင်ထားသည်။

# ကမာ္ဘအမျိုးသမီးလူငယ်လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာကစားသမားနှစ်ဦးဝင်ရောက်ယှဉ်ပြိုင်မည်

ဖိုလ်ဖိုလ်ဝင်း

ရန်ကုန်၊ မတ်- ၉

တူရကီနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့အမျိုးသမီးလူငယ်လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာလူငယ်လက်ဝှေ့ကစားသမားနှစ်ဦး သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို တူရကီနိုင်ငံ၊ Antalya မြို့တွင်လာမည့် ဧပြီ ၂၁ ရက်မှ မေ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ နန်းသက်ထားစံ (၄၈ ကီလိုတန်း)နှင့် နယ်လီ(၅၁ ကီလိုတန်း) တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"ဒီပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်ရဲ့ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံက ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်တာပါ။ မြန်မာလူငယ်လက်ဝှေ့သမားနှစ်ဦးဟာ ပြိုင်ပွဲဝင်အခြားနိုင်ငံတွေက အားကစားသမားတွေနဲ့ ပူးတွဲစခန်းဝင်လေ့ကျင့်မှုကို ဧပြီ ၁၁ ရက်က ၂၀ ရက်အထိ ပြုလုပ်ခွင့်လည်း ရရှိမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများသည် ၁၉၉၃ ခုနှစ်နှင့် ၁၉၉၄ ခုနှစ်တွင် မွေးဖွားသူများဖြစ်ရမည်ဖြစ်ကြောင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခြင်းခံရသည့် အားကစားသမားများ၏ ခရီးစရိတ်၊ နေထိုင်စားသောက်မှု၊ လေ့ကျင့်မှုနှင့် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မှု ကုန်ကျစရိတ်များအား အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ယူကျခံခြင်းဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ - ဖိုလ်ဖိုလ်ဝင်း

# ပဏာမ လက်ရွေးစင် လူစာရင်းတွင် အိုလံပစ်အသင်းမှ ခြောက်ဦးပါဝင်

ဖိုလ်ဖိုလ်ဝင်း

ရန်ကုန်၊ မတ် - ၁၂

အာရှဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလားပြိုင်ပွဲ AFC Challenge Cup ခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အသင်းကို ပဏာမကစားသမား ၂၃ ဦးဖြင့် ပြန်လည် ဖွဲ့စည်းခဲ့ရာတွင် ခြေစစ်ပွဲမအောင်မြင်ခဲ့သော မြန်မာအိုလံပစ်အသင်းမှ ကစားသမားခြောက်ဦးပါဝင်လာကြောင်းသတင်းရရှိသည်။

လန်ဒန်အိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲစဉ်တွင် အိန္ဒိယအသင်းအား တစ်ပွဲရှုံး၊ တစ်ပွဲသရေဖြင့် အုပ်စုမှထွက်ခဲ့သော မြန်မာအိုလံပစ်အသင်းမှ ကျော်ဇင်ထက် (ဂိုး)၊ ရန်အောင်ဝင်း၊ ဇော်မင်းထွန်း၊ ညဏ်လွင်၊ ကြည်လင်းနှင့် စိုးမြတ်သူစသည့်ကစားသမားများ အဆိုပါ ပဏာမလက်ရွေးစင်အသင်းတွင် ပါဝင်လာခြင်းဖြစ်သည်။

မြန်မာအိုလံပစ်အသင်းမှ ဒေးဗစ်ဒန်းမှာ ဒဏ်ရာအခြေအနေကြောင့် ပါဝင်လာခြင်းမရှိဟုသိရပြီး တိုက်စစ်မှူး ကျော်ကိုကိုနှင့် မိုင်းအိုက်နိုင်တို့မှာ ပဏာမလက်ရွေးစင်အသင်းတွင် ပါဝင်လာခြင်းမရှိကြောင်း သိရသည်။

ယင်းခြေစစ်ပွဲကို ယှဉ်ပြိုင်ရန်အတွက် ပဏာမမြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၅ ဦးဖြင့် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၀ ရက်ကတည်းက စတင်လေ့ကျင့်ခဲ့သော်လည်း နည်းပြချုပ်ဖြစ်သူ မီလန်ဇီဗာဒီနိုဗစ်သည် ယခုလ ၁၀ ရက်က အစည်းအဝေးပြုလုပ်ကာအသင်းကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ယခုလ ၁၁ ရက်ညနေမှစတင်၍ ဂိုးဟိုတယ်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အဆိုပါအသင်း၏ နည်းပြချုပ်အဖြစ် အိုလံပစ်အသင်းအား ကိုင်တွယ်ခဲ့သည့် ဆားဘီးယားလူမျိုး မီလန်ဇီဗာဒီနိုဗစ်က တာဝန်ယူမည်ဖြစ်ပြီး ကျန်နည်းပြအဖွဲ့ဝင်များ ပြောင်းလဲမှုမရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၎င်းပြိုင်ပွဲအတွက် (AFC) သို့ကစားသမား ၃၉ ဦး စာရင်းပေးသွင်းထားပြီး ကစားသမားအချို့ကိုလည်း ထပ်မံအားဖြည့်ရွေးချယ်သွားရန် ရှိကြောင်း သိရသည်။

၂၀၁၂ AFC Challenge Cup အုပ်စု (က) ခြေစစ်ပွဲတွင် မြန်မာအသင်းသည် ဘင်္ဂလားဒေ့ရှ်၊ ပါလက်စတိုင်း၊ ဖိလစ်ပိုင် (သို့) မွန်ဂိုလီးယားအသင်းတို့နှင့်အတူ ကျရောက်နေပြီး အဆိုပါပွဲစဉ်များကို မတ်လ ၂၁ ရက်မှ ၂၅ ရက်အထိရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

Forever Sports Journal အင်္ဂါနေ့တိုင်း ထွက်ပါသည်



7 DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011



# မန်စီးတီးကို အိမ်ကွင်းမှာ ကျော်ဖြတ်ရမယ့် ချယ်လ်ဆီးနဲ့ မန်ယူကို ဖိအားပေးဦးမယ့် အာဆင်နယ် အပါအဝင် ပရီးမီးယားလိဂ် ပွဲစဉ် ၃၀ ပွဲကြိုခန့်မှန်းချက်

**ကိုထိုက်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် (၃၀) မှာတော့ ချယ်လ်ဆီး-မန်စီးတီး၊ မန်ယူ-ဘောလ်တန်၊ စပါး-ဝက်စ်ဟမ်း၊ ဆန်းဒါးလန်း-လီဗာပူး၊ ဝက်စ်ဘရွန်း-အာဆင်နယ်တို့ရဲ့တွေ့ဆုံမှုတွေ ပါဝင်နေပြီး အကြိတ်အနယ် ကစားရမယ့် ပွဲစဉ်တွေဖြစ်လာနိုင်ပါတယ်။ မန်ယူဟာလီဗာပူးကို ပွဲစဉ် ၁၉ မှာ မထင်မှတ်ဘဲ ရှုံးထားတာမို့ ဒီအိမ်ကွင်းပွဲမှာ အနိုင်ရမှ ဇယားကိုဦးဆောင်နိုင်မှာပါ။ ဒီလိုပဲ ချယ်လ်ဆီး-မန်စီးတီးတွေ့ဆုံမှုကလည်း အဆင့် ၃ နဲ့ ၄ နှစ်သင်းတွေ့ဆုံမှုဖြစ်ကာ ချယ်လ်ဆီးနိုင်ရင် ဇယားမှာ တတိယနေရာရောက်နိုင်ပြီး မန်စီးတီးနိုင်ရင် ဒုတိယနေရာကအာ ဆင်နယ်ကို ကပ်လိုက်နိုင်မှာမို့ အထူးအရေးကြီးနေပါတယ်။ ဒါ့အပြင် ဒီအပတ်ပွဲစဉ်တွေထဲမှာ ဇယားအောက်ဆုံးက ဝီဂန်တစ်သင်းပဲ အိမ်ကွင်းကစားရမှာဖြစ်ပြီး ဝက်စ်ဟမ်း၊ ဝုလ်တို့က အဝေးကွင်းပွဲတွေ ကစားရမှာမို့ အနည်းဆုံး တစ်မှတ်ရယူနိုင်မလားစောင့်ကြည့်ရမှာပါ။



**၁၉ မတ်၊ စနေ**

**စပါး - ဝက်စ်ဟမ်း**

**ည ၇း၁၅ နာရီ**

**ပကျော့ရလဒ် ၀-၁**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ စပါးကချည်းနိုင်ထားတယ်။ စပါးဟာပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာလည်း ဖူလ်ဟမ်နဲ့ ဘောလ်တန်တို့ကိုအနိုင် မန်ယူကိုသရေကန်ခဲ့ပါတယ်။ ချန်ပီယံလိဂ်မှာလည်း စပါးတို့ကွာတားရောက်နေပြီမို့ အိမ်ကွင်းမှာ ဝက်စ်ဟမ်းကိုဖိကစားသွားဖို့ရှိတယ်။ စပါးကို နှစ်ဂိုးအသာလောက်နဲ့ ရွေးချယ်သင့်တဲ့ပွဲပါ။

**ဗီလာ - ဝုလ်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၂-၁**

ဗီလာဟာ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ နှစ်ပွဲနိုင် တစ်ပွဲသရေဖြစ်ထားပြီး အိမ်ကွင်းခြေစွမ်းမှာကျောနေပါတယ်။ ဇယားရပ်တည်မှုအရ ဗီလာအဆင့် ၁၃၊ ဝုလ်အဆင့် ၁၉ ဖြစ်ပါတယ်။ အဝေးကွင်းရလဒ်ပိုင်း မကောင်းတဲ့ ဝုလ်တို့ဗီလာကို ရှုံးဖို့များတယ်။ ဗီလာသွင်းဂိုးများနိုင်ပါတယ်။

**ဘလက်ဘန်း - ဘလက်ပူးလ်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၂-၁**

ဇယားမှာရပ်တည်မှုမကွာသလို ရမှတ်ချင်းလည်း အတူတူမို့ အကြိတ်အနယ်ကစားမယ့်ပွဲပါ။ ပထမအကျော့တုန်းကလည်း ဘလက်ဘန်းတို့ အဝေးကွင်းမှာနိုင်ခဲ့တာမို့ ဒီဒုတိယအကျော့မှာလည်း အသာစီးရနိုင်ပါတယ်။ ဘလက်ဘန်းတို့ ဂိုးအနည်းနဲ့ ကပ်နိုင်ဖွယ်ရှိပါတယ်။

**မန်ယူ - ဘောလ်တန်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၂-၂**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ မန်ယူက နှစ်ကြိမ်နိုင်ပြီး တစ်ကြိမ်သရေကျထားပါတယ်။ လီဗာပူးကို ရှုံးထားတဲ့မန်ယူဟာ ဒီပွဲမှာ မာကျောတဲ့ ဘောလ်တန်ကိုဂရုစိုက် ကစားရမှာပါ။ အိမ်ကွင်းရလဒ်ပိုင်း အကောင်းဆုံးဖြစ်နေတဲ့ မန်ယူတို့ နှစ်ဂိုးလောက်ရနိုင်ခြေရှိတယ်။ မထင်မှတ်ဘဲ အပြန်အလှန်သွင်းဂိုးများနိုင်တဲ့ ပွဲမျိုးပါ။

**စတုတ် - နယူးကာဆယ်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၂-၁**

အိမ်ကွင်းခြေစွမ်းပိုင်းအသင့်အတင့်ရှိတဲ့ စတုတ်ကို နယူးကာဆယ်တို့ သတိထားရမှာပါ။ ဇယားမှာ ရပ်တည်မှုအရ အဆင့်မကွာတာကြောင့် နယူးကာဆယ်တို့ မထင်မှတ်တဲ့ ရလဒ်ပေါ်ထွက်သွားနိုင်ပါတယ်။ အဝေးကွင်းမှာ နယူးကာဆယ်တို့ နိုင်ခြေခပ်ပါးပါးပဲရှိပြီး သရေပွဲဆိုလည်း ဦးတည်နိုင်တယ်။ ဂိုးပေါင်းများနိုင်ပါတယ်။

**ဝက်စ်ဘရွန်း - အာဆင်နယ်**

**(ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် ၃-၂**

ပထမအကျော့တုန်းက အာဆင်နယ်တို့ မထင်မှတ်ဘဲ အိမ်ကွင်းမှာ ရှုံးခဲ့ရတယ်။ အာဆင်နယ်ဟာ ဒီနောက်ဆုံးအဝေးကွင်းသုံးပွဲမှာ နယူးကာဆယ်နဲ့သရေ၊ ဝက်စ်ဟမ်း၊ ဘာမင်ဂမ်တို့ကို နိုင်ခဲ့ပါတယ်၊ ဇယားမှာ ရပ်တည်မှုအတွက် အရေးကြီးဆုံးဖြစ်တာမို့ အာဆင်နယ်အနိုင်ကန်မှ ဖြစ်မှာပါ။ အာဆင်နယ် ရဂိုးနည်းနိုင်ပြီး ကပ်နိုင်မယ့်ပွဲပါ။

**ဝီဂန် - ဘာမင်ဂမ်**

**ည ၉း၃၀ နာရီ**

**ပကျော့ရလဒ် ၀-၀**

နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာဘာမင်ဂမ်က နှစ်ကြိမ်နိုင်ထားပြီး သရေတစ်ကြိမ်ကျထားတယ်။ ဇယားအောက်ဆုံး နှစ်သင်းတွေ့တဲ့ဒီပွဲမှာ အိမ်ရှင်ဝီဂန်က ပိုရုန်းကန်ရမှာပါ။ ဘာမင်ဂမ် ခြေစွမ်းပိုင်းအနည်းငယ် သာပေမယ့် ဝီဂန်ကိုပဲ အားပေးသင့်ပါတယ်။ ဝီဂန်ကပ်အနိုင် သို့မဟုတ် သရေရဖွယ်ရှိပါတယ်။

**၂၀ မတ်၊ တနင်္ဂနွေ**

**အဲဗာတန် - ဖူလ်ဟမ်**

**နံနက် ၀၀း၀၀ နာရီ**

**ပကျော့ရလဒ် ၀-၀**

အဲဗာတန်ဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရထားပြီး ခြေစွမ်းမာကျောနေတယ်။ ဒါပေမဲ့ ဇယားမှာ ရပ်တည်မှု မကွာသလို ရမှတ်ချင်းလည်း နှစ်မှတ်သာကွာတာကြောင့် အိမ်ရှင်အဲဗာတန်ကို ရွေးသင့်ပါတယ်။ ဖူလ်ဟမ်အလွန်ဆုံး သရေရနိုင်ပြီး အဲဗာတန်တို့ပဲကပ်နိုင်သွားမှာပါ။

**ဆန်းဒါးလန်း - လီဗာပူး**

**ည ၈း၀၀ နာရီ**

**ပကျော့ရလဒ် ၂-၂**

ဒီနှစ်သင်းကလည်း ရမှတ်ပိုင်းရော အဆင့်ပါ သိပ်မကွာပါဘူး။ လီဗာပူးက အဆင့် ၆ နေရာမှာ ၄၂ မှတ်နဲ့ ရှိနေပြီး ဆန်းဒါးလန်းက အဆင့် ၈၊ ရမှတ် ၃၈ မှတ်ဖြစ်ပါတယ်။ နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာလည်း နှစ်သင်းစလုံးတစ်ကြိမ်စီနိုင်ပြီး တစ်ကြိမ်သရေကျထားတယ်။ ဧည့်သည်လီဗာပူးကို ဂိုးအနည်းနဲ့ ရွေးချင်ပါတယ်။

**ချယ်လ်ဆီး - မန်စီးတီး**

**ည ၁၀း၃၀ နာရီ**

**ပကျော့ရလဒ် ၀-၁**

မန်စီးတီးဟာ နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ သုံးကြိမ်လုံးချယ်လ်ဆီးကို နိုင်ထားပါတယ်။ ဒါ့ကြောင့် ဇယားမှာ ရပ်တည်မှုအရရော၊ ရလဒ်ပိုင်းမှာပါ မန်စီးတီးကို ယှဉ်ဖို့ ချယ်လ်ဆီးတို့ အထူးကြိုးစားရမှာပါ။ မန်စီးတီးဟာ နောက်ဆုံးအဝေးကွင်းသုံးပွဲမှာ မန်ယူ၊ ဗီလာတို့ကို ရှုံးနိမ့်ခဲ့ပြီး ဗီလာကို သရေရထားတယ်။ ချယ်လ်ဆီးနိုင်ရင် ကပ်နိုင်မှာဖြစ်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ သရေပွဲလည်း ဖြစ်နိုင်ပါတယ်။

# မြန်မာအလေးမအဖွဲ့အတွက် တရုတ်နည်းပြငှားရမ်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်- ၁၂**

လာမည့် ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာအလေးမ ကစားသမားများ အောင်မြင်မှုရရှိစေရန် ရည်ရွယ်၍ တရုတ်နိုင်ငံမှ နည်းပြဆရာတစ်ဦးအား ငှားရမ်းထားပြီဖြစ်ကြောင်း မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တရုတ်နိုင်ငံ နည်းပြဆရာမစ္စတာ ဝုရီပင်း(Wu Yiping)ကို ငှားရမ်းဖို့ သဘောတူညီမှု ရပြီးပါပြီ။ လာမယ့် ဇွန်လ ၁ ရက်စပြီး မြန်မာအလေးမအဖွဲ့ကို နည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်မှာပါ"ဟု မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မြန်မာအလေးမအဖွဲ့ကို နည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်မှာပါ"ဟု မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အသက် ၅၀ အရွယ်ရှိ မစ္စတာ ဝုရီပင်းသည် မြန်မာအလေးမအဖွဲ့အား ပြီးခဲ့သည့် ၂၀၀၁ မှ ၂၀၀၃ ခုနှစ်အထိ နည်းပြဆရာအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ပြီး ၎င်းတာဝန်ယူခဲ့သည့် ၂၀၀၁ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအလေးမအဖွဲ့သည် ရွှေ ၄၊ ငွေ ၁ နှင့် ၂၀၀၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၄၊ ငွေ ၂၊ ကြေး ၁ ရရှိခဲ့ကြောင်းသိရသည်။

"သူ့ကို လာမယ့် ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲအထိပဲ စာချုပ်ချုပ်မှာဖြစ်ပါတယ်။ သူ့ရဲ့စွမ်းဆောင်ရည်ကိုကြည့်ပြီး စာချုပ်သက်တမ်းတိုးဖို့စီစဉ်သွားမှာပါ။ လက်ရှိပဏာမလက်ရွေးစင်အလေးမအသင်းမှာလည်း အရင်လူဟောင်းတွေတစ်ဦးမှမရှိတော့ပါဘူး။ အနားယူသွားကြပါပြီ။ အားလုံးမျိုးဆက်သစ်လူငယ်တွေနဲ့ပဲ ဖွဲ့စည်းထားတာပါ" ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူကပြောသည်။

လက်ရှိအချိန်တွင် မစ္စတာ ဝုရီပင်းသည် ရှန်ဟိုင်းအမျိုးသမီးအလေးမအသင်းနည်းပြချုပ်အဖြစ် တာဝန်ယူနေသူဖြစ်ကြောင်း သတင်းရရှိသည်။

# မြန်မာအလေးမ လက်ရွေးစင်နှစ်ဦး အာရှအဆင့် ပြိုင်ပွဲဝင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်- ၁၂**

အာရှအကြီးတန်း အမျိုးသား၊ အမျိုးသမီး အလေးမတံခွန်စိုက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အမျိုးသားကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို လာမည့် ဧပြီလ ၉ ရက်မှ ၁၈ ရက်အထိ တရုတ်နိုင်ငံ၊ Tongting မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အာရှနိုင်ငံပေါင်း ၄၂ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

၎င်းပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အမျိုးသား ၅၆ ကီလိုတန်းတွင် ပြည့်ဖြိုးနှင့် ၇၇ ကီလိုတန်းတွင် ကျော်မိုးဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီပြိုင်ပွဲကို စေလွှတ်ဖို့ ရည်ရွယ်ထားတဲ့ ကစားသမား နှစ်ဦးက အသက် ၂၀ ဝန်းကျင်ရှိ လူငယ်လေးတွေပါ။ သူတို့ရဲ့ လေ့ကျင့်ရေးစံချိန်တွေဟာ တဖြည်းဖြည်းတိုးတက်နေတဲ့အတွက် ဒီပြိုင်ပွဲအတွက် ရွေးချယ်တာပါ" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ထို့အပြင် ယခုပြိုင်ပွဲ၌ တရုတ်၊ အီရန်၊ ဥဇဘက်ကစ္စတန် စသည့် ကမ္ဘာ့အလေးမအင်အားကြီး နိုင်ငံများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည့်အတွက် အတွေ့အကြုံကောင်းများစွာ ရရှိစေမည်ဖြစ်ကြောင်း၎င်းကဆက်ပြောသည်။

# ထိုင်းတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲသို့ မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်- ၉**

နိုင်ငံပေါင်း ၂၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်မည့် ထိုင်းတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲသို့ မြန်မာပြေးခုန်ပစ်အဖွဲ့ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် လာမည့် ဧပြီ လ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး၊ မြန်မာပြေးခုန်ပစ်အဖွဲ့မှ ကစားသမား အမျိုးသားငါးဦးနှင့် အမျိုးသမီးငါးဦးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားမီတာ ၁၀၀ ပြိုင်ပွဲတွင် ချစ်စမ်းမောင်၊ မီတာ ၄၀၀၊ ၈၀၀ ပြိုင်ပွဲတွင် သက်ဇော်ဝင်း၊ မီတာ ၁၅၀၀ ပြိုင်ပွဲတွင် မောင်ချက်၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ထွန်းထွန်းလင်း၊ လှံတန်ပစ်ပြိုင်ပွဲတွင် ကျော်ညီညီထွေးတို့ကလည်းကောင်း၊ အမျိုးသမီးမီတာ ၁၀၀၊ ၂၀၀ ပြိုင်ပွဲတွင် ကေခိုင်လွင်၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ယဉ်ယဉ်ခိုင်၊ မီတာ ၈၀၀ ပြိုင်ပွဲတွင် အေးအေးသန်း၊ ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ကေခိုင်မျိုးထွန်း၊ မီတာ ၁၅၀၀ ၊ ၅၀၀၀ ပြိုင်ပွဲတွင် သန်းတိုးခင်မျိုးအောင်တို့ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"ဒီပြိုင်ပွဲကို အာရှက တရုတ်၊ အီရန်၊ ဥဇဘက်ကစ္စတန်၊ သီရိလင်္ကာနိုင်ငံတွေအပြင် အာဆီယံနိုင်ငံတွေက ကစားသမားတွေ ဝင်ရောက်ယှဉ်ပြိုင်ကြမှာပါ။ လာမယ့် ဆီးဂိမ်းပြိုင်ပွဲအကြို ဒေသတွင်းပြိုင်ဖက်အားကစားသမားတွေရဲ့ အခြေအနေကိုလည်း သိရှိနိုင်မှာဖြစ်တဲ့အတွက် အကျိုးရှိစေပါတယ်" ဟု မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၀ ထိုင်းတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ရွှေ ၃ ခု၊ ငွေ ၂ ခုနှင့် ကြေး ၁ ခု ရရှိခဲ့ကြောင်း သတင်းရရှိသည်။

## ဒစ်ကာဗာရီအာကာသလွန်းပျံယာဉ် ကမ္ဘာမြေပြင်ပေါ်သို့ နောက်ဆုံးအကြိမ်ဆင်းသက်

**ဝါရှင်တန်၊ မတ် - ၁၀**
အမေရိကန်နိုင်ငံ၏ သက်တမ်းအရှည်ဆုံးနှင့် ခရီးစဉ်အများဆုံး ပျံသန်းခဲ့သော ဒစ်ကာဗာရီ အာကာသယာဉ်သည် ကမ္ဘာမြေပေါ်သို့ နောက်ဆုံးအကြိမ် ပြန်လည်ဆင်းသက်လာခဲ့ကြောင်း သိရသည်။


အာကာသပျံသန်းမှုတွင် ၂၇ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော လွန်းပျံယာဉ်သည် ၃၉ ကြိမ်မြောက် နောက်ဆုံးအာကာသ ခရီးစဉ်မှ နေ၍မတ်လ ၉ ရက်တွင် ကနေဒီ အာကာသစခန်းသို့ ပြန်လည်ရောက်ရှိလာသည်။

ဒစ်ကာဗာရီ အာကာသလွန်းပျံယာဉ် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာခြင်းမှာ ဆယ်စုနှစ်သုံးစု ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယင်းမှာအမေရိကန် အာကာသလွန်းပျံယာဉ်အစီအစဉ်အဆုံးသတ်ခြင်း၏ အစလည်းဖြစ်ပြီး ရှေ့လာမည့်လများတွင် Enedeavour နှင့် Atlantis အာကာသယာဉ်များလည်း ၎င်းတို့၏ နောက်ဆုံးခရီးကို ပျံသန်းကြမည်ဖြစ်သည်။

ဒစ်ကာဗာရီ လွန်းပျံယာဉ်သည် အာကာသထဲတွင် စုစုပေါင်း ၃၆၅ ရက်အချိန်ကုန်ခဲ့ကြောင်း နာဆာအာကာသယာဉ်ထိန်းချုပ်ရေး စင်တာမှပြောကြားပြီး စုစုပေါင်းကီလိုမီတာ ၂၄၁ သန်းပျံသန်းခဲ့ကြောင်းပြောသည်။



ဒစ်ကာဗာရီ လွန်းပျံယာဉ်၏နောက်ဆုံးခရီးစဉ်မှာ ၁၁ ရက်ကြာမြင့်မည်ဟု ရည်မှန်းခဲ့သော်လည်း အာကာသယာဉ်မှူးများက နိုင်ငံတကာအာကာသစခန်းထဲတွင်အခန်းပိုတစ်ခန်း တပ်ဆင်ရန်နှင့် ပြုပြင်မှုများပြုလုပ်နိုင်ရန် ခရီးစဉ်ကို ၁၃ ရက်အထိ ရက်ထပ်တိုးခဲ့သည်။ အမေရိကန်အာကာသ



လွန်းပျံယာဉ် Challenger မှာ ၁၉၈၆ ခုနှစ်တွင် ပေါက်ကွဲခဲ့ကာအခြားလွန်းပျံယာဉ် Columbia မှာ ၂၀၀၃ ခုနှစ် ကမ္ဘာမြေသို့ အပြန်ခရီးတွင် နှစ်ပိုင်းကျိုးပြတ်ခဲ့သည်။ ယခု ဒစ်ကာဗာရီလွန်းပျံယာဉ်အား ပြတိုက်တွင် ထားရှိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

*—Ref: AFP*







## လစ်ဗျားအရေးပဋိပက္ခကြောင့် ရေနံစျေးနှုန်း တစ်စည်လျှင် ကန်ဒေါ်လာ ၂၀၀ ကျော်သွားနိုင်

**ကုလသမဂ္ဂ၊ မတ် - ၉**
လစ်ဗျားနိုင်ငံတွင် ဆက်လက်ဖြစ်ပေါ်နေသော နိုင်ငံရေးပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံ ရရှိမှုကို ထိခိုက်နိုင်ပြီး ရေနံစိမ်းစျေးနှုန်းများသည် တစ်စည်လျှင် ကန်ဒေါ်လာ ၂၀၀ ကျော်သွားနိုင်ကြောင်း စိစစ်လေ့လာသူများက ပြောကြားသည်။

ယခုလက်ရှိ ကမ္ဘာ့စျေးကွက်တွင် ရရှိနေသည့် ရေနံစိမ်းပမာဏသည် လုံလောက်ကြောင်း ဆော်ဒီအာရေးဗီးယား နိုင်ငံ၏ အခိုင်အမာ ပြောဆိုမှုများကြားမှ ပင်ယခုသတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

လစ်ဗျားလေတပ်သည် ဗုံးကြဲတိုက်ခိုက်မှုများကို တိုးမြှင့်ခဲ့ပြီး ရှေ့တန်းတိုက်ပွဲဝင်နေရာများတွင် အမြောက်ကြီးများ ပစ်ခတ်သံကိုလည်းကြားနေရကြောင်း သိရသည်။ မွမ်မာကဒါဖီ၏ အစိုးရအပေါ် ပုန်ကန်ထကြွမှုများ သုံးပတ်ကြာအချိန်အတွင်းဝင်ရောက်လာချိန်မှာပင်လစ်ဗျားဝေဟင်တွင် လေယာဉ်မပျံသန်းရဇုန် သတ်မှတ်ရေးတောင်းဆိုမှုများ မြင့်တက်လာသည်။


လစ်ဗျားနိုင်ငံမှ မငြိမ်မသက်မှုများ ရှည်ကြာဖွယ်ရှိပြီး ၎င်းဒေသတွင်း နိုင်ငံများတွင်လည်း နိုင်ငံရေးမငြိမ်မသက်မှုများနှင့် ကြုံတွေ့နေရာ ကမ္ဘာ့ရေနံစျေးကွက်ကို ရိုက်ခတ်နေကြောင်း လန်ဒန်ရှိ ဘာကလေငွေကြေးအဖွဲ့က သုတေသနပြုဖော်ပြသည်။

လစ်ဗျားနိုင်ငံ၏ ရေနံထုတ်လုပ်မှု ၃ ပုံ ၂ ပုံမှာ ကမ္ဘာ့စျေးကွက်သို့ ရောက်ရှိမလာကြောင်း နိုင်ငံတကာ စွမ်းအင်အေဂျင်စီက ပြောကြားသည်။ ယခုအချိန်တွင် ရေနံစျေးနှုန်းသည် ၂ နှစ်ခွဲတာကာလအတွင်း အမြင့်ဆုံးစျေးရောက်ရှိနေပြီး အခြားဒေသတွင်း နိုင်ငံတစ်နိုင်ငံသာ မတည်မငြိမ်ဖြစ်လာပါက ရေနံစိမ်းတစ်စည်လျှင် ကန်ဒေါ်လာ ၁၅၀ ကျော်သွားနိုင်ကာ ယင်းမှ တစ်ဆင့် ရေနံစိမ်းတစ်စည်လျှင် ကန်ဒေါ်လာ ၂၀၀ ကျော်သွားနိုင်သည်ဟု နိုမူရာဘဏ်က ခန့်မှန်းထားသည်။

*—Ref: Reuters*

7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# အီဂျစ်သမ္မတရွေးကောက်ပွဲ ဝင်ပြိုင်မည်ဟု နျူစွမ်းအင်အကြီးအကဲဟောင်း ပြောကြား



**ကိုင်ရို၊ မတ် - ၁၀**

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အကြီးအကဲဟောင်း မိုဟာမက်အယ်ဘာရာဒီက ယခုနှစ်အတွင်း ကျင်းပမည့် အီဂျစ်သမ္မတ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး နိုင်ငံ၏ အခြေခံဥပဒေအား ယာယီပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည့်အစား အသစ်ရေးဆွဲသင့်ကြောင်း ပြောသည်။

ယင်းမှာ လူထုအုံကြွမှုကြောင့် အီဂျစ်သမ္မတ ဟိုစနီမူဘာရက်ပြုတ်ကျသွားပြီးနောက်ပိုင်း သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု မိုဟာမက်အယ်ဘာရာဒီက ပထမဆုံးအကြိမ် အတိအလင်းကြေညာခြင်းဖြစ်သည်။

နှစ်ပေါင်း ၃၀ ကြာ နိုင်ငံတော်ဖိနှိပ်မှုကြောင့် အားနည်းသောအတိုက်အခံနှင့် နိုင်ငံရေးလှုပ်ရှားမှု မွန်းကျပ်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီးနောက် မူဘာရက်အလွန် သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲများသည် မည်မျှ ဒီမိုကရေစီဆန်မည်ကို စောင့်ကြည့်ခြင်းခံနေရကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားသည်။

သမ္မတရွေးကောက်ပွဲ အတွက်အမည်စာရင်း တင်သွင်းခြင်း စတင်ပါက ၎င်း၏ အမည်စာရင်းကိုတင်သွင်းရန် ရည်ရွယ်ထားကြောင်း ပုဂ္ဂလိကပိုင် ONTV လိုင်းနှင့် ပြုလုပ်သည့် ပထမဆုံး တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုတွင် အယ်ဘာရာဒီက ပြောကြားသည်။

အခြေခံဥပဒေ အပြောင်းအလဲပြုလုပ်ရေးအတွက် မတ်လ ၁၉ ရက်တွင်သဘောထားခံယူချက်ကို ဆန့်ကျင်မဲပေးသွားမည်ဖြစ်ကြောင်း အယ်ဘာရာဒီ (၆၈ နှစ်)က ပြောသည်။ မိုဟာမက်အယ်ဘာရာဒီသည် ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုတွင် ဦးဆောင်သူတစ်ဦးဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် အီဂျစ်နိုင်ငံသို့ ပြန်လာချိန်မှစ၍ လူငယ်အုပ်စုများက ၎င်းအားထောက်ခံနေကြောင်း သိရသည်။

*—Ref: Reuters*

# ၁၁၁ နှစ်အတွင်း ဒုတိယမြောက်အစိုစွတ်ဆုံး နွေရာသီနှင့် ဩစတြေးလျရင်ဆိုင်ခဲ့ရ

**ကင်ဘာရာ၊ မတ် - ၇**

အပြင်းထန်ဆုံး လာနီညာဖြစ်စဉ်များဖြစ်ခဲ့သည့် ၂၀၁၀-၁၁ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံတွင် ဒုတိယမြောက် အစိုစွတ်ဆုံး နွေရာသီအဖြစ် စံချိန်တင်ခဲ့ကြောင်း၊ ပျမ်းမျှမိုးရွာသွန်းမှုထက်လည်း ပိုခဲ့ကြောင်း မိုးလေဝသပညာရှင်တစ်ဦးက ပြောကြားလိုက်သည်။

Weather Channel ရုပ်သံလိုင်းမှ ပညာရှင် တွမ်ဆောန်ဒါး၏ သတင်းထုတ်ပြန်ချက်တွင် “တစ်နိုင်ငံလုံးအနေနဲ့ ကျွန်တော်တို့ဟာ ပျမ်းမျှ မိုးရွာသွန်းမှု ၃၅၄ ဒသမ ၇ မီလီမီတာရှိခဲ့ပြီး နေရာ ၇၀ ရာခိုင်နှုန်းက ပုံမှန်ထက်ပိုရွာခဲ့တယ်။ ၁၉၇၃-၇၄ နွေရာသီမှာ ရွာသွန်းမှု ၄၁၉ ဒသမ ၈ မီလီမီတာရှိခဲ့တာမို့ ဒါဟာဒုတိယလိုက်ခဲ့ပါတယ်” ဟုဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံတွင် ပြည်နယ်အားလုံးသည် လာနီညာကြောင့် ပျမ်းမျှထက်ပိုသော မိုးရွာသွန်းမှုများဖြင့် စံချိန်တင်ခဲ့သည်။

“ဆောင်းတွင်းကာလဝင်ခဲ့တာနဲ့ လာနီညာဟာ အမြင့်ဆုံးအဆင့်ကျော်ဖြတ်ခဲ့ပြီး ဇန်နဝါရီလအစောပိုင်းကစလို့ အားနည်းနေခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံ့နေရာအများစုမှာ ပုံမှန်ထက်ပိုတဲ့ မိုးရွာသွန်းမှုတွေဖြစ်နိုင်ပါတယ်” ဟု အဆိုပါ ပညာရှင်ကပြောခဲ့သည်။

ဩစတြေးလျတွင် ဗစ်တိုးရီးယားပြည်နယ်သည် ၁၁၁ နှစ်အတွင်း အစိုအစွတ်ဆုံးနွေရာသီကိုကြုံခဲ့ရပြီး ယင်းမှာ အနောက်ဩစတြေးလျဒေသ၏ ဒုတိယအစိုစွတ်ဆုံး စံချိန်လည်းဖြစ်ခဲ့သည်။

*—Ref: Xinhua*

# ဂူးဂဲလ်၏ စမတ်ဖုန်း OS Android အမေရိကန်နိုင်ငံတွင် နံပါတ်တစ်ဖြစ်လာ

**လော့စ်အိန်ဂျလိစ်၊ မတ် - ၈**



ဂူးဂဲလ်မှ ထုတ်လုပ်သော Android စမတ်ဖုန်း Operation System သည် Research In Motion (RIM) ကုမ္ပဏီထုတ် BlackBerry ဖုန်း OS ကိုကျော်ဖြတ်ကာ အမေရိကန်၏ နံပါတ်တစ်ဖုန်း OS ဖြစ်လာခဲ့ကြောင်း သုတေသနကုမ္ပဏီ Com Score ကပြောကြားလိုက်သည်။ ပြီးခဲ့သည့် နိုဝင်ဘာမှ ဇန်နဝါရီလအထိသုံးလတာကာလအတွင်း Android OS သည်အမေရိကန်နိုင်ငံတွင်ဈေးကွက်ဝေစု ၃၁ ဒသမ ၂ ရာခိုင်နှုန်းအထိရရှိကာ ပထမဆုံးအကြိမ်အဖြစ် နံပါတ်တစ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။

BlackBerry OS မှာမူ မူလ က ၃၅ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ၃၀ ဒသမ ၄ ရာခိုင်နှုန်းအထိ ဈေးကွက်ဝေစုကျဆင်းကာ Apple ၏ iPhone OS မှာမူ နဂိုအတိုင်း ဈေးကွက်ဝေစု ၂၄ ဒသမ ၇ ရာခိုင်နှုန်းတွင်ရှိနေခဲ့သည်။ ဂူးဂဲလ်၏အခမဲ့သုံးစွဲနိုင်သော ယင်း Android OS ကို ယခုအခါစမတ်ဖုန်းများ၊ Tablet ကွန်ပျူတာများတွင်ပိုမိုသုံးစွဲလာကြပြီး နာမည်ကျော်ဆမ်ဆောင်း၊ မိုတိုရိုလာ၊ LG နှင့် HTC စသော ဟန်းဆက်ထုတ်လုပ်သူများသည်လည်း ယင်း OS ကိုသုံးစွဲလာကြပြီဖြစ်သည်။

*—Ref: AFP*



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# နိုင်ငံခြားကယ်ဆယ်ရေးအဖွဲ့များ ဂျပန်တောင်းဆိုထား



ဂျပန်နိုင်ငံမြောက်ပိုင်း နာတိုရီမြို့တွင် ဆူနာမီလှိုင်းများနှင့်အတူ ပါလာသည့် အပျက်အစီးအမှိုက်သရိုက်များ ဓာတ်ပုံ - AP

**ဂျီနီဗာ၊ မတ် - ၁၂**

ကြီးမားသော မြေငလျင်နှင့် ဆူနာမီဖြစ်ပေါ်ပြီးနောက် ကူညီပေးရန် နိုင်ငံခြား ကယ်ဆယ်ရေးအဖွဲ့များအားဂျပန်နိုင်ငံက အကန့်အသတ်ဖြင့်သာ တောင်းဆိုထားကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ မတ်လ ၁၁ ရက်က ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ငလျင်နှင့် ဆူနာမီ ဘေးဒဏ်ခံခဲ့ရပြီးနောက် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အကူအညီပေးရေး ၆၈ ဖွဲ့က ဂျပန်နိုင်ငံအား အကူအညီပေးရန် ကမ်းလှမ်းထားသည်။

"ဂျပန်နိုင်ငံက နိုင်ငံတကာရှာဖွေရေးနဲ့ ကယ်ဆယ်ရေးအဖွဲ့တွေတောင်းဆိုထားပါတယ်။ ဒါပေမဲ့ အဖွဲ့တချို့ကိုပဲ တောင်းဆိုထားတာပါ" ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု အရေးပူးပေါင်းဆောင်ရွက်ရေးရုံးမှ ပြောခွင့်ရအမျိုးသမီး အဲလိဇဘတ်ဘိုင်ရာက ဂျီနီဗာမြို့တွင်ပြောကြားသည်။

ဩစတြေးလျ၊ နယူးဇီလန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့မှ အနည်းဆုံး အဖွဲ့လေးဖွဲ့ကိုဂျပန်နိုင်ငံက တောင်းဆိုထားကြောင်း၊ ယင်းမှာ မတ်လ ၁၂ ရက်တွင် ပြင်းအား ၅ ဒသမ ၈ ရှိ ငလျင်ထပ်မလှုပ်ခတ်မီက တောင်းဆိုထားခြင်းဖြစ်ကြောင်း သိရသည်။ အမေရိကန်သမ္မတဘားရက်အိုဘားမားကလည်း ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်နှင့် စကားပြောကြားခဲ့ပြီး ဖြစ်နိုင်သမျှနည်းလမ်းပေါင်းစုံဖြင့် အကူအညီပေးရန်ကမ်းလှမ်းခဲ့ကြောင်း ဂျပန်ဂျိဂျိ သတင်းအေဂျင်စီက ဖော်ပြသည်။

"ဒီလိုအခက်ခဲဆုံးအချိန်မှာ အမေရိကန်နိုင်ငံဟာ ဂျပန်ပြည်သူတွေနဲ့အတူ ရပ်တည်နေပါတယ်။ ဒီဖြစ်ရပ်ဆိုးကြီးကို ကျော်လွှားချိန်မှာ ဂျပန်ပြည်သူတွေနဲ့အတူတကွ ရပ်တည်ဖို့ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ကို ပိုမိုခိုင်မာလာစေပါတယ်" ဟုအိုဘားမားက ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဖူကူရှီးမား နျူကလီးယားစွမ်းအင်စက်ရုံအတွက် အအေးခံပစ္စည်းများကို အမေရိကန်လေတပ်က သယ်ဆောင်သွားကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဟီလာရီကလင်တန်က ပြောကြားသည်။ ဥရောပကော်မရှင် ဥက္ကဋ္ဌဟိုဆေးမန်နျူရယ်ဘာရိုဆိုနှင့် ဥရောပကောင်စီ ဥက္ကဋ္ဌဟာမန်ဗန်ရွန်ပေးလ်တို့ကလည်း ဂျပန်နိုင်ငံနှင့်စည်းလုံး ညီညွတ်စွာရပ်တည်နေကြောင်း ပြောကြားသည်။ ဂျပန်နိုင်ငံက ရှာဖွေရေးနှင့် ကယ်ဆယ်ရေး အဖွဲ့များ၊ အနုံ့ခံခွေးများကို တောင်းဆိုထားကြောင်း ဥရောပသမဂ္ဂက ပြောကြားသည်။

"ဒီကြီးမားတဲ့ ဖြစ်ရပ်ဆိုးကြီးကိုကျော်လွှားနိုင်ရေး ဂျပန်နိုင်ငံကိုကူညီဖို့ ဥရောပရဲ့ အရပ်ဘက်ကာကွယ်ရေး စနစ်တစ်ခုလုံးကို အပြည့်အဝ အသုံးချဖို့ပြင်ဆင်ထားပါတယ်" ဟုဥရောပသမဂ္ဂနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးလူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးနှင့်ဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့အကြီးအကဲက ပြောကြားသည်။


ရုရှားအရေးပေါ်ဌာနကလည်း လူပေါင်း ၄၀ နှင့် အနံ့ခံခွေး ၃ ကောင်အကူညီပေးရန် ကမ်းလှမ်းထားသည်။ စင်ကာပူနိုင်ငံကလည်း အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့များအဆင်သင့်ပြင်ဆင်ထားပြီး ပိုလန်နိုင်ငံက မီးသတ်သမားများ စေလွှတ်ပေးရန် ကမ်းလှမ်းထားကြောင်း သိရသည်။ တရုတ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ကလည်း ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးရန် ကမ်းလှမ်းထားသလို ဗြိတိန်၊ ပြင်သစ်နှင့် အခြားနိုင်ငံများကလည်း လိုအပ်သမျှ အကူအညီပေးရန် ကမ်းလှမ်းထားကြောင်း သိရသည်။

"ဒီမနက် ဂျပန်နိုင်ငံက အခြေအနေတွေကို မြင်တွေ့ရလို့ ကမ္ဘာကြီး တစ်ခုလုံး ဝမ်းနည်းတုန်လှုပ်ခဲ့ရပါတယ်။ ဒီလိုခက်ခဲတဲ့အချိန်မှာ ကျွန်တော်တို့လုပ်နိုင်တာမှန်သမျှ ဘာမဆို လုပ်ကိုင်သွားမယ်" ဟုကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

—*Ref: Reuters*



အိုအာရိုင်ဆိပ်ကမ်းအနီးမှ ဆူနာမီရေပွေလှိုင်းများ



မြေငလျင်နှင့် ဆူနာမီသက်ရောက်မှုပြပုံ



7DAY NEWS JOURNAL
Vol.10, No.2 • MARCH 17, 2011

# ကြီးမားသောမြေငလျင်လှုပ်ခတ်ပြီးနောက် နျူကလီးယားအကျပ်အတည်းမဖြစ်စေရန် ဂျပန်ရုန်းကန်နေရ

**ဖူကူရှီးမား၊ မတ် - ၁၂**

အနည်းဆုံးလူပေါင်း ၁၃၀၀ သေဆုံးမည်ဟု ခန့်မှန်းရသော ကြီးမားသောငလျင်ကြောင့် ပျက်စီးသွားသော နျူကလီးယားစက်ရုံ နှစ်ရုံတွင် ဖိအားများလျှော့ချရန် ဂျပန်အစိုးရက ရုန်းကန်နေရကြောင်း သိရသည်။ ကြီးမားသောမြေငလျင်ကြောင့် ဂျပန်နိုင်ငံ အရှေ့မြောက်ဘက်ကမ်းရိုးတန်းတစ်လျှောက် ဆူနာမီရေလှိုင်းကြီးများဖြစ်ပေါ်ခဲ့ခြင်းကြောင့် အကြီးအကျယ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

ဂျပန်နိုင်ငံသမိုင်းတွင် အကြီးမားဆုံးမြေငလျင်လှုပ်ခတ်ခဲ့ပြီး တစ်ရက်အကြာတွင် ပျက်စီးဆုံးရှုံးမှုနှင့် လူအသေအပျောက်စာရင်းပြည့်ပြည့်စုံစုံသိရှိရန် စောလွန်းနေသေးကြောင်း အစိုးရကပြောကြားသည်။ လူပေါင်း ၃၀၀ သေဆုံးသည်ဟု အတည်ပြုထားသော်လည်း မီဒီယာသတင်းများက အနည်းဆုံးလူပေါင်း ၁၃၀၀ သေဆုံးသည်ဟု ခန့်မှန်းထားသည်။

“ကံမကောင်းအကြောင်းမလှစွာဘဲ အဲဒီအရေးအတွက် အလွန်အမင်းမြင့်တက်လာဖို့ ကျွန်တော်တို့ပြင်ဆင်ထားရပါမယ်” ဟု ဝန်ကြီးအဖွဲ့အတွင်းရေးမှူးချုပ် ယူကီအိုအီဒါနိုက သတင်းထောက်များအား ပြောကြားသည်။ ရစ်ချ်စတာ ပြင်းအား ၈ ဒသမ ၉ ရှိသောငလျင်မှာ အင်အားပြင်းထန်လွန်း၍ ပစိဖိတ်သမုဒ္ဒရာတစ်ဝိုက်ရှိ ကမ်းရိုးတန်းလူနေအိမ်ခြေများမှ လူများထွက်ပြေးခဲ့ရုံမက မြောက်အမေရိကနှင့် တောင်အမေရိကဒေသမှ လူများပါ ထွက်ပြေးခဲ့ကြသည်။ ဆူနာမီလှိုင်းလုံးများဖြစ်ပေါ်မည်ကိုကြောက်ရွံ့၍ လူအများထွက်ပြေးကြခြင်းဖြစ်သည်။

နိုင်ငံအများအပြားတွင် လှိုင်းလုံးကြီးများသာဖြစ်ပေါ်ခဲ့သော်လည်း ဂျပန်အရှေ့မြောက်ပိုင်းကမ်းခြေတွင် ၁၀ မီတာမြင့်သော ဆူနာမီလှိုင်းလုံးကြီးများ ဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်များနှင့် သင်္ဘောများကိုရေစီးနှင့်မျောပါလာသည့် အမှိုက်သရိုက်များဖြစ်သွားစေခဲ့ပြီး ဆူနာမီဝင်ရောက်ရာ လမ်းကြောင်းတစ်လျှောက်ရှိမြို့များ၊ ရွာများအား တိုက်စားသွားခဲ့သည်။

အစိုးရကလည်း ပျက်စီးသွားသော နျူကလီးယားစက်ရုံနှစ်ရုံတွင် ဖိအားများလျှော့ချရန် ကြိုးစားနေပြီး ၎င်းစက်ရုံနှစ်ရုံအနီး၌ ဓာတ်ငွေ့ယိုစိမ့်မှုများဖြစ်ပေါ်နိုင်သည်ဟု သတိပေးထားသည်။ ဖူကူရှီးမားရှိ နျူကလီးယားဓာတ်အားပေးစက်ရုံနှစ်ရုံတွင် ဖိအားများလျှော့ချရန် စတင်ကြိုးပမ်းနေပြီဖြစ်ကြောင်း တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီက ပြောကြားသည်။ သို့သော် ဒိုင်အိချိ ဓာတ်ပေါင်းဖိုမှ ဖိအားလျှော့ချရန် ဘားတစ်ခုကိုဖွင့်ရာတွင် အခက်အခဲရှိနေကြောင်း တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီအား ကိုးကား၍ ကျိုတိုသတင်းအေဂျင်စီက ဖော်ပြသည်။


ဂျပန်အစိုးရနှင့် အခြားကျွမ်းကျင်သူများကမူ ၎င်းနျူကလီးယားစက်ရုံများ၌ ရေဒီယိုသတ္တကြွမှုအန္တရာယ်မရှိကြောင်း အခိုင်အမာပြောကြားကြသည်။

“ရေပေါ့ဓာတ်ပေါင်းဖိုတစ်ခုမှာ ချာနိုဘိုင်းလိုတော့ မဖြစ်နိုင်ပါဘူး။ အအေးခံပစ္စည်းဆုံးရှုံးသွားတယ်ဆိုတာ အပူချိန်မြင့်တက်လာမယ့်သဘောပါပဲ။ ဒါပေမဲ့ အဲဒါက ဓာတ်ပြုမှုကိုလည်း ရပ်တန့်သွားစေပါလိမ့်မယ်” ဟု တိုကျိုတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သူ နာအိုတိုဆေကီမူရာက ပြောကြားသည်။

—*Ref: Reuters*



ဂျပန်နိုင်ငံမြောက်ပိုင်း ဆန်ဒိုင်းလေဆိပ်တွင် ဆူနာမီလှိုင်းများဝင်ရောက်ခဲ့ပြီးနောက် မျောပါလာသောလေယာဉ်ငယ်များနှင့် ကားများကို အမှိုက်သရိုက်များကြား၌ တွေ့ရစဉ် ဓာတ်ပုံ - AP



ဖူကူရှီးမားဒိုင်အီချိနျူကလီးယားဓာတ်အားပေးစက်ရုံမှ မီးခိုးများထွက်လာသည်ကို တွေ့ရစဉ် ဓာတ်ပုံ - AP



ဆူနာမီလှိုင်းများ ဆန်ဒိုင်းလေဆိပ်သို့ ဝင်ရောက်လာပုံ ဓာတ်ပုံ - AP



တိုကျိုမြို့အနီး ဆိုင်တမစီရင်စုတွင် လမ်းများအက်ကွဲထွက်သွားပုံ ဓာတ်ပုံ - AP



ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း နာတိုရီမြို့တွင် ဆူနာမီလှိုင်းလုံးများက နေအိမ်များအား သိမ်းကြုံးတိုက်ခတ်သွားပုံကိုတွေ့ရစဉ်။ မတ်လ ၁၁ ရက်ကဖြစ်ပေါ်ခဲ့သော ၈ ဒသမ ၉ ရစ်ချ်တာစကေးပြင်းအားရှိငလျင်ကြောင့် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းကမ်းခြေများသို့ ၃၃ ပေမြင့်သော ဆူနာမီလှိုင်းလုံးကြီးများ ဝင်ရောက်ခဲ့၍ အကြီးအကျယ် ထိခိုက်ပျက်ဆီးခဲ့ရသည်။ ဓာတ်ပုံ - AP



နိုင်ငံအရှေ့မြောက်ပိုင်းတွင် ၈ ဒသမ ၉ အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် ယခင်က မြန်နှုန်းမြင့်ရထားများကြောင့် လမ်းလျှောက်ရန်အိပ်မက်ပင် မမက်ဖူးသော တိုကျိုမြို့အနီး မိုးပျံရထားလမ်းပေါ်တွင် ရထားစီးခရီးသည်များ လမ်းလျှောက်သွားနေသည်ကို မတ်လ ၁၂ ရက်က တွေ့ရစဉ် ဓာတ်ပုံ - AP

7 DAY NEWS JOURNAL

# International

Vol.10, No.2 • MARCH 17, 2011



ဖူကူရှီးမားဒိုင်အိချိဒေသမှ ကယ်ဆယ်လာသော ကလေးများတွင် ဓာတ်ရောင်ခြည်သင့်မှုရှိမရှိ စမ်းသပ်နေစဉ် ဓာတ်ပုံ - Reuters

## ဂျပန်နျူကလီးယားစက်ရုံတွင် ပေါက်ကွဲမှု ထပ်မံဖြစ်ပွား

**တိုကျို၊ မတ်- ၁၄**

ငလျင်နှင့် ဆူနာမီဒဏ်ကြောင့် ချည့်နဲ့နေသည့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံတွင် အစောပိုင်းက ဓာတ်ပေါင်းဖိုအမှတ်(၁)လည်း ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည့်နည်းတူ ဓာတ်ပေါင်းဖိုအမှတ်(၃)တွင်လည်း ဟိုက်ဒရိုဂျင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပေါ်ခဲ့သည်ဟု ယုံကြည်ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် လူသုံးဦး ဒဏ်ရာရရှိခဲ့ပြီး ခုနစ်ဦး ပျောက်ဆုံးနေကြောင်း တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီက ပြောကြားသည်။

မတ်လ ၁၄ ရက်တွင် ဓာတ်ပေါင်းဖိုအမှတ်(၃)မှ မီးခိုးလုံးများတက်လာသည်ကို မြင်တွေ့ရကြောင်းသိရသည်။ မတ်လ ၁၂ ရက်က ဓာတ်ပေါင်းဖို အမှတ်(၂)တွင် အလားတူ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီးနောက် ယင်းနျူကလီးယားစက်ရုံမှ အခြားဓာတ်ပေါင်းဖိုနှစ်ခုကို အရေးပေါ် စောင့်ကြည့်နေခဲ့သည်။

ပြင်းထန်သော မြေငလျင်နှင့် ဆူနာမီကြောင့်လည်ပတ်မှုရပ်ဆိုင်းသွားသည့် ဖူကူရှီးမားနျူစက်ရုံတွင် အအေးခံစနစ်များ ပျက်စီးသွားခဲ့ပြီး အပူလွန်အရည်ပျော်ကျမှုများ မဖြစ်ပွားစေရန် ဂျပန်တာဝန်ရှိသူများက အချိန်လုကြိုးပမ်းနေကြကာ ၎င်းစက်ရုံဒေသအနီးတစ်ဝိုက်မှ လူပေါင်း ၁၈၀,၀၀၀ အား ဖယ်ရှားထားခဲ့သည်။ ၎င်းတို့ထဲမှ လူပေါင်း ၁၆၀ ခန့်အထိ ဓာတ်ရောင်ခြည်များနှင့် ထိတွေ့မှုကြုံခဲ့ရသည်ဟု ယူဆရသည်။

ပေါက်ကွဲခဲ့သည့် ဓာတ်ပေါင်းဖိုမှ ဓာတ်ရောင်ခြည်ထွက်ပေါ်မှုမှာ ဥပဒေအရ လက်ခံနိုင်သည့်အတိုင်းအတာတွင်ရှိကြောင်း နျူကလီးယားစက်ရုံမှ တာဝန်ရှိသူများကပြောသည်။

*—Ref: AP*



နာတိုရိဒေသ အပျက်အစီးများကြားတွင်တွေ့ရသော ဂျပန်အမျိုးသမီးငယ်တစ်ဦး ဓာတ်ပုံ - AFP

# ဆက်လက်ရှင်သန်ပါ... ဂျပန်

မျက်လုံးအိမ်တွင် မျက်ချေးများဖြင့် စိုစွတ်နေသည့် ခြေခွင်နေသော အသက် ၇၆ နှစ်အရွယ် ဂျပန်လယ်သမားကြီး မာဆာဟီရာ ကာဆာမတ်ဆုတစ်ယောက် ညိုညစ်ညစ်ရွှံ့ဗွက်များပြည့်နေသည့် လမ်းလေးအတိုင်း လျှောက်လှမ်းနေသည်။ ဘောင်းဘီကို ဒူးအထက် လိပ်တင်ထားသည့် ဖိနပ်မပါသော ခြေဗလာ၌ ရွှံ့ဗွက်များဖြင့်ပေကျံမဲညစ်နေသည်။


လွန်ခဲ့သော သုံးရက်က ဂျပန်နိုင်ငံအနီးလှုပ်ခတ်ခဲ့သည့် ငလျင်ကြီးနှင့် နောက်ဆက်တွဲဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်းကြီးများကြောင့် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်ကို သိရှိသော်လည်း ဂျပန်အဘိုးအိုသည် အပျက်အစီးများကြားတွင် သူ၏သမီးကိုလိုက်ရှာနေခြင်းဖြစ်သည်။

“ငါ့သမီးကို လိုက်ရှာနေတာ” ခြေလှမ်းကို မရပ်တန့်ဘဲ အဘိုးအိုကပြောပြီး လဲကျနေသော ဓာတ်တိုင်များ၊ ပြန့်ကျဲနေသည့် ကားများအား ရှောင်ရှားလျှောက်လှမ်းရင်းမှပင် “ငါ့သမီးနာမည်က ယိုကိုအိုဆာတိုလေ။ မင်းတို့ သူ့ကိုတွေ့မိသေးလား” ဟု အဘိုးအိုက တွေ့သမျှလူကိုစုံစမ်းသည်။

ကာဆာမတ်စု၏သမီးသည် ဆန်ဒိုင်းလေဆိပ်၌ အလုပ်လုပ်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ရှိခဲ့ပြီ။ ဆန်ဒိုင်းမြို့မှာ ဆူနာမီဘေးဒဏ်သင့်ဒေသတွင် အကြီးဆုံးမြို့ဖြစ်သည်။ မတ်လ ၁၁ ရက်တွင် ဂျပန်နိုင်ငံ၌ ကြုံတွေ့ခဲ့ဖူးသမျှထဲတွင် အပြင်းထန်ဆုံးငလျင် ဖြစ်ပေါ်ပြီးနောက် ဖြစ်ပေါ်လာသည့် ၁၀ မီတာ (၃၃ပေ) အမြင့်ရှိဆူနာမီလှိုင်းလုံးကြီးများသည် ကမ်းရိုးတန်းအနီးတွင်တည်ရှိသော ဆန်ဒိုင်းလေဆိပ်နှင့် အနီးပတ်ဝန်းကျင်ဒေသများကို သိမ်းကျုံးရိုက်ခတ်ခဲ့ပြီး ကုန်းတွင်းသို့ ကီလိုမီတာပေါင်းများစွာ ရေများဝင်ရောက်သွားခဲ့သည်။

ဆန်ဒိုင်းငလျင်နှင့် ဆူနာမီသည် မတ်လ ၉ ရက် ဂျပန်စံတော်ချိန် နေ့လယ် ၂ နာရီ ၄၆ မိနစ်တွင် ဟွန်ရှူးကျွန်းပေါ်ရှိ ဆန်ဒိုင်းဒေသ၏ အရှေ့ဘက်မိုင် ၈၀ ခန့်အကွာ မြေအောက်အနက် ၂၅ ဒသမ ၂ မိုင်ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည်။ ပစိဖိတ်သမုဒ္ဒရာအောက်ခြေတွင် ပစိဖိတ်ပြတ်ရွေ့ကြောကြီးက မြောက်အမေရိကပြတ်ရွေ့ကြောကြီး အောက်သို့ ရုတ်တရက်တိုးဝင်သွားခဲ့၍ မြေငလျင်နှင့် ဆူနာမီဖြစ်ပေါ်လာခဲ့သည်။ ဆန်ဒိုင်းငလျင် မလှုပ်ခတ်မီ ရှေ့ပြေးငလျင်အချို့ ဖြစ်ပေါ်ခဲ့ပြီး မတ်လ ၉ ရက်တွင် ဆန်ဒိုင်းငလျင် ဗဟိုချက်မှ ၂၅ မိုင်အကွာ၌ ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၂ ငလျင်ဖြစ်ပေါ်ခဲ့ကာ ယင်းနေ့မှာပင် ပြင်းအား ရစ်ချ်တာစကေး၆ အဆင့်ရှိ ငလျင် ၃ ခုထပ်မံလှုပ်ခတ်ခဲ့သည်။

စာမျက်နှာ(၄၅)သို့▸▸▸



ဆန်ဒိုင်းမြို့တွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် ဓာတ်ပုံ - AFP



ဆူနာမီလှိုင်းများက သယ်ဆောင်လာသော သင်္ဘောတစ်စီးကို ခီဆန်နုမမြို့ထဲ၌ တွေ့ရစဉ် ဓာတ်ပုံ - AP



အော့ဆူချီဒေသရှိ အဆောက်အအုံတစ်ခုပေါ်တွင် သောင်တင်နေသည့် ကူးတို့ယာဉ်(အောက်) ဓာတ်ပုံ - AP

